www.burmeseclassic.com

ဂျူလိုင်မိုး

(ဝိဇ္ဇာဆုရစာရေးသူ)

နှောင်ဘဝ

# လူဖြစ်ခွင့်ရရင်

ဘာမှမဟုတ်တဲ့

ရွာကလေးမှာ

ဘယ်သူမှမသိတဲ့

# သူတစ်ယောက်

ဖြစ်ချင်တယ်ဆိုတဲ့

ဆုတောင်း ပြည့်ခဲ့လေသလား

# ငှက်ရယ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# ရင်ထဲက
# စကားပြောပါရစေ . . .


မြန်မာနိုင်ငံအရပ်ရပ်ကအားပေးခဲ့ကြတဲ့ အိုအေစစ်ဂျာနယ် ချစ်ပရိသတ်များရဲ့ ကျေးဇူးတရားကို အောက်မေ့တမ်းတရင်း . . . အိုအေစစ်ဂျာနယ်အမှတ်စဉ် ၁၇ မှစပြီး အမှတ်စဉ် ၂၂ အထိ ရေးသားခဲ့တဲ့ ဒွေးဝင်းစာဆိုတဲ့မောင်သုရကျော်ကလေးနဲ့ပတ်သက်တဲ့ သမ္မုသတင်းမှတ်တမ်းများ ဆောင်းပါးများ အင်တာဗျူးများအားလုံးကို တစ်စုတစ်စည်းတည်းပြန်လည်ဖော်ပြလိုက်ပါတယ်။ "ဂျာနယ်ဝယ်လို့မရလို့ မိတ္တူတစ်ပိုင်းတစ်စလေး သာဖတ်လိုက်ရတယ်" ဆိုတဲ့သူများ။ "ဂျာနယ်ကိုရရာအမှတ်စဉ်ကနေပဲဝယ်ယူဖတ်ရှုလိုက်ရတယ်" ဆိုတဲ့ ပရိသတ်များ "တစ်ခါဖတ် ၂၀၀ နဲ့ တောင်ကမန်းတန်းဖတ်လိုက်ရတယ်" ဆိုတဲ့ဒွေးချစ်သူများ" အရင်တစ်စောင် ၅၀၀ နဲ့ဝယ်နေကျ ၂၀၀၀ ကျော်နဲ့ဝယ်ဖတ်လိုက်ရတယ် ဆိုတဲ့ဒွေးပရိသတ်များ။ ဒီသတင်းပါအပြီးရိုက်ခက်လာတဲ့ကောင်းသောEffectနဲ့ ဆိုးတဲ့ Effectတွေမှာ ကောင်းတာက ၉၅% ဆိုးတာက ၅% ဆိုတော့ယင်ပန်းသမျှအမောပြေပြီးဒီစာအုပ်ကို စီစဉ်ထုတ်ဝေလိုက်ရတာဖြစ်ပါတယ်။ ဒီစာအုပ်ထုတ်ဝေအပြီးမှာလည်းကောင်းသော Effect ၁၀၀% မလာရင်တောင် အရင်အတိုင်း ၉၅% လောက်ကိုပဲ ဝမ်းသာအားရမျှော်လင့်ကြိုဆိုမိပါကြောင်းနဲ့ဒီစာအုပ်နဲ့ပတ်သက်ပြီး . . . ဒီသတင်းကိုစတင်သတင်းပေးခဲ့တဲ့ ဒါရိုက်တာ အောင်ဗပါဝါ ပံ့ပိုးကူညီပေးခဲ့ကြတဲ့ ဘုန်းဘုန်း ဦးကုသလ၊ အဘရွှေခြံသန်းမြင့်၊ ကိုအောင်ကို၊ ကိုကျော်လှိုင်၊ ကိုမြတ်စိုး။ မမာလာဝင်းနဲ့ ဖုတ်ထန်းတောရွာသူရွာသားများ။ အနုပညာရှင်များရဲ့ပြောကြားမှုတွေနဲ့ ပတ်သက်ပြီး အပြည့်အဝကူညီပေးခဲ့ကြတဲ့ဒါရိုက်တာမောင်မိုးမင်း(ရင်တွင်းဖြစ်) နဲ့ ဒါရိုက်တာမောင်ဇေဒါ၊ ဝင်ကာပူနိုင်ငံကနေ ဖုန်းနဲ့အင်တာဗျူးဖြေကြားခဲ့တဲ့ မမိုးမိုး။ ကိုရန်အောင်(ဒွေးညီ)၊ ကိုသားညီ၊ ကိုသားကြီး(ဒွေး)နဲ့ပတ်သက်တဲ့ အင်တာဗျူးကို စိတ်ရှည်လက်ရှည်နဲ့နာရီပေါင်းများစွာရင်ဖွင့်ခံစားပြောကြားပေးခဲ့တဲ့ကိုဖိုးကျော်၊ မန်နေဂျာဆာမီ၊ ကိုဇွဲနိုင်ဝင်း။ ကိုကျော်စာ၊ မနှင်းရွှေနဲ့ မောင်သုရကျော်ကလေးတို့ကိုကျေးဇူးဥပကာတင်ရှိပါကြောင်းထပ်လောင်းပြောကြားလိုပါတယ်။ ဒါ့အပြင် ဒီစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြတဲ့ မိသားစု၊ အိုအေစစ်ဝိုင်းတော်သားများ၊ ဒီဇိုင်နာလွင်အောင်နဲ့ စာစီခင်မာဝေ၊ CTPကမျှော်ဦးနဲ့ ဖူဂျီယာမပုံနှိပ်တိုက်တို့ကိုလည်းမမေ့မလျော့ကျေးဇူးတင်ကြောင်းပြောကြားပါရစေ။

ဂျူလိုင်မိုး(စီစဉ်ထုတ်ဝေသူ)

www.burmeseclassic.com

www.burmeseclassic.com

# မိုးယံစွန်ရဲ့ ဝေလီဝေလင်းမြင်ကွင်းများ




(၈-၇-၂၀၁၂)ရက်နေ့၊ [illegible] (၁)တွင် တစ်ခါနက်ဝယ်ယူအားပေးခဲ့ကြသော စာပေချစ်အနုပညာပရိသတ်များအား အထူးကျေးဇူးတင်ရှိပါသည်။ အလှူငွေကျပ်(၈)သိန်း အားပေးလှူခဲ့ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

BURMESE CLASSIC



ယခုလိုပထမဦးဆုံး အကြိမ်...
တွေ့ဆုံခဲ့ခြင်းဟာ သူ့ကို...
နောက်ဆုံး အကြိမ်တွေ့...
ရခြင်းဖြစ်မယ်လို့လုံး...
မထင်ခဲ့ပါဘူး

(ဝေလီဝေလင်းမြင်ကွင်း...
စာအုပ်ပါ "ကျွန်တော်...
ချင်သောမင်းသား...
ရွှေ အကြော...
ဆောင်းပါးမှ
ကောက်နှုတ်...
ဖော်ပြချ...
ဖြစ်...
သည်)

ဖြန့်ချိရေး Professional Publishing House၊ ဖုန်း- ၀၁-၆၆၁၁...
၀၉၅၁၅၄၅၂၀၊ ၀၉၈၆၉၈၈၀၃မှ တစ်အုပ်လျှင်ကျပ်(၁၅၀၀/-)...
ရောင်းချ၍ ရရှိသောငွေများအား ... နေရာ...
သို့ ... ရန်ပုံငွေအဖြစ် ဆက်...
လှူဒါန်းသွားမည် ဖြစ်ပါသည်။
လေးစားစွာ...

www.burmeseclassic.com

www.burmeseclassic.com



မောင်သုခရကျော်ကိုလာကြည့်ကြတဲ့ရွာသူရွာသားများ

ကန်တော်ကြီးထဲက ရိုက်ကွင်းတစ်ခုကိုအရောက် "ဟင်・・・ဂျူလိုင်မိုး။ နင်ဘာလို့ ဒီလောက်ရုပ်ပျက် ဆင်းပျက်ပိန်သွားရတာလဲ"ဆိုတဲ့ ဒါရိုက်တာအောင် ဗပါဝါရဲ့အပြောကြောင့် သိပြီးသားဖြစ်ပေမယ့် ကိုယ့်ကိုယ် ကိုတောင် စိတ်ပျက်သွားမိပါတယ်။ "ထုံးစံအတိုင်းပေါ့ ဦးအောင်ဗရယ်၊ ဂျာနယ်အသစ်စနေတော့ ဒီရုပ်ထွက် ပြီပေါ့၊ သတင်းထူးလေးဘာလေး ရှိရင်လည်းပြောဦး" ဆိုတော့"အေးဒါဆိုရင်တော့ ဒီဖုန်းကိုဆက်လိုက်" သတင်းကိုလည်း ဘေးလူတွေမကြားအောင် ခပ်တိုးတိုး ဆိုပြီး ဖုန်းနံပါတ်တစ်ခုပေးပါတယ်။ ဖုန်းလှမ်းဆက်တော့ အဘာရွှေခြံသန်းမြင့်အိမ်ဖြစ်နေပါတယ်။ အဘာသမက် ကိုအောင်ကိုရဲ့ ရွာနားက ကြားခဲ့ရတဲ့သတင်းမို့ အဘာက ဦးအောင်ဗကို ပြောပြထားတာတဲ့။ ကျွန်မလည်း အချိန် မဆိုင်းဘဲ ကြားသမျှမေးမြန်းကြည့်တဲ့အခါ ကိုအောင်ကို ကဘောက်ထော်ပြည်သာယာမြို့ဦးကျောင်းဆိုတဲ့ ဘုန်းကြီး ကျောင်းကိုသွားရင် ဒီထက်ပိုပြည့်စုံလိမ့်မယ်။ အဲဒီကို သွားလိုက်ပါဆိုပြီး အစစကူညီညွှန်ကြား ပေးခဲ့ပါတယ်။ သတင်းလိုက်ရင်းဖောင်ပိတ်ရင်းနဲ့ အချိန်လုပြီး ဘုန်း ဘုန်းကြီးဦးကုသလဆီရောက်တော့ ဘုန်းဘုန်းက သူ့ရွာ ရုပ်ကုန်း (ရှားကုန်း)ရွာက ဒီ(ရန်ကုန်)လာလည်နေတဲ့လူ တွေနဲ့မိတ်ဆက်ပေးပြီး မေးမြန်းတဲ့အခါ " ကြားတာနှစ် နှစ်လောက်ရှိပါပြီ၊ ကျုပ်တို့ရွာနဲ့ရှစ်မိုင်၊ ကိုးမိုင်လောက် ဝေးတဲ့ရွာမှာတဲ့ ဒွေးဝင်စားတဲ့ကလေး ရှိသယ်ဆိုတာ တော့ကြားဖူးသယ်၊ မြင်တော့မမြင်ဖူးဘူး"လို့အဘွာ တစ်ဦးကဆိုသလို "ရွာနာမည်က ဖုတ်ထဝေ (ဖုတ် ထန်းတော)တဲ့၊ တစ်ရွာလုံး ဓားလုပ်ကြတဲ့ ရွာကလေးပဲ ဒီပဲရင်း အပိုင်ရွာလေးပါ " လို့တစ်ယောက်က ဆိုပြ ပါတယ်။ "ဘုန်းဘုန်းဘုရား၊ ဒီသတင်းအပေါ် ဘယ်လို ထင်မြင်ယူဆပါသလဲ"လို့ မေးမိတော့"ပြောရခက်တယ် ဟ လူဝင်စားဆိုတာတွေရှိပေမယ့် ခုသတင်းကိုတော့ မှန်မမှန် မမှန်းဆနိုင်ဘူး။ တို့ရုပ်ကုန်းရွာမှာတော့ မှုခင်း ဂျာနယ်ထဲပါဖူးပါတယ်၊ တူဖြစ်သူက သုံးပိုင်းပိုင်းပြီ သတ်လိုက်တဲ့ အဒေါ်အမျိုးသမီးဝင်စားထားတာရှိတယ် အဲဒီကလေးမလေးမှာ ဓားခုတ်ရာလိုအရာလေးတွေ တောင်ပါသတဲ့၊ အရင်ဘဝက တခြားရွာမှာနေကြတယ် သူတို့လင်မယားက ပန်းရန်လုပ်ကြတယ် ၊ဒီဘဝရောက် တော့သူလူဝင်စားဖြစ်တဲ့ရွာကို ဘဝဟောင်းက ခင်ပွန်းက ရွာဦးဘုရားမှာ* ပန်းရန်လာလုပ်တာ၊ သူကရွာဦးဘုရားမှ ကျုပ်ယောက်ျားရောက်နေလို့ လိုက်ပို့ပေးစမ်းပါဆိုပြီ နေ့တိုင်း လိုက်ပို့ခိုင်းသတဲ့၊ သူ့ယောက်ျားက နေ့တိုင် လိုက်ပို့ပေးတဲ့ ကလေးအမေကိုတောင် အားနာနေသတဲ့ ကဲ・・・သေချာ အောင်တော့ စုံစမ်းပေါ့ သေချာမှသွား ခရီးအရမ်းလှမ်းတယ်၊ ကြမ်းလည်းကြမ်းတယ်"လို့ မိ ပါတယ်။ ကိုအောင်ကိုက ရှားကုန်းရွာမှာ သူညီအရင်



www.burmeseclassic.com

www.burmeseclassic.com



ိသေးတဲ့အတွက် သွားမယ်ဆိုကူညီပေးမယ့် အကြောင်း ပြောပါတယ်။ ရှားကုန်းရွာက တယ်လီဖုန်းရှိတဲ့ ကိုမြတ် ိုးအိမ်ကိုလည်း ဆက်သွယ်အကြောင်းကြားတဲ့အခါ ိသတင်းမှန်၊ မမှန်နဲ့ အခုလတ်တလောထူး မထူးကိုပါ ထပ်မံစုံစမ်းပေးရပါတယ်။ ရှားကုန်းရွာကနေ လူဝင်စား ကလေးရှိတဲ့ရွာကို အတော်အလှမ်းဝေးသေးတယ်လို့ ည်းသိရပါတယ်။ ကိုအောင်ကိုညီ ကိုကျော်လှိုင်၊ ကိုမြတ်စိုးနဲ့ (သတင်းရှိရာ ဖုတ်ထန်းတောရွာနဲ့ အဆက် အသွယ်ရှိတဲ့ ရှားကုန်းသူ) မမာလာဝင်းတို့ခမျာ အတော်အလုပ်ရှုပ် ကန်ကြပါတယ်။ နှစ်ရက်၊ သုံးရက် ဝမ်းအပြီး "ဒီကလေး ရှိတာကတော့ ကျိန်းသေတယ်၊ ပေမဲ့ ခုအရင်ဘဝအကြောင်းတွေ သိပ်မပြောတော့ ဘူးတဲ့၊ သူတို့ခမျာ ရွာထဲမှာတောင်နေနိုင်တာ မဟုတ်ဘူး။ တာထဲမှာနေရရှာတာ မိဘတွေက မတရားရိုက်ထား ကြသယ်"တဲ့။ "ကျွန်မလာလို့ရမလား၊ လာရင် ဖြပေးမှာလား"လို့ မေးနိုင်းထားတော့ "သူတို့က ရှက်ကြီးကြတယ်၊ သိပ်တောင်လာစေချင်တာ မဟုတ်ဘူး။ မဂျူလိုင်မိုးဆန္ဒရှိရင်တော့ လာချင်လာပ၊ ိုက်ပို့ပေးပါ့မယ်"လို့ရှားကုန်းရွာသားကိုကျော်လှိုင်၊ ကိုမြတ်စိုးတို့က ပြောရှာပါတယ်။ ဒီကလေးကို တွေ့ဖူး ိုင်ဖူးတဲ့ရှားကုန်းရွာသူ မမာလာဝင်းကလည်း မိဘ ာမည်နဲ့ ကလေးနာမည်ကအစ အတိအကျပြောပြီးလာ ချင်နေပုံပေါက်တာနဲ့ "ကျွန်မ ဒီညဖောင်ပိတ်ပြီးတာနဲ့

လာခဲ့မယ်"ဆိုပြီး ဘုန်းဘုန်းဆီ ပြန်ပြေးရပြန်ပါတယ်။ အရာတော်ကို ဘယ်ကားနဲ့ ဘယ်အချိန်သွားလို့ရမလဲ ဆိုတာ အမြန်မေးပြီး အိမ်ပြန်၊ တွေ့သမျှ အဝတ်တွေ ကောက်ထည့်၊ ၁၆-နှစ်အရွယ် ညီမကိုခေါ်ပြီး အဝေး ပြေးဂိတ်ကို ၄-နာရီ အမီပြေးရပါတယ်။ ရန်ကုန်-အရာတော် မိုးကောင်းကင်ကားဂိတ်ကနေ အရာတော်ကို ညနေ၆-နာရီမှာကားစထွက်ခဲ့ပါတယ်။ ည၉-နာရီ ထိုးမှာတော့ ၁၁၅-မိုင်ကိုရောက်ပါတယ်။ အဲဒီ ကပြန်ထွက်ပြီး မနက် ၃-နာရီညောင်ပင်ဝန်းမှာ တစ် ထောက်နားပြန်ပါတယ်။ နံနက်၄-နာရီခွဲမှာ မုံရွာကို ရောက်ခဲ့ပြီး အရာတော်ကို မနက် ၆-နာရီမှာ ရောက်ခဲ့ ပါတယ်။ အရာတော်ကတစ်ဆင့် နောင်ကြီးအိုင်လမ်းချိုး အတိုင်းရှစ်မိုင်ကျော်သွားအပြီးမှာတော့ ရှားကုန်းဆိုတဲ့ ရွာကလေးကို ရောက်ပါတယ်။ ရှားကုန်းရွာမှာ ရေမိုးချိုး ပြီးတာနဲ့ ဖုတ်ထန်းတောရွာလေး ကိုတန်းသွားပါတယ်။ ရှားကုန်းရွာသား ကိုကျော်လှိုင်၊ ကိုမြတ်စိုးနဲ့ မမာလာဝင်း တို့က ကျွန်မတို့ညီအစ်မကို လိုက်ပို့ခဲ့ကြပါတယ်။ ရှားကုန်းနဲ့ ဖုတ်ထန်းတော ရှစ်မိုင်ကျော်ပဲ ဝေးတယ်ဆိုပေမယ့် ခရီးလမ်းမသာတာကြောင့် ဆိုင်ကယ်နဲ့တစ်နာရီကျော် ခရီးနှင်ခဲ့ကြရပါတယ်။ ကြားထဲရွာသုံးရွာ ဖြတ်အပြီးမှာ တော့ ဖုတ်ထန်းတောရွာကိုရောက်ပါပြီ။ ရွာထဲတန်းမဝင် ဘဲ မောင်သူရကျော်ကလေးရှိတဲ့ ရွာပြင်လယ်တော



မောင်သူရကျော်ကိုလာကြည့်ကြတဲ့ရွာသူရွာသားများ

www.burmeseclassic.com

www.burmeseclassic.com





တဲအတွင်းကကြည့်ညိုဖွယ်ရာဘုရားစင်ကလေး

ကလေးထဲကို အရင်ဆုံးလိုက်သွားခဲ့ပါတယ်၊ ငါးကန်န်ဘေးက သူတို့တဲအိမ်ကလေးကိုရောက်တော့ မောင်သူရကျော်တို့ သားအမိနှစ်ယောက်ကို တွေ့လိုက်ရပါတယ်။ ညှိုသည်ဖြစ်တဲ့ ကျွန်မတို့ကိုတွေ့ပြီး ရှက်ရွံ့အားနာဟန်နဲ့ ကွပ်ပျစ်ကလေးမှာထိုင်ဖို့ ကလေးအမေ မနှင်းရွှေက ကြိုဆိုရှာပါတယ်။ အမောပြေငါးမိနစ်ခန့်ထိုင်အပြီးမှာတော့ အမှတ်မထင်ရောက်လာတဲ့များပြားလှတဲ့ ရွာသူရွာသားတွေကြောင့် ကလေးငယ်ကကြောက်ရွံ့ပြီး အမေကိုပဲဖက်ကာနေတာ တွေ့ရပါတယ်။ တဖြည်းဖြည်းများပြားလာတဲ့ ရွာသူရွာသားတွေကြောင့် လူရှိန်တဲ့ကလေးက

မအေနားက လုံးဝမခွာတော့ပါဘူး ဘယ်လိုမှမေးမြန်းဖို့ အခွင့်မပြေတာ ကြောင့် လူအုပ်ကိုတောင်းပန်ပြီ လူစုခွဲခိုင်းပေမယ့် ဘယ်လိုမှအဆ မပြေတဲ့အပြင် အခြားရွာအနီးနားမှ ကပါ တစ်စစများလာတဲ့အတွက ကျွန်မငိုချင်လောက် အောင်စိတ်ပျက မိသွားပါတယ်။ သိချင်တဲ့အရာကို အောင် ကြိုးစားရမှာဖြစ်တဲ့အတွက ဒီညဒီရွာကလေးမှာ အိပ်ဖို့ကျွန် ဆုံးဖြတ်ခဲ့ပါတယ်။ ညနေစောင်း လူရှင်းရင်တော့ မေးလို့ရနိုင်ကောင် ဆိုပြီးတော့ပေါ့။ အလင်းရော တဖြည်းဖြည်းပျောက်လာတဲ့တိုင် မ တဲ့ လူအုပ်ကြီးကြောင့် ကျွန်မအကြံထုတ်ရပြန်ပါတယ ရတဲ့အချိန်မှာ လိုအပ်မယ်ထင်တဲ့ မီတာနှစ်ပါး ဆွေမျိုးမျာ ရွာသူရွာသားများရဲ့အသံကို ယူဖြစ်ခဲ့ပြန်ပါတယ်။ ကလေ အမေ မနှင်းရွှေကို "အစ်မ၊ သားက ဘယ်အချိန်အိပ်ပြ ဘယ်အချိန်နိုးလဲ"ဆိုတော့ "ည ၂-နာရီ လောက်အ ခထနိုးတယ်ပ၊ ညတော့ စောစောအိပ်တာပါပဲ"သိရတော သူနိုးတဲ့အခါ အမေကပဲမေးမြန်းပေးဖို့ ခွင့်တောင်းရပြ ပါတယ်။ ကလေးကငယ်တဲ့အပြင် ရွာထဲမှာတော မဟုတ်ဘဲ တောထဲမှာနေတဲ့အတွက် လူရှိန်တာတွေ တယ်။ ဖအေကိုလှမ်းလှမ်းကြည့်ပြီး ကြောက်နေတဲ



လယ်တောနဲ့ငါးကန်န်ဘေးကမောင်သူရကျော်တို့တဲအိမ်ကလေး



www.burmeseclassic.com

www.burmeseclassic.com





အိမ်ကလေးကိုအနီးကပ်မြင်ရစဉ်

ချေးပြီးဝယ်ပေးခဲ့ရတဲ့မောင်သူရကျော်ခြုံတဲ့စောင်





အတွင်းကမိသားစုအိပ်ရာကလေး



ညနေတိုင်းဒီအပင်ခြေရင်းမှာ ထိုင်နေတတ်သတဲ့

ပုံကလည်း အထင်းသားပါ။ မိသားစုတွင်းတောင် ဒီအကြောင်းတွေကို ဖခင်ကိုမပြောရဲဘူးလို့လည်းသိရပြန်ပါတယ်။

အသက် ၃၀-ကျော်ပတ်ဝန်းကျင်ရှိမယ့်




www.burmeseclassic.com

www.burmeseclassic.com

မိဘနှစ်ပါးရဲ့ပုံကို ကြည့်ရတာကလည်း ဖြူစင်ရိုးသားမှုက ပကာတိပေါ်လွင်နေပါတယ်။ ဘာအကျိုးမှမျှော်ကိုးမှုမရှိတဲ့အပြင် အရက်ကြီး။ အားနာနေကြတဲ့ သူတို့နှစ်ဦးရဲ့ပုံကို ကြည့်ပြီး "နောင့်ယှက်သလိုများဖြစ်ရင် တောင်းပန်ပါတယ်၊ ကလေးဆီက တစ်ခုခု ကြားရ၊ သိရမှ ကျွန်မပြန်ပါရစေ"လို့ခွင့် တောင်းလိုက်ပါတယ်။ သူတို့တဲ့နဲ့ ကျွန်မတို့ ညှိသည်ငါးယောက် အိပ်ဖို့အခင်းမပြေတဲ့အတွက်ရွာထဲက သူတို့အမျိုးအိမ်မှာသွားအိပ်ကြရပါတယ်။ အိပ်ပျော်နေတဲ့ သူ့ရကျော်



ကလေးကိုချီပြီး သူ့အမေကလည်း လိုက်လာပါတယ်။ ကွပ်ပျစ်အသေးမှာ ကျွန်မတို့ ညီအစ်မနှစ်ယောက်အိပ်ပြီး လူ့လမ်းကြောင်းလေးခြားတဲ့ ကွပ်ပျစ်အကြီးမှာတော့ မောင်သူ့ရကျော်၊ သူ့မိခင်မနှင်းရွှေ၊ ရှားကုန်းရွာက



အရာတော်ကနေ နောင်ကြီးအိုင်လမ်းချိုးအထိတိုင်းသွားခဲ့ရ

မမာလာဝင်းနဲ့လေးနှစ်အရွယ် သူ့သမီးလေးတို့အိပ် ခဲ့ကြပါတယ်။ မှေးလိုက်၊ မအိပ်အောင် အားတင်းလိုက်နဲ့ မနက်၃-နာရီကျော်ကျော်မှာ မနှင်းရွှေရဲ့အသံကို ကြား ရပါတယ်။ "ငါ့သားရယ်၊ အမေဖြင့် ဟိုမမနှစ်ယောက်ကို အားနာလိုက်သာ၊ ငါ့သား ဘာ့ကြောင့်စကားမပြော ရတာလဲ"။ "ကျုပ်မှမပြောချင်သာ"။ "ဘာလို့လဲငါ့သားရယ် သူတို့လာတာ မကြိုက်လို့လား"ဆိုတော့ "ကျုပ်ညီမ မပါဘဲ"။ "ဘယ်သူတုန်း"။ "သားညီလေ၊ သားညီ" "ဩော်…"။ သူတို့သားအမိ နှစ်ယောက်ရဲ့ စကားသံကို နားစွင့်ရတာ ကျွန်မအသက်တောင် မရှူရဲပါဘူး။ "အဲဒီ မမတွေက သားအတွက်အကျီလည်းဝယ်လာရသေး တယ် မနက်သာထပ်လာရင် သူတို့မေးတာပြောပြလိုက် နော်"။ "ကျုပ်က ကျုပ်ဦးထုပ်အဖြူပါလာမယ် ထင်တာ"။ "ဟိုမမတွေနဲ့ ရန်ကုန်မလိုက် သွားချင်ဘူးလား သားပဲ ခဏခဏ ပို့ခိုင်းပြီးတော့"။ "မလိုက်ဘူး ကျုပ်ဟာကျုပ်သွားတတ်တယ်၊ မန္တလေးသာပို့ပေး" "ငါ့သားက တကယ်ခွေးလား။ ငါ့သားသရုပ် ဆောင်ခဲ့တဲ့ ကားတစ်ကားလောက်ပြောပြပါလား"။ "ငှက်ကလေး ရဲ့ဒဏ္ဍာရီ"။ "ဟိုမပြတဲ့ပုံတွေကို ခဏပဲကြည့်ပြီး ဘာလို့ မဖြေလိုက်တာလဲ ငါ့သားရဲ့"။ "ကျုပ်ကို အရိုးတွေကြီး လာပြတာကိုး၊ ကျုပ်ကြောက်တယ်အမေ၊ ကျုပ်ကို ဖက်ထားစမ်းပါ။ ခါးကနေဖက်ထားနော်၊ အမေ့ကျော နောက်ကို ကျုပ်ဝင်မယ်ဗျာ"။ နောက်ကျောမှ ညှိသည်သားအမိရှိတာကြောင့် "အမေ့နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဖုတ်ထန်းတောရွာသွားလမ်းတစ်နေရာ



ဇင်ကိုလတ်(သူ့အစ်ကို)ရှိတယ်၊ အမေဖက်ထားပါ့မယ် သားရယ်"။ သားအမိ နှစ်ယောက်ရဲ့အသံက အတော်ကြာတိတ်သွားပါတယ်။ တော်တော်ကြီးအကြာ ခေါင်မိုးပေါ် မန်ကျည်းသီးကြွေကျသံကြားမှ "အမေ၊ ကျုပ်တို့ ဘယ်ရောက်နေတာလဲ"။ "အိမ်မှာလေသားရဲ့"။ "ထန်းလက်မိုးလည်း မဟုတ်ဘူး။ ပြတင်းပေါက်တွေလည်း ရှိပါလား"။ မှုန်ပျပျရောင်နီအောက်မှာ ကလေးက သူ့အိမ်မဟုတ်ကြောင်း သိသွားပုံပါပဲ။ "ညက အိုက်လို့ မင်းအဖေပြတင်းပေါက် ထဖောက်ထားတာ" ဆိုတော့ကုန်းထရင်း "ဟင်·· အိမ်လည်းမဟုတ်ဘူး၊ ပြန်ကြစို့အမေ" ဆိုပြီးကွပ်ပျစ်ပေါ်က ဆင်းသွားပါတော့တယ်။ သူတို့သားအမိထွက်သွားတော့ ကျွန်မနဲ့ကျွန်မ ညီမတစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသလို မမာလာဝင်းတို့သားအမိကလည်း ကျွန်မတို့ကိုလှမ်းကြည့်ပါတယ်။ ခုနစကားသံတွေက ကျွန်မတစ်ယောက်တည်း ကြားလိုက်တာ မဟုတ်ပေဘူးပဲ···

ဒီကလေး ကျွန်မကို ဆက်မဖြေတော့ရင်လည်း ကျွန်မမမေးတော့ဘူး။ ကျေနပ်ပြီ။ ဒီညအိပ်ရေးပျက်ရကျိုးနပ်ပါတယ်။ ကဲ···ကျန်တဲ့သူတွေရဲ့ အမေးအဖြေတွေကိုပဲ ဆက်ဖတ်ကြည့်ကြပါဦး···။


ဖုတ်ထန်းတောရွာသွားလမ်းတစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com





**ဒီကလေးနဲ့ပတ်သက်ပြီး ထူးခြားမှုတွေက . . .**

ခုန ကျုပ်မိန်းမပြောသလိုပ။ အိမ်မိုးယိုတာကနေ စပြောတာပဲ။

**ကိုကျော်စာနဲ့ လိုက်ခဲ့တယ်ဆိုတာကရော . . .**

သူပဲပြောတာပ။ လမ်းမှာကားပျက်တာတောင် ပြောသေးတယ်ပ။ အဖေ့နောက်ကို မန္တလေးကားကြီးဝင်းထဲက နေလိုက်ခဲ့တာ။ ဇရက်ကွင်းမှာတောင် ကားပျက်သေးတယ်လေတဲ့။ ဟုတ်သယ်ပ။

**ကလေးကို မပြောနိုင်းဘဲ ဘာလို့ရိုက်ရတာလဲ။**

ရှက်တယ်ပ။ သူများအပြောများလာတော့ မတာရားကိုရှက်သယ်။ လူတွေက ပြောကြတယ်ပ။ ဒီလိုစုတ်ပြတ်နေတဲ့ တံငါသည်တွေမှာမှ ဝင်စားရသလားတဲ့။ သူတို့ပိုက်ဆံလိုချင်လို့ လုပ်ကြံပြောတာဆိုတော့ ကျုပ်ရှက်သယ်ပ။ မင်းမွေးလာမှ ဒီလိုအပြောခံရတယ်ဆိုပြီး လိမ့်ရိုက်တာ။ သူ ကျုပ်ကိုကြောက်သယ်။ ခုမပြောရဲတော့ဘူး။ ကျုပ်နဲ့ စကားလည်း သိပ်မပြောဘူး။

**ကြောက်လို့မပြောတာလား။**

**မမှတ်မိလို့လားတော့မသိဘူးပေါ့။**

တချို့ကလာပြောတယ်။ ဒွေးရဲ့ညီသားညီက မိန်းမယူပြီးပြီ။ အခုသူ့ကလေးက ဒွေးဝင်စားတယ်ဆိုပြီး ဂျာနယ်တွေမှာတောင် ထည့်ပြီးပြီတဲ့။ ကျုပ်တို့ကို တစ်ခုခုမျှော်လင့်တယ်ထင်မှာစိုးလို့ ပိတ်ရိုက်ထားတာ။ ဘာကြောင့်လဲတော့ မသိဘူး။ ခုမပြောတော့ဘူး။ ကျုပ်သားကိုမုန်းလို့မဟုတ်ဘူး။ ကိုယ့်ဟာကိုယ်လုပ်စားရတာတစ်မျိုး။ တခြားလူတွေကဲ့ရဲ့တာတစ်မျိုးဆိုတော့ မပြောရင်ပြီးရောဆိုပြီး ရိုက်တာပါပ။

**သူပြောတာတွေတော့ လူတော်တော်များများကြားခဲ့တယ်နော်။**



သူ့အစ်မစာသင်ကျောင်းကို တစ်ရက်လိုက်ပြီး ပြောလိုက်မိတော့ နောက်စာသင်ကျောင်းက ကလေးတွေ တောထဲလိုက် လိုက်လာကြတာ၊ သူ့ကကစားတာတောင် ရပ်ရှင်ရိုက်တမ်းတဲ့။

# မုန်းလို့မဟုတ်ပါဘူး ရှက်လွန်းလို့ ရိုက်မိတာပါ ဖခင်ကိုကျော်စာ

**ကျွန်မတို့ စုံစမ်းကတည်းကတော့ ခုနောက်ပိုင်း သူသိပ်မပြောတော့ဘူးဆိုတာတော့ ကြားရပါတယ်။ ဒါပေမဲ့ ထူးခြားမှုရှိ၊ မရှိလာခဲ့တာပါ။**

ကျုပ်တို့ ဘာမှမမျှော်လင့်ဘူးပ။ ခင်ဗျားတို့ ရပ်ဝေးကလာတာကိုပဲ အားနာတယ်ပ။ ဒါကြောင့် သူ့ဆီက တစ်ခုခုကို ရသွားစေချင်တာပဲရှိပါသယ်။ ခင်ဗျားတို့ စုံစမ်းနိုင်းတဲ့သူတွေရောက်လာတော့ ကျုပ်တို့ အမှန်ပဲပြောလိုက်တယ်ပ။

**ခုနောက်ပိုင်း ကလေးက သိပ်မပြောတော့ဘူးဆိုတာကိုလား။**

ဟုတ်သယ်ပ။

**ကျွန်မ သတင်းရပါတယ်။ ရှင်တို့ဇနီးမောင်နှံနှစ်ယောက်စလုံးက ဘာမျှော်လင့်ချက်မှမလိုချင်တာ၊ မရှိတာလည်း သိပါတယ်။ ခုပြောတာတွေကလည်း**



www.burmeseclassic.com

www.burmeseclassic.com




**အမုန်အတိုင်း၊ အမြင်အတိုင်းပြောတယ်လို့ ယုံကြည်ပါတယ်။ ရှင်တို့ ကျွန်မတို့ကို သိပ်မလာစေချင်တာလည်းသိပါတယ်။ ဒါပေမဲ့ ကျွန်မကိုယ်တိုင် တွေ့ချင်လို့၊ သိချင်လို့လာခဲ့တာပါ။ အခုလိုကြိုဆို ဖြေကြားလက်ခံပေးတာကိုပဲ အထူးကျေးဇူးတင်လှပါပြီ။**

ရှက်လို့ပါပ။ ခင်ဗျားတို့ကိုခင်ပါသယ်။ မမုန်းပါဘူး။ လာလည်းလည်ကြပါဦး။ ကျုပ်ကလေး မပြောပြတာကိုတောင် အားနာတယ်ပ။ လူတွေအများကြီးနဲ့ဆိုတော့ ကျုပ်သားကြောက်သွားသယ်ထင်ပ။ ကျုပ်အပြစ်လည်းပါပါသယ်။ ကျုပ်ကို ကြောက်အားကြီးသယ်လေ။ ကျုပ်ကလည်း တော်တော့်ကို လက်လွန်အောင်ရိုက်ထားမိတယ်ပ။ ကျုပ်လည်းလူလေ။ ရှက်သာပ။

**သူ့ရဲ့ထူးခြားချက်က・・・**

စကားပြောသာတော့ ပေါ့ပေါ့သေးသေး စကားလုံးမပြောသာတော့ သတိထားမိတယ်ပ။ ကျုပ်ကိုတော့ သိပ်မပြောတာအမုန်ပ။



# မွေးကားတစ်ကားနှစ်ကားတော့ ကြည့်ဖူးတယ် မိခင်မနှင်းရွှေ

**သူ ဘယ်အရွယ်လောက်ကစပြောခဲ့တာလဲ။**

အခါလည်ကျော်အချိန်ကပါ။ ကျုပ်ကစာမတတ်တော့ ရက်စွဲလည်း အတိအကျမသိပါတော်။ ကျုပ်ထမင်းအိုးတည်နေတဲ့အချိန် မိုးတွေကကျလို့ပေါ့။ အဲဒီအချိန်မှာ သူက ပုဆိုးကြီးခေါင်းမြီးခြုံပြီး "စိတ်ညစ်လိုက်သာအမေရာ၊ ကျုပ်အိမ်ဆို ဒီလိုမဟုတ်ဘူးဗျ" ဆိုတော့ "ဟင်・・・မင်းအိမ်ဘယ်မှာတုန်း ငါ့သားရယ်" ဆိုတော့ " ရန်ကုန်မှာတဲ့"။ ကျုပ်တို့လင်မယားလည်း အံ့ဩသွားတာပ။ "ဘာလို့ ရန်ကုန်မှာ အိမ်ရှိနေရတာတုန်း" ဆိုတော့ "ကျုပ်မွေးလေဗျာ၊ အခုဒီနေရာမှာမပျော်ဘူး။ ပြန်ချင်သယ်၊ ကျုပ်မကြီးသေးလို့ပို" တဲ့။ "မဖြစ်နိုင်တာကောင်လေးရာ၊ ငါရိုက်လိုက်ရ" ဆိုတော့ "တကယ်ပြောတာပါအမေရယ်၊ ကျုပ်ကြီးရင် အမေတို့ကို အဲဒီကိုခေါ်သွားမယ်" လို့ ပြောသသယ်။

**လွန်ခဲ့တဲ့နှစ်နှစ်လောက်က ပြောခဲ့တာပေါ့။ အဲဒီအချိန်ဘယ်သူတွေရှိလဲ။**

ကျုပ်တို့ကတောထဲမှာနေတာဆိုတော့ ကိုယ့်မိသားစုပဲရှိသယ်ပ။

**သူ့ကို ဒီရွာမှာပဲမွေးခဲ့တာပေါ့။ သူ့မွေးစာရင်းပြကြည့်ပါလား။**

သူ့ကို တကောင်းက တောထဲမှာမွေးခဲ့တာပ။ သူကိုးလအရွယ်ကျမှ ဒီရွာကိုပြန်လာခဲ့တာပ။ မွေးစာရင်းတော့ မရှိသေးဘူး။ သူ့အဖေ စာအုပ်ထဲမှတ်ထားတာတော့ ရှိတယ်ပ။ သူ့အဖေက လေးတန်းအထိ ကျောင်းနေဖူးပါသယ်။ ကျွန်မကတော့ စာလုံးဝမတတ်ပါဘူး။

**တကောင်းကတောထဲဆိုတာ ခုလိုရွာအပြင်လေးမှာပဲပေါ့**

ဟုတ်သသယ်။ အဲဒီတုန်းက ကလေးနှစ်ယောက်ရယ်၊ ကျုပ်တို့လင်မယားရယ် တောင်သူလုပ်ကြသယ်ပ။

**ဒီကလေးကို ကိုယ်ဝန်ရှိတော့ တကောင်းမှာပဲပေါ့။ မွေးတာလည်း တကောင်းပဲပေါ့။**

ဟုတ်သသယ်။ သူ့ကိုမွေးတော့တကောင်းတောထဲမှာ။ လက်သည်မရှိလို့ ကျုပ်ယောက်ျားနဲ့ ကျုပ်မွေးခဲ့ရတာ။ ချက်ကြိုးကိုတောင်တောထဲမှာ[illegible]တက်တဲ့ကို



www.burmeseclassic.com

www.burmeseclassic.com





မောင်သူရကျော်တို့မိသားစုကိုရွာတွင်းရှိအမျိုးပြဲဝန်းထဲတွင်တွေ့ရစဉ်

လာတဲ့ ဈေးသည်အဒေါ်ကြီးကို ဖြတ်ခိုင်းရသယ်။ သူက သားဖွားသင်တန်းတက်ဖူးသယ်တဲ့။ သူမွေးတော့ မျက်နှာဖုံး ပါသယ်။ မျက်နှာဖုံးကိုတော့ ဓားနဲ့ထိုးခွဲပြီး မြေမြှုပ်လိုက် သာပါပဲ။

**ကိုယ်ဝန်ရှိတော့ ထူးထူးခြားခြား အိပ်မက်မက်တာတို့ ဘာတို့ရှိလား။**

ထူးဆန်းတာပ။ မင်းသားဒွေးကို အိပ်မက်နှစ်ခါ၊ သုံးခါ တောင်မက်တယ်။ ကျုပ်အိမ်သား(ခင်ပွန်း) ကိုကျော်စာ က ရှူးပါ့ကွာ။ မင်းက ဒွေးကိုတန်းတန်းစွဲဖြစ်နေလား။ နင့်လင်လုပ်ချင်လို့လားဆိုပြီးပြောတာ ကျုပ်အသက် ၃၀- တောင်ကျော်ပြီ။ ၃၅-ထင်တယ်ပ။ ခုချိန်ထိဇာတ်ကား ငါးခါလောက်ပဲကြည့်ဖူးသယ်။ အခုမကြည့်ရတာ ၁၅- နှစ်ရှိပြီ။

**သူ့ကို ဒွေးအကြောင်းတွေများပြောခဲ့ဖူးသလား။**

တစ်ခါမှမပြောဖူးပေါင်တော်။ ပြောချိန်လည်းမရသလို ကျုပ်လည်း ဒွေးအကြောင်းမှမသိသာ။ ကျုပ်ကစာမှ မတတ်သာ။ နောက် သူကပြောသေးသယ်။ ကျုပ်ပေါင်း နတ်ပြီးပြန်လာတော့ ကျုပ်ချွေးထွက်တာကိုကြည့်ပြီး ကျုပ်သေတုန်းကလည်း အဲဒီလိုပဲချွေးတွေထွက်တယ်။ ဝေဠုကသုတ်ပေးတယ်တဲ့။ ဝေဠုဆိုတာ ဘယ်သူ့ကို ပြောသာလဲဟင်။

**ဝေဠုကျော်ကို ပြောတာနေမှာပေါ့။**

သိပေါင်တော် . . .နောက်ပြောသေးတယ်ပ၊ ကျုပ်ကို မနက်အစောကြီး သင်္ကြိုပ်တာတဲ့။ ပရိသတ်ကပေါ်လို့ တဲ့။ တချို့မင်းသမီးတွေဆိုရင် မီတောင်မမီလိုက်ဘူးတဲ့။ ပြီးတော့ ကျုပ်ဘုန်းဘုန်းက လာပြီးငိုတာတဲ့။ သူ့ကိုတောင် ပွေ့ထုတ်ရတယ်တဲ့ ဟုတ်ကဲ့လား။ နောက်ကျုပ်ကို ပန်းတွေနဲ့လည်း ဝိုင်းထားတယ်တဲ့။ ပန်းတွေနဲ့ အုံထား တာတဲ့။ နှင်းဆီပင်လေးကိုစိုက်ပါဟာ။ ငါးပင်လောက်ပဲ စိုက်ပါ။ နောက်တစ်ခါပြန်သေရင် အုံရအောင်လို့တဲ့။ ကျုပ်စိုက်ပေးတယ်။ အောက်ကနေ မြေပိုးစားသွားလို့ သေသေသွားတာ၊ မအောင်ဘူး။

**အခြားအစားအသောက်နဲ့ ပတ်သက်ရင်ရော . . .**

ပန်းသီး၊ စပျစ်သီးတွေတအားဝယ်ခိုင်းသယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှန့်ဆိုလည်း အဖိုးတန်မုန့်မှဝယ်ခိုင်းသယ်။ ပြီးတော့ ထူးထူးဆန်းဆန်း ဆေးလိပ်သောက်ချင်သတဲ့။ လူကြီးလစ်တာနဲ့ ကောက်သောက်တာပဲ။ ကွမ်းကျတော့ မစားချင်ဘူးတဲ့။

**သူဘယ်လို ဝင်စားဖြစ်တယ်ဆိုတာရော ပြောပြလား။**

ပြောသယ်ပ။ မန္တလေးကားကြီးဝင်းထဲကနေ ကျုပ်အိမ်သား(ခင်ပွန်း)နဲ့ လိုက်လာတာတဲ့။ လိုက်လာတုန်းက မှန်လုံကားကြီးစီးလာရတာ။ လမ်းမှာကားကလည်း ပျက်သေးသယ်တဲ့။ အဲဒါနဲ့ အိမ်သားကိုမေးကြည့်တော့ ဇရက်ကွင်းနားမှာကားပျက်တာ အမှန်ပဲတဲ့။

**တကောင်းမှာနေတယ်ဆို၊ ဘာလို့မန္တလေး ကားကြီးဝင်းထဲ ရောက်သွားတာလဲ။**

ကျုပ်နေမကောင်းလို့ ဗိုက်ခွဲရမယ်ဆိုတော့ အိမ်သားက မန္တလေးကားကြီးဝင်းထဲက ရဲကျော်ပွဲရုံမှာ ပိုက်ဆံအပ်သွားတာ။ အပြန်မှာလိုက်ခဲ့တယ် ပြောသာပဲ။

**ကလေးကို ကိုသူလို့ ခေါ်ကြတယ်နော်။ နာမည်ရင်းက**

သူရကျော်ပါ။

**မွေးခုနှစ်ကရော**

(မှတ်ထားတဲ့စာအုပ်အားပြလျက်)တန်ခူးလဆုတ် ၁၂-ရက်၊ ၁၃၇၀-ထင်တယ်ပ။ မှန်ရဲ့လား

**သူရော ဧွးကားကြည့်ဖူးလား။**

မကြည့်ဖူးပါ။ အရင်က ရွာမြောက်ဖျားထဲမယ် ဗီဒီယိုရုံတစ်ရုံရှိတယ်။ ခုမှ မှန်ပြင်(TV)ရှိတာ သုံး၊ လေးအိမ်လောက်တော့ရှိပြီပ။ အဲဒါကတော့ မကြာသေးဘူးပ။ ဒါပေမဲ့ ကျုပ်တို့က ရွာပြင်တောထဲမှာ နေတာဆိုတော့မကြည့်ဖြစ်တာပ။ တကောင်းနေတုန်းကလည်းတောထဲမှာပဲပ။

**အဲဒီတုန်းကရော ကလေးကတော့ လသားပေါ့။ မနှင်းရွှေရော ဧွးကားကြည့်ခဲ့သေးလား။**

သူ့မမွေးခင် ရွာထဲရောက်ခိုက် တစ်ခါကြည့်ဖူးတယ်။ နောက်မကြည့်ဖြစ်ပေါင်။ အဲဒီတကောင်းမှာ ကိုးနှစ်နေခဲ့တာလေ။ ငှက်ဖျားတအားပေါ်တော့ သူ့ကိုမွေးအပြီး ဒီရွာကို ပြန်ရွှေ့လာတော့တာပ။

**ကလေး ဒီအကြောင်းတွေ စပြောစက ဘာလို့ကလေးကို မပြောခိုင်းတာလဲ၊ ဘာလို့ ရိုက်နှက်ရတာလဲ။**

ကိုးလသားအရွယ်ဖုတ်ထန်းတောပြန်ပြောင်းလာစဉ်က



ကြားတဲ့သူတချို့က ပြောသယ်အေ။ ကျုပ်တို့ဆင်းရဲလို့ ပိုက်ဆံမက်လို့ ကြံဖန်ထုတယ်ဆိုတော့ ရှက်သာပေါ့အေ။ အိမ်သားဆို သူ့သားကို တအားရိုက်တာ။ ကလေးက သူ့ကိုကြည့်တောင်မကြည့်ရဲဘူး။ ရုပ်ရှင်မင်းသားဝင်စားတယ်ဆိုတော့ လူတကာက ဟာသလုပ်ကြတော့ ကျုပ်တို့ကရှက်သာပေါ့အေ။ ဒါကြောင့် အိမ်သားက ကလေးကို မပြောစေချင်တာ။ ကလေးကလည်း အရိုက်ခံရပါများတော့ ကြောက်ပြီး ခုနောက်ပိုင်းမပြောတော့တာပ။ မပြောတော့တာကို ကျုပ်ကတော့ ဝမ်းသာတယ်။

**ခုလည်း ကျွန်မတို့ မေးတာတောင်မပြောဘူး။ မအေကိုပဲဖက်နေတာပဲ။**

သူက တောထဲနေတာဆိုတော့ လူကြောက်တယ်ပ။ ဒီကြားထဲ ခုနလူအုပ် အများကြီးဆိုတော့ သူလန့်သွားတာ။ သူတိုးတိုးလေး လာပြောတယ်။ ရင်တုန်လိုက်တာ အမေရယ်တဲ့။ အရင်ကတော့ တစ်နှစ်ရှစ်လသားကတည်းက ပြောသာ။ ကျုပ်နဲ့အိမ်သား ဘာလုပ်မယ်မှတ်လဲ။ ရှက်လွန်းလို့ သူ့ကိုအတိတ်မေ့အောင် စလောင်းဖုံးနဲ့ကို


www.burmeseclassic.com

www.burmeseclassic.com


ထမင်းကျွေးထားတာ။

**စလောင်းဖုံးနဲ့ ထမင်းထည့်ကျွေးရင် အတိတ်မေ့ရောလား**

မေ့အောင်ပေါ့တော်။ စလောင်းဖုံးနဲ့ ထမင်းထည့်ကျွေးရင် သွေးရူးသွေးတန်းဖြစ်ပြီး လူတွေကို ယောက်မနဲ့လိုက်ရိုက်တတ်တယ်တဲ့။ ဟုတ်ပတော်။ ကျွေးပြီးလိုက်ရိုက်သေးတယ်။ ဟိုတစ်နေ့က ရုပ်ကုန်းရွာကလာတဲ့ မမာလာဝင်း(လိုက်ပို့သူ)ကိုတောင် ယောက်မနဲ့လိုက်ရိုက်သေးလို့ ဆွဲထားရတာ။

**ဒါဆို အဲဒီလိုကျွေးပြီးတဲ့နောက်ပိုင်း သူမပြောတော့ဘူးပေါ့။**


အရင်လို ခါတိုင်းချည်းပြောမနေတော့ဘူး။ ကျုပ်အိမ်သားမရှိတဲ့ အချိန်မေးရင်တော့ နည်းနည်းပါးပါးပြောတယ်ပ။ ဒီကို ခဏခဏလာတဲ့ ကျုပ်အစ်ကိုကြီး (သူ့ဦးကြီး) ကိုတော့ အပြောဆုံးပဲ။

**အရင် ကြွေရည်သုတ်ပန်းကန်နဲ့ ထမင်းကျွေးတော့ မစားဘူးဆို။**

လွှင့်ပစ်တာပဲ။ "ကျုပ်အိမ်ကခွေးတောင် ဒီထက်ကောင်းတဲ့ပန်းကန်နဲ့ကျွေးတာ မစားဘူး"တဲ့။ အိမ်သားက အဲဒီလိုလုပ်လေရိုက်လေပဲ။ နောက်ပိုင်းကြောက်ပြီး ဘာမှချေးမများတော့တာ။ အိမ်သားက ဒီနှစ်နွေမှာပြောတယ်။ "ခွေးဝင်စားတယ်လို့ မပြောပါနဲ့ ငါ့သားရယ်၊ သားညီသားဝင်စားတယ်လို့ပြောနေကြသာ၊ မင်းတော်တော် အရှက်ခွဲတဲ့ကောင်ပဲ၊ ဒီတစ်ခါ ပြောရဲရင်ပြောကြည့်" ဆိုပြီး ဒီယပ်တောင်ရိုးနဲ့ ခြေသလုံးစင်းခိုင်းပြီးရိုက်တာ။ ကျုပ်လည်း ရှက်တာတော့။ ကျုပ်ကိုလည်း ဒီနှစ်ကောက်စိုက်တုန်းက "မနှင်းရွှေကြီး တော့သားကို ခွေးဝင်စားတယ် မပြောပါနဲ့၊ သားညီသားကဝင်စားတာတဲ့ တော်တို့မှိုသောက်ရှက်မရှိ" တဲ့။ "ဟောတော်၊ ကျုပ်ကတော့သိဘူးအေ၊ ခုလည်း ကလေးကိုမပြောဖို့ ရိုက်ထားတာပဲ"လို့ ပြန်ပြောလိုက်သယ်။ ခုတော့တန့်သွားပါပြီ။ မနှစ်က ဦးနှောက်အမေးရောင်လို့ ရွှေဘိုဆေးရုံလည်းတင်လိုက်ရသယ်။ ဆေးစာအုပ်ရှာနေတာ။ တွေ့ရင်ပြမလို့။ အဲဒီတုန်းက ခွဲစိတ်ဆရာဝန် ဦးမောင်မောင်ကျော်နဲ့ ကလေးအထူးကု ဒေါ်မာလာတင်တို့ပါ။

**မနှင်းရွှေတို့လင်မယားက ဘာတွေလုပ်ကိုင်စားသောက်ကြလဲ။**

အိမ်သားက စာရင်းငှားလုပ်တယ်အေ။ တစ်နှစ်စပါး ၈၀-နဲ့။ ကျုပ်ကတော့ ကောက်စိုက်ချိန် ကောက်စိုက်၊ အမြဲတော့ ပေါင်းနုတ်လိုက်တယ်။ တစ်နေ့ ၇၀၀-တော့ရတယ်ပ။ ဒါပေမဲ့ သူ့အတွက်မုန့်ဖိုးက တစ်နေ့ ၁၀၀၀ လောက်ရှင်းနေရသယ်။ ခုသူကတဲနားက မုန့်ဆိုင်ကို သွားတတ်နေပြီ။



ဖခင်ဖြစ်သူရေးမှတ်ထားတဲ့မောင်သူရကျော်တို့ မောင်နမသုံးယောက်ရဲ့မွေးသက္ကရာဇ်များ

**အခုဒီတဲနားက ငါးကန်လေးကရော။ အစောင့်လုပ်တာပဲလား။**

ခု ပိုင်သွားပြီ။ ခဲတွေ၊ မြေကြီးတွေဖို့ပြီးလုပ်ထားတာ။ကျုပ်တို့ အပိုင်ဖြစ်သွားပြီ။ ပိုင်တာတော့မကြာသေးဘူး။ အဲဒီ ကန်ရဖို့ မြေဖို့ကြတုန်းကလည်း သူကပြောတယ်။ "သိပ်ပင်ပင်ပန်းပန်း မလုပ်ပါနဲ့ အမေရယ်၊ မြို့ရောက်ရင် အမေ့ကို သားခွဲကြီးတွေ၊ နားကပ်တွေဝယ်ပေးပါမယ်"တဲ့။ (ရယ်လျက်)

**အိမ်မြှောကျော်ဇင် မင်္ဂလာဆောင်တုန်းကလည်း သူပြောသေး**


www.burmeseclassic.com

www.burmeseclassic.com

**တယ်ဆို . . .**

ရွာထဲမယ် မင်္ဂလာဆောင်တစ်ခုရှိတော့ သူ့အစ်မကသွားကြည့်တယ်။ အဲဒါ သူ့ကိုခေါ်သွားတော့ မင်္ဂလာဆောင်မယ်ဖွင့်ထားတဲ့သီချင်းကို နားထောင်ပြီး ရန်အောင်ဆိုတာလို့ ပြောသတဲ့။ ကျုပ်လည်း မကြည့်မိတော့ မသိပေါင်တော်။ ပြီးတော့ တစ်နေ့ကျုပ်သမီးက ကျောင်းကပြန်လာပြီး အိမ်မှာလာပြောသယ်။ မင်းသမီး အိန္ဒြာကျော်ဇင် မင်္ဂလာဆောင်သွားပြီတဲ့။ ကျုပ်လည်း အိန္ဒြာကျော်ဇင်ကို သိပ်မသိဘူး။ အဲဒီအချိန် သူက ဘာထပြောသယ်မှတ်သလဲ။ အိန္ဒြာကျော်ဇင်မဟုတ်ဘူး။ အူဝဲပါတဲ့။ အဲဒါ တခြားသူတွေကို မေးကြည့်ရတယ်။ ဟုတ်ကဲ့လားလို့။ ကျုပ်ကမသိဘူးလေတော်။ဘာအကြောင်းပဲဖြစ်ဖြစ် မပြောဖို့တော့ သူ့ကိုမာန်ထားတာပ။ ကျုပ်ကတော့ ပြောမရရင်နောက်ဆုံး သူ့ဆံပင်ကိုဆွဲနတ်တော့တာပဲ။ သူက ဆံပင်ကိုလည်း ခုလိုပုံစံကိုက်(ညှပ်)ပေးမှတဲ့။ ခေါင်းတုံးတုံးပေးတာ မကြိုက်ဘူးတဲ့။ ခေါင်းတုံးတုံးပေးရင် ငိုတော့တာပဲ။

**သူ့ကိုမမွေးခင်ကရော ဘာတွေလုပ်ကိုင် စားသောက်ကြလဲ။**

တကောင်းတောထဲနေတုန်းကလည်း တောင်သူပါပဲ။ ဒီပြန်ရွှေ့တော့ ငါးကန် စောင့်လုပ်သေးတယ်။ ငါးကိုလည်း မသတ်ရဲနဲ့ အတော်စိတ်ညစ်ခဲ့ရပါသယ်။သူက ပြောသေးသယ်။ "အမေ ငါးတွေမသတ်နဲ့နော်၊ ငါးခေါင်းကိုထုရင် အမေ့ခေါင်းတွေကိုက်လိမ့်မယ်" တဲ့။ တဲရောက်လို့ ငါးအရှင်ပါလာရင် သူကပြန်လွှတ်တာ။ ညတိုင်းလည်း ဘုရားရှိခိုးတယ်။ လူကြီးတွေဆိုလည်း တအားရိုသေသသယ်။

**သူငယ်ငယ်က အိမ်ပြန်ပို့ဆိုပြီး ပြောတယ်ဆို။**

ဟုတ်သယ်။ "ရန်ကုန်ကိုပြန်ပို့ပေး"တဲ့။ ကျုပ်တို့မသွားတတ်ဘူးဆိုတော့ "ဒါဆို မန္တလေးအထိပို့ပေး၊ မန္တလေးရောက်ရင် ပြန်တတ်ပြီ" တဲ့။ ကျုပ်အမေတို့နဲ့ မနေချင်တော့ဘူး။ စိတ်ညစ်သယ်။ အိမ်ကလည်း မိုးမလုံဘူးတဲ့။ ကျုပ်အိမ်က အိမ်သာအဆင့်တောင် မရှိဘူးတဲ့။ အဲဒီလိုပြောသာ။ သူကမိသားစုအပေါ်တော့ အတော်သိတတ်သယ်။ သူ့အဖေ စာရင်းငှားလုပ်ရတာကိုသူစိတ်မကောင်းဘူး။ ညညထပြီး လယ်ထဲရေယူရတယ်လေ။

**ရေယူရတယ်ဆိုတာ . . .**

လယ်ထဲ၊ စိုက်ခင်းထဲ ရေရအောင်၊ ရေဝင်အောင် လုပ်ရတယ်ပ။ အဲဒါကို ရေယူတယ်လို့ခေါ်သာ။ တောထဲကတဲမှာ သားအမိတွေပဲအနေများသယ်။ သူ့အဖေက အလုပ်ကပြန်လာ၊ ည ရေယူဖို့ပြန်သွား။ တစ်ခါတလေ လယ်ထဲအိပ်ရဆိုတော့လေ၊ တစ်ညတုန်းကလည်း ကျုပ်တို့တဲပေါက်မှာ လူအကြီးကြီးလာရပ်သာ တွေ့ရတယ်ပ။ ခြေသလုံးအတုတ်ကြီးတွေနဲ့ လက်ကြီးကလည်း အရှည်ကြီးတော့။ ယောကျ်ားကလည်းမရှိ၊ ကလေးတွေကိုပဲ လက်နဲ့ဆိတ်ဆိတ်ပြီးနိုးရတယ်ပ။ တဲပေါက်ကြီးကို လာဖွင့်နေတာလေ။ အဲဒါ သူနိုးတော့ " အမေဘာဖြစ်လဲ၊ တုတ်နဲ့ထိုးမယ် " ဆိုပြီး တုတ် ကလေးလှမ်းဆွဲရှာတယ်။ သနားစရာကောင်းလိုက်ပ။ လူပုံကြီးကတော့ပျောက်သွားတယ်။ သရဲလားတော့မသိဘူး။ ရေယူထွက်ရတာ အလင်းပဲ။ မိုးရွာရင်တော့ ရေယူသက်သာတယ်။ ကိုယ်တွေဆင်းရဲလို့ ခုကိစ္စတွေမပြောရဲတာပ။ ရှက်သယ်လေ။

**ကလေးရဲ့ထူးခြားချက်တွေ ထပ်ပြောပြပါဦး။**

စောင်ကို အိမ်မှာရှိတဲ့ ဘာဘူစောင်ကို မခြုံဘူး။ နှစ်သောင်းခွဲပေးရတဲ့ ကတ္တီပါစောင်ဝယ်ထားပေးရတယ်။ အကြွေးချေးပြီးဝယ်ပေးရတော့ အတိုးနဲ့စောင်တစ်ထည်ကို လေးသောင်းလောက်ဖြစ်သွားရော။ ပြီးတော့ ခေါင်းအုံးကိုလည်း သီးသန့်ပဲအုံးတယ်။ သူများဟာ မအုံးသလို သူ့ဟာသူများယူလည်း မကြိုက်ဘူး။ ပြီးတော့ အစွပ်ကို သုံးရက်တစ်ခါလျှော်ပေးရသယ်။ မုန့်ကိုလည်း အဖိုးတန်မုန့်ပဲ စားချင်တာ။ ၅၀-တန်မစားဘူး။ အနည်းဆုံး ၁၀၀တန်မှစားသယ်။ ဟိုတစ်နေ့ကလည်း မုန့်ယူစားထားတာ ၁၀၀၀-ဖိုးနီးပါးပဲ။ ပြောရတော့တာပေါ့။ "ငါ့သားရယ်၊ အမေလုပ် တာမှ ၇၀၀-ပဲရတာ၊ ငါ့ သားက အဲဒီလောက်မစားပစ်ပါနဲ့"လို့။

**သူ ရှင်မပြုရသေးဘူးနော်။**

ဟုတ်သယ်။ သူက ပြုချင်သတဲ့။ ဒါပေမဲ့ ပြောရှာသယ်။ ရှင်ပြုရင် ပိုက်ဆံအများကြီးကုန်မှာလားတဲ့၊ အဖေ စာရင်းငှားအကြာကြီးလုပ်ရမှာလားတဲ့။ အဲဒါဆိုခဏ လောက်စောင့်ဦးမယ်တဲ့။


www.burmeseclassic.com

www.burmeseclassic.com




*ကူညီလိုက်ပါဝို့ဆောင်ပေးခဲ့ကြတဲ့ရွာကုန်းရွာသား ကိုကျော်လှိုင် မမာလာဝင်းနဲ့ ကိုမြတ်စိုး*

**သူကြိုက်တာတွေ ပြောပြပါဦး။**

အဝတ်အစားဆိုရင် အစင်းလေးတွေ၊ အကွက်ကလေးတွေကြိုက်တယ်။ လက်ပြတ်ကြိုက်တယ်။ ပြီးတော့ အင်္ကျီကိုပွပွကြီးမချုပ်ပေးနဲ့တဲ့။ ခပ်ကျပ်ကျပ်ပဲချုပ်ပါတဲ့။ ဦးထုပ်ကြိုက်တယ်။ ဦးထုပ်ကို အဖြူရောင်ပဲ ရှာတယ်။ သူ့အဖေက တခြားအရောင်ဝယ်ခဲ့တာ ကြိုက်ဘူး ဆိုပြီးငိုတယ်။ နောက်ဆိုင်ကယ် ဝယ်ခိုင်းသေးတယ်။ ဒီ ကိုဝယ် ပေးပါတဲ့။ အဲဒါနဲ့ မွေးထားတဲ့ ဝက်နှစ်ကောင်ကိုရောင်းပြီး ရုပ်ဆိုးဆိုင်ကယ်လေး ဝယ်ပေးလိုက်တယ်။ ဒါပေမဲ့ သိပ်မစီးရသေးဘူး၊ သူဦးနှောက်အမှေးရောင်လို့ ဆေးရုံတက်ရတော့ ပြန်ရောင်းလိုက်ရတယ်။ ဆေးရုံတက်တာ လေးသိန်း လောက်ကုန်သွားသယ်။ နောက်လက်စွပ်ဝယ်ခိုင်းသယ်။ ပွဲဈေးတန်းက ၂၀၀-တန် လက်စွပ်ဝယ်ပေးလိုက်တော့ မဝတ်ဘူးတော့ လွှင့်ပစ်သယ်။ ကျုပ် ဒါမျိုးမဝတ်ဘူးတဲ့။ နောက် မျက်မှန်တောင်းသယ်။ ၂၀၀၀-တောင်ပေး ရတဲ့ဟာ ဝယ်ပေးတာ အပေါစားမဝတ်ချင်ဘူးဆိုပြီး ကိုင်းချိုးပစ်လိုက်သယ်။

ရွာမှာတစ်နှစ်တစ်ခါ ပွဲဈေးရှိသယ်ပ။ တန်ခူးလမှာလေ။ နောက် ရေဒီယိုလေးနားထောင်ချင်တယ်ဆိုလို့ ၃၅၀၀-နဲ့ ရေဒီယိုတစ်လုံးဝယ်ပေးဖူးတယ်။ နောက် သူ့ပဲ လုပ်လို့ပျက်သွားတယ်။ သူက မှန်ပြင်(TV) သိပ်ဝယ်ချင်တာ။

**သူ့ကို ဘယ်လိုဆုံးပါးခဲ့တာလဲလို့ မေးဖူးလား။**

သူက ရှော့ခ်ဖြစ်တာတဲ့။ ရှော့ခ်ဖြစ်တယ်ဆိုတာ ဘာလဲဟင်။ ပြီးတော့ ပြောသေးသယ်။ ကျုပ်မှာ ချွေးတွေကိုပြန်ပြီး အနေခက်လိုက်တာတဲ့။ ကျုပ် သေတော့ ဘယ်သူမှတောင်မသိလိုက်ဘူးတဲ့။ ဟုတ်သလား။ သူ့အလူးအလဲခံနေရတာ ဘယ်သူမှမသိဘူးတဲ့။ မိုးတောင်မသိဘူးတဲ့။ မိုးဆိုတာ သူ့မိန်းမဆို။ အဲဒီ မိုးဆိုတဲ့ နာမည်ကိုလည်း မတရားပြောတာတော်။ ပြောတာရှိ သေးတယ်တော့။ ရှက်စရာပ။ ကျုပ်ဝတ်တဲ့ ဘော်လီကို မိုးဝတ်တာမျိုး မဟုတ်ဘူးတဲ့။ ပြီးတော့ အမေက အပြင်သွားရင် အတွင်းခံမဝတ်ဘူးနော်။ မိုးက ဝတ်တယ်တဲ့။ "ကောင်လေးနဲ့ဟာ၊ ရှက်စရာ တွေလာပြောနေတယ်"ဆိုတော့ ရယ်နေတယ်ပ။ (မငြိမ်း နဲ့ဆိုပြီး မိခင်ကို တဘုန်းဘုန်းထုနေတာကြောင့် ဒီမှာပဲရပ်လိုက်ရပါတော့တယ်)


www.burmeseclassic.com

www.burmeseclassic.com




# ဖွေးကားလည်းမကြည့်ဖူး၊ ဖွေးအကြောင်းလည်းမသိဘဲနဲ့ ခုလိုပြောပြတော့အံ့ဩမိတယ် ဦးတွတ်မဲ (ဦးကြီး တော်သူ)

**ဦးလေးက သူ့ဦးကြီးနော်။**

ဟုတ်တယ်။ ခုနကညည်းတို့ပြန်သွားပြီထင်လို့ သူလိုက်ရှာချင်တယ် ပြောသေးတယ်။

**ကျွန်မတို့လာမယ်ဆိုတာ သူကြိုသိလား။**

သိသယ်။ ရုပ်ကုန်းရွာက လူတွေလာသွားကတည်းက သိနေတယ်။ သူမျှော်နေတယ်။ သူပြောမယ်တဲ့။

**ဦးလေးကို ဘာတွေပြောဖူးလဲ။ ဦးလေးကို သူက အကောင်းဆုံးလို့ ကြားလို့ . . .**

ကျုပ်ကအားတာနဲ့ တောထဲကသူ့ဆီသွားတာပ။ သူ့အဖေရော၊ သူ့အမေရောမရှိဘူး။ ကျုပ်နဲ့ နှစ်ယောက်တည်း စကားတွေပြောတယ်ပ။ သူ့မိန်းမ နာမည်ကမိုးမိုးတဲ့။

**အခြားဘယ်သူတွေကိုပြောသေးလဲ။**

ဒါရိုက်တာခင်ဇော်ဆိုလား တစ်ခါပြောတယ်။ သားညီနဲ့ ဖိုးကျော်ကိုတော့ တွင်တွင်ပြောတယ်။ ကျော်ဟိန်းကို လည်းပြောတယ်။ ပြီး . . . အူဝဲ အူဝဲနဲ့ပြောသေးသာ။ အူဝဲဘယ်သူမှန်းကျုပ်မှမသိသာ။ "အဲဒါ အိန္ဒြာကျော်ဇင်ကိုပြောတာဗျ" လို့ ပြောသေးတာ။ ကိုယ်က လည်း ဖွေးအကြောင်းမသိတော့မမေးတတ်ဘူး။ သူပြောသမျှပဲ နားထောင်နေသာ။ ခုလည်း ညည်းတို့ကိုပြောပြမယ်လို့ သူကျုပ်ကိုကြိုပြောထားသယ်။

**ခု ဘာကြောင့် မပြောသေးတာလည်း မသိဘူးနော်။**

သူက ခပ်အေးအေးနေတတ်တာ။ လူအရမ်းများတော့ကြောက်သွားတယ်ထင်သယ်။ ဒါပေမဲ့ ကျုပ်ကို လှမ်းခေါ်ပြီးပြောရာတယ်။ တစ်ယောက်ပဲ ကျုပ်ဆီခေါ်ခဲ့၊ ကျုပ်ပြောမယ်တဲ့။ အများကြီးမခေါ်ခဲ့နဲ့တဲ့။ အဲဒါကြောင့် ညည်းကို ကျုပ်ခေါ်လိုက်တာလေ။ ဒါပေမဲ့ လူတွေက ပြောလို့မရဘဲအတင်းလာကြတော့ ကျုပ်လည်းစိတ်ပျက်မိတယ်ပ။

**ဘယ်အရွယ်က သေသေချာချာပြောလဲ။**

နှစ်နှစ်လောက်က တအားပြောသယ်ပ။ သူတို့က မတရားရိုက်ကြသယ်။ ကျုပ်ရှေ့တော့မရိုက်ရဲကြဘူး။ ကျုပ်က တူတွေ၊ တူမတွေကို အလိုလိုက်သယ်။ သူက ကျုပ်ကို တအားခင်သယ်။

**ဦးလေးတို့ကတော့ ရွာထဲနေတယ်ဆိုတော့ ဇာတ်ကားတွေ ဘာတွေတော့ကြည့်ဖြစ်မှာပေါ့။**

ကြည့်ခဲ့တယ်။ သီးသန့်သွားကြည့်ရတယ်ဆိုတော့လေ ခုမှ နမဝမ်းကွဲအိမ်မှာမှန်ပြင်(TV)ဝယ်လိုက်တာ သုံး လေးလပဲရှိသေးတယ်။ ဒါကြောင့် သူမှန်ပြင်မြင်ဖူးတာ သုံး၊လေးလပဲရှိသေးတယ်။ ဒါတောင်ရွာထဲလာတဲ့ တစ်ခါတလေပဲကြည့်ရတာနော်။ မှန်ပြင်ဝယ်ထားတဲ့အိမ် ကလည်း ဖွေး ကားမဖွင့်ပါဘူး။ သူ ဖွေးအကြောင်း ဘယ့်နှယ်များသိသလဲတော့ မပြော တတ်ဘူး။ မြောက်ဖျားမယ်ရှိတဲ့ဗီဒီယို ရုံဆို သူတစ်ခါမှမသွားဖူးဘူး။ ဘာမှ မမြင်ဖူး။ မကြားဖူးဘဲနဲ့ကို ဒါတွေ ပြောနေတာ ဒါကို တို့ကအံ့တာဗျ။

**ဦးလေးကရော မေးမကြည့်မိဘူး လား။**

ကြုံရင်တော့ငါ့တူရာ၊ ပြောပါဦးဟ ဆိုရင် ပြောသယ်။ ဦးကြီးက ဘာ ဝယ်ကျွေးမှာတုန်း မေးသေးတာ။ သူ့ အိမ်မှာ ခွေးရှိတယ်တဲ့။ ဟုတ်သလား။

**မသိဘူးလေ။**

ဩော် . . . ပြောရဦးမယ်။ ညည်းတို့ လာတယ်ဆိုတော့ "ကျုပ်အတွက် ဦးထုပ်အဖြူတော့ ယူခဲ့စေချင်းပါရဲ့" တဲ့ ညည်းတို့လာမယ်ပြောတော့ ကျုပ်တော်ပူတာ။ ကလေး


www.burmeseclassic.com

www.burmeseclassic.com


ကာသိပ်မပြောတော့လေ။ မနေ့ညနေကတော့ ကျုပ်သူ့ဆီ သွားပြီး ဘုရားဖူးခေါ်ခဲ့သေးတယ်။ ရွာမြောက်ဘက်က ရွှေဂူကြီးဘုရားခေါ်သွားတာ။ ဘာပဲဖြစ်ဖြစ် အမှန်အတိုင်း တော့ ပြောစေချင်လို့ပါပဲ။ ဘုရားက ခြင်္သေ့ကြီးအောက် သူ့ကို ဝင်ခိုင်းလိုက်တယ်။

**ခြင်္သေ့ကြီးအောက်ဝင်တော့ အတိတ်အကြောင်းပြော ရောလား။**

ပြန်မှတ်မိတယ်တဲ့။ ကျုပ်နှမလင်မယားက ကလေးကို သိပ်ရက်စက်သသယ်။ ကလေးကို အတိတ်မေ့အောင် နှာမ် နှိပ်ပြီးစလောင်းဖုံးနဲ့ ထမင်းကျွေးတာတဲ့။ မစားတဲ့ကလေး ကို ရိုက်နှက်ပြီး အတင်းကျွေးထားတာတဲ့။ နောက်တစ်နေ့ ကျုပ်သွားတော့ ကလေးကညှိုးငယ်နေတာတွေ့ရတော့ ကျုပ် သံသယဖြစ်ပြီးမေးလိုက်သာ။ နင်တို့ ကလေးကို ဘာလုပ်ထားသလဲလို့။ အဲဒီတော့မှ စလောင်းဖုံးနဲ့ ကျွေး ထားမှန်းသိရတာ။ ကျုပ်သူတို့ကိုပက်ပက် စက်စက် ဆူပစ်လိုက်သယ်။

# ဒီစကားပြောရင် အရိုက်ခံရ ပါလားဆိုတဲ့ စိတ်က စွဲချင်စွဲ နေမှာ ဦးသောင်းဌေး (ဖုတ်ထန်းတောရွာ)အုပ်ချုပ်ရေးမှူး

**ဦးလေးက ဒီရွာက အုပ်ချုပ်ရေးမှူးနော်။**

ဟုတ်ပါတယ်။

**ဒီကလေးနဲ့ပတ်သက်ပြီး ကြားထားတာလေးများ သိပါရစေ။**

လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ကြားရတာ။ သူတို့နဲ့ ကိုယ်တွေနဲ့ကလည်း ဆက်စပ်မှုမရှိဘူး။ သူတို့က ရွာထဲမှာ မနေကြဘူးလေ။ နောက်ကလေးကို မတရားရိုက် ကြတယ်ကြားတယ်။ ကြားတော့ စိတ်မကောင်းဘူး။ သူတို့နဲ့လည်းမတွေ့တော့မပြောဖြစ်ဘူး။

**ကြားပဲကြားခဲ့ရတာပေါ့။**

တစ်နေ့တော့ ကလေးအမေမနှင်းရွှေ ရွာထဲငါးလာ ရောင်းတယ်။ အဲဒါနဲ့ခေါ်ပြီး " ညည်းသားဘာတွေ ပြောလဲ။ ညည်းတို့ကရော ကလေးကိုဘာလို့ ရိုက်ရတာလဲ။ မရိုက်ပါနဲ့" ဆိုတော့ "ရှက်လွန်းလို့ပါ ဦးသောင်းဌေးရယ်၊ သူ့ကိုယ်သူ ဒွေးဝင်စားသတဲ့၊ ကျုပ် ဖြင့်ရှက်သသယ် "တဲ့။ " ဟဲ့…ရှက်စရာမှ မဟုတ်တာ။ ကလေးကို မနှိပ်စက်ပါနဲ့ " လို့ပြောလိုက်ရတယ်။

**ကလေးနဲ့တော့ စကားမပြောဖူးဘူးပေါ့။**

မပြောဖူးဘူး။ မနှင်းရွှေနဲ့ပဲ မေးဖူးတာ။ ကလေးရဲ့စိတ် ထဲမှာက ဒွေးလို့ပြောလိုက်တာနဲ့ အရိုက်ခံရတော့မယ် ဆိုတဲ့အစွဲနဲ့ကြောက်စိတ်ကရှိနေပြီ။ ခင်ဗျားတို့လာ တယ်ဆိုတော့ မပြောလောက်ဘူးလို့ထင်တာ။ ဒီစကား ပြောရင် အရိုက်ခံရပါလားဆိုတဲ့စိတ်က စွဲချင်စွဲနေမှာ။ ကျုပ်တော့ အဲဒီလိုထင်တာပဲ။

**ဦးလေး အကြားနဲ့ အထင်ပေါ့နော်။**

ဒါပေါ့။ သူ့အဖေက အတော့်ကိုတင်းကျပ်ထားတာပဲ။ ပြောလိုက်ပါတယ်။ ကလေးက လူဝင်စားဟုတ်ဟုတ် မဟုတ်ဟုတ် ကိုယ့်သားသမီးကို အဲဒီလောက်ထိမ လုပ်ပါနဲ့လို့…။




www.burmeseclassic.com

www.burmeseclassic.com




# ဒီသတင်းကို လူတစ်ဝက်ကယုံပြီး တစ်ဝက်ကတော့ ဟာသပါအေ မနှင်းမာ

## (အဒေါ်တစ်ဝမ်းကွဲ)ဖုတ်ထန်းတောရွာ



ကျွန်မနဲ့ အမျိုးတော်တယ်ဆိုပေမယ့် သူတို့က တောထဲနေတာဆိုတော့ အခန့်(အကြောင်း)ရှိမှ သွားသယ်။ အခန့်မရှိရင်မသွားပ။ လွန် ခဲ့တဲ့ နှစ်နှစ်လောက်က ရွာထဲအပြောများလာတော့ သူ့ဆီသွားမေးမိသယ်။ "ဟဲ့ ···နှင်ကဘယ်သူတုန်းဆိုတော့" ခေါင်းကြီးငုံ့ပြီး "ဒွေး"တဲ့။ "နင့်မိန်းမ နာမည်ကရော"ဆိုတော့ "မိုး"ဆိုပြီး အနားကနေ တဲထဲပြေးသွားရော။ "ဟဲ့··လာစမ်းပါဦး"ဆိုတာ မပေါ်လာတော့ဘူး။ သူကလူတွေနဲ့ ခပ်ကင်းကင်းနေတတ်သယ်။ အဲဒီနှစ်ခွန်းတော့ သူ့ဆီကကြားဖူးသယ်။ ကျွန်မညီမ (သူ့အမေ)ကိုတော့ မေးကြည့်ဖူးသယ်။ "မယ်ရွှေ ညည်းသားဘာတွေလျှောက်ပြောနေတာလဲ၊ အရူးကွဲနေဦးမယ်" ဆိုတော့"ဟုတ်ပတော်··ကျုပ်လည်း မပြောအောင် ရိုက်ထားသယ်ပ"လို့ ပြောပါသယ်။ "ဟော့တော် · · ·သနားစရာပါယ်၊ ရိုက်တော့မရိုက်ပါနဲ့"လို့ ကျွန်မပြောခဲ့သယ်။ သူတို့နဲ့ပတ်သက်လို့ကတော့ ဒီလောက်ပါပဲ။ သူတို့နဲ့က သိပ်အဆက်အသွယ်မရှိဘူး။ ခုတော



င်ညေ့်သည်တွေရောက်လာလို့ ဘာဖြစ်သလဲလို့ လာကြည့်သာပ။ ရွာထဲကလူတွေကလည်းဒီသတင်းကိုလူတစ်ဝက်ကယုံပြီး တစ်ဝက်ကတော့ ဟာသပါအေ။ ဒါကြောင့် ဒီကလေးအဖေနဲ့ အမေကလည်းရှက်ကြတာပအေ။

---

# ခွင်ဖန်သယ်ပြောမှာစိုးနေကြတယ် ကိုခင်မောင်ဇော် (ရွာကုန်းရွာသား)

ကျုပ်တို့လည်းကြားတော့ ဖုတ်ထတော(ဖုတ်ထန်းတော)ကို လှမ်းစုံစမ်းတာပေါ့။ ကလေးအမေနဲ့ကို ပြောဖူးသာ။ ကလေးကတော့ ပြောသယ်။ လူရှေ့မှာ ခွင်ဖန်သယ်ပြောမှာစိုးလို့၊ ဒီစကား နောက်ဘယ်တော့မှမပြောနဲ့ဆိုပြီး ကလေးကိုရိုက်ထားရသယ်တဲ့။ အဲဒီလို တော့ ကြားဖူးသယ်ပ။ ကလေးကိုတော့ မမြင်ဖူးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# ဒီကလေးက ကျုပ်သားနဲ့ ရှယ်တူပါပဲ မမေ့း(တပ်ရွာ)



လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဒီ သတင်းကြားခဲ့တာပ။ ခုမှ တစ်ခါပြန်ကြားတာပဲတော့။ ဒါကြောင့် အမြန်လာကြည့်တာပ။ ကျုပ်က ဟိုဘက်ရွာကလေ။ အရင်ဒီသတင်းကြားတုန်းက ကျုပ်လည်း ကလေးငယ်နဲ့ဆိုတော့ ဒီရွာကိုတော့ မလာဖြစ်ဘူး။ ဒီကလေးက ကျုပ်သားနဲ့ ရှယ်တူပါပဲ။ အဲဒီတုန်းက ဘာတွေကြားသလဲဆိုရင် "ဒီထမင်းဟင်းမစားနိုင်ဘူး။ဒီကြမ်းပြင်ပေါ်မအိပ်နိုင်ဘူး"ဆိုပြီး ပြောသယ်ပ၊ နောက်သူ့မိဘတွေက မတရားရိုက်ကြတယ်လို့ကြားတယ်ပ။ နောက်ဆုံးခုမှ ဒီသတင်းပြန်ကြားရတာနဲ့ လာကြည့်တာပ။ ကျုပ်တို့ရွာနဲ့ ဒီရွာ သိပ်မဝေးဘူး။ ကျုပ်က အခု ဆိုင်ကယ်နဲ့ လာသာ။ နွားစာကျွေးခါနီး အမေ့ကို နွားစာကျွေးခိုင်းထားလိုက်သာ။ အမေကလည်း သွားသွားတဲ့။ (ရယ်လျက်)

---



## အမှောင်ထဲမှာနေခဲ့ရသေးတယ်တဲ့

သွယ်သွယ်ဦး(အစ်မတော်သူ)

သမီးအသက်က
၁၁-နှစ်ရှိပြီ။
မောင်လေးက သမီးကို
ဘာပြောဖူးလဲ။
ထူးထူးဆန်းဆန်းပေါ့။
ဒီကိုမရောက်ခင်အ
မှောင်ထဲမှာ
ရက်ပိုင်း၊
လပိုင်းနေခဲ့ရတယ်တဲ့။
ကျန်တာကရော
မမှတ်မိတော့ဘူး။




အဘလိုက်လာခဲ့တဲ့ စာရေးသူရဲ့ညီမ



www.burmeseclassic.com

www.burmeseclassic.com




**သေခါနီးရောက်နေသည့် သတ္တဝါသည်မိမိပြု ထားသောကောင်းမှုကံ၊ မကောင်းမှုကံ တစ်ခုခု ကိုဖြစ်စေ၊ ထိုကံကိုပြုစဉ်က ကြုံတွေ့ခဲ့ရသော အာရုံ ကိုဖြစ်စေ၊ ဖြစ်ရမည့်နောင်ဘဝက အခြေအနေ ကိုဖြစ်စေ ထင်မြင်စွဲလမ်းလျက်ရှိနေ၏။ ထိုအာရုံကို အလိုမရှိ သော်လည်း ထိုအခါမျိုးမှာ ပယ်ဖျောက် ၍မရ၊ ထို့ကြောင့်သေခါနီး၌ မိန်းမောတွေဝေနေသော သူတို့တွင် တချို့မှာတစ်စုံတစ်ခု ကိုပြုလုပ်နေသကဲ့ သို့လည်းကောင်း။ တချို့မှာဝမ်းသာစရာ ပျော်ရွှင်စရာ များတွေ့နေသကဲ့သို့လည်းကောင်း။ တချို့မှာကြောက် လန့်စရာ ဘေးရန်များနှင့်တွေ့နေသကဲ့သို့လည်း ကောင်း ထူးထူးခြားခြားဖြစ်နေသည်ကို အနီးအပါးရှိ လူများက အထင်အရှားတွေ့ရလေသည်။ တချို့မှာ မိန်းမောတွေဝေရာက ပြန်လည်သတိရလာသော အခါ "ဘယ်လိုလူကခေါ်သွားသည်၊ ဘယ်လိုနေရာ ရောက်သွားသည်" စသဖြင့်လည်း ပြန်လည်၍လည်း ပြောတတ်ကြ၏။ ဤသို့သော အာရုံနိမိတ်တစ်မျိုးမျိုး ကို စွဲလမ်းရင်းပင် နောက်ဆုံး စုတိစိတ် ကလေးချုပ် ပျက်လျက် သေသွား၏။ သေဆိုသည်မှာလည်း ယခု ကြုံသိလိုက်သော စိတ်ကလေးတစ်ခု ကုန်ဆုံးသွား ခြင်းမျိုးပင်ဖြစ်၏။ ယခုကြုံ သိနေသော ရှေးရှေးစိတ် များကုန်ဆုံးသွားတိုင်း ထိုစိတ်များ၏ အ[illegible]န်ကြောင့် နောက်နောက်စိတ်များမပြတ် ဆက်စပ်ကာ ဖြစ် နေသကဲ့သို့စုတိစိတ် ကလေး ပြတ်စဲသွားသည် နှင့်တစ်ပြိုင် နက်သေခါနီးစွဲလမ်းခဲ့သည့်အာရုံ ကိုပင် ဆက်လက် ထင်မြင်လျက် ဘဝသစ်ဌာန၌စိတ် အသစ်စ၍ ဖြစ်ပေါ်လာ၏။** (၁၉၇၇-ခုနှစ်၊ ဒီဇင်ဘာလ ထုတ် မဟာစည် ဆရာတော်ဘုရား ကြီး၏ ဘဝပြဿနာ၊ စာ-၂၆)သေတဲ့ အခါစိတ်စွဲထင်ရာ ဘဝသစ် ဖြစ်ပေါ်ရကြောင်း ကျေးဇူးတော် ရှင်မဟာစည်ဆရာ တော်ဘုရားကြီးက ရှင်းလင်းဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒါ ကြောင့် မသေခင် နေစဉ်ကတည်းက စွဲစိတ်တွေကို သတိနဲ့ဖြတ်ချနိုင်တဲ့ အကျင့်ကောင်းကလေးတွေ ကျင့်တတ်ကြစေဖို့ ဝိပဿနာဆရာတော်ကြီးများက အမြဲတမ်းလမ်းညွှန်သတိပေးနေပါတယ်။ အနေတတ် ရမယ်။ အတူးသဖြင့် အသေတတ်ရမယ်လို့ ဩဝါဒပေးနေ တာဟာ သေခါနီးမှာဖြစ်ပေါ်လာတဲ့ စွဲစိတ်တွေရဲ့ အန္တရာယ်တွေကို ကြိုတင်ကာကွယ်စေချင်လို့ ဖြစ်ပါ တယ်။ အလောင်းတော်ကြီးများ သော်မှ နစဉ်ဘဝ များမှာ အာရုံမှားပြီး တိရစ္ဆာန်ဘဝများသို့လားရောက်ရ သေးတယ် မဟုတ်ပါလား။ ကျောင်းဆောက်ပြီးလှူတဲ့ ကျောင်းဒကာ ကြီးကျောင်းကိုစွဲပြီး သေသွားတဲ့အခါ ကျောင်းစောင့်ပြိတ္တာ ဖြစ်ရရှာပုံ၊ ဘုရားဒကာကြီးလည်း ဘုရားစေတီကို စွဲပြီးသေသွားတဲ့အခါ ဘုရားစောင့် ပြိတ္တာ ဖြစ်ရရှာပုံတွေကို မဟာဗောဓိ မြိုင်ဆရာတော် ဘုရားကြီး ကလည်း သာဓကဆောင် ဟောကြားခဲ့ဖူးပါတယ်။ လွန်ခဲ့ သောနှစ်ပေါင်း ၁၀၀နီးပါး မြန်မာသက္ကရာဇ်၁၂၇၈-ခုနှစ်က အမှတ်ထင်ထင်ဖြစ်ပျက်ခဲ့တဲ့ဖြစ်ရပ်မှန် ဇာတ်လမ်း တစ်ပုဒ်ဟာလည်း ကုသိုလ်ရှင်ကြီးတစ်ဦးရဲ့ စွဲစိတ်ကြောင့် ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခသုက္ခတွေကို ထူးထူးခြားခြား ဖော်ပြ နေသလိုရှိပါတော့တယ်။ အဲဒီတုန်းကကုသိုလ်ရှင်ကြီး တစ်ဦးဟာ ရွှေတိဂုံစေတီကြီး ရဲ့စနေထောင့်အနောက် တောင်ယွန်းယွန်းမှာတန်ဆောင်းကြီး တစ်ဆောင်ဆောက်




www.burmeseclassic.com

www.burmeseclassic.com



လုပ်လုပ်ခွဲခွါနိုင်ပါတယ်။ တန်ဆောင်းကြီးအတွင်းမှာလည်း အများပြည်သူတို့ကြည်ညိုဖို့ ရုပ်ပွားတော်ကြီးတစ်ဆူ ပင့်ဆောင်ကိုးကွယ်ခဲ့ပါတယ်။ ကုသိုလ်ရှင်ကြီးဟာ မိမိရဲ့ ကုသိုလ် ကောင်းမှုတွေကို အားကိုးပြီးတော့ ကုသိုလ် ရမယ့်အလုပ်တွေကိုသာ ကြိုး စားလုပ်ဆောင်နေခဲ့ပါတယ်။ ဒါကြောင့်သူသေရင် နတ်ပြည်တော့မလွဲဘူးလို့ အားလုံးက ထောမနာပြုကြလေ့ရှိသတဲ့။ ဒီလိုနဲ့တစ်နေ့မှာ ကုသိုလ်ရှင်ကြီးရှိရာ ရွှေတိဂုံဘုရားရင်ပြင်တော်ဆီ ကာလအတန် ကြာကွဲကွာနေတဲ့ မိတ်ဆွေတွေ ရောက်လာကြပါတယ်။ ရောက်မဆိုက်ဆိုသလို မိတ်ဆွေတွေ က "ဘုရားဒကာ၊ တန်ဆောင်းဒကာကြီးရဲ့သတင်းတွေကတော့ဗျာ ဘီလပ် အထိအောင် မွှေးပါပေတယ်"လို့ ချီးကျူးကြပါတယ်။ ဩော်...သူတို့က ဘီလပ်ပြန်တွေကိုး။ သူတို့ အင်္ဂလန် သွားနေတာလည်း ကုသိုလ်ရှင်ကြီး အခုမှသတိရတယ်။ ဘီလပ်ပြန်မိတ်ဆွေများက..."ကုသိုလ်ကောင်းမှု တွေ ဒီလောက်လုပ်နေတာ သေရင်နတ်ပြည်တော့မလွဲဘူးလို့ ပြောနေကြပါလားမိတ်ဆွေကြီးရဲ့! ဒါနဲ့ နတ်ပြည် ခြောက်ထပ်ဆိုတာ ဘယ်မှာရှိပါလိမ့် မိတ်ဆွေကြီး"လို့ လိုက်လုံဝမ်းသာ မေးကြပါတယ်။ ကုသိုလ်ရှင်ကြီးက မိုးမော့ကြည့်ပြီး "နတ်ပြည်ဆိုတာ မိုးပေါ်မှာပေါ့ဗျာ"လို့ ပြုံးပြုံးရွှင်ရွှင်ဖြေ လိုက်တယ်။ ဘီလပ်ပြန်မိတ်ဆွေကြီး တစ်ယောက်က "မိုးပေါ်မှာနတ်ပြည် ဆိုတာ မသေချာ ပါဘူးဗျာ၊ ဒီမှာ ကျောင်းဒကာကြီး။ ဟောဒီမြေပြင်ပေါ် မှာတင်နတ်ပြည်ဆိုတာရှိနေတယ်ဗျ" လို့ခနိုးခနဲ့ ပြောလိုက်ပါတယ်။ ကုသိုလ်ရှင်ကြီး ယောင်နန ဖြစ်သွား စဉ်မှာပဲ အခြားသော ဘီလပ်ပြန်မိတ်ဆွေကြီး နှစ်ဦးက "ဟုတ်တယ်ဗျ၊ ကျုပ်တို့ရောက်ခဲ့တဲ့ ဘီလပ်ဆိုတဲ့ အင်္ဂလန်ကျွန်းဟာတကယ့်နတ်ပြည်ပဲဘီလပ်သူ ဘီလပ် သားတွေဆိုတာလည်း နတ်သမီး နတ်သားတွေကျလို့ ဗျာ၊ ဘီလပ်မှာ ဆင်းရဲတယ်ဆိုတာ ဘာမှန်းမသိအောင် အချိန်ပြည့်စိမ်ခံနေကြတယ်။ ဘုံနန်းဆောင်ကြီးတွေ ယာဉ်ရထားတွေ ပန်းဥယျာဉ်ကြီးတွေ ဆိုတာလည်း နတ်ပြည်မှာတောင်ရှိမယ်မထင်ပါဘူးဗျာ" စသဖြင့် ဘီလပ် ချီးမွမ်းခန်းကို အဆန်းတကြယ်ပြောလိုက်ကြတာ ကုသိုလ် ရှင်ကြီး ပါးစပ်အဟောင်းသားနဲ့ ငေးမောနားထောင် ယူရတယ်။ ဘီလပ်ပြန်မိတ်ဆွေတွေ ပြန်သွားသည့်တိုင် သူ့နားထဲမှာ "ဘီလပ်ဆိုတာ နတ်ပြည်"ဆိုတဲ့ စကားသံ၊ ကြွားသံတွေ ပဲ့တင်ကျန် နေရစ်ပါတယ်။ ဒီလိုနဲ့ ကုသိုလ် ရှင်ကြီးဟာရွှေတိဂုံကုန်းတော်ကနေ ဘီလပ်တစ်ခေါက် လောက်သွားရ ကောင်းလေမလား စဉ်းစားခန်းဝင် မိတဲ့အထိပဲတဲ့။ ဩော် . . .ငါ့အသက်လည်းကြီးပါပြီ၊ ကိုယ့်အလုပ် ကိုယ်လုပ်တာကောင်းပါတယ်ဆိုပြီး ရွှေတိဂုံ





www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးပေါ်မှာပဲ ဒါန၊ သီလအလုပ်တွေ ကြိုးစားလုပ်ကိုင်နေပါသတဲ့။ အရွယ်ရောက်စ သားလူပျိုပေါက်ကို ဘုရားခေါ်လာခဲ့ပြီးလက်ကတုံးတောင်ဖေး လုပ်ရသေးတယ်။ သားကိုခိုင်းစရာရှိတာခိုင်း၊ သင်စရာရှိတာသင်နဲ့ အလေ့ကောင်း၊ အကျင့်ကောင်း၊ အမွေကောင်းဆက်ခံလုပ်ကိုင်စေပါတယ်။ဒီလိုနဲ့ ကုသိုလ်ရှင်ကြီးရဲ့ ဘဝဆည်းဆာချိန်ရောက်လာတဲ့အခါ သူ့အာရုံမှာဘိလပ်၊ အင်္ဂလန်ဆိုတဲ့ပုံရိပ်တွေသာ ကပ်ငြိလို့ပုံပေါ်လာပါတယ်။ အဲဒီမှာပဲ ရုတ်တရက်သေဆုံးလေရာ (နတ်ပြည်သို့ ရောက်ထိုက်ပါလျက်) အစွဲအငြိနဲ့ အာရုံများဝင်ဖျက်လို့ ဘိလပ်မှာဝင်စားအင်္ဂလိပ်အမျိုးသား လူမျိုးခြားအဖြစ် တစ်ဖန်မွေးဖွားပြီး လူပြန်ဖြစ်ခဲ့ပါတော့တယ်။အင်္ဂလိပ်ဘဝ သူ့နာမည် "ဟွန်းစနီး" ဟုခေါ် တွင်သတဲ့။ မြန်မာပြည်သား ကုသိုလ်ရှင်ကြီးဘဝက ပြုခဲ့တဲ့ကုသိုလ်ကောင်းမှုတွေကြောင့် ချမ်းချမ်းသာသာနေရပါတယ်။ မြန်မာပြည်သားဘဝက စောင့်ထိန်းခဲ့တဲ့သီလကုသိုလ်၊ ပြုကျင့်ခဲ့တဲ့ဘာဝနာကုသိုလ်တို့ရဲ့ ကျေးဇူးကြောင့် လူငယ်စာသင်သားဘဝမှာ ပညာထူးချွန်သူဖြစ်လာခဲ့ပါတယ်။ သူ့ အထူးစိတ်ဝင်စားတာက ဘာသာရေးနဲ့အတွေးအခေါ်ပညာရပ်တွေ ဖြစ်လာပါတယ်။ယခုအခါ သူကိုယ်တိုင်ဟာဘာသာခြား၊ လူမျိုးခြားဖြစ်လာရပေမယ့် ဗုဒ္ဓဘာသာအကြောင်း တစေ့တစောင်းမျှဖတ်မှတ်လေ့လာရုံမျှနဲ့ သူ့စိတ်ဟာ အကြီးအကျယ်လှုပ်ရှားရတယ်လို့ဆိုပါတယ်။ ဒီလိုနဲ့သူဟာ ဗုဒ္ဓဝါဒသုတေသနသမားကြီးဖြစ်မှန်းမသိဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ သုတေသနလုပ်ငန်းတွေအတွက် ဗုဒ္ဓဘာသာဝင်တွေနဲ့တွေ့ဆုံမေးမြန်း စူးစမ်းတာတွေ၊ လုပ်လာရပါတယ်။ အဲဒီမှာ မြန်မာပြည်က အင်္ဂလန်ကို ပညာတော်သင်လာရောက်သူများနဲ့ ဆုံဆည်းမိရာက သူ့ဘဝရဲ့ အလှည့်အပြောင်းကြီးတစ်ခု ဘွားခနဲပေါ်ပေါက် လာရပါတော့တယ်။ မြန်မာမိတ်ဆွေ တစ်ဦးကအလွန်ကြည်ညိုဖွယ်ကောင်းတဲ့ ဗုဒ္ဓရုပ်ပွားတော် ဓာတ်ပုံတစ်ပုံရယ်၊ ရွှေတောင်ကြီးပေါက်နေ သကဲ့သို့ အံ့ဖွယ်သပ္ပာယ်လှပတဲ့ မြတ်ဘုရားရွှေတိဂုံ ပုံတော်တစ်ပုံ လက်ဆောင်ပေးပါတယ်။ အင်္ဂလိပ်ပညာတတ် ဟွန်းစနီးဟာ ရွှေတိဂုံဘုရားပုံတော်ကြည့်ပြီး ရင်တွေတဒိတ်ဒိတ်ခုန်၊ အသားတွေတဆတ်ဆတ်တုန် လာပါတယ်။ ရွှေတိဂုံဘုရားပုံတော်ကို မမှိတ်မသုံစိုက်ကြည့်နေစဉ်မှာပဲ ခမ်းနားတဲ့ တန်ဆောင်းကြီးတစ်ခုကို သူမြင်လိုက်ရပါတယ်။(တကယ်တော့ သူကြည့်သည့် ရွှေတိဂုံပုံတော်ဓာတ်ပုံတွင် တန်ဆောင်းကို ထည့်သွင်းရိုက်ကူးထားခြင်း မဟုတ်သည့်အတွက် တန်ဆောင်းအတွင်း အတင့်အတယ်စံပွာယ်နေတဲ့ မြန်မာလူမျိုးဘဝက သူလှူခဲ့တဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကြီးကိုလည်းဖူးတွေ့လိုက်ရပြန်ပါတယ်။ မြန်မာပညာတော်သင်မိတ်ဆွေကို အလွန်အမင်းကျေးဇူးတင်ခြင်းဖြင့် နှုတ်ဆက်ပြီး အိမ်ပြန်ရောက်တာနဲ့ သူဟာ ရွှေတိဂုံဘုရား ပုံတော်ကို ထုတ်ကြည့်၊ ခွာကြည့်၊ ကပ်ကြည့်ပြီး တစိမ့်စိမ့်ငေးကြည့် ကြည်ညိုလို့သာနေတော့တယ်။ နောက်ဆုံးတော့ သူဟာ ရွှေတိဂုံဘုရားကြီးကို ကိုယ်တိုင်သွား ရောက်ဖူးမြော်ချင်ကြောင်း၊ သူ့မိဘတွေဆီမှာခွင့်တောင်းရာမှာတော့ ဗုဒ္ဓဘာသာသုတေသနလို့အကြောင်းပြ ခွင့်တောင်းရရှာတယ်။ မိဘတွေကလည်း ပညာရေးကိစ္စဖြစ်လို့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်ပါတယ်။ ဒါနဲ့ သူဟာ ဝါသနာတူရာ အဖော်တစ်ယောက်နဲ့အတူ ရွှေတိဂုံဘုရားကြီးရှိရာ မြန်မာပြည်သို့ ရေကြောင်းခရီး အားဖြင့် သင်္ဘောစီးထွက်ခွာလာခဲ့ ပါတော့တယ်။ သင်္ဘောပေါ်မှာဆုံဆည်းမိတဲ့ မြန်မာမိတ်ဆွေများကိုလည်း ဗုဒ္ဓဘာသာအကြောင်း၊ ရွှေတိဂုံဘုရားကြီးအကြောင်း မေးမြန်းစုံစမ်းလို့သာ အချိန်ကုန်ဆုံးရင်း လိုက်ပါလာခဲ့ပါတယ်။

"ကမ္ဘာမှာမရှိဘူး၊ အင်္ဂလန်မှာလည်းမရှိဘူး"။ သူဟာ ရွှေတိဂုံဘုရားပုံတော်ထုတ်ကြည့်ပြီး အဲဒီလိုအာမေဋိတ်အသံနဲ့ပြောလိုက်တယ်ဆိုရင် မြန်မာမိတ်ဆွေတွေက သဘောကျနေသလောက် အတူပါလာတဲ့ သူ့မိတ်ဆွေ အင်္ဂလိပ်ကြီးကတော့ ပခုံးတွန့်လိုက်မိပါရောတဲ့။ ဒီလိုနဲ့ သူတို့သင်္ဘော မြန်မာ့ပင်လယ်ပြင်ဆိပ်ကမ်း နားသို့ ကပ်မိတယ်ဆိုရင်ပဲ "ဟိုမှာ ဘုရား · · ·ဘုရား · · ·ရွှေတိဂုံ · · ·ရွှေတိဂုံ"။ မြန်မာမိတ်ဆွေတွေက ညွှန်ပြကြတယ်။ သူ့ သင်္ဘောပေါ်က လှမ်းကြည့်လိုက်တော့ ရွှေတောင်ကြီး ပေါက်နေသည့်ပမာ ရွှေရောင်ဝင်းဝါနေတဲ့ စေတီတော်မြတ်ကြီးကို လှမ်းမြင်လိုက်တာနဲ့ ငိုက လိုက်လိုက် ခုန်ပြီး မြန်မာမိတ်ဆွေတွေလိုပဲ သူ့ ညွှန်မှာ လက်အုပ်ကလေးချီလျက်သား။ သူ့ပါးပြင်ပေါ်မှာတော့ ဘယ်ကဘယ်လိုကျလာမှန်းမသိတဲ့ မျက်ရည်စီးကြောင်း


www.burmeseclassic.com

www.burmeseclassic.com




ဘဝပေါင်းကပုံရိပ်တွေ တဖျပ်ဖျပ်ရိုက်ခတ်။ ရုတ်တရက် ဟိုမှာဘက်ကဘဝနဲ့သည်ဘဝ ဆက်စပ်သွားသလို ရင်၌ လှိုက်ဖို ရှိုက်ငိုခြင်းမရှိဘဲ မျက်ရည်တွေက သွင်သွင် စီးကျ။ အနီးအပါးက မြန်မာမိတ်ဆွေတွေနဲ့ သူ့အဖော် အင်္ဂလိပ်မိတ်ဆွေကတော့ နားမလည်နိုင်သော အံ့ဩ ခြင်းများဖြင့် သူ့ကိုကြည့်လို့။ သဘော်ာကမ်းကပ်တာနဲ့ သူဟာ ရွှေတိဂုံဘုရားကြီးဆီ တန်းသွားလိုက်ချင်ပေမယ့် ပါလာတဲ့အဖော်ကိုငဲ့ညှာရ၊ ပစ္စည်းပစ္စယတွေလည်း သယ်ရပြုရသေးတာ ကြောင့် ထိုတစ်ညကို အကြာကြီးလို သည်းခံလိုက်ရတယ်။ နောက်တစ်နေ့ နံနက်မိုးသောက် ချိန်မှာတော့ သူဟာ အဖော်နှစ်ယောက်နဲ့အတူ ရွှေတိဂုံ ဘုရားရင်ပြင်တော်ပေါ် ရောက်နေခဲ့ပါပြီ။ အဖော်နှစ် ယောက်မှာတစ်ယောက်က သူ့သူငယ်ချင်းအင်္ဂလိပ်၊ နောက်တစ်ယောက်က မြန်မာစကားပြန်ပါ။ မြန်မာစကား တွေကိုနားလည် သလိုလိုလည်း သူခံစားလိုက်ရပြန်ပါ တယ်။ ဒီလောက်စောစောစီးစီး ဝီရိယကြီးလိုက်ပါတဲ့ မြန်မာတွေ၊ ဘုရားရင်ပြင်အနှံ့ ကုသိုလ်အလုပ်တွေ ဖြန့် ကျက်နိုင်လွန်းတဲ့ မြန်မာတွေကိုကြည့်ပြီး သူ့အမှုအရာဟာ ထူးထူးခြားခြား ရှင်လန်းလာပါတယ်။ ရွှေတိဂုံဘုရားကြီး ကို အားမရနိုင်သော ဖူးမြော်ခြင်းနဲ့ ဖူးမြော်ပြီး "ကမ္ဘာမှာ မရှိဘူး။ ကမ္ဘာမှာမရှိဘူး"လို့ သူ့နှုတ်က မြည်တမ်းနေ ပါတော့တယ်။ ဒီလိုနဲ့ စနေထောင့်ကိုရောက်လာတဲ့အခါ သူ့ အကြည့်တွေ၊ သူ့ခြေလှမ်းတွေ တစ်နေရာတည်းမှာ ရပ်တန့်သွားတယ်။ ခမ်းနားခန့်ငြားတဲ့ တန်ဆောင်းကြီး တစ်ခုဆီရောက်တဲ့အခါပေါ့။ တန်ဆောင်းအတွင်းမှာတော့ ဟိုဘက် ရင်ပြင်ပေါ်မှာလောက် လူမများလှ။ ပုတီးစိပ်သူ သုံးယောက်၊ တရားထိုင်နေသူလေးယောက်ခန့်သာ ရှိနေပါ တယ်။ သူတန်ဆောင်းအတွင်းဝင်မိချိန်မှာတော့ ငါးပေ လောက်မြင့်တဲ့ ကြေးဆင်းတုတော် ဘုရားရုပ်ပွားတော် ကြီးကို ဖူးတွေ့လိုက်ရတယ်။ ဘုရားရုပ်ပွားတော်ကြီးက ရောင်ခြည်တော်တွေ ပြိုးပြက်လျှံထွက်နေသလို သူ မြင် တွေ့ခံစားလိုက်ရတယ်။ ရုပ်ပွားတော်ကြီးရှေ့မှာတော့ ရဟန်းတစ်ပါးနဲ့ လူ့ဒကာကြီးတစ်ယောက်။ဘုရားရှင်ကိုယ် တော်မြတ်ကြီးကို ပန်း၊ ဆီမီး၊ ရေချမ်းတွေနဲ့ ကြည်ညို ပူဇော်နေတာ တွေ့လိုက်ရပြန်တယ်။ ရုပ်ပွားတော် ကြီးရှေ့ တရွေ့ရွေ့နီးကပ်လာစဉ်မှာပဲ သူ့ရင်တွေ တလှပ်လှပ် ဖိုလှိုက်လာတယ်။ သူဟာ အသက်ရှူဖို့တောင် မေ့နေတဲ့ အလားဘုရားရုပ်ပွားတော်ကြီးကို ငေးကြည့်ကြည်ညို နေမိတယ်။ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန် လာပြီး ရုတ်တရက်"ဘုရား...ဘုရား" လို့အော်လိုက်မိပါတယ်။ ဘယ်က ဘယ်လို ပေါ်ထွက်လာတဲ့အသံကြီးပါလိမ့်။ သူကိုယ်သူတောင် မယုံနိုင်တော့ပါဘူး။ ဒီအင်္ဂလိပ် လူမျိုးစစ်စစ်ကြီးကပါးစပ်ကမြန်မာလို"ဘုရား.. ဘုရား"လို့ ပီပီသသကြီးအော်လိုက်မိတာ ပုတီးစိပ်နေသူတစ် ယောက်ပင် မျက်လုံးဖွင့်ကြည့်။ အို..အားလုံးရဲ့ အကြည့် တွေကသူ့ဆီမှာ။ သူဒူးတုပ် ထိုင်ချလိုက်ပြီး ဘုရားရုပ်ပွားတော်မြတ်ကြီးကို ရှိခိုးနေမိပါပြီ။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"။ ဘုရားရှေ့မှာပန်း၊ ဆီမီးပူဇော်နေတဲ့ ရဟန်းတော်ဆီက သရဏဂုံဆောက်တည်သံ ပေါ်ထွက် လာတယ်။ သူလိုက်ဆိုနေမိတယ်။ ပြီးတော့ နမောတဿ။ တကယ့်ကို ပီပီသသကြီး သူလိုက်ဆိုရှိခိုးနေမိတယ်။ အတူပါလာတဲ့ အင်္ဂလိပ်မိတ်ဆွေ ခြေမကိုင်မိ၊ လက်မကိုင်မိ သူ့ကိုကြောင်ကြည့်နေတယ်။ အားလုံးက သူ့ကို တအံ့တဩကြည့်နေကြပါတယ်။ သူဟာ ဘုရားရှိခိုးနေရာက မျက်နှာမော့လာကာ ဘုရားရုပ်ပွား


www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးကို တစိမ့်စိမ့်ကြည့်ပြီး အင်္ဂလိပ်ဘာသာနဲ့ တစ်စုံတစ်ရာ အော်ဟစ်ပြောဆိုလိုက်တယ်။ မြန်မာစကားပြန်မိတ်ဆွေက "အိုး…ဂေါ့၊ ဒီရုပ်ပွားတော်ကြီးဟာ သူလှူခဲ့တဲ့ဘုရားဆိုပါလား"လို့ အော်ကြီးဟစ်ကျယ် တအံ့တသြ ဘာသာပြန်ပေးလိုက်တယ်။ အင်္ဂလိပ်မိတ်ဆွေအဖော်က "သူရူးသွားပြီ"လို့ ယူကြုံးမရ ပြောတယ်။ ဟွန်းစနီးက "နိုး…နိုး သူမရူးဘူး ဒီဘုရားကို သူ မြန်မာလူမျိုးဘဝက လှူခဲ့တာ"ဖြစ်ကြောင်းတပ်အပ်သေချာ အခိုင်အမာပြောဆိုတယ်။ သူတို့ငြင်းခုံသံတွေကြောင့် ပုတီးစိပ်သူ၊ တရားထိုင်သူတချို့ ထသွားကြတယ်။ သူတို့ကို သေသေချာချာအကဲခတ်နေသူတွေကတော့ ဘုရားရှေ့မှာရပ်နေတဲ့ ရဟန်းတော်နဲ့ သူ့ဒကာပါပဲ။ သူကိုယ်တိုင်လည်း ရဟန်းတော်နဲ့ လူဒကာကို ငေးစိုက် ကြည့်နေရင်းက လူဒကာကို လက်ညှိုးထိုးပြီး "You are my son... You are my son" လို့ ကြေကွဲဆို့နစ်စွာ အော်ပြောလိုက်ပြန်တယ်။ လူဒကာကလည်း သူ့ကို ရီရီဝေဝေငေးကြည့်ရင်းမင်သက်နေလေတယ်။ သူ ဟာ "မင်းဟာ ငါ့သား"ဆိုတဲ့စကားနဲ့ အင်္ဂလိပ်လိုအော်ပြောပြီး အားမလို အားမရဖြစ်လျက် လူဒကာရဲ့လက်ကို ဆွဲ၊ကိုယ်ကိုပွေ့ဖက်ကာရှိုက်ကြီးတငင်ငိုချလိုက်ပါတော့တယ်။ ပြီးတော့ အင်္ဂလိပ်လို ဆက်ပြောနေပါတယ်။ မြန်မာစကားပြန်ကတော့ ကြိုးစားပြီး ဘာသာပြန်ပေးနေပါတယ်။ "ပြီးခဲ့တဲ့ ဘဝက သူဟာ မြန်မာလူမျိုး။ ဘုရားတရား အလွန်ကြည်ညိုတဲ့ ကုသိုလ်ရှင်ကြီးတစ်ဦးဖြစ်ခဲ့တယ်။ ဘုရားကြည်ညိုလွန်းလို့ သည်ရွှေတိဂုံဘုရားကြီးပေါ်မှာပဲအနေများခဲ့တယ်။ သူဟာဘုရားဝေယျာဝစ္စတွေကိုလည်း လုပ်တယ်။ လှူလည်းလှူတယ်။ သူ့အလှူတွေ အများကြီးထဲက ဟောဒီတန်ဆောင်းကြီးနဲ့ ဟောဒီ ရုပ်ပွားဆင်းတုဘုရားကြီးဟာ အထင်ကရဖြစ်ပါတယ်"တဲ့။ ဘာသာပြန်လို့မဆုံးသေး ခင်မှာဘဲအဖော်ပါလာတဲ့ သူ့အင်္ဂလိပ် မိတ်ဆွေက "မယုံဘူး…မယုံဘူး၊ မဟုတ်ဘူး၊ အရင်ဘဝတွေ နောက်ဘဝတွေဆိုတာမရှိဘူး၊ ဘာမှအဓိပ္ပာယ် မရှိဘူး"လို့ အပြင်းအထန်ငြင်းဆိုပြီး "သူရူးသွားပြီ၊ ဆရာဝန်နဲ့ ဆေးစစ်ရမယ်၊ အင်္ဂလန်ကို ပြန်ခေါ်သွားရမယ်"လို့ လေသံမာမာနဲ့ ပြောပါတော့တယ်။ မြန်မာစကားပြန်မိတ်ဆွေက "သည်းခံပါလူကြီးမင်းခင်ဗျာ…ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ တစ်ဘဝပြီး တစ်ဘဝ ကျင်လည်ရတဲ့ သံသရာဆိုတာရှိပါတယ်။ ပြီးတော့ လူ့ဘဝကနေ သေလွန်ပြီး တစ်ဖန်လူပြန်ဖြစ်တဲ့ လူ့ဝင်စားဆိုတာလည်းရှိပါတယ်။ အတိတ်ဘဝတွေကို ပြန်မှတ်မိတဲ့ဇာတိဿရဉာဏ် ဆိုတာရှိပါတယ်။ မိတ်ဆွေရဲ့ သူငယ်ချင်း မစ္စတာ ဟွန်းစနီးဟာ ပြီးခဲ့တဲ့ဘဝဟောင်းက အကြောင်းအရာတွေကို ပြန်မှတ်မိ သွားပြီး ဒီလိုဖြစ်သွားတာဖြစ်တယ်လို့ ကျွန်တော်ယူဆမိပါတယ်"လို့ ကြားဝင်ရှင်းပြလိုက်ပါတယ်။ ဒီမှာပဲအင်္ဂလိပ်လူ့ဝင်စား မစ္စတာဟွန်းက "ဟုတ်တယ်၊ဟုတ်တယ်"နဲ့ ကသုတ်ကရက် ဝန်ခံပြောဆိုပြီး သူ့ကိုငေးကြည့်နေတဲ့ လူဒကာကို အတင်းလက်ဆွဲပွေ့ဖက်ပြီး ဟီးခနဲငိုချလိုက်ပြန်တယ်။ "ဒါ ငါ့သား၊ သူဟာ ငါ့သား"လို့ အော်ပြောလိုက်တာနဲ့ အား လုံးထိတ်လန့်ကုန်တယ်။ အင်မတန် ကြွေကောင်းလှတဲ့ ရဟန်းတော်လည်းဟာခနဲဖြစ်သွားတယ်။ "အဓိပ္ပာယ်မရှိဘူး မင်းက လူပျိုပဲ၊ မင်းရူးနေပြီ"လို့ အဖော်မိတ်ဆွေ အင်္ဂလိပ်က ဝေါက်ဝေါက်ငမ်းငမ်း ပြောဆိုလိုက်ပြန်တယ်။ အခြေအနေက တော်တော်ရှုပ်ထွေးသွားပါတယ်။ မစ္စတာဟွန်းစနီးက "ဒါ ငါ့သား၊ ပြီးခဲ့ တဲ့ဘဝက၊ ငါ့ရဲ့ မြန်မာလူမျိုးဘဝက ကျန်ရစ်ခဲ့တဲ့ တစ်ဦးတည်းသောသား၊ ကြည့်စမ်း…သူ လူကြီးဖြစ်နေပြီ"လို့ ရှင်းပြရင်း မြန်မာဒကာ (သူ့သားဆိုသူ)ဘက်လှည့်ကြည့်ကာ "မင်း အမေရှိသေးလား၊ သေပြီထင်ပါတယ်" လို့မေးလိုက်ပြန်တယ်။ မြန်မာဒကာခမျာ ရုတ်တရက်ပြန်မဖြေနိုင်ဘူး။ ဟွန်းစနီးကိုကြည့်ပြီး မချိတင်ကဲ မျက်ရည်တွေဝဲနေတယ်။ အဖော်အင်္ဂလိပ်ကတော့ "အဓိပ္ပာယ်မရှိဘူး၊ လုံးဝအဓိပ္ပာယ်မရှိဘူး၊ မယုံဘူး"လို့ပဲ အပ်ကြောင်းထပ်အောင် အော်ဟစ်ရင်းနဲ့ ပြောတယ်။ "သူငယ်ချင်း၊ ဒီအရူးအမူးကြီး အဆုံးသတ်ပါတော့၊ ငါတို့ပြန်ကြပါစို့"လို့ လေသံမှန်နဲ့ပြောရင်း ဟွန်းစနီးကိုဆွဲခေါ်တယ်။ ဟွန်းစနီးက ရုတ်တရက်ရုန်းလိုက်ပြီး "ငါတောင်းပန်ပါတယ်၊ ငါရှင်းပြပါရစေ၊ မင်းမယုံရင် ငါ လက်တွေ့ပြ မယ်၊ သက်သေခိုင်လုံရင် ငါပြောတာ တွေ မင်းလက်ခံရလိမ့်မယ်"လို့ကတိတောင်းတယ်။ သူငယ်ချင်းအင်္ဂလိပ်က သူ့ရဲ့စိန်ခေါ်မှုကို သဘောကျသွားပုံရပြီး "ကောင်းပြီ မင်းဘယ်လိုသက်သေပြမှာလဲ"လို့မေးတယ်။ မစ္စတာဟွန်းက ရုပ်ပွားတော်ကြီးကို ရှိခိုးဦးချတယ်။




www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ ရဟန်းတော်ကို တစ်လှည့် ငိုနိုးတယ်။ ရဟန်းတော်နဲ့အတူတွေ့ရတဲ့ လူဒကာ (ဘဝဟောင်းကသားဖြစ်သူ) ကို မျက်ရည်စမ်းစမ်းနဲ့ကြည့်ရင်း "ကျေးဇူးပြုပြီး အင်္ကျီချွတ်လိုက်ပါ။ မင်းရဲ့ ညာဘက်လက်မောင်းထိပ်မှာ ဒေါင်းပုံနဲ့ နေတံဆိပ်၊ မင်းရဲ့ ဘယ်ဘက်လက်မောင်း ထိပ်မှာယုန်ပုံနဲ့ လတံဆိပ်တွေ ဆေးမင်ကြောင်ရေးထိုးတာရှိတယ်၊ ဗုဒ္ဓသာသနာတော်ကြီး နေလို၊ လလို ထွန်းလင်း အောင်စွမ်းစေချင်တဲ့ သားကောင်း ရတနာ ဖြစ်စေချင်လို့ အရင်ဘဝက ငါကိုယ်တိုင် ရေးထိုးခိုင်းခဲ့တယ်၊ ပြီးတော့ မင်းရဲ့ရင်ညွန့်မှာ မှဲ့အနီကလေး သုံးလုံး တြိဂံပုံပါရှိတယ်"လို့ ပိုင်ပိုင်နိုင်နိုင် ပြောချလိုက်ပါတယ်။ မစ္စတာ ဟွန်းစနီး ခိုင်းစေတဲ့အတိုင်း မြန်မာ ဒကာဟာ အင်္ကျီချွတ်လိုက်တယ်ဆိုရင်ပဲ သူပြောတဲ့အမှတ်အသားတွေ တစ်ခု မလွဲပေါ်လာတာကိုအားလုံး တွေ့လိုက်ကြရပါတော့တယ်။ သံသယနဲ့ ဘာသာရေးအစွဲကြီးလှတဲ့ မိတ်ဆွေ အင်္ဂလိပ် တစ်ယောက် "အိုး…မိုင် ဂေါ့ဒ်၊ အိုး…မိုင်ဂေါ့"နဲ့ အဖန်ဖန် ရေရွတ်ရင်း ဟွန်းစနီးလက်မောင်းကို ကိုင်လှုပ်ကာ "ဘယ်လိုထူးဆန်းမှုတွေလဲ၊ မင်းဘယ်လိုသိတာလဲ၊ မင်း ဘယ်လိုလုပ်ပြောင်းသွားတာလဲ"လို့ တရစပ်မေးခွန်းတွေ ထုတ်တော့တယ်။ ရဟန်းတော် အပါအဝင် အားလုံးဟာ ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်း သားနဲ့ ဟွန်းစနီးကို ပဲ စိုက်ကြည့်နေကြတယ်။ ဘဝဟောင်းက သားဖြစ် တယ်လို့ အပြောခံရတဲ့ မြန်မာဒကာ မှာတော့ ဘဝဟောင်းက သူ့အဖေဖြစ်ခဲ့တဲ့ အင်္ဂလိပ်လူမျိုး

ရွှေတိဂုံမှာပြန်ဆုံတဲ့ပွဲ
ရွှေတိဂုံမှာပြန်ဆုံတဲ့ပွဲ
ရွှေတိဂုံမှာပြန်ဆုံတဲ့ပွဲ



မစ္စတာဟွန်းစနီးကို ကြည့်ပြီး မျက်ရည်များစီးကျစပြုနေပါပြီ။ ဟွန်းစနီးက ဆက်ပြီး ပြောပါတယ်။ "အရေးကြီးတဲ့ သက်သေ တစ်ခုကျန်သေးတယ်၊ ဟောဒီဘုရားရပ်ပွားတော်ကြီးရဲ့ ပလ္လင်အောက်ခြေမှာ ကျုပ်ကိုယ်တိုင်ဌာပနာခဲ့တဲ့ ပစ္စည်းလေး နှစ်ခုရှိပါတယ်၊ အဲဒီ ပစ္စည်းနှစ်ခုကတော့ အလေးချိန် ၁၀ ကျပ်သားစီရှိတဲ့ ရွှေဒင်္ဂါးနဲ့ ငွေဒင်္ဂါးနှစ်ပြားပါ။ ရွှေဒင်္ဂါးပေါ်မှာ ဒေါင်းရုပ်နေတံဆိပ်နဲ့ ငွေဒင်္ဂါးပေါ်မှာ ယုန်ရုပ် လတံဆိပ်တို့ ခတ်နှိပ်ထားပါတယ်၊ ငါတို့မိသားစု (ကုသိုလ်ရှင်မိသားစု)ရဲ့ နာမည်တွေကို ဒင်္ဂါးပြားရဲ့ ဟိုဘက် မျက်နှာမှာ ရေးထားပါတယ်၊ ဒီသက် သေပြချက်အပေါ်မှာ မင်း အကြွင်းမရှိယုံကြည်မယ်လို့ထင်ပါတယ်" ဟု သူ့မိတ်ဆွေအင်္ဂလိပ်ကိုဦးတည်ပြောရင်းရှင်းပြနေပါတယ်။ တစ်ချိန်လုံးငြိမ်သက်နေတဲ့ ရဟန်းတော်က "ဒီကိစ္စကတော့ဂေါပကအဖွဲ့ကိုအကျိုး အကြောင်းပြောပြီး ပလ္လင်ကိုဖွင့်ကြည့်ရမယ်၊ ဒီကိစ္စ ဦးဇင်းပဲတာဝန်ယူပါတယ်၊ ကဲ…ဒီမှာ နေရစ်ကြ" လို့အမိန့်ရှိပြီး တန်ဆောင်းထဲကထွက်သွားပါတယ်။ ဟွန်းစနီးရဲ့ သူငယ်ချင်းမိတ်ဆွေ အင်္ဂလိပ်ကတော့ အခုမှ အသက်ဝင်လာသည့်အလား ဓာတ်ပုံ တွေတဖျပ်ဖျပ်ရိုက်ပါတော့တယ်။ သူ့ သူငယ်ချင်း ဟွန်းစနီး၊ မြန်မာဒကာ၊ ဘုရားရုပ်ပွားတော်ကြီး၊ တန်ဆောင်း ကြီးနဲ့ ရွှေတိဂုံဘုရားကြီး စတဲ့မျက်စိ တွေ့သမျှ မြင်ကွင်းတွေကို အငမ်းမရရိုက်ယူ မှတ်တမ်းတင်ပါတော့တယ်။ ဒီတစ်ခါသူ့နှုတ်ဖျားမှာ "အံ့ဖွယ်ပဲ၊ တကယ့်အံ့ဖွယ်ပါပဲ" ဆိုတဲ့စကားတွေ ရေရွတ် နေပါတော့တယ်။ ဟွန်းစနီးက… "ငါအင်္ဂလန်မပြန်တော့ဘူး၊ ငါမြန်မာ


www.burmeseclassic.com

www.burmeseclassic.com

ပြည်မှာပဲနေတော့မယ်၊ ဖြစ်ကြောင်းကုန်စင်ပြောပြ လိုက်ပါ၊ ငါ့ကို ခွင့်လွှတ်ပါသူငယ်ချင်း"လို့ ဆွေးဆွေးမြေ့မြေ့ ပြောလိုက်တယ်။ သူ့သူငယ်ချင်းက- "ငါနားလည်ပါပြီ၊ ဒါပေမဲ့ စဉ်းစားပါဦး"လို့တောင်းပန်ပါတယ်။ အဲဒီအချိန်မှာပဲ ရဟန်းတော်ဟာ အခြားသောရဟန်းတော်သုံးပါး၊ ဂေါပက လူဒကာများနဲ့အတူ ပြန်ရောက်လာတယ်။ ဟွန်းစနီးညွှန် ပြတဲ့ ပလ္လင်အောက်ခြေဘက်ကို တူရွင်းနဲ့တူးပြီးဖွင့်ကြည့်တဲ့အခါ လက်ရာသေသပ်တဲ့ သံသေတ္တာလေးတစ်လုံး ပေါ်ထွက်လာပါတယ်။ သေတ္တာထဲမှာတော့ လက်တစ်ဝါးနီးပါးရှိတဲ့ ရွှေဒင်္ဂါးနဲ့ ငွေဒင်္ဂါးဝိုင်းကြီး နှစ်ခုကို အရောင်ပြိုးပြက်စွာ တွေ့ကြရပါတယ်။ ရွှေဒင်္ဂါးပြားပေါ်မှာ ဒေါင်းတံဆိပ်နဲ့ ငွေဒင်္ဂါးပြားပေါ်မှာ ယုန်တံဆိပ်ပါရှိပြီး ဒင်္ဂါးပြားရဲ့အခြားမျက်နှာမှာ "သက္ကရာဇ် ၁၂၇၅-ခုနှစ်၊တပေါင်းလပြည့်နေ့ ကုသိုလ်ရှင်ဦးဘကောင်း + ဇနီးဒေါ်မြညွှန့်၊ သားမောင်ကောင်းညွှန့်မိသားစု ကောင်းမှု၊ တောင်းဆုနိဗ္ဗာန်ပြည့်စေသော်ဝ်၊ ဤဘုရား ဤတန်ဆောင်း ပြိုပျက်လျှင် ဤရွှေဒင်္ဂါး၊ ငွေဒင်္ဂါး များကိုရောင်း၍ ပြုပြင်နိုင်ကြပါစေ"ဟု ရေးထိုးထားသောစာတန်းကို ဖတ်ကြရလေသည်။ ဟွန်းစနီးကိုယ်တိုင် မိမိကောင်းမှုသက်သေကို ပြန်တွေ့ပြီဖြစ်၍ ဟန်မဆောင်နိုင်တော့တဲ့ သည်းထန်စွာငိုလေတော့သည်။ ဘဝဟောင်းက သားဖြစ်ခဲ့သူ မြန်မာဒကာ ကိုကောင်းညွှန့်လည်း ငိုသည်။ ဘဝခြား၊ လူမျိုးခြားဖြစ်နေသော သားအဖနှစ်ယောက် ဖက်၍ငိုကြသည်။အင်္ဂလိပ်မိတ်ဆွေက ဓာတ်ပုံရိုက်နေပါသော်လည်း သူကိုယ်တိုင် အံ့သြခြင်းတစ်ဝက်ဖြင့် မျက်ရည်လည်လျက်ရှိ၏။

ရဟန်းတော်က . . . "ဒကာကြီး ကိုကောင်းညွှန့်၊ ဒီဒင်္ဂါးပြားတွေကို ဘယ်လိုလုပ်ချင်သလဲ၊ သူ့ကိုမေးပါ" လို့မိန့်ပါတယ်။ "ရွှေတိဂုံဘုရားကြီးကို လှူပါတယ်၊ ဂေါပက အဖွဲ့ကိုအပ်ပါတယ်"ဟု ဟွန်းစနီးက ဖြေတယ်။ ပြီးတော့ ရဟန်းတော်ရဲ့ သင်္ကန်းစကို ဆွဲပြီး တစ်စုံတစ်ခုပြောလိုက်တယ်။ သူ အင်္ဂလိပ်လိုပြောတာကို မြန်မာ စကားပြန်က . . . "သူ့ကို ရဟန်းပြုပေးပါ၊ နောင်သံသရာမှာ ဘယ်လိုဘဝမျိုးမှ မလိုချင်တော့ပါဘူး၊ ဘဝဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်အလို့ငှာ ရဟန်း ဘဝနဲ့ပဲ ကျင့်ကြံပါတော့မယ်"လို့ ဆိုပါတယ်။ သူ့သူငယ်ချင်းကိုလည်း "ငါ့မိဘတွေကို အကြောင်းကြားပေး ပါ၊ မြန်မာပြည်ကို အမြန်လိုက်လာဖို့ပြောပေးပါ၊ ငါရဟန်းဝတ်တော့မယ်၊ တပ်မက်စရာအာရုံအစွဲအငြိတွေက လွတ်ရာမှာငါနေ တော့မယ်၊ ငါ ကြိုးစားတော့မယ်"လို့ ပြောဆိုမှာကြား ပါတယ်။ သူငယ်ချင်းမိတ်ဆွေ အင်္ဂလိပ်မှာတော့ အရာ အားလုံး မျက်ဝါးထင်ထင် ကြုံလိုက်ရပြီးပြီမို့ ခေါင်း ညိတ်ရုံကလွဲပြီး ဘာမှမပြောနိုင်တော့ပါ။ ဆက်ပြီး ဟွန်းစနီးက . . . "ငါ ဘုရားမှာနေခဲ့တော့မယ် သူငယ်ချင်း၊ မင်းလျှောက် လည်နိုင်ပါတယ်"လို့ ပြောလိုက်ပါတယ်။ အားလုံးထွက်သွားကြချိန်မှာတော့ သူ့အနားမှာ တစ်ယောက်သာ ကျန်ခဲ့တော့တယ်။ ဘဝဟောင်းက သူ့သားဖြစ်ခဲ့ဖူးတဲ့ ကိုကောင်းညွှန့်ဆိုတဲ့ မြန်မာဒကာပါပဲ။ အင်္ဂလိပ်လူဝင်စား မစ္စတာဟွန်းစနီးဟာ အရှင်အဂ္ဂညာဏ ဆိုတဲ့ ဘွဲ့တော်နဲ့ ရဟန်းပြုတော်မူခဲ့ပြီးမဟာသတိပဋ္ဌာန်တရား တော်မြတ်ကြီးကို အသက်ထက်ဆုံးအားထုတ်သွားပါတော့တယ်။



**ကျမ်းကိုး-၁၃၂၂-ခုနှစ်၊ သီတင်း ကျွတ်လထုတ် ရေဦးမြို့ ချမ်းသာကြီးဆရာတော်ပြုစုသော နိဗ္ဗာန်ဂုဏ ပကာသနီကျမ်း။**

**မောင်သွေးချွန်**


www.burmeseclassic.com

www.burmeseclassic.com





# အမေကျုပ်ကို မငေါက်နဲ့ဗျ ကျုပ်က အမေ့ထက်အသက်ကြီးတယ်

ဒွေးဝင်စားဆိုတဲ့ကလေးလေးရဲ့ နောက်ဆက်တွဲသတင်းမပါတော့ဘူးလား။ နောက်ဆက်တွဲသတင်းဆက်ဖတ်ချင်လို့ပါဆိုတဲ့ လူကိုယ်တိုင်တွေသော်လည်းကောင်း။ ဖုန်းနဲ့သော်လည်းကောင်း ဆက်သွယ်မေးမြန်းကြတဲ့ ပရိသတ်ကြီးအတွက် ကျွန်မနောက်တစ်ကြိမ် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်က ဖုတ်ထန်းတောရွာလေးကိုထပ်သွားဖို့ ပြင်ဆင်ရပြန်ပါတယ်။

ပထမအခေါက်သွားသလိုပဲ အရာတော်ဘက်က လှည့်သွားမှာမို့ ရှားကုန်းရွာလေးကိုဖုန်းဆက်ကြည့်တဲ့အခါ "မဂျူလိုင်မိုးကိုမလာစေချင်တော့ဘူး စိတ်မကောင်းတော့ မဖြစ်နဲ့ကလေးဦးကြီးက ကြိမ်းမောင်းနေတယ်ပ။ ဒီကလေးက မဂျူလိုင်မိုးတို့ပြန်သွားပြီးတော့ ထမင်းလည်း သိပ်မစားတော့ဘူး။ တမှိုင်မှိုင်တတွေတွေနဲ့သူထိုင်နေကြ ကုက္ကိုလ်ပင်ခြေရင်းမှာပဲ အခါတိုင်းထိုင်နေတော့တယ်ပ"လို့ ရှားကုန်း ရွာသားကိုကျော်လှိုင်ကဆိုသလို "ကလေးပုံပါတဲ့ဂျာနယ်ကို မဂျူလိုင်မိုးလှမ်းပို့ပေးတာရပါတယ်ပ။ ဖုတ်ထတောကို ကျွန်တော်သွားပို့တော့ ဂျာနယ်ပေးအပြီး ကျုပ်လည်းရွာကိုအချိန်မီပြန်လာရတော့ ဘာမှအသေးစိတ်တော့မသိခဲ့ဘူးပ။ သူ့ဦးကြီးမျက်နှာမကောင်းတာတော့တွေ့တယ်"လို့ ဖုတ်ထန်းတောရွာကို ဂျာနယ်သွားပို့ပေးတဲ့ ရှားကုန်းရွာသားကိုမြတ်စိုးကလည်း ဆိုပါတယ်။ ရှားကုန်းရွာသူ မမာလာဝင်းကလည်း ကျုပ်ဈေးအရောင်းသွားတော့ ဖုတ်ထတောကိုရောက်တယ်။ အဲ့ဒီ ကလေးဆီဝင်ဦးမလို့ပဲ။ ဒါပေမဲ့ရွာထဲဝင်ရုံရှိသေး သူ့ဦးကြီးက ကလေးကိုစိတ်ပူပြီး မတရားကိုဒေါသထွက်နေတယ်ကြားလို့ ကျုပ်လည်းမသွားရဲဘဲပြန်လာခဲ့တယ်"လို့ဆိုပြန်တော့။ ကျွန်မလည်းဘယ်လိုလုပ်ရမှန်းမသိတော့ပါဘူး။ ဒါပေမယ့် ကျွန်မအရမ်းကိုသွားချင်နေမိတယ်။ သွားချင်စိတ်ကိုပိုဖြစ်မိတာကတော့ အဲ့ဒီနေ့မှာပဲကျွန်မဆီ ဖုန်းတစ်ကောဝင်လာတယ်။ "မဂျူလိုင်မိုး ကျွန်မက ဆိပ်ခွန်ရွာက မမိုးမိုးသိန်းပါ။ အိုအေစစ်ဂျာနယ်ကိုဖတ်ပြီး ကျွန်မအဲ့ဒီရွာကိုရောက်သွားတယ်။ ကလေးနဲ့လည်းတွေ့တယ်တော့။ သွား ကြည့်တဲ့သူတွေကလည်း မနည်းဘူး။ထူးထူးခြားခြား ကျွန်မမြင်မိကြားမိတာ ဆိုရင်တော့ကျွန်မတို့ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ အပြင်မှာ ခဏပဲထိုင်ပြီး တဲထဲဝင်သွားတယ်။ သူ့အမေကလာကြည့်တဲ့သူတွေကို အားနာပြီး "ငါ့ သားရယ်ထွက်တွေ့လိုက်ပါ" ဆိုတော့ "ကျုပ် မတွေ့ချင်ဘူးဗျာ"တဲ့။ အဲဒါနဲ့သူ့အမေက "ကောင်လေးနယ် ငါရိုက်ချင်လာပြီနော် လူတွေကိုအားနာစရာပ"လို့ ဆိုပြန်တယ်။ အဲ့ဒီအခါသူပြန်ပြောတဲ့စကား ကျွန်မတို့ အားလုံးကြားရတယ်။ "အမေကျုပ်ကို မငေါက်နဲ့ဗျ ကျုပ်က အမေ့ထက်အသက်ကြီးတယ်။ ကျုပ် အသက် ၄၇နှစ်ရှိပြီ" တဲ့။ ကျွန်မဖြင့်အံ့ဩလိုက်တာ မဂျူလိုင်မိုးရယ် ဒွေးအသက်ခုရှိမယ်ဆို ဘယ်လောက်ရှိပြီလဲဟင်။ နောက်ပြီး သူ့အမေကမှာလိုက်တယ်။ ဒီကလေး မဂျူလိုင်မိုးကို မေးနေတယ်တဲ့။ အဆင်ပြေမယ်ဆိုရင် ဖုန်းဆက်ပေးပါလားတဲ့။ သူတို့ မဆက်တတ်လို့တဲ့။ ဖုန်းပြောနေတဲ့ မမိုးမိုးသိန်းရဲ့ အသံတွေကို ကျွန်မဆက်မကြားနိုင်တော့ပါဘူး။ မနက်ဖြန် ဘာအခက်အခဲတွေပဲကြုံကြုံမောင်သူရကျော်လေးရှိတဲ့ ဖုတ်ထန်းတောရွာလေးကို ထပ်သွားဖို့ ကျွန်မဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ကျွန်မ မမိုးမိုးသိန်းရဲ့ ဒီဖုန်းကို လက်ခံပြောဆိုနေတဲ့ နေရာကတော့ သတင်းစာဆရာကြီး ဆရာဖိုးသောကြာရဲ့ အိမ်ကိုရောက်နေတုန်းကပါ။ ဟိုဘက်ကပြောတာတွေ သူတို့မကြားနိုင်ပေမယ့် ဒီဘက်က ကျွန်မပြန်မေးတာတွေ ပြန်ဖြေတာတွေကိုတော့ ဆရာကြီးတို့မိသားစုလည်း ကြားမိမှာပါ။ ကျွန်မဖုန်းပြောနေတာကို ဆရာကြီးကပြုံးပြုံးကြီးနဲ့ ကြည့်နေပါသေးတယ်။ ကျွန်မသွားမယ်လို့ ဆုံးဖြတ်ပြီး ကလေးအတွက် ဘာလက်ဆောင်တွေယူသွားရင် ကောင်းမလဲလို့ စဉ်းစားလိုက်တော့ ပထမတစ်ခေါက် ကလေးပြောတဲ့စကားကို ပြန်အမှတ်ရသွားတယ်။ "ကျုပ်အတွက် ဦးထုပ်အဖြူလေး ပါခဲ့တန်ကောင်းရဲ့" ဆိုတာကိုပါ။ ဒါနဲ့ ဦးထုပ်အဖြူကိုမရ ရအောင်ဝယ်သွားမယ်လို့ စဉ်းစားဖြစ်ခဲ့ပါတယ်။ မနက် ၁၀နာရီလောက်ကနေ ညနေကားဂိတ်ဆင်းချိန်အထိ တာမွေ တစ်ခွင်ပြုပြုစင်အောင်လိုက်ရှာပေမယ့် ကလေးဆောင်း အဖြူရောင်ဦးထုပ်က လုံးဝကိုရှာမတွေ့ခဲ့ပါဘူး။ နောက်ဆုံး နီးစပ်ရာဆင်စွယ်ရောင်လေးတစ်လုံးသာရခဲ့ပါတယ်။

ရှားကုန်းရွာကို ဖုန်းဆက်စုံစမ်းစဉ်ကရတဲ့ သူ့ဦးကြီး အလွန်စိတ်ဆိုးနေတယ်ဆိုတဲ့သတင်းကို ကျွန်မမိသားစုကို မပြောဘဲ (ပြောရင်စိတ်ပူပြီး မလွှတ်မှာကိုနိုးသေပါပဲ)



ကိုကျော်စာ မနင်းရွှေနဲ့ မောင်သူရကျော်

ကျွန်မတစ်ယောက်တည်း ဒုတိယမြောက် ခရီးကို နှင်ခဲ့ပါတယ်။ ရန်ကုန်-အရာတော်-ရှားကုန်း-ဖုတ်ထန်းတောစသဖြင့် ကိုယ်လာတတ်တဲ့လမ်းစဉ် အတိုင်းဖုတ်ထန်းတောကိုရောက်တော့ ရွာရဲ့အုပ်ချုပ်ရေးမှူးအိမ်ကို ကျွန်မ အရင်ဆုံးဝင်ရောက် ဂါရဝပြုလိုက်ပါတယ်။ ကြားထဲထွက်တဲ့ဂျာနယ် နှစ်စောင်လည်း ပေးရင်းပေါ့။ အဲ့ဒီမှာ ဘယ်သူသတင်းပို့လိုက်လို့လည်း မသိပါဘူး။ ကလေးအဖေကိုကျော်စာ ရောက်လာပါတယ်။ "မဂျူလိုင်မိုးကို ကျုပ်အံ့စရာပြောချင်လို့ဗျ။ မဂျူလိုင်မိုးတို့ ညီအစ်မ ပြန်ပြီး နှစ်ရက်အကြာ ညသန်းခေါင် အချိန်မှာ၁၂ ကျော်ကျော်လောက်တော့ရှိမယ်။ ကျုပ်သား အိပ်နေရင်းနဲ့ "ကျုပ် အဖေဆီ သွားချင်တယ်။ ကျုပ် အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသွားချင်တယ်" ဆိုပြီးထပြောတယ်။ အဲဒါနဲ့ ကျုပ်က "ဒီဒီမှာပါကွဘာတွေပြောနေတာလဲ" ဆိုတော့ "ကျုပ်အဖေ တင်ထွန်းမောင်ကိုပြောတာ" တဲ့။ အဲ့ဒီ မှာကျုပ်သည်း မဂျူလိုင်မိုးတို့ကို ပြန်ပြောလို့ရအောင် မေ့သွားမှာစိုးလို့ ကွပ်ပျစ်ခါးပန်းမှာ မီးသွေးခဲနဲ့ချက်ခြင်းထရေးလိုက်သယ်။ ကျုပ်အဲဒါပြချင်လို့ဗျ။ "ဒွေးအဖေနာမည်ကတကယ်ပဲဦးတင်ထွန်းမောင်လား"လို့ ခပ်လောလောနဲ့မေးရှာပါတယ်။ ကျွန်မ အခုသူတို့ကို လက်ဆောင်ပေးဖို့ ယူလာတဲ့ ဂျာနယ်ထဲမှာကိုသားကြီးရဲ့ အဖေဦးတင်ထွန်းမောင်ရဲ့ပုံနဲ့ အင်တာဗျူးပါပေမယ့် ဒါကိုသူတို့မှမဖတ်ရသေးတာ။ ပြီးတော့ ဒီရွာလေးကို ကျွန်မနိုပ်ပြောတာမဟုတ်ပါဘူး။ ဖြူစင်ရိုးသားကြပြီး ချစ်စရာကောင်းလွန်းလို့ ပြောတာပါ။ ဒီရွာကိုရောက်တဲ့ဂျာနယ်ဆိုလို့ ကျွန်မ



အိကြာကွေးကြိုက်တဲ့မောင်သူရကျော်

ဂျာနယ်တစ်စောင်ပဲ (ဒါတောင်ကျွန်မ ပို့လိုက်လို့) သူတို့တွေ့ဖူးတာပါ။ ကလေးအဖေကိုကျော်စာကလည်း အလွန်အင်မတန်ရိုးသားပြီး လိမ်ညာမပြောတတ်တာ။ ကျွန်မထက် ဒီတစ်ရွာလုံးက ပိုသိကြပါတယ်။


ဒါတွေဟာ ထူးဆန်းမနေဘူးလားရှင်။ ကိုကျော်စာ မေးတာ ကျွန်မဘာမှမဖြေတော့ဘဲ "ကိုကျော်စာရေးထားတာလိုက်ကြည့်မယ်လေ"ဆိုပြီး သူတို့တဲလေးရှိရာကိုလိုက်သွားခဲ့ပါတယ်။

သူတို့ရဲ့ ငါးကန်နံဘေးကတဲလေးကို ရောက်တော့ မနှင်းရွှေနဲ့မောင်သူရကျော်တို့ သားအမိအပြင် ပရိသတ်တချို့နဲ့ သူ့ဦးကြီး(ဦးတွတ်မဲ)ကိုတွေ့လိုက်ရပါတယ်။ မျက်နှာသိပ်မကောင်းတဲ့ သူ့ဦးကြီးကိုကျွန်မလှမ်းပြုံးပြလိုက်တော့။ "တစ်ယောက်တည်းလာသလား"လို့ ကျွန်မကိုလှမ်းမေးပါတယ်။ ပြီးတော့ "ခင်ဗျားလည်း အတော်ပိန်သွားတယ်ပ"လို့ ဆိုပြန်ပါတယ်။ ကိုကျော်စာ ပြတဲ့ ခါးပန်းက မီးသွေးနဲ့ရေးထားတဲ့စာကို ဓာတ်ပုံရိုက်အပြီးလာကြည့်ကြတဲ့ပရိသတ်က တစ်စစများပြားလာပြန်ပါတယ်။ "တစ်နေ့ကို အနည်းဆုံးလူ ၈၀ နဲ့ ၁၀၀ ကြားလောက်တော့လာကြည့်ကြတယ်။ ကျုပ်လည်း ပေါင်းနုတ်မလိုက်ဖြစ်တာကြာပေါ့" လို့ ကလေးအမေ မနှင်းရွှေက ဆိုပါတယ်။ ကျွန်မလာတာကို ကလေးအဖေနဲ့ အမေက ဝမ်းသာဟန်ရှိပေမယ့် ကလေးဦးကြီးနဲ့ ကလေးကတော့ ဝမ်းသာဟန်မရှိတာတွေ့ရပါတယ်။ အနည်းငယ်ပိန်သွားရှာတဲ့ မောင်သူရကျော်ကလေးကိုမြင်ရတော့ စိတ်မကောင်းဖြစ်မိပေမယ့် ကျွန်မလက်ဆောင် ဦးထုပ်ဆင်စွယ်ရောင်လေးကိုမြတ်မြတ်နိုးနိုး လှမ်းယူဆောင်းတာတွေ့ရတော့လည်း ကျွန်မဝမ်းသာရပြန်ပါတယ်။

"မဂျူလိုင်မိုး ကျွန်မ မဂျူလိုင်မိုးဆီဖုန်းဆက်တဲ့ ဆိပ်ခွန်ရွာက မမိုးမိုးသိန်းပါ"ဆိုပြီး လာနှုတ်ဆက်တဲ့ လူအုပ်ထဲက မမိုးမိုးသိန်းကိုလည်း အင်တာဗျူးထပ်ဗျူးခဲ့ပြန်ပါတယ်။ လက်လှမ်းမှီရာပြောရဲတဲ့ ဒီရွာ(ဖုတ်ထန်းတောသား) မဟုတ်တဲ့ အခြားရွာကပရိသတ်တွေရဲ့ အသံကိုလည်း ယူဖြစ်ခဲ့ပါတယ်။ ဒီည ဒီရွာမှာအိပ်မှာဖြစ်တဲ့အတွက် ပြီးခဲ့တဲ့အခေါက်ကမရောက်ဖြစ်ခဲ့တဲ့ ရွှေ[illegible] ဘုရားကိုလည်းကလေးမိသားစုနဲ့ အတူသွားဖြစ်ခဲ့[illegible]ယ်။

အနည်းငယ်ရှင်လန်းလာတဲ့ တူဖြစ်သူ[illegible] လူရိုး

www.burmeseclassic.com



ရှာသားကြီး ဦးတွတ်မဲမျက်နှာကလည်း ပြုံးရွှင်လာတာ တွေ့ရပါတယ်။ ဘုရားရောက်တော့ " မင်းအတိတ်အကြောင်းတွေအားလုံး ပြန်မှတ်မိအောင် ခြသေ့်ကြီးအောက်ဝင်လိုက်ပါဦး " ဆိုပြီး တူဝရီးနှစ်ယောက် ခြသေ့်ကြီးနှား အလုပ်ရှုပ်နေပုံကိုလည်း ကျွန်မမှတ်တမ်းတင်ခဲ့ပါသေးတယ်။ ခပ်အေးအေးခပ်ကင်းကင်းနေတတ်တဲ့ မောင်သူရကျော်ကို ကျွန်မဘာ အနှောက်အယှက်မှ မပေးလိုတာကြောင့် သူ့ကိုကျွန်မ ဘာမှမမေးဖြစ်ခဲ့ပါဘူး။

နောက်တစ်နေ့ ကျွန်မပြန်မယ်ဆိုတော့ မောင်သူရကျော်လေးက ထူးထူးဆန်းဆန်းစကားဆိုပါတယ်။

"ကျူပ် ရန်ကုန်ကိုလိုက်ချင်တယ်။ ကျူပ်အဖေကိုတွေ့ချင်လို့"တဲ့ "ဘယ်အဖေလဲဟင်" ဆိုတော့ "ဖေဖေတင်ထွန်းမောင်ကိုပြောတာတဲ့" ကျွန်မမှာ သူတို့မိသားစုကိုခေါ်ဖို့ ဘာအင်အားမှမရှိပါဘူး။ အလုံးစုံပေါ့နော်"အင်း··သားကိုခေါ်မယ်နော် နောက်သားတွေ့ချင်တဲ့သူကိုပြောပြပါဦး" ကျွန်မလည်း အခွင့်ကြုံတုန်းမေးတော့ "သားညီ၊ ရန်အောင်နဲ့ ဖိုးကျော်ကိုတွေ့ချင်တယ်" လို့ ခပ်လေးလေး တွဲ့တွဲ့ ဖြေပါတယ်။ "နောက်တော့ရော" ပါးစပ်လှုပ်ရုံပဲပြော တာကြောင့် "ဂျာနယ်ထည့်ရေးမှာ စိုးလို့လားဟင် မရေးပါဘူးသားရယ်" လို့ ကျွန်မဆိုတော့ မျက်လုံးကပြုံးရိပ်သန်းသွားပြီး မျက်နှာကို ဟိုဘက်

*ခြသေ့်ကြီးအောက်ဝင်ပါဦးငါ့တူကြီးရ*


လှည့်လိုက်ပါတယ် "တစ်ခါတော့ပြောဖူးတယ် ဒီအစ်မတွေလာတုန်းက ဘာလို့မပြောတာလဲ" လို့မေးတော့ "ကျူပ်ပြောချင်တဲ့ အချိန်ကျရင် ပြောမှာပါ အမေရာ··ခုမပြောချင်ဘူး" တဲ့ ဒီတစ်ခါ သူ့အမေအပြောကို ပြုံးရိပ်သန်းတဲ့မျက်နှာနဲ့ ကြည့်နေပါတယ်။ အရင်တစ်ခေါက်ကလောက် ကျွန်မကိုမစိမ်းတော့ပေမယ့် စကားဟက်ဟက်ပက်ပက် လုံးဝ မပြောတာတော့ အမှန်ပါပဲ။ ဒီကလေးအကြောင်း ဂျာနယ်ထဲထပ်မထည့်ပါနဲ့လို့ ကျွန်မကို Request လုပ်ထားတဲ့သူရှိလို့ ဒီတစ်ခေါက်လာတာ အလည်သက်သက်အမှတ်တရ သက်သက်လို့ စိတ်ကူးစီစဉ်ခဲ့တာပါ။ (ကင်မရာတောင်လိုက်ကာမယ်ကာယူသွားပါ မမကြီးရာဆိုပြီး ကျွန်မရဲ့ သတင်းထောက်ဇေယျာက ဘယ်သွားသွား ကင်မရာနဲ့ ရိုက်ကော်ဒါမပါဘဲ မသွားတတ်တဲ့ ကျွန်မအတွက် အတင်းထည့် ပေးလိုက်တာပါ)

"အပြန် ရွှေဘိုဘက်က လှည့်ပြန်ပါလား။ ကျွန်တော်တို့ ဆိပ်ခွန်ကိုလည်းဝင်ခဲ့ပါဦး ကားလက်မှတ်ပါ စဉ်ထားပေးပါမယ်ဆိုတဲ့ ဆိပ်ခွန်သားသဲအောင်ရဲ့ပြောကြားမှုကြောင့် ဖုတ်ထန်းတောနဲ့ရွှေဘို ဘို မိုင်ကျော်သာဝေးကြောင်းသိခဲ့ရပါတယ်။ " ခရီးစဉ်းကလည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးအဖေကိုကျော်စာထရေးထားတဲ့ခါးပန်းပေါ်က ဒွေးဖခင်အမည်

တယ်။ ဆိုင်ကယ်နဲ့သွားရင်တစ်နာရီကျော်ကျော်ဆို ရောက်ပါပြီ" လို့ဝင်သိရတာကြောင့် ရွှေဘိုဘက်ကလှည့် ပြန်ဖို့ခုံးဖြတ်ခဲ့ပါတယ်။ ကျွန်မ ရန်ကုန်အပြန်ခရီးကို စတော့ ဖုတ်ထန်းတော အုပ်ချုပ်ရေးမှူးနဲ့အတူ ကလေး မိသားစုကပါ ရွှေဘိုအထိလိုက်ပို့ချင်တယ်ဆိုတာကြောင့် အားနာနာနဲ့ လက်ခံခဲ့ရပါတယ်။ မှူးမြစ်ကူးတံတား(ရန်ကြီး အောင်) တည်ဆောက်ဆဲတံတားကြီးနဲ့အတူ ရွာသုံးလေး ရွာကိုဖြတ်လာတဲ့တိုင် ဘာထူးခြားမှုမှ မရှိပေမယ့် ဆိပ်ခွန် အရောက်မှာတော့ များပြားလှတဲ့ လူအုပ်ကြီးနဲ့အတူ မမိုး မိုးသိန်းနဲ့ သဲအောင်တို့ရဲ့ကြိုဆိုမှုကိုတွေ့လိုက်ရပါတယ်။

"ဒွေးဝင်စားတဲ့ကလေး ဒွေးဝင်စားတဲ့ကလေး" ဆိုပြီး ကလေးကို လက်ဆွဲကြ၊ နှုတ်ဆက်ကြ၊ ဖက်နမ်းကြနဲ့ ကျွန်မတို့အဖွဲ့လည်း ခဏနှုတ်ဆက်ပြီး ရွှေဘိုကိုခရီးဆက် တော့လမ်းတစ်လျှောက် ကြိုဆိုနှုတ်ဆက်နေကြတဲ့ရွာသူ ရွာသားတွေကို တွေ့လိုက်ရပါတယ်။ ဩော် ဒွေးရဲ့ အရိုန် အဝါဒွေးကိုချစ်တဲ့စိတ်တွေသိပ်ကိုကြီးမားကြပါလား။ ဒွေးလို့ဝင်မြင်ယူဆနိုင်တဲ့ အငွေ့အသက်တစ်ခုအဖြစ်နဲ့ တောင်သဲသဲလှုပ်နေကြပါလား။ လွမ်းတယ်ကိုသားကြီး ရယ် ပရိသတ်တစ်ယောက်အနေနဲ့ သိပ်ကိုလွမ်းရပါ တယ်။ ဒီမြင်ကွင်းတွေကို ကိုသားကြီးရဲ့ ပရိသတ်ကို ကျွန်မမြင်စေချင်တယ်။ ဒီစေတနာနဲ့ပဲ ကျွန်မဒီစာကိုရေး ဖြစ်ခဲ့တယ်။ ဒီပုံတွေကို မျှဝေဖြစ်ခဲ့တယ် ကလေးပုံတွေကို ဂျာနယ်ပေါ်ထပ်မတင်ပါနဲ့လို့ Request လုပ်ခဲ့တဲ့ သူကို လည်း ဒီနေရာကနေ တောင်းပန်ပါရစေ။ မကျေနပ်လို့ ကျွန်မကို ဆူချင်ဆူပါ။ ရိုက်ချင်ရိုက်ပါ။ ဒီတစ်ခေါက် ဒီပုံလေးတွေကိုတော့ ပရိသတ်အတွက်မျှဝေပါရစေလို့။


မောင်သူရကျော်တို့သားအမိနဲ့စာရေးသူ


www.burmeseclassic.com

www.burmeseclassic.com

## အမေ့ထက် ကျုပ်အသက်ကြီးတယ်ဗျလို့ပြောတာကြားဖူးတယ်...မမိုးမိုးသိန်း(ရွှေဘိုမြို့နယ်ဆိပ်ခွန်ရွာ)

ကျွန်မအိုအေစစ်ဂျာနယ်ဖတ်ပြီးလာကြည့်တာပါ။ မလာခင်တော့ ကျွန်မတို့ရွာရဲ့ အရမ်းမှန်တဲ့ဗေဒင် ဆရာဆီမှာ ဒွေးဝင်စားဟုတ်မဟုတ် သွားမေးပြီးမှ လာကြည့်တာပါ။ ဗေဒင်ဆရာကတော့ပြောလိုက်တယ်။ ဒွေး ကွယ်လွန်တဲ့ရက်စွဲကိုတွက်ပြီး လူဝင်စားပြန် ဖြစ်မယ်ဆိုရင် ဒီဘက်လိုအရပ်ဒေသမှာလာဖြစ်မှာဆိုတော့ ၇၀ ရာခိုင်နှုန်းလောက်တော့ ဖြစ်နိုင်တာပေါ့လို့ဆိုပါတယ်။ နောက် ဂျာနယ်ထဲမှာပါတဲ့ ကလေးရဲ့မွေးသက္ကရာဇ်အတိုင်းတွက်ကြည့်တော့ ဒီကလေးကျန်းမာရေးချူချာလိမ့်မယ်။ ဂရုစိုက်ခိုင်းတဲ့။ ဒီကလေးက ဒီအတိုင်းမနေဘူး။ မိဘကိုအလွန်အကျိုးပေးတဲ့ကလေးတဲ့။ ဒွေးဝင်စားအစစ်ဟုတ်လားမဟုတ်လားဆိုတော့ လူတကာအံ့သြပြီး ဟာကနဲဟင်ကနဲဖြစ်စေမယ့်စကားတွေ သူတစ်နေ့ပြောလာလိမ့်မယ်တဲ့။ မဂ္ဂုလိုင်မိုးကိုလည်း ပြောလိုက်သေးတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မဂ္ဂုလိုင်မိုးကို မနှာလိုတဲ့သူတွေ အများကြီးတဲ့ တစ်နေ့အဲဒီသူတွေအားလုံးကျရှုံးသွားနိုင်တဲ့ မှန်ကန်တဲ့ အဖြေမျိုးတွေရလိမ့်မယ်တဲ့။ ကျွန်မဒီစကားတွေ ပြောချင်လွန်းလို့ မဂ္ဂုလိုင်မိုးလာမယ့်အချိန်ကို မဖြစ်ဖြစ်





အောင်လာခဲ့တာပါ။ အခုဆိုဒီကလေးဆီ ကျွန်မလာတာနှစ်ခါရှိပြီပေါ့။ ပထမတစ်ခေါက်က ကျွန်မကြားတာပြောရရင် သူ(သူ့ရကျော်)က သူ့ကိုလာကြည့်တဲ့လူတွေကို အတွေ့မခံဘဲ တဲထဲဝင်သွားတော့ သူ့အမေက ဆူတယ်။ အဲဒါကို "အမေကျုပ်ကို လာမငေါက်နဲ့ ကျုပ်က အမေ့ထက်အသက်ကြီးတယ်ဗျ။ ကျုပ်အသက် ၄၇ နှစ်ရှိပြီတဲ့" အဲဒါကျွန်မတစ်ယောက်တည်းကြားတာမဟုတ်ဘူး။ လူ ၂၀၊ ၃၀ လောက်တော့ ရှိမယ်။ ဒီကလေးဆီ နှစ်ခေါက်လာဖူးတာ ဒီစကားတစ်ခုပဲ ကြားဖူးပါတယ်။ ကျွန်မတော့ယုံတယ်။

---

## ခုကလေးက သိပ်နေမကောင်းဘူးတဲ့

### ဇော်နိုင် (မူးကမ်းကြီးရွာ)

ကျွန်တော်ကခုမှ ရောက်ဖူးတာပါ။ ကြားနေတာကတော့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းကပါ။ မလာဖြစ်ခဲ့တာပေါ့နော်။ ခုရွာက လူတွေမတရားကို သွားကြလို့ ကျွန်တော်လည်း လာကြည့်တာပါ။ ခုကလေးက သိပ်နေမကောင်းဘူးတဲ့။ ရုပ်ကတော့ဆင်တယ်ဗျ။ စကားတော့ မကြားဖူးသေးဘူး။ကျွန်တော်က ဒွေးပရိသတ်ပါ။ ဒါကြောင့်အခုလိုလာကြည့်တာပါ။ မိုးကျနေတဲ့ကြားထဲကပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## ဒွေး ဝင်စားကလေးရှိတဲ့ ဖုတ်ထတောရွာက ဓားတွေလို့ အော်ရောင်းတော့မယ်...

**ဦးဘိုးမှိုင်း** (ဖုတ်ထန်းတောရွာ-ဓားသည်)

ကျုပ်က ဒီရွာသားပါပဲ။ ဓားရောင်းလာတဲ့ သက်တမ်းကလည်း ကြာလှပေါ့။ ကျုပ်ထူးဆန်းတာ ပြောချင်တာဗျ။ ဒီကလေးသတင်းပေါက်ကြားပြီးမှ ကျုပ်ရွှေဘိုကို ဓားရောင်းထွက်တယ်။ "ဖုတ်ထတော ဓားတွေဗျ" လို့အော်ရောင်းလိုက်တော့ လူတွေ အုံလာကြတယ်။ဓားဝယ်လာတာတော့ မဟုတ်ဘူး။ ဒွေးဝင်စား အကြောင်းလာမေးကြတော့တာပဲ။ ကျုပ်လည်း ကျုပ်ဓားဝယ်မှ ပြောပြမယ်လို့ ဈေးကိုင်ရတော့တာပေါ့။ ဝယ်လိုက်ကြတာ တစ်ခါတည်း ၁၅ချောင်း အချောင်း ၂၀ရောင်းလိုက် ရတယ်။ နှစ်ချောင်း ၅၀၀၀ နဲ့ ရောင်းလိုက်တာ။ အရင်က တစ်ခါမှ ဒီလောက်ရောင်းမကောင်းဘူး""ဦးကြီးက ဒွေးဝင်စားတဲ့ရွာကလား" "ဟုတ်တယ်ပ" "ရွာနဲ့ကလေး နဲ့က ဘယ်လောက်ဝေးသတုန်း" "မလှမ်းမကမ်းပါပဲ" "ကလေးက ဆင်းရဲတယ်ဆို" "အမှန်ပ"ဆိုတော့ "ဒါဖြင့် နက်ဖြန်ခါဥပုသ်နေ့ပဲ တို့သွားဦးမှ ဆိုပြီး ပြောကြတာပ တစ်ခါမှ ဒီလိုရောင်းမကောင်းဖူးဘူး။ နောက်ဘယ်မြို့ကို





ပဲဖြစ်ဖြစ် ဓားအရောင်းထွက်ရင် "ဒွေးဝင်စားကလေးရှိတဲ့ ဖုတ်ထတောရွာက ဓားတွေ"လို့ အော်ရောင်းတော့မယ်။

---

## မျက်လုံး မျက်ခုံးတွေက ဒွေးနဲ့ တော်တော်ဆင်တယ်... 

**သူဇာဝင်း** (မှူးကမ်းကြီးရွာ)

ကျွန်မလာတာ နှစ်ခေါက်ရှိပြီ။ ကျွန်မတို့ရွာနဲ့ ဒီရွာကနီးနီးလေးရယ်။ နှစ်မိုင်လောက်ပဲဝေးတာလေ။ ပထမတစ်ခေါက်လာကတည်းက ဒွေးနဲ့မျက်လုံး မျက်ခုံးတွေတော်တော်တူတယ်လို့ ခံစားရလို့ ရွာကအခြားသူတွေခေါ်ပြီး အခုနောက်တစ်ခေါက် လာကြည့်တာပါ ထူးထူးခြားခြားတော့ကလေးပြောတာဘာမှ မကြားမိပါဘူး။ ကျွန်မက ပထမတစ်ခေါက် လာတုန်းက သူငိုနေတယ်။ အခု တစ်ခေါက်ကျပြန်တော့လည်း လူနားမှသိပ်မလာတာ။

■



www.burmeseclassic.com

www.burmeseclassic.com

### မကြာမီပြီးစီးတော့မည့်မူးမြစ်ကူးတံတား

ဖုတ်ထန်းတောရွာက ရွှေဘိုအသွား မူးမြစ်ကူးတံတားကိုတွေ့ရစဉ်






## ရွှေဘိုက မသာချောက ဒွေးဆုံးတဲ့နေ့ရောက်တိုင်း ဆွမ်းကပ်နေကျတဲ့ ဒေါ်ရွှေသီး (မူးသစ်ရွာ)

ကျုပ်က ဈေးသည်လေ။ ရွာတကာလှည့်ပြီးရောင်းတာ။ ဒါပေမယ့် ဒီရွာကိုရောက်ခဲ့တယ်။ ဒီသတင်းကြားလို့ တမင်လာလိုက်တာ။ ကျုပ်မသာချောကိုသတိရလိုက်တာ။ မသာချောဆိုတာက ကျုပ်တို့ရွာက ကွမ်းခြံတွေပိုင်တယ်။ ခု ရွှေဘိုကိုပြောင်းသွားပြီ။ သူ့အမျိုးသားက ကိုဝင်းဦးတဲ့။ သူ့ကိုသတိရတာက သူကဒွေးကို အရမ်းချစ်တာ · · · ဒွေးဆုံးတဲ့နေ့ရောက်တိုင်း ဆွမ်းအမြဲတမ်းကပ်နေကျ တစ်နှစ်မှမပြတ်သေးဘူး။ ခုလည်း သူဒီသတင်းကြားတယ်။ ဝမ်းသာလွန်းလို့တဲ့ ဒီကလေးကို လာကြည့်ဦးမယ်တဲ့ ကျုပ်လာကြည့်ပြီးတာသူသိရင် သူကျုပ်ကိုမေးဦးမှာ ကျုပ်လည်း သူ့ဆီမသွားဖြစ်တော့ပါဘူး။ သူ့ဟာသူ သာလာပါစေတော့။ ကျုပ်လည်း ဒွေးကိုချစ်တာပဲတော့။

www.burmeseclassic.com


www.burmeseclassic.com


## ကျောက်စိမ်းလက်စွပ်ကို သိပ်ကြိုက်တယ်တဲ့

**သဲအောင်** (ဆိပ်ခွန်ရွာ၊ ရွှေဘိုမြို့နယ်)



ကျွန်တော်က အလုပြင်ဆိုင်ဖွင့်ထားပါတယ်။ ကျွန်တော်က ဒွေးကိုအသဲစွဲကြိုက်ခဲ့တာပါ။ ဒါကြောင့် ဒီသတင်းကြားပြီးပြီးခြင်း ဒီကိုလာတာနှစ်ခေါက်ရှိပြီ ကျနယ်ကလည်း တစ်ခါဖတ် ၂၀နဲ့ငှားဖတ်ခဲ့ရတာ။ ဇိမ်နဲ့ ကို မဖတ်ခဲ့ရပါဘူး။ မထူးတော့ဘူးဆိုတော့ လာပဲကြည့်လိုက်တော့တာ။စာထဲမှာဖတ်တာထက် အပြင်မှာသူ့မိဘနှစ်ပါးကိုကြည့်ရတာ ပိုရှိုးသားတာတွေ့ရတယ်။ သူ့အမေက တော်တော်ခင်ဖို့ကောင်းတယ်။ ကလေးကတော့ ကျွန်တော်တို့ကိုသိပ်အတွေ့မခံဘူး။ ဟိုသွားရင်ဒီပုန်းဒီသွားရင်ဟိုပုန်းနဲ့ကျွန်တော်ကြားတာ တစ်ခုတော့ ကျွန်တော့်ကျောက်စိမ်းလက်စွပ်ကို လှမ်းကြည့်ပြီး ကျုပ်မှာ ကျောက်စိမ်းလက်စွပ်၊ စိန်လက်စွပ်နဲ့နဝရတ်လက်စွပ်ရှိတယ်လို့ပြောတယ်။ ကျောက်စိမ်းလက်စွပ်ကိုကျုပ်သိပ်ကြိုက်တယ်တဲ့ အဲဒီတစ်ခါပဲ သူပြောတာကြားဖူးတယ်။ ကျွန်တော်ကတော့အားရင်အားသလို ဒီကလေးဆီလာမှာပဲ ‥ အိမ်ရှင် မောင်းမထုတ်ခင်ထိပေါ့။



တစ်ရွာလုံးကို မီးပေးနေတဲ့ ရွာမီးစက်ကလေး ‥‥


www.burmeseclassic.com

www.burmeseclassic.com

# အဲဒီ ကလေးကိုတွေ့ဖူးချင်တယ် တွေ့လည်းတွေ့ဦးမှာပါ

ဦးတင်ထွန်းမောင် (ဒွေးဖခင်)



**ဘဘရဲ့သားသုံးယောက်ထဲမှာ ကိုသားကြီးက ဘယ်လို ထူးခြားမှုတွေ ရှိသလဲ။**

သူက ငယ်ငယ်ကတည်းက စကားသိပ်မပြောဘူး။ သူ့ဘာသာသူ တစ်ယောက်တည်းနေတတ်တယ်။ ဘဘတို့တွေက သူ့ကိုငယ်ငယ်တုန်းကဆို မောင်ဖီလင်လို့စပြီး ခေါ်ကြတယ်။ ကျောင်းက ပြန်လာပြီဆိုလည်း သူ့ဖီလင်နဲ့သူ တစ်ယောက်တည်းနေတာများတယ်။ သူများကလေးတွေလို အပေါင်းအသင်းတွေနဲ့သွားလို့လာလို့ ဒါမျိုးတွေလည်းမတွေ့ရဘူး။ အဲဒါကြောင့် သူဟာသကားတွေရိုက်မယ်ဆိုတော့ ဘဘကဖြစ်ပါ့မလားလို့ထင်မိသေးတယ်။ အမြဲတမ်းဣန္ဒြေကြီးနဲ့နေတတ်တဲ့ ကလေးဆိုတော့လေ။

**သားတွေထဲမှာ ကိုသားကြီးအပေါ် ဘဘသဘောထားက…**

အကြီးဆုံးဆိုတော့ သူ့ကို အားအကိုးဆုံးပဲ။ သူက အဖေကိုပဲဖြစ်ဖြစ်သူများကိုပဲဖြစ်ဖြစ် ချစ်တယ်ဆိုတာမျိုးကိုထုတ်မပြတတ်ဘူး။ ဒါပေမဲ့ လိုအပ်တာမှန်သမျှကိုသူလုပ်ပေးတတ်တယ်။ ငယ်ငယ်ကတည်းကကြီးလာတဲ့အထိ ဆူရတယ်ရိုက်ရတယ်ဆိုတာလည်း တစ်ခါမှမရှိခဲ့ဘူး။ သားကြီးက ဘဘသားတွေထဲမှာတော့ အလိမ္မာဆုံးပဲ။ နည်းနည်းလောက်ဆူလိုက်တာနဲ့သိပ်ပြီး စိတ်ထိခိုက်လွယ်တတ်တယ်။ ခံစားလွယ်တယ်။ သူ့ကို ပြောလိုက်ပြီဆိုရင် တစ်နေရာရာမှာသွားပြီးတော့ မှိုင်တွေနေတတ်တယ်။ ဒါကြောင့် ငယ်ငယ်ကတည်းက သူ့ကိုသိပ်မဆူခဲ့ဘူး။ ဆူရအောင်လည်း ကြီးမားတဲ့အပြစ်မျိုးတွေကို သူမလုပ်ခဲ့ဖူးဘူး။

**ကိုသားကြီးက မြန်မာနိုင်ငံမှာပရိသတ်အချစ်ဆုံးမင်းသားတစ်လက်ဆိုလည်းမမှားပါဘူး။ ကိုသားကြီးမရှိတော့ပေမယ့်လည်း ကိုသားကြီးကို အခုအချိန်ထိ သူတို့ရင်ထဲမှာ နေရာအပြည့်ပေးထားတုန်းပါပဲ။ အဲဒီလိုပရိသတ်တွေပေးထားတဲ့ ကိုသားကြီးရဲ့ အောင်မြင်မှုတွေနဲ့ ပတ်သက်ပြီး အဖေတစ်ယောက်အနေနဲ့ ဘဘရဲ့ ခံစားချက်က**

ရှင်းရှင်းပြောရရင် သူ့ရဲ့ အောင်မြင်မှုအားလုံးဟာ ဘဘတို့အကူအညီမပါဘူး။ ကိုယ်ထူးကိုယ်ချွန်ပြီး သူ့ဘာသာကြိုးစားခဲ့လို့ ဒီလိုအောင်မြင်မှုတွေကို သူရခဲ့တာ။ ဘဘကတော့ ငယ်ငယ်ကတည်းကကိုယ့်သားကြီးကို ပညာတတ်တစ်ယောက်ဖြစ်စေချင်တယ်။ သူက ဘီအီးနဲ့ ကျောင်းပြီးတော့ အင်ဂျင်နီယာတစ်ယောက်အဖြစ် အသက်မွေးစေချင်တယ်။ သူ့အမေဘက်ကတော့ ကိုကျော်ဟိန်းတို့လို အနုပညာသမားတွေပါတယ်။ ဘဘဘက်ကဆွေမျိုးတွေက အများစုက တပ်ကလူတွေပဲလေ။ ဒါပေမဲ့ပြီး အနုပညာဘက်မှာ သူကထူးထူးချွန်ချွန် ဖြစ်သွားတဲ့အခါ ဘယ်နေရာပဲသွားသွား သူ့နာမည်ပြောရင်သူတိုင်းကသိတယ်။

စာ-၄၈ သို့



oasis

www.burmeseclassic.com

www.burmeseclassic.com

# ကိုသားကြီးက ဆပ်လို့မကုန်နိုင်အောင် ကျေးဇူးကြီးသူပါ

**မိုးမိုး**

ကိုသားကြီးနဲ့ပတ်သက်ပြီးခုကြားတဲ့ သတင်းကို မိုးအနေနဲ့ ဘယ်လို ယူဆပါသလဲ။

ယုံတယ်၊ မယုံဘူးဆိုတာထက်ဟုတ်တယ်ဆိုတာတောင် မိုးတို့နဲ့သူက ဘာမှမဆိုင်တော့ဘူးလေ။ ကိုယ့်ယောက်ျား မဟုတ်တော့တာ။

မှန်တာပေါ့။ မမိုးအနေနဲ့ ဘယ်လို စိတ်သဘောထား ရှိလဲဆိုတာ သိချင်လို့ပါ။

ကိုသားကြီးက မမိုးရဲ့ကျေးဇူးရှင်ပါ။ ဘယ်လိုမှ ဆပ်လို့မကုန်နိုင်အောင် ကျေးဇူးကြီးသူပါ။ ဒါကြောင့် သူ လူဝင်စားဖြစ်ဖြစ်၊ မဖြစ်ဖြစ် သူ့အတွက်ကောင်းမှုတွေကို အမြဲပြုလုပ်ပေးနေကျပါ။ သူတည်ခဲ့တဲ့ဘုရားတွေ၊ သူလှူခဲ့တဲ့ကျောင်းတွေမှာ ဘာတွေလိုအပ်နေလဲ၊ သူကျောင်းထားပေးခဲ့တဲ့ ကလေးတွေကိုလည်းတတ်နိုင်သလောက် ကြည့်ရှုပေးတယ်။

ပထမ မမိုးကို ကိုသားကြီးဝင်စားတဲ့ ကလေးဆိုပြီး ကလေး တစ်ယောက် လာပြသေးတယ်ဆို။

ဟုတ်တယ်။ အဲဒီကလေးကို ရိုက်ထားတဲ့အခွေတဲ့။ မမိုးခုချိန်ထိ ကြည့်တောင်မကြည့်ဖြစ်ဘူး။

ဘာကြောင့်လဲမမိုး။

မမိုးဘယ်လိုယုံရမလဲ။ ဒါက တိုင်းတာလို့မှမရတာ။ ပြီးတော့ ဘဝခြားသွားပြီလေ။ မမိုးမှာလည်း ကလေးနှစ်ယောက်နဲ့(မွေးစားထားသော တူလေးနဲ့ တူမလေး)။ နောက်ကိုယ်လည်း အိမ်ထောင်ပြုချင်ပြုမှာပေါ့။

အင်းပေါ့နော်။ မမိုးတွက်တာ မှန်ပါတယ်။

သားညီကလည်းပြောတယ်။ သူ့သားလေးကကိုသားကြီးဝင်စားတယ်လို့ထင်တယ်တဲ့။ ဒီကလေးကျတော့ ကိုသားကြီး ဝင်စားစား၊ မစားစား ကိုယ့်တူကိုယ့်သားဆိုတော့ ချစ်ရမှာပဲ။ အင်း...တခြားသူကမွေးတဲ့ တခြားကလေး ကျတော့ကိုသားကြီးဝင်စားတယ်ဆိုတာတောင် ဘယ်လို ရင်းနှီးမှုရှိတော့မှာလဲ။ ကိုယ့်ယောက်ျားကိုချစ်တဲ့ စိတ် တစ်ခုတည်းနဲ့ သူများကလေးကိုတစ်သက်လုံးကြီးခေါ်ထားဖို့ကျတော့ ဘယ်လိုမှ အဆင်မပြေနိုင်ပါဘူး။

ဒါတော့ ဒါပေါ့နော်။ ဒါပေမဲ့ ကိုယ့်ရဲ့ခင်ပွန်းက အခုလို လူဝင်စားပြန်ဖြစ်တယ်ဆိုတော့ ဝမ်းမသာမိဘူးလား။

ဖြစ်နိုင်ရင်မမိုးကသူ့ကိုမအိုရ၊ မနာရတဲ့နေရာကိုရောက်စေချင်တာ။ လူဖြစ်တယ်ဆိုတာကဘာပဲဖြစ်ဖြစ်၊ ဘယ်လို လူမျိုးဖြစ်ဖြစ် အိုခြင်းနာခြင်း ဒုက္ခကိုတော့ခံစားရမှာပဲလေ။

ဒီကလေးကိုရော မမိုးမတွေ့ချင်ဘူးလား။

ခန္ဓာအသစ်နဲ့လူအသစ်ဖြစ်နေပြီပဲ။ပြီးတော့မမိုးက မြန်မာနိုင်ငံမှာအနေမများတော့တွေ့ဖို့မလွယ်ဘူးထင်တယ်။

ကိုသားကြီး နှစ်ပတ်လည်ကျရင် ပြန်လာဦးမှာလား။

မလာဖြစ်တော့ဘူး။ အခုလာမယ့် ဇွန်လ ၅-ရက်နေ့ ပြန်ရောက်မှာပါ။ ပြန်ရောက်ရင် ညီမလေးနဲ့တွေ့ပြီး စကားတွေထပ်ပြောကြတာပေါ့နော်။

အမှတ်တရစကား တစ်ခုခုပြောပေးပါ။

မိုးမိုးလို့ဆိုလိုက်တာနဲ့ ဘယ်မိုးမိုးလဲ၊ ခွေးမိုးမိုးဆိုပြီး သူနဲ့တွဲလျက် အမြဲတမ်း အသိအမှတ်ပြုခံရတာကိုက သူ့ကျေးဇူးပါ။ ဘယ်နေရာရောက်ရောက် သူ့အရိပ်တွေက လွှမ်းမိုးနေဆဲပါ။ သူ့အတွက်ကောင်းမှုကုသိုလ်တွေ တတ်နိုင်သလောက်လုပ်သွားပါ့မယ်လို့..။



ဓာတ်ပုံ-ရွှေအမြုတေမဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com

**တမျက်နှာ-၄၆ ဒွေးဖခင် မှစာဆက်**

တစ်နေ့ရာရာသွားလို့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရင်တောင်မှ ကျွန်တော် ဒွေးတို့အဖေပါလို့ ပြောလိုက်တာနဲ့ အားလုံးက အဆင်ပြေတယ်ဆိုတော့ သူ့ကို အရမ်းကျေးဇူးတင်ပါတယ်။

**ကိုသားကြီးမဆုံးခင် ဘဘနဲ့ နောက်ဆုံးအမှတ်တရလေးတွေကိုလည်း ပြောပြပေးပါဦး။**

ဘဘက အမျိုးသားညီလာခံတက်နေတုန်းက။ ညီလာခံကနေ ဘဘကို အကူအညီတောင်းတယ်။ ဒွေးကို ညီလာခံမှာ သီချင်းဆိုပေးဖို့။ ဘဘက စနေ၊ တနင်္ဂနွေမှာပဲ အိမ်ပြန်ဖြစ်တော့ သူ့ကို သီချင်းလာဆိုပေးဖို့ ဖုန်းနဲ့ပဲပြောလိုက်တယ်။ ညဘက် သူရောက်လာတယ်။ သီချင်းလည်း လာဆိုပေးသွားတယ်။ သူရတဲ့ ဆုကြေးတွေအားလုံးကိုလည်း ဘဘကိုပဲ အကုန်လုံးပေးသွားတယ်။ အဲဒါကလည်း သူနဲ့တွေ့ခဲ့တဲ့ နောက်ဆုံးအမှတ်တရပါပဲ။ အားလုံးကလည်းသူ ဒီလိုသီချင်းလာဆိုပေးတဲ့အတွက် ကျေးဇူးတင်နေကြတယ်။ သူဆုံးတဲ့နေ့က ဘဘကမရှိဘူး။ ဟောပြောပွဲတစ်ခုရှိတဲ့အတွက် အောင်လံကို ရောက်နေတယ်။ ရေဒီယိုကလည်း နားမထောင်တော့ သူများတွေသိတာတောင် ဘဘကမသိဘူး။ ညကျတော့ သမီးက ဖုန်းဆက်တော့ ညတွင်းချင်းရန်ကုန်ကိုပြန်လာတယ်။ ဘဘက နှလုံးရောဂါရှိတဲ့အတွက် သမီးက "တစ်ယောက်တည်းလား ဖေဖေ့နားမှာ ဘယ်သူရှိလဲ။ ကိုကိုကြီး နေမကောင်းအရမ်းဖြစ်နေတယ်"လို့ပြောပြီး ဖုန်းဆက်တာ။ "သားကြီးဆုံးပြီ"လို့ တိုက်ရိုက်မပြောခဲ့ဘူး။ ဒါပေမဲ့ ဘဘစိတ်ထဲမှာ ထင့်နေတယ်။ နေမကောင်းတာပဲဖြစ်ပါစေလို့ တစ်လမ်းလုံး ဆုတောင်းလာခဲ့ရတာ။ နောက်ဆုံးတော့ ဘဘဆုတောင်းတွေ မပြည့်ခဲ့ပါဘူးကွယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးကိုရော ဘဘက ဘယ်လို သဘောထားလဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင် ဒါတွေကိုသိပ်ပြီးအလေးမထားခဲ့ဘူး။ တရားသဘောနဲ့ ပြောရရင်လည်း ဘဘက သားကြီး မရှိတော့ဘူး။ တကယ်လည်း အဲဒီကလေးက သားကြီးဝင် စားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ သူ ကောင်းရာ မွန်ရာ ရောက်သွားပြီလို့ပဲ ဘဘယုံကြည်ထားတာ။ သူရှိတုန်းကလည်း သူက အလှူအတန်းဆိုလည်း လက်မတွန့်ခဲ့တဲ့သူဆိုတော့ သူ ကောင်းတဲ့နေရာမှာပဲ ရှိနေလိမ့်မယ်လို့ ဘဘကထင်တယ်။ သူ့အတွက်လည်း အမြဲတမ်းကုသိုလ်ကောင်းမှုတွေ လုပ်ပေးနေတယ်လေ။ အဲဒီကလေးနဲ့က တစ်ခါမှတော့ ဘဘနဲ့ မဆုံဖူးသေးဘူး။ သူနဲ့တွေ့ပြီးမှပဲ သူ ဟာ တကယ်ပဲ သားကြီး ဝင်စားသလား မဝင်စားသလား၊ သားကြီး တကယ်ပဲပြန်ရောက်လာတာလားဆိုတာကို ဘဘဆုံးဖြတ်နိုင်လိမ့်မယ်ထင်တယ်။

**ဘဘက အဲဒီကလေးကို တွေ့ချင်တဲ့ ဆန္ဒရော ဘဘမှာ ရှိသလား။**

ရှိပါတယ်။ အဲဒီကလေးကို ဘဘတွေ့ဖူးချင်တယ်။ တွေ့လည်းတွေ့ ဦးမှာပါ။



အသက်(၁၁)နှစ်သားတုန်းက ကိုသားကြီးခေါ်ဒွေးရဲ့ပုံလေး
(ဓာတ်ပုံအား ဖခင်ဖြစ်သူဦးတင်ထွန်းမောင်မှ ကူညီခြင်းဖြစ်)


www.burmeseclassic.com

www.burmeseclassic.com



# နောင်ဘဝ လူဖြစ်ခွင့်ရရင် ဘာမှမဟုတ်တဲ့ရွာကလေးမှာ ဘယ်သူမှမသိတဲ့ လူတစ်ယောက်ဖြစ်ချင်တယ်ဆိုတဲ့ ဆုတောင်းပြည့်ခဲ့လေသလား အစ်ကိုရယ်



## ရန်အောင် (ဒွေးညီအလတ်)

**အခုကိုသားကြီးဝင်စားတဲ့ကလေးရဲ့ သတင်းနဲ့ပတ်သက်ပြီး ကိုရန်အောင် ခံစားချက်ကိုလည်း သိပါရစေ။**

အစ်ကိုဟုတ်တယ်ဆိုရင်တောင် ကိုယ့်မိသားစုဝင်မဟုတ်တော့ဘူးဆိုတော့လေ။ အခုသူမှာ သူ့အဖေ၊ သူ့အမေ၊ သူ့မိသားစုနဲ့ဆိုတော့ ကိုရန်အောင့်အနေနဲ့ကတော့ သူ့အကူအညီလိုတယ်ဆိုရင်၊ ကိုယ်ကူညီနိုင်မယ့်အနေအထားရှိရင်သွားကူညီမယ်။ သူ့ကို ဖေးမမယ်။ ဒါပေမဲ့ သူ့အသိုက်အမြုံထဲကတော့ ခွဲထုတ်ဖို့မလုပ်ပါဘူး။ သူ ဒီဘဝလေးမှာပျော်မွေ့ပါစေ။ သူပျော်မွေ့နေတာကိုမဖျက်ဆီးချင်ဘူး။ ဘာကြောင့်လဲဆိုတော့ အစ်ကို့စကားလေးတစ်ခွန်းကိုအမှတ်ရသွားလို့ပါ။

**ဘာစကားလဲဟင် • • •**

သူပြောဖူးတယ်။ ရွှေအမြုတေမဂ္ဂဇင်း မှာနဲ့တူတယ်။ သူ နောင်ဘဝ လူဖြစ်ခွင့်ရမယ်ဆိုရင် ဘာမှမဟုတ်တဲ့ရွာလေးတစ်ရွာမှာ၊ ဘယ်သူမှမသိတဲ့ လူတစ်ယောက်ဖြစ်ချင်တယ်တဲ့။ သူက လောဘ၊ ဒေါသ၊ မောဟတွေကင်းချင်တာတဲ့။ အခု သူ့ဆုတောင်းများပြည့်သွားတာလား။ သူလှူခဲ့တန်းခဲ့တာတွေ အများကြီးပါ။ ဒီလို ချို့ချို့တဲ့တဲ့ဘဝမျိုးရောက်မယ့်လူတော့ မဖြစ်သင့်ဘူး။ ဒါပေမဲ့ သူ့ဆုတောင်းကြောင့်များလားမသိဘူးနော်။

**ဆရာတော်ဘုရားကြီးတွေ မိန့်မှာတာကြားဖူးပါတယ်။ လူပြန်ဖြစ်တယ်ဆိုတာ အာဂကုသိုလ်ထူးပဲ။ အခုဆို (တကယ်မှန်ရင်ပေါ့) လူတောင် ယောကျ်ားလေးပြန်ဖြစ်တာပဲ။ ပြီးတော့ အချိန်ကာလတွက်စစ်မယ်ဆို အလွန်လျင်မြန်တဲ့ကာလပဲ။ ညီတစ်ယောက်အနေနဲ့ ကျေနပ်ဖွယ်မကောင်းဘူးလား။**

မှန်ပါတယ်။ လူ့ဘဝပြန်ရောက်တယ်၊ ယောကျ်ားဘဝပြန်ရောက်တယ်ဆိုတာ ပျော်စရာကောင်းပါတယ်။ ဒါပေမဲ့ ဒီလိုအဖြစ်အပျက်ကို ပွင့်ပွင့်လင်းလင်း အသိအမှတ်ပြုခံရတယ်ဆိုတာ ပွင့်းခံလို့ရတယ်။ အများကြီးပေါ့နော်။ ကျွန်တော်လည်း အခြေအနေပေးရင် ဒီကလေးလေးနဲ့တွေ့ချင်ပါတယ်။ သူ လိုအပ်တာလေးတွေ ကူညီပေးရင်းပေါ့။ ကျွန်တော်တို့ ဗုဒ္ဓဘာသာအယူအဆနဲ့တွေးမယ်ဆိုရင် အခုလို လူ့ဘဝ၊ ယောကျ်ားဘဝ ပြန်ရောက်တာမြတ်တာပေါ့။ ဆင်းရဲတာ၊ ချမ်းသာတာကတော့ ကံတရားအကျိုးပေါ့လေ။

**တကယ်အစစ်အမှန်ဆိုရင်တော့ ဝမ်းသာစရာပေါ့နော်။**

အင်းပေါ့။ ဒါကြောင့် ဒီကလေးကိုတွေ့ချင်တယ်။ တတ်နိုင်သလောက်လည်း ကူညီချင်ပါတယ်။

**ဒီ ဇူလိုင်လ ၁၁ ရက်က နှစ်ပတ်လည်နော်။**

ဟုတ်ကဲ့။ ငါးနှစ်ပြည့်မှာပါ။ အစ်ကို့ကိုလည်း သတိရကြတယ်။ အမှန်တော့လေ လူတစ်ယောက်ဆုံးသွားတဲ့ နှစ်ပတ်လည်လေးအဖြစ် အလှူတွေလုပ်ကြတယ်၊ ကုသိုလ်တွေပြုကြတယ်။ ဒီအချိန် အစ်ကိုက ခုနမောင်သူရကျော်လေးလည်း ဖြစ်ချင်ဖြစ်နေမယ်၊ ဒါမှမဟုတ် တခြားတစ်နေရာမှာရှိချင်လည်းရှိနေမယ်။ ကျွန်တော်တို့က ဗုဒ္ဓဘာသာလေ။ သံသရာကို ယုံရမယ်။ ကိုသားကြီးဆိုတာကတော့ ဘယ်တော့မှမရှိတော့ဘူးပေါ့။ ကျွန်တော်ကတော့ အမှတ်ရတိုင်း အကျဉ်းရုံးလေးဖြစ်ဖြစ် အမျှတမ်း

www.burmeseclassic.com

အမြဲတမ်း ကုသိုလ်ကောင်းမှုလုပ်ဖြစ်ပါတယ်။

**ကိုသားကြီးရဲ့ ညီတစ်ယောက်အနေနဲ့ အမှတ်တရစကားလေးတစ်ခု ပြောပေးပါဦး။**

ကိုသားကြီးက ကျွန်တော်တို့ရင်ထဲမှာရှိနေသလို၊ သူကိုယ်တိုင်လည်း သံသရာဆိုတာမှာ လည်နေဦးမှာပါပဲ။ ပရိသတ်တွေရဲ့ရင်ထဲမှာ ကျွန်တော့် အစ်ကိုကိုရှိနေကြဦးမယ်လို့ ယုံကြည်ပါတယ်။ ထပ်ရှိပေးပါဦးလို့ . . .

## ဒွေးမှန်ရင် ဒီလောကထဲပြန်ရောက်လာမှာ အသေအချာပါပဲ **သားညီ**

**အခု ကိုသားကြီးသတင်းနဲ့ပတ်သက်ပြီး . . .**

အမှန်အတိုင်းပြောရရင် ကျွန်တော်မေ့ထားတာ။ဘာကြောင့်လဲဆိုတော့ ဒီလိုပြန်မဖြစ်စေချင်တော့လို့။ ကျွန်တော် ကျွန်တော့်အစ်ကိုကို ခရီးသွားနေတယ်လို့ပဲမှတ်ထားတာ။

**တစ်နေ့နေ့ပြန်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့လား။**

ပြန်တော့မလာစေချင်ဘူး။ ပြန်မလာစေချင်တာ မချစ်လို့မဟုတ်ဘူး။ သူ့ဘဝလေးလွတ်ကျွတ်စေချင်လို့။

**လူဝင်စားဆိုတဲ့ အဖြစ်အပျက်တွေကိုယုံလား။**

ပြောရတာတော့ ခက်တယ်။ ဗုဒ္ဓဘာသာအရတော့ ဒီလိုအဖြစ်အပျက်မျိုးတွေရှိနိုင်တာပဲ။ ရှေ့မှာလည်းရှိခဲ့ဖူးတယ်လေ။ ကိုပြေငြိမ်း ပြန်ဝင်စားတာ။ သူ့တူလေးအဖြစ်နဲ့။

**ကိုသားကြီးမဆုံးခင် ညီအစ်ကိုနှစ်ယောက် အတိတ်နိမိတ်သော်လည်းကောင်း။ အမှတ်တရသော်လည်းကောင်းတစ်ခုခုပြောပြပါဦး။**

ဇာတ်ကားတစ်ကားရိုက်တယ်။ အဲဒီမှာ ထက်ထက်မိုးဦးသေရတယ်။ ကျွန်တော်တို့ကငိုကြတယ်။ အဲဒီမှာ ငိုပြီးတော့ ဘာပြောလဲဆိုတော့ "ငါတို့လည်းသူများသေတာချည်းငိုနေရတယ်၊ ငါသေရင်ရောမငိုမှာလား" တဲ့။ မဆုံးခင်နှစ်ပတ်လောက်ကပြောတာ။ အဲဒီကားပြီးတော့ ကိုအောင်မင်းသိမ်းနဲ့ဆက်ရိုက်တယ်။ အဲဒါပြီးတော့ ကိုချိုတူ့ဇော်နဲ့ ရိုက်နေတုန်းဆုံးသွားတာပဲ။



**ကိုသားကြီးနဲ့ပတ်သက်ပြီး အခြားထူးခြားမှုရှိခဲ့ရင်**

သူ ကျွန်တော့်ကို လေးလေးနက်နက်ပြောဖူးတဲ့စကားက **ကိုယ့်မှာပိုက်ဆံ ရှိအောင်လုပ်၊ ကိုယ့်ဘာသာပိုက်ဆံရှိအောင်လုပ်** ဆိုပြီးပြောတယ်။ တခြားထူးချက်ကတော့ ကျွန်တော့်သားကို ကိုသားကြီးဝင်စားတယ်လို့တော့ ကျွန်တော်မပြောချင်ပါဘူး။ ဆရာဦးမြတ်နိုင်တို့ ဗေဒင်မေးတော့ သားညီနဲ့သွားနေမယ်ဆိုပြီးပြောတယ်တဲ့။ ဓာတ်ပုံရိုက်လိုက်ရင် Pose က အစ်ကိုနဲ့သွားသွားဆင်နေတယ်။ ဘကြီးမို့လို့ ဆင်တာလားတော့မသိဘူးပေါ့နော်။ နောက်ပြီး သူကတော်ရုံတန်ရုံလူမလိုက်ဘူး။ ညိုမင်းလွင်ဆီကိုတော့လိုက်တယ်။ အဲဒါ ငယ်ငယ်လေးပဲရှိသေးတယ်။ ကျွန်တော်စိတ်စွဲနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့နော်။

**ကိုသားညီသားနဲ့ ပတ်သက်ပြီးတော့ အခြားဘာထူးခြားချက်ရှိသေးလဲ။**

ကျွန်တော်နဲ့ လာနေချင်တယ်ကြားတော့ ကျွန်တော်ဆီသာလာမယ်ဆိုရင် တစ်သက်လုံး ငါလေးမယူတော့ဘူးလို့ပြောလိုက်တယ်။ သူ့ကိုလက်မခံချင်လို့၊


www.burmeseclassic.com

www.burmeseclassic.com



ချစ်လို့မဟုတ်ဘူးနော်။ အဲဒါကို ကျွန်တော့်မိန်းမကို အိပ်မက်ပေးတယ်တဲ့။ ကျွန်တော့်ကို အရမ်းစိတ်ဆိုးနေတယ်တဲ့။ အမှန်တော့အားလုံးကလည်းသူ့ကို ပြန်လာစေချင်ကြတယ်လေ။ ကျွန်တော်ကလွဲရင်ပေါ့။

**အကယ်၍ ခုနမောင်သူရကျော်နဲ့ သာတွေ့ ခဲ့မယ်ဆိုရင် . . .**

ကျွန်တော်တို့နှစ်ယောက်တည်းသိတဲ့ ကိစ္စတွေရှိတယ်။ ကျွန်တော်က ဟုတ်လားလို့မေးလို့မှန်ခဲ့ရင် စိတ်မကောင်းဖြစ်ရဦးမယ်။ မမှန်ခဲ့ရင် ကျွန်တော်ဘယ်လိုပြောရမလဲ။

**တွေ့ချင်စိတ်ရောရှိလား။**

မေ့ထားလိုက်ပြီဆိုမှတော့ မတွေ့ချင်တော့ပါဘူး။ သေချာတယ်ဆိုရင်တော့သွားတွေ့ကြတာပေါ့။ မသေချာရင် ဒီအတိုင်းလေးပဲထားလိုက်တာကောင်းပါတယ်။

**အခုသတင်းနဲ့ပတ်သက်ပြီး ဘာပြောချင်လဲ။**

အစ်ကိုလို့ သေချာတာမှန်ရင် ကြီးလာရင်တော့ ဒီလောကထဲရောက်လာမှာပါ။ ဒွေးဆိုရင်တော့ မနေနိုင်ပါဘူး။

**အစ်ကိုရေ. . . လူတွေဆိုတာမျက်စိရှေ့ကပျောက်သွားမှ လက်ခုပ်လက်ဝါးတီးတတ်ကြတဲ့ သူမျိုးပါ ဖိုးကျော်**

**ကိုသားကြီးရဲ့အရိပ်အယောင်လေးဖြစ်ဖြစ် ပြန်တွေ့ရမယ်ဆိုရင်တော့အရမ်းပီတိဖြစ်မိမှာပါ ဒါရိုက်တာမောင်ပေဒါ**

**ရွှေလိုင်-** ဦးပေဒါကပဲစပြောပါဦး။ ကိုသားကြီးနဲ့စဆုံခဲ့ပုံကိုပေါ့။

**ပေဒါ-** ထင်လင်းဆိုတဲ့ နာမည်နဲ့ကတည်းက သတိထားမိတဲ့သူ့ကို ဒွေးဆိုတဲ့နာမည်ပြောင်းမှ ကျွန်တော်နဲ့ရိုက်ဖြစ်ခဲ့တာပါ။ ကျွန်တော်သူ့ ကို အရမ်းရိုက်ချင်ခဲ့တယ်။ ဒါပေမဲ့ သူနဲ့ ကျွန်တော်မသိခဲ့ဘူး။ ကင်မရာမန်း "စပုံထောင်"ရဲ့ မိတ်ဆက်ပေးမှုနဲ့ စဆုံဆည်းခဲ့ရတယ်။ ကားတွေ ရိုက်ဖြစ်ခဲ့ကြတယ်ပေါ့။

**ရွှေလိုင်-** အဲ့ဒီအချိန်က ဘယ်နှခုနှစ်လောက်လဲ။ နောက်ဦးပေဒါနဲ့ စရိုက်တော့ ကိုသားကြီးက အရမ်းအောင်မြင်နေချိန်လား။

**ပေဒါ-** ၁၉၇၉-၈၀လောက်ကပါ သူ့အရမ်းမအောင်မြင်သေးဘူး။ လေးကားလောက်ပဲရိုက်ရသေးတယ်။ ကျွန်တော်ရိုက်တာငါးကားမြောက်ပေါ့။ မင်းသမီးက နန္ဒာလှိုင် သူကလည်းရှေ့မှာတစ်ကားပဲရိုက်ရသေးတာ။ ဒါပေမဲ့ ကြော်ငြာလေးတစ်ခုတော့ပေါက်ထားတယ်။ ငါးသေတ္တာကြော်ငြာလေး။ အဲဒီမှာသတိထားမိတာက ကိုသားကြီးက ဝါရင့်ကြီးမဟုတ်သေးသည့်တိုင်သူ့လုပ်တာ၊ သူပြောတာ





www.burmeseclassic.com

www.burmeseclassic.com


ကို လုပ်မှုကျေနပ်တယ်၊ သူကိုယ်တိုင်လည်း အလုပ်ကို စိတ်ထဲနှစ်ပြီး သေသေချာချာလုပ်တယ်၊ ဥပမာပြောရရင် နန္ဒာလှိုင်နဲ့ ပါးရိုက်တဲ့ အခန်းရိုက်ရတယ်။ နန္ဒာလှိုင်က တစ်ချက်ရိုက်တယ်။သူက ဘာပြန်ညာပြန်နဲ့ နှစ်ချက်ပြန်ရိုက်တယ်။အဲဒီအခန်းကို ရိုက်တဲ့အခါ ရိုက်ပြီးသွားတော့ သူ့ထုံးစံအတိုင်းသူ ဒါရိုက်တာကိုကြည့်တယ်။ ကျွန်တော်ကလည်း စဉ်းစားနေတယ်။ ဘယ်လိုကောင်းအောင် ထပ်လုပ်ရင်ကောင်းမလဲပေါ့။ ဒါကို ကိုသားကြီးက သိတယ်။ ဘာဖြစ်နေတာလဲတဲ့။ မင်းသားဆိုတာ အဲဒီလို ဖြစ်ရမယ်။ တစ်ဆင်းနိုပြီးပြီ တာဝန်ကျေပြီဆိုပြီး တစ်နေရာသွားထိုင်နေလို့မရဘူး။ အခုစကားပြန်ဆက်ရရင် ကျွန်တော်ကကိုသားကြီး "မကြိုက်ဘူးပြန်ရိုက်ချင်တယ်"ဆိုတော့ သူဘာပြန်ပြောလဲသိလား··· ဘာကိုမကြိုက်တာလဲပြောတဲ့။

**ဖိုးကျော်**- ပြဿနာတက်ပြီမဟုတ်လား···ဘာကိုမကြိုက်တာလဲဆိုတဲ့စကားပြန်မပြောနိုင်ရင် သေဖို့သာပြင်တော့။

**ဗေဒါ**-ဟုတ်တယ်၊ကိုယ်ကလည်း ပြန်ပြောရတာပေါ့။ ကိုသားကြီးရိုက်လိုက်တဲ့ ပုံစံအရမ်းကောင်းတယ်။ ဒါပေမဲ့ နောက်တစ်ပြန်ပြန်ရိုက်မယ့် ကိစ္စကိုအရိုက်ခံရတဲ့သူက မသိဘူးလေ။ပြန်လာတဲ့ လက်ကိုသူမမြင်ဘူးလေ၊ အဲဒီမှာပုံစံက တစ်မျိုး ဖြစ်နေတယ်ဆိုတော့ ပြန်ပြတဲ့။ ကျွန်တော်ရစ်ပြီးပြန်ပြတော့··"ဟာ·· ဟုတ်တယ်··ပြန်ရိုက်ပေးမယ်"တဲ့။ သေသေချာချာစိတ်ပြန်သွင်းပြီး ပြန်ရိုက်ပေးတယ်။လက်ဆတွေဘာတွေလည်းမသိသေးတဲ့အချိန်ဆိုတော့ကိုင်ထည့်လိုက်တာ···နန္ဒာလှိုင်ပါးမှာ အရှိုးရာတောင်ထင်သွားတယ်။ ထိချင်ထိပါစေ ပီပြင်အောင်လုပ်မယ်ဆိုပြီး ယောကျ်ားအားနဲ့ ရိုက်ထည့်လိုက်တာလေ···နန္ဒာလှိုင်ကိုတော့ ပြောလိုက်ရတယ်။ နောက်နေ့ အရှိုးရာပျောက်အောင်တော့လုပ်ခဲ့လို့။ ·နန္ဒာလှိုင်ကလည်း ခုလိုနာသွားတာကို ဝမ်းနည်းပက်လက် ဖြစ်ရမယ့်အစား အရမ်းကျေနပ်နေတာ···အလုပ်ဆိုတာအဲဒါပါပဲ။ အဲဒီကားကလည်း ပရိသတ်ကြားထဲမှာ တကယ့်ကိုအောင်မြင်သွားတယ်။ အရင်က ကားတစ်ကားရိုက်ရင် အနည်းဆုံး၁၅ရက်ပဲ။ ရိုက်နေရင်းနဲ့ ကိုသားကြီး ဘယ်နရက်ပေးဦးမှာလဲ မေးရင်စိတ်ဆိုးတယ်။ ခင်ဗျားတို့ပေးရင်ဆက်ရိုက်မယ်။ မပေးရင်သွားမယ်··ပြီးအောင်တော့လုပ်တဲ့။ နောက်ပြီး ကိုယ်လိုချင်တာတွေ ကိုယ်ဖြစ်ချင်တာတွေသူနဲ့ဆွေးနွေးလို့ ရတယ်။ ဥပမာ ဒီကားကတော့ မိုက်နေပြီ ပရိုဂျူဆာက တီဗွီကြော်ငြာ တစ်ရက် သုံးပေးတယ် ··ကျွန်တော်တို့ တစ်ရက်ထပ်ကြော်ငြာလိုက်ရင်··ဟာ··လုပ်ဗျာ··ကျွန်တော့် အတွက်လုပ်တာပဲ···ကျွန်တော့်ကို စိစဉ်ပေးဆိုပြီး ပိုက်ဆံပေးလိုက်တာပဲ။

**ဂျူလိုင်** - ကိုသားကြီးနဲ့ ဦးဗေဒါတို့ ဆုံခဲ့ကြတဲ့ နှစ်ကမနည်းဘူးပေါ့နော်။

**ဗေဒါ** - ဟုတ်တယ်။ အလုပ်တွေပြီးရင် ညတိုင်းမော်ဒန်လက်ဖက်ရည်ဆိုင်က ဟိုးနောက်က ထင်းရုံကြီးမှာ နှစ်ယောက်သားထိုင်ပြီးအလုပ်အကြောင်းတွေ အမြဲဆွေးနွေးဖြစ်တယ်။၁၂နာရီ ၁နာရီမှထပြန်ကြတာ။အဲဒါနေ့တိုင်းပဲ···နောက်ပိုင်းကားတွေဆက်တိုက်ရိုက်ဖြစ်ခဲ့တယ်။တစ်ခါကလည်း မအေကို ပြစ်မှားတဲ့ဇာတ်ကို ရိုက်တယ်။မြေမြိုတဲ့အခန်းတွေပါတယ်။ ပီပြင်အောင် ဒီလိုပြစ်မှားရင် ဒီလိုခံရမယ်ဆိုတာကို သေသေချာချာလုပ်ပြနိုင်ခဲ့တယ်။

**ဂျူလိုင်** - အခုခေတ်စားနေတဲ့ မရင်ရွှေကားလိုမျိုးပေါ့။

**ဗေဒါ** - မြေမြိုတဲ့အခန်းဆို နွံထဲနှစ်ပြီးရိုက်ရတာ။ နွံက အောက်ကဆွဲနေပြီ။ သူအားတင်းပြီး အရှိန်မပျက်ဆက်ရိုက်တယ်။ ပြီးလည်းပြီးရော သူ့ကို မနည်းဆွဲထုတ်ရတယ်။

**ဂျူလိုင်** -ဦးဗေဒါတို့ တွဲခဲ့တဲ့ နှစ်ပေါင်းက···

**ဗေဒါ** -ကိုသားကြီးအမေ မဆုံးခင်ကတည်းကပေါ့။သူ့အမေက သူ့ကိုအချစ်ဆုံးလေ··သူတို့သားအမိတွေ ဘယ်လောက်ချစ်ကြသလဲဆိုရင် ရှုတင်သွားဖို့နှုတ်ဆက်တာတောင် သားအမိနှစ်ယောက် အပြန်အလှန် နမ်းလို့မပြီးတော့ဘူး··အတူတော့ မနေကြဘူး။ အဲဒီအချိန်က မိုးမိုးနဲ့ အိမ်ထောင်ကျနေပြီလေ။ နောက်သူ့ အမေဆုံးတော့ ကျွန်တော်လည်းသွားတယ်။ အဲဒီအချိန်သူ့မှာ ပရာဒိုကားလေးရှိတယ်။ အဲဒီကားလေးပေါ်သူလိုအပ်မယ်ထင်တဲ့ လူတွေကိုပဲ ခေါ်တင်ခဲ့တယ်။ ကျွန်တော်ပါတယ်။ သူဖြစ်ချင်တာက အရေးအကြောင်းဆို ဒီလူတွေကို အနားမှာရှိစေချင်လို့ပဲ။


www.burmeseclassic.com

www.burmeseclassic.com



(အဲဒီအချိန် သူ့အဖေက မင်္ဂလာဒုံ NLD အမတ်ဖြစ်နေတယ်)အဲဒါနဲ့ ရွာပနမှာလူတွေက အများကြီးပဲ။ မိုးတွေကလည်းရွာလိုက်တာ တအားပဲ။ သူ့အမေရဲ့အလောင်းကို လေးယောက်ထမ်းကြတယ် . . အဲဒီလေးယောက်က ကိုသားကြီးရယ်၊ နန္ဒဆိုတဲ့ ညီနန္ဒရယ်၊ ကျွန်တော်ရယ် နောက်သူ့တာပည့်အောင်တိုးရယ်။ မိုးရွာထဲမှာ ရွှံ့ပေခံပြီး သေသေချာချာ ထမ်းပေးခဲ့ကြတယ်။ ဖိနပ်တွေလည်း ပျောက်လို့။ ထူးဆန်းတာတစ်ခုက ကိုသားကြီး လုံးဝမငိုဘူး . . ငိုလိုက်ပါ . . တင်းခံမနေနဲ့ဆိုတာမငိုဘူး။ သူ့မောင်နှမတွေ ငိုပါစေဆိုပြီး သူတင်းခံခဲ့တယ်။သူ မအေကို အရမ်းချစ်တဲ့သူနော်။အဲဒီမှာ အငိုဆုံးကဦးကျော် (ကျော်ဟိန်း)ပဲ . . . ဦးကျော်ရဲ့မျက်ရည်အစစ်ကို အဲဒီမှာ မြင်ဖူးတာပဲ။သူသိပ်ချစ်တဲ့ သူ့အစ်မအရင်းလေ ။တစ်လမ်းလုံးလည်းကိုသားကြီးမငိုဘူး။အိမ်ရောက်တဲ့အထိပဲ . . ။

**ဂျူလိုင်-** ကိုဖိုးကျော်၊ ကိုသားကြီးတို့အတွဲလိုက် ဦးဗေဒါနဲ့ ဆုံခဲ့ဖူးလား။

**ဗေဒါ-**အတွဲလိုက် မဆုံဖူးသေးဘူး။

**ဂျူလိုင်-** ကိုဖိုးကျော်ကလည်း ပြောပါဦး။ ကိုသားကြီးနဲ့ တောင်ဆုံတွေ့မှုကိုပေါ့။



**ဖိုးကျော်-**အင်း . . ဂျူလိုင်မိုးရဲ့မေးခွန်းအတိုင်း ကိုသားကြီးနဲ့ ကျွန်တော့်ရဲ့တွေ့ဆုံမှုကိုသိချင်ကောင်းသိချင်ကြမယ့် ပရိသတ်အတွက် ကျွန်တော်ပြောရမယ်ဆိုရင် ငါးနှစ်ကြာ လူ့လောကထဲမှာ မရှိတော့တဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဒိတ်ဒိတ်ကြဲ အနုပညာရှင်တစ်ယောက်၊ သွေးသားအရင်း လိုချစ်ခင်ရပါသော အစ်ကိုကို ခုတုံးလုပ်ပြီး ကိုယ့်ကိုယ်ကို Highlight လုပ်မှာတော့မဟုတ်ဘူး။ ဒါပေမဲ့တချို့ အကြောင်းအရာလေးတွေမှာ မပြောပြရင်မပီပြင်တဲ့အတွက်ကိုယ်ရည်သွေးသလိုဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ဒီစိတ် မျိုးလုံးဝမရှိဘူးဆိုတာ ပရိသတ်ကိုသိစေချင်တာပါ။ ၁၉၉၃ ခုနှစ်လောက်တုန်းက ကျွန်တော်ရှိုက်စုမဲ့ ပိုက်ဆံတွေကိုင်ပြီး အဲဒီအချိန်အရမ်းနာမည်ကြီးတဲ့ မင်းသမီးတစ်လက်နဲ့ ကျွန်တော်ဇာတ်ကားတစ်ကားရိုက်ခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာ ဘာမှမရှိဘူး။ မင်းသားဖြစ်ချင်တဲ့ စိတ်ပဲရှိတယ်။ မင်းသားနဲ့ သရုပ်ဆောင်ကွဲပြားခြားနားချက်ကိုလည်း ကျွန်တော် မသိဘူး။ ရိုက်ပြီးသွားပေမယ့်အကြောင်းကြောင်းကြောင့် ဒီကားမထွက်နိုင်ခဲ့ဘူး။ဒီကားရိုက်တဲ့အချိန်က ရုစ်သိန်းကုန်တယ်။ ဆင်ဆာကလည်း မရဘူး။အားသွန်ခွန်စိုက်လုပ်ပေမယ့် အိုက်တင်ပိုင်း ဆိုင်ရာ ညံ့တာတွေလည်းပါတယ်။ ဖြစ်ချင်တာတစ်ခုပဲသိခဲ့တယ်။ လေ့လာမှုလည်း အားနည်းခဲ့တယ်။ နောက်ထပ်တစ်ကားထပ်ရိုက်ဖို့ အင်အားလည်း ကျွန်တော်မှာ မရှိခဲ့ဘူး။ ဒါနဲ့ပဲ ကျွန်တော် ဖုံရင်းဘဝကို ပြန်ရောက်ခဲ့တယ်။ဒါနဲ့ ကျွန်တော် I come back (ငါပြန်လာခဲ့မယ်)ဆိုပြီး အဲဒီ့အချိန်ကအစ ရုပ်ရှင်ကားတစ်ကားကိုဖျော်ဖြေမှုအနေနဲ့မဟုတ်တော့ဘဲ လေ့လာမှု အနေနဲ့ကြည့်တယ်။ စာဖတ်တဲ့အခါမှာလည်း ဒီအတိုင်းပဲ။ အဲဒီလို နေလာခဲ့ရင်း မှတ်မှတ်ရရပြောရရင် ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ၁ရက်နေ့မှာ ဒါရိုက်တာလူမင်းခေါင် ရိုက်တဲ့ကားမှာ ပါဝင်ခွင့်ရခဲ့တယ်။

**ဂျူလိုင်-** ပထမဦးဆုံး အခြားပရိဂျူဆာငှားတဲ့ ကားမှာ ပါဝင်ခွင့်ရတာပေါ့။

**ဖိုးကျော်-** ဟုတ်တယ်။ကျွန်တော်တို့အပေါ် သိပ်ကောင်းခဲ့တဲ့ ပရိုဂျူဆာတွေပါ။ အဲဒီ့ကားမှာ ခေါင်းဆောင်မင်းသားက ဒွေးတဲ့။ ကျွန်တော်က မင်းသားရဲ့ သူငယ်ချင်းလုပ်ရတယ်။ ကျွန်တော့်အကူအညီတွေအပြင် ကျွန်တော်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com


တွေရဲ့တတ်နိုင်တဲ့ အကူအညီတွေကိုလည်း ဒီကားမှာ ကျွန်တော်တို့ပေးခဲ့ကြရတယ်။ခုန ဂျူလိုင်မိုး မေးတဲ့ ကိုသားကြီးနဲ့ တွေ့ဆုံမှုအစက အဲဒီကားမှာပဲ။ သက်တမ်းအရ ကြည့်မယ်ဆိုရင် နှစ်အကြာကြီးတော့ မဟုတ်သေးပါဘူး။

**ဂျူလိုင်-** ကိုဖိုးကျော်ရဲ့ ဒုတိယကားမှာစဆုံခဲ့တာပေါ့။ ပထမကားရော ထွက်ဖြစ်ခဲ့လား။

**ဖိုးကျော်** - ၁၉၉၉ခုနှစ်မှာ ပထမကားလေးဆင်ဆာကြပြီး ထွက်ခွင့်ရခဲ့တယ်။ ကျွန်တော်စီးတဲ့ကားလေးကို ခုနစ်သိန်း ကျော်ကျော်နဲ့ရောင်းပြီးရိုက်ခဲ့တဲ့ ဒီဇာတ်ကား ထွက်ခွင့်ရခဲ့တဲ့အချိန်မှာ ကျွန်တော်ကားတန်ဖိုးက ၂၅သိန်းဖြစ်နေပြီ။ ဒါပေမဲ့ အဲဒီအချိန်မှာ အဲ့ဒီဇာတ်ကားလေးကိုကိုင်ပြီး ကန့်စွန်းရွက်ဟင်းရွက်ရောင်းသလိုလိုက်ရောင်းခဲ့ရတယ်။ ဘယ်သူမှ စိတ်မဝင်စားဘူး။ မင်းသားအားနည်းလို့တဲ့။ ကံကောင်းထောက်မစွာနဲ့ ပရိဂျူဆာတစ်ယောက်ကလာဝယ်တယ်။ ဘယ်လောက်ပေးတယ်မှတ်လဲ။ အဲဒီအချိန်ကာလမှာ ငွေကိုးသောင်းနဲ့ ရောင်းခဲ့ရတယ်။ အဓိကကတော့ ပထမဆုံး လုပ်ခဲ့တဲ့အနုပညာအလုပ်ကလေးကို ပရိသတ်လက်ထဲရောက်စေချင်လို့ပါ။ထွက်ခဲ့တဲ့အခါမှာ ရုပ်တွေနဲ့ရိုက်ထားတဲ့အခွေ လိုချင်ရင် ဒီအခွေပါတွဲယူရမယ်ဆိုတဲ့ သမဝါယမစနစ်နဲ့ ကျွန်တော်ကားလေးကို ရောင်းခဲ့ကြရတယ်။ လူသန်းပေါင်း များစွာမှာ တစ်သန်းလောက် ကြည့်ဖြစ်ရင်ပဲ ကျေနပ်ပြီဆိုတဲ့ စိတ်နဲ့ပေါ့။ ဒါကတော့ ကျွန်တော့်အကြောင်းတွေပါ။ ဒါပေမဲ့လည်း တွေ့ဆုံမှုအစကို ဒီလိုပြောမှ ပြည့်စုံမယ်ထင်လို့ပါ။

**ဂျူလိုင်** - ဒုတိယကားမှာ ကိုသားကြီးနဲ့ စဆုံခဲ့တယ်ဆိုပါတော့။

**ဖိုးကျော်** - အဲဒီကားရိုက်တဲ့ အချိန်မှာ ခွေးဆိုတဲ့ ကိုသားကြီးနဲ့ ကျွန်တော်က အခေါ်အပြောမရှိဘူး။ နွေးထွေးမှုမရှိဘူး။ အခေါ်အပြောအနှုတ်အဆက်မရှိဘူး။ တစ်ခန်းတစ်ခန်းရိုက်ပြီးရင် ခုနဦးဗေဒါပြောသလိုပဲ ဒါရိုက်တာကိုပြန်ကြည့်တာတို့ တခြားသရုပ်ဆောင်တွေကို လိုက်ချက်နေတာတို့နဲ့ သူ့မျက်လုံးက အလုပ်လုပ်နေတာ။ ကျွန်တော်ဆီကိုလည်း သူ့မျက်လုံး မကြာခဏ ရောက်ရောက်လာတယ်။ကျွန်တော်လည်း သူ့ကိုကြည့်ကြည့်နေတာ သူသိတယ်။ ပြောတာဆိုတာတော့ ဘာမှမရှိဘူး။ ရိုက်မယ့်သာရိုက်လိုက်ရော ကျန်တဲ့အချိန်တွေမှာ ကျွန်တော်ကလည်း ဘယ်သူ့ကိုမှ ဖက်လဲတစ ကင်းမရှိတတ်သလို သူကလည်း ဒီအတိုင်းပဲ။ အကုန်လုံးကိုတော့ ကျွန်တော်ကြည့်နေတယ်။ ဒီဆင်းနဲ့ပေါ်ကနေ ကျွန်တော်ပျောက်မသွားဘူး။ဘယ်သူ ဘာလုပ်တယ်ဆိုတာတော့ ကြည့်တယ်။ ကျွန်တော်ရဲ့ကြည့်နေခြင်းကိုလည်း သူကသတိထားမိတယ်။ အဲဒီရိုက်ကွင်းအစအဆုံး (တစ်လခွဲ ကြာ)မှာ သူနဲ့ကျွန်တော် စကားပြောမိတာသုံးခါပဲရှိတယ်။ ဇာတ်လမ်းထဲမှာပါတဲ့ ဒိုင်ယာလော့ပြောတာတော့ မပါဘူးပေါ့ဗျာ။ပြောဖြစ်ပုံကလည်း တစ်နေ့သူရိုက်ကွင်းကို နေ့လည် ဘက်ရောက်လာတယ်။

**ဂျူလိုင်** -မနက်ပိုင်း သူ့ဆင်းနမပါလို့ပေါ့။

**ဖိုးကျော်** -မနက်ပိုင်း တခြားကိစ္စတစ်ခုခုသွားပြီးလာတာ။သူက သူ့ဆင်းနမပါလည်း ရိုက်ကွင်းကိုလာနေကြ။ ဥပမာ အင်တာဗျူးတစ်ခုခု အလုပ်ကိစ္စတစ်ခုရှိရင် ဒါရိုက်တာကို မေးတယ်။ မနက်ရိုက်စရာဆင်းနရှိလား။ မရှိရင်နောက် ကျပြီးမှ လာလို့ရလား။ အဲလိုမျိုး။ အဲဒါနဲ့ ကျွန်တော်တို့ထမင်းစားနားတဲ့အချိန်သူရောက်လာတယ်။ အထုပ်တွေ အပိုးတွေနဲ့ သူ့ဝတ်ပည့်မှာလည်း အထုပ်အပိုးအပြည့်ပဲ။ အဲဒါနဲ့ ကျွန်တော်လည်း ကူသယ်ပေးလိုက်တယ်။ သူက "ရတယ်‥ရတယ်"တဲ့။ ကျွန်တော်ကလည်း "ရပါတယ်အစ်ကို ကျွန်တော်ကူသယ်ပေးမယ်"လို့ ပြန်ပြောလိုက်တယ်။ အဲဒီစကားက ကျွန်တော်တို့နှစ်ယောက်ရဲ့ ပထမဦးဆုံးပြောဖြစ်တဲ့စကားပါ။ နောက်တစ်ရက်သူရှူတင်က ပြန်တဲ့ အချိန်သူပြန်ခါနီး ကျွန်တော့်ကို လက်ပြတယ်။ သူ့ကိုကူညီခဲ့တဲ့ လူကိုပြန်ပြီး အသိအမှတ်ပြုအလေးထားတဲ့သဘော။ "အစ်ကိုပြန်ပြီလား"ဆိုတော့"အီးပြီ"တဲ့။"ဟုတ်ကဲ့အစ်ကို" ဆိုတဲ့စကားက ကျွန်တော်တို့ရဲ့ ဒုတိယမြောက်ပြောတဲ့စကားပဲ။ နောက်ကားအဆုံးသတ် ရိုက်ပြီးသွားတဲ့အချိန်မှာ ကျွန်တော်တို့မှာ ထုံးစံရှိတာက ကားတစ်ကား ပတ်စာခွာဖျာသိမ်းပြီတဲ့ အခါ လက်ခုပ်လက်ဝါးတီးပြီး အောင်မြင်မှုအနေနဲ့ အဆုံးသတ်ကြတယ်။အဲဒီအချိန် ကိုသားကြီးကစက်အဲ့တွေကို မုန့်ဖိုးပေးလေ့ရှိတယ်။ပြီးတော့ ကျွန်တော်ကို "ပြန်ပြီ See You"လို့ နှုတ်ဆက်ပြီး ပြန်သွားတယ်။ အဲဒါ ကျွန်တော်တို့ရဲ့ Personal သုံးခါတိတိပြောခဲ့ခြင်းပဲ။ ကြားထဲမှာ ကျွန်တော်ကံကောင်းထောက်မစွာနဲ့

www.burmeseclassic.com

www.burmeseclassic.com





အလုပ်တော်တော်များ လုပ်ခဲ့ရတယ်။ ၂၀၀၃ ခုနှစ်ကို ရောက်တော့ ငွေဆောင်ကရိုက်ကွင်းတစ်ခုမှာ သရုပ်ဆောင်တစ်ယောက်လိုနေတယ်။ လိုတာကလည်း အဲဒီ့နေရာအတွက် တစ်ယောက်ပြီးတစ်ယောက် ခေါ်ခဲ့ပေးမယ့် ခေါင်းဆောင်ဖြစ်တဲ့ကိုသားကြီးက စိတ်တိုင်းမကျနိုင်ခဲ့ဘူး။ကာရိုက်တာ မမိနိုင်တဲ့သူမျိုးပဲဖြစ်နေတယ်။ လူရှစ်ယောက်တိတိ ပြောင်းသွားတယ်။ စိတ်ကြိုက် မတွေ့နိုင်ဘူးဖြစ်နေတယ်။ဒါရိုက်တာလည်း စိတ်ပျက်သွားတယ်။ ခင်ဗျားကြိုက်တဲ့လူ ခေါ်တော့ဗျာဆိုတော့ ကိုသားကြီးက မန်နေဂျာဆာမိကို သူကရန်ကုန်ကို လွှတ်လိုက်တယ်။ ဒါရိုက်တာလူမင်းခေါင်နဲ့ ရိုက်တုန်းက ဖိုးကျော်ဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ ဆုံခဲ့တယ်။အဲဒီ့ ကောင်လေးကို တွေ့အောင်ရှာ ဇာတ်လမ်းစဉ်ပေးလိုက်။ စရံပေးပြီး မင်းရအောင်ခေါ်လာခဲ့လို့ ပြောလိုက်ပြီး သုံးရက်အချိန်ပေးလိုက်တယ်။ နှစ်ရက်ကြာတဲ့အထိ မတွေ့ဘူး။ ပြန်ခါနီး တစ်ရက်အလိုကျမှ ဖုန်းနဲ့ဆက်သွယ်မိသွားတယ်။ ခင်ဗျားကို အခုလာတွေ့ရမလားဆိုတော့ ကိုဆာမိရှိတဲ့ မြို့ထဲကို ကျွန်တော်လာစရာရှိတယ်။ ကျွန်တော်ပဲ လာခဲ့ပါမယ်ဆိုပြီး လိုက်သွားလိုက်တယ်။ ဟိုရောက်တော့ ဇာတ်လမ်းစဉ်ကို ဖတ်ကြည့်ပြီး ကျွန်တော်ရိုက်မယ်ဆိုပြီး ငွေဆောင်ကိုလိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်။

**ဂျူလိုင်-ရှုတင်မှာအထုပ်ဝိုင်းသယ်ပေးရုံလောက်နဲ့ ထမ်းခေါ်တာတော့မဖြစ်နိုင်လောက်ဘူး။ ကိုဖိုးကျော်ရဲ့ ပထမကားသရုပ်ဆောင်ချက်တွေကြောင့်များလား။**

ဖိုးကျော် -အထုပ်ဆွဲပေးခဲ့လို့ မဟုတ်သလို ပထမကားရဲ့ သရုပ်ဆောင်ချက်ကြောင့်လည်း မဟုတ်ဘူး။ဘာကြောင့်လဲဆိုတော့ အစ်ကိုရဲ့သူငယ်ချင်းနေရာကနေ“ဟာ…မင်းကလည်းကွာ ဟိုလိုလုပ်လိုက်ပေါ့တာညာနဲ့”အဲ့ဒီလောက်ပဲ သရုပ်ဆောင်ခဲ့ရတာပါ။ ဘာမှ မယ်မယ်ရရ မလုပ်ခဲ့ရပါဘူး။ အစ်ကိုက ကျွန်တော့်ရဲ့ အပြင်မှာနေတဲ့ထိုင်တဲ့ပုံစံကို ကြိုက်လို့ခေါ်ရိုက်တာ။ အဲ့ဒါကလည်း အစ်ကို့ကိုမေးကြည့်ခဲ့လို့ သိရတာပါ။ ကိုဆာမိလာခေါ်တဲ့ အကြောင်းပြန်ဆက်ရရင် ဒီကားကိုရိုက်ဖို့လက်ခံတယ်ဆိုရင် အဝတ်အစားစီစဉ်ဖို့ ပြောတယ်။ တစ်မျိုးကိုဆင်တူနှစ်စုံစီဝတ်ရမယ်တဲ့ နယ်မှာရိုက်ရမယ့်အပြင် အဝတ်အစားတစ်ခုခုဖြစ်သွားရင် အစားထိုးဖို့ မရှိမှာစိုးလို့ဝယ်ခဲ့ခိုင်းတာအဲဒါနဲ့ကျွန်တော်လည်း ဒီလောက်တော့မတတ်နိုင်ဘူး။ကိုယ်ရတဲ့ သရုပ်ဆောင်ခနဲ့ဆို အဆင်မပြေလောက်ဘူးလေ။ဒါနဲ့ ဘောင်းဘီကိုတော့မလဲတော့ဘူး။ အကျႌကိုတော့ နှစ်စုံလောက်ဝယ်ရင်ဖြစ် မလားဆိုပြီး ပြန်မေးခဲ့တယ်။ ရတယ်ဆိုတာနဲ့ ကမန်းကတန်းစီစဉ်ရတော့တာပေါ့။ ဈေးဝယ်ထွက်ရင်းမော လို့လမ်းဘေးလက်ဖက်ရည်ဆိုင်လေးမှာထိုင်ပြီး ဆင်းနံ့စီရီယယ်(ရိုက်ကွင်းအမှတ်စဉ်)ကိုဖတ်ကြည့်တော့ မင်းသမီးဖျက်စီးရမယ့်အခန်းပါနေတယ်။အဲဒါနဲ့ ကိုဆာမိဆီ ချက်ချင်းဖုန်းဆက်ပြီး ကျွန်တော်ဒီအခန်းကို မလုပ်နိုင်ဘူး။ ခင်ဗျားစရံ လာပြန်ယူလို့ ပြောလိုက်တယ်။ ဘာဖြစ်လို့လဲမေးတော့ ဒါကြောင့် ဒါကြောင့်ဆိုတာပြောလိုက်တာနဲ့ “ဟာ မင်းကစိတ္တဇလေး”တဲ့“စိတ္တဇလည်း လူသတ်ဆို သတ်ပေးမယ် ဒီလိုအခန်းမျိုးတော့ မရိုက်နိုင်ဘူး” ပြောလိုက်တယ်။ ကိုဆာမိကလည်း“ဟာ ဒုက္ခပါပဲ ခင်ဗျားပါမလာရင် အဆူခံရတော့မှာပဲ”တဲ့။

**ဂျူလိုင်- တော်သေးတာပေါ့ အချိန်မီဇာတ်ညွှန်းဖတ်လိုက်တော့ကိုယ်မကြိုက်တာတွေ့သွားတာပေါ့**

ဖိုးကျော် - ဇာတ်ညွှန်းမဟုတ်ဘူး။ ခုချိန်ထိ ကျွန်တော်တစ်ခါမှ ဇာတ်ညွှန်းကြီးမရဖူးဘူး။ ဆင်းနံ့စီရီယယ်ပဲရဖူးတာ။ ကျွန်တော်မရိုက်နိုင်တဲ့အကြောင်း ကိုဆာမိကအစ်ကိုဆီ ဖုန်းဆက်ပြောတော့ အဲ့ဒီအခန်းဖြုတ်ပေးမယ်တဲ့။ လိုက်ခဲ့ အောင်သာလိုက်ခဲ့ပါတဲ့။ ဒါနဲ့ကျွန်တော် ငွေဆောင်ရောက်

www.burmeseclassic.com

www.burmeseclassic.com

သွားရော။ သူနဲ့ကျွန်တော်နဲ့ ဘယ်လောက်မှ မရင်းနှီးပါဘဲနဲ့ ကျွန်တော်ဖြစ်နေတဲ့ အခက်အခဲတွေသူသိနေတယ်။ မှန်းလို့ရနေတာပြောပြဦးမယ်။ ကျွန်တော့်ကို ဒါရိုက်တာဘက် ကလုံးဝကိုမကြည့်ဘူး။ စုတ်ပြတ်သတ်နေအောင်ထားတယ်။ ရှုတင်ထမင်းလာပို့ရင်တောင် မနက်ဟင်းချက်ဖို့ ပင်လယ် ငါးဝယ်လာတဲ့ ကြွတ်ကြွတ်အိတ်ကို ရေဆေးပြီးပြန်ထည့်ပေးလိုက်တယ်။ စာမေးပွဲစစ်တာလားတော့မသိဘူး။ ဒါတော့ မပြောတတ်ဘူးလေ။ ကျွန်တော့်ရဲ့ ဒီအခက်အခဲအကုန်လုံးကို ဒီဘဲကြီးကသိနေတယ်ဗျ။ တစ်နေ့ သူထမင်းမလောက် ဘူး။ ကျွန်တော်လည်း ထမင်းမစားရသေးဘူး။ ကျွန်တော့်မှာ ထမင်းရှိတယ်ဆိုပြီး ကျွန်တော့်ကိုလာပို့ထားတဲ့ ငါးညီနံ့လှိုင် နေတဲ့ထမင်းထုပ်ကို ကျွန်တော်ပေးလိုက်တယ်"ဟာ ဒီကောင့်ထမင်းထုပ်ကလည်းကွာ" ဆိုပြီး သူ့တပည့်တစ်ယောက်ကို သူပြောတယ်။ အဲဒါနဲ့ကျွန်တော်က"အစ်ကို ကျွန်တော့်ကို ဘာသံသယမှမရှိပါနဲ့ဒီထမင်းထုပ်က ရှုတင်ထမင်းချက်အဖွဲ့ ကနေလာပို့ထားတဲ့ထမင်းထုပ်ကလေးပါ။ ကျွန်တော့်ဆီကနေ အစ်ကို့ကိုပေးတဲ့နေရာမှာ ဘာမရိုးမသားမှုမှမပါပါဘူးလို့ ပြောလိုက်တယ်။ သူကျွန်တော့်ကို အကြာကြီးပဲထိုင်ကြည့်နေတယ်။ "ကျွန်တော်ကတော့ ကျွန်တော့်ကို ခုလိုခေါ်တဲ့ ကျေးဇူးကြောင့် ကျွန်တော်စားမယ့်ထမင်းလေးကို လာပေးတာပါ။ ဒါပေမဲ့ ကျွန်တော်စားနေရတဲ့ထမင်းက အဲ့ဒီလိုမျိုး ပါဆိုတာတော့ အစ်ကို့ကိုသိစေချင်တယ်"လို့ ပြောလိုက်တယ်။ အဲ့ဒါက အစ်ကိုနဲ့ကျွန်တော်ဒုတိယ အကြိမ်စကားပြောဖြစ်ခြင်းပါပဲ။ နေ့တိုင်းပင်လယ်ငါးဟင်းချည်းစားရတယ်။ ထမင်းကပျော့ပြဲနေတဲ့အခါပြတယ်။ ချိုးတွေပါတဲ့ အခါပါတယ်။သေချာတာတစ်ခုက အဲဒီဒါရိုက်တာ ကျွန်တော့်ကိုမကြည့်တာပဲ။ အစ်ကိုက ကျွန်တော့်ကို မရမက ခေါ်ခိုင်းခဲ့တာကြောင့်လားတော့မသိဘူး။ သေချာတာကတော့ ကျွန်တော့်အပေါ် အမြင်မရှင်းတာပဲ။ နှိမ်တယ်။အရမ်းနှိမ်တယ်။လူကြားထဲမှာပက်ပက်စက်စက်နှိမ်တယ်။ အစ်ကိုကျွန်တော့်ကို အကြာကြီးစိုက်ကြည့်ပြီးတဲ့ နောက်တစ်နေ့မှာ"ဖိုးကျော် မင်းအခန်းရွှေ့ရမယ်တဲ့" လူတစ်ယောက်ကလာပြောတယ်။ ဘယ်ကိုလဲဆိုတော့ အစ်ကိုနားကအခန်းတဲ့။ ကျွန်တော် အံ့ဩသွားတယ်။ အံ့ဩခြင်းနဲ့အတူကြောက်သွားတယ်။ ငါ့ကိုဘာပြောချင်လို့လဲ ဆုံးမချင်လို့လား။ ဘာလုပ်မလို့လဲစတဲ့ရင်ခုန်မှုတစ်ခုတော့ ကျွန်တော်ရှိသွားတယ်။ ဒါပေမဲ့အဲဒီနေ့ကစပြီး သူထမင်းစားတိုင်းကျွန်တော့်ကိုခေါ်စားတယ်။ သူ့အတွက်က ခြောက်ဆင့်ချိုင့်မှာ ဟင်းတွေချည်းပဲပါတယ်။ ထမင်းကသပ်သပ်။

**ဂျူလိုင် - ကိုသားကြီးနဲ့ ကိုဖိုးကျော်ဒုတိယတွေ့ဆုံမှုက အတော်ရင်းနှီးခဲ့တယ်ပေါ့။**

ဖိုးကျော် - ကျွန်တော်ရိုက်သမျှ သူဘေးကနေထိုင်ကြည့်နေတယ်။ ဘယ်လောက်လုပ်နိုင်မလဲဆိုတာကို ချက်နေတာ။ ပထမကားမှာ သုံးခွန်းလောက်ပြောဖြစ်ခဲ့တဲ့သူနဲ့ကျွန်တော်ဒုတိယကားမှာ စကားအခွန်း ၃၀၀ လောက်ပြောဖြစ်ခဲ့ကြတယ်။

**ဂျူလိုင် - အဲ့ဒီမှာ ဘာကြောင့်ကိုဖိုးကျော်ကိုခေါ်တာလဲဆိုတာ မေးဖြစ်ခဲ့တာပေါ့။**

ဖိုးကျော် - ခုနပြောခဲ့သလိုပေါ့။"အစ်ကိုဘာလို့ကျွန်တော့်ကိုခေါ်တာလဲ အနုပညာနဲ့ပတ်သက်ပြီးကျွန်တော်ဘာမှလည်းတတ်သေးတာမဟုတ်ဘူး"ဆိုတော့ "မင်းအခုလိုအပြောတွေ အမူအယာတွေကြောင့်ပဲခေါ်တာ"တဲ့။

**ဂျူလိုင် - သူက အပြင်ကာရိုက်တာကိုလည်း တော်တော်ဂရုစိုက်ဖြစ်တာပဲနော်။**

မောင်ဗေဒါ - ဟုတ်တယ်။ အလုပ်ထဲမှာတောင်မဟုတ်ဘူး။ အပြင်သွားရင်တောင် သူကမျက်လုံးကို အနားမပေးဘူး။ ကိုယ်ကလည်း ဒါရိုက်တာဆိုတော့ သရုပ်ဆောင်တွေရဲ့မျက်လုံးကို ဖတ်တတ်ရမယ်လေ။ အဲ့ဒီမှာသူ့မျက်လုံးကို ကျွန်တော်တော်တော်ဖတ်တတ်ခဲ့တယ်။ သူကငိုရင်လည်း အစစ်ငိုတယ်။

**ဂျူလိုင် - သူငိုရတဲ့ ဇာတ်ဝင်ခန်းရိုက်နေတာတွေကြုံခဲ့ဖူးတယ်။ ကျွန်မက စိတ်နုတဲ့သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူသရုပ်ဆောင်နေတာကိုကြည့်ပြီး ကိုယ်လည်းမျောသွားဖူးတယ်။သတိထားမိတော့ကျွန်မပါးမှာမျက်ရည်တွေကျလို့။**

ဖိုးကျော် - အဲ့ဒီကိစ္စပဲဆက်သွယ်မှုပေါ့။ သူနဲ့ကျွန်တော့်ကြားကွန်နရှင်က အဲ့ဒီအချိန်မှာ စချိတ်မိခဲ့တယ်။ ဥပမာပြောရင် သူကဘောလုံးကန်တာ ဝါသနာပါတယ်။ ကျွန်တော်ကလုံးဝ ဝါသနာမပါဘူး။ ရှုတင်ပြီးတဲ့အချိန်မင်းသားတွေနဲ့


www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြင်မှာ ဘောလုံးကန်ကြတယ်။ ကျွန်တော်ကတော့ ကိုယ့်ဘာသာကိုယ်ပဲနေတယ်။ ဘန်ဂလို၊ ခရန်တာမှာဖြစ်ဖြစ်။ ပင်လယ်ကြီးကို မျက်နှာမူပြီးဖြစ်ဖြစ်ပေါ့။ တွေးချင်ရာတွေးပြီးနေတယ်။ အဲဒီမှာ သူကဘောလုံးကန်နေရင်းနဲ့ ကျွန်တော့်ကို သူမ်းလုမ်းကြည့်တယ်။ နောက်လူတစ် ယောက်လိုလို့တဲ့ ကျွန်တော့်ကိုဂိုးလာစောင့်ခိုင်းတယ်။ မကန်ချင်နေ ဂိုးပေါက်မှာထိုင်နေရင်ပြီးရောတဲ့။ မစောင့်နိုင်ဘူး လို့ပြောလိုက်တယ်။အဲ့ဒီမှာကတည်းက သူက ကျွန်တော့်မှာကြောက်ခဲ့ရတယ်။ အဲ့ဒီမှာပဲ ကျွန်တော့်ကိုသူကမေးတယ်။"မင်းကရောငါ့ကို ဘယ်လိုမြင်လဲ"တဲ့ "ကျွန်တော်အမှန်အတိုင်းပြောရမလား၊ လိမ်ပြောရမလားလူတိုင်းကတော့ အမှန်အတိုင်း ပြောလို့ပြောမှာပဲ" ဆိုတော့ဘာပြောတယ်မှတ်လဲ။ "မင်း ပြောချင်သလိုပြော မင်းပြောတာကိုငါယုံမယ်"တဲ့။

**ဂျူလိုင်မိုး- ကောင်းလိုက်တဲ့စကား • • •**

ဖိုးကျော် - ပထမဦးဆုံး အငြိုကအဲဒါပဲ။ ကျွန်တော်ချပေးတဲ့ ခေါင်းစဉ်အောက်မှာ သူမနေဘူး။ မင်းပြောချင်သ



တော်သည် မလုပ်ချင်တဲ့အလုပ်ကို ဘယ်သူကြီးပါနေနေ မလုပ်ဘူးဆိုတာ သဘောပေါက်သွားတယ်နဲ့တူတယ်။ ဦးဗေဒါပြောသလိုပဲ ရိုက်ကွင်းမဟုတ်လည်း သူက လူတွေကိုအမြဲ ချက်နေတာ။ တစ်နေ့ သူ့ဘန်ဂလိုလေးရှေ့မှာသူနဲ့ မိုးလင်းပေါက်နီးပါးပဲ ထိုင်စကားပြောကြတော့ ကျွန်တော့်ကို ဘာကြောင့်ခေါ်တာလဲဆိုတာ အဲ့ဒီမှာမေးခဲ့တာပေါ့။ပြောသေးတယ်။ မင်းကဦးကျော်ငယ်ငယ်က၊ ငါငယ်ငယ်က ပုံစံနဲ့တူတယ်။ မင်းမှာရှိတော့ရှိတယ်။ ငါရှာဦးမယ်တဲ့ဘာကိုဆိုလိုပြီးပြောခဲ့မှန်း ကျွန်တော်လည်းမသိခဲ့ဘူး။ ငါ့ကိုဘာတွေများလုပ်ခိုင်းဦးမလဲ။ သူနဲ့ အပြိုင်အိုက်တင်တွေများလုပ်ခိုင်းဦးမလားဆိုတဲ့ နှိုးနိမ့်ထိတ်လန့်မှု တွေတော့ရှိခဲ့တယ်။ ကိုယ်ကဘာမှ မဟုတ်တဲ့ကောင်လေး။ သူနဲ့များယှဉ်လုပ်ရရင်တော့ သောက်ကျိုးတွေနည်းကုန်ရချည်ရဲ့ဆိုပြီး ကျွန်လိုပြောဆိုတဲ့ ခေါင်းစဉ်အောက်ကိုရွှေ့ပစ်လိုက်တယ်။ ဒါနဲ့ ကျွန်တော်က ပွင့်ပွင့်လင်းလင်းပြောရရင်ခွေးဆိုတာ သောက်ရမ်းကို တော်တယ်။ ခွေးရဲ့ သရုပ်ဆောင်မှုကို သောက်ရမ်းသဘောကျတယ်။ ဒါပေမဲ့ ကျွန်တော် အဲ့ဒီလူကိုကြည့်လို့မရဘူး။ ဘာကြောင့်လဲတဲ့ ရုပ်ကွက်ထဲကအမြင်နဲ့ ပြောမယ်။ ညှိုးခြာတ်ပါတဲ့မျက်လုံးတွေနဲ့ မိန်းမတွေကို ကြည့်မယ်။ အဲ့ဒီ အကြည့်တွေမှာ မိန်းမတော်တော်များများက ကြွေသွားတယ်။ မပွင့်တပွင့်လေးပြုံးမယ်။ စကားကိုမပြောချင်လိုပြောချင်သလို ပြောမယ်။ ခင်ဗျားမျက်လုံးတွေနဲ့ပဲ ခင်ဗျားအလုပ်လုပ်မယ်။ မိန်းမတွေကိုခင်ဗျားအသေပိုင်တယ်။ ဘေးလိုင်းစင်းအပေါက်အင်္ကျီကိုဝတ်ပြီး မိန်းမတွေကို ကြာဆန်ဆန်မျက်လုံးနဲ့ ကြည့်တတ်တဲ့ ခင်ဗျားကိုကျွန်တော်ကြည့်လိုမှာဘူးဆိုတော့။ သူသောက်ရမ်းသဘောကျသွားတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆိုးချင်ဆိုးလေ။ သူနဲ့ ကျွန်တော်သိပ်လည်း မခင်သေးဘူး။ ဘာအကာန်မှုလည်းမရှိသေးဘူး။ ပော့ကောင် မင်းဂိုးတော့ကွာဆိုရင် ကျွန်တော်က ထပြန်ရုံပဲ။ အဲ့ဒီမှာ သူဘာထပ်ပြောလဲဆိုတော့ ငါမင်းကိုရွေးလိုက်တာ မှန်သွားပြီတဲ့။

**ဂျူလိုင်မိုး- ဒါပဲလေ။ သူ့ကိုသတိထားမိတဲ့ သူကို သူကသဘောကျမှာပေါ့။**

ဖိုးကျော်- ဂျူလိုင်မိုးပြောတဲ့စကား သူကျွန်တော့်ကိုပြောဖူးတယ်။ အဲဒါ မင်းငါ့ကိုသတိထားနေလို့ပေါ့တဲ့။ဟာ သိပ်သေချာတာပေါ့။ လူတွေအားလုံးထဲမှာ ရူပါဖြစ်နေတဲ့ မင်းသားကိုဘာလို့ ရူပါဖြစ်နေလဲဆိုတာလေ့လာရမှာပေါ့။ အစ်ကိုက ပြောချင်သလိုပြောဆိုလို့ ကျွန်တော် ပြောလိုက်တာ ရိုင်းချင်ရိုင်းသွားလိမ့်မယ်။ အဲဒါတော့ခွင့်လွှတ်ဆိုတော့ ဒီကားပြီးတော့ ရန်ကုန်ပြန်ရောက်ရင်မင်း ငါ့ဆီကိုလာခဲ့ဦးတဲ့။ အဲဒါ ကျွန်တော်တို့ရဲ့ ဒုတိယတွေ့ဆုံမှုပါပဲ။

**ဂျူလိုင်မိုး- ဦးဗေဒါ ခုနစကားလေး ပြန်ဆက်ပေးပါဦး။ ကိုသားကြီး ငိုတဲ့အခန်းရိုက်တာလေ။**

ဂျူလိုင်မိုး- သူကတကယ်ကြီးလုပ်နေတယ်။ တကယ့်ကို အစစ်ကြီးငိုနေတယ်။ ဒါနဲ့ နားတဲ့အချိန်သူ့ကို အဲ့ဒီမျက်ရည်တွေ ခံစားချက်တွေကို ဘယ်လိုမွေးပြီးဘယ်လိုထုတ်တာလဲဆိုတာ သိချင်လို့မေးတော့ သူပြန်ကြည့်တဲ့အကြည့်က ဒါရိုက်တာတစ်ယောက်ဖြစ်ပြီး ဘာလို့ဒါကိုသိချင်ရတာလဲပေါ့။ သရုပ်ဆောင်တစ်ယောက် မေးရင်တော့ သူပြောမှာပေါ့။ ကျွန်တော်တကယ်သိချင်လို့ပါဆိုတော့။ ကျွန်တော်တစ်ခုခုကြောင့်ငိုရတော့မယ်ဆိုရင် ကျွန်တော့်အမေ ဆုံးခါနီးဆေးရုံမှာ ဖြစ်သွားတဲ့ပုံကိုပြန်တွေးယူရတယ်။ ကျွန်တော်က အမေ့ကိုသိပ်ချစ်တာလေတဲ့။ နောက်အမေ့ ဈာပနကို မြင်ယူတယ်တဲ့။ ဒါနဲ့ ကျွန်တော်လည်း ဒါကြောင့် ဈာပနမှာ မငိုဘဲနဲ့အောင့်ထားခဲ့တာလား · ·ဒါကြောင့်ဒီမှာငိုလို့ကောင်းနေတာလားလို့ ပြန်တွေးမိခဲ့တယ်။

**ဂျူလိုင်မိုး- သူက ဒီလိုခံစားယူပြီးငိုတာကိုး။ ဒါနဲ့ ဦးဗေဒါသူ့ကိုကျေးဇူးတင်မိတာရှိတယ်ဆို။**

မောင်ဗေဒါ-ဟုတ်တယ်။ အဲဒါက တစ်နေ့ ကားတစ်ကားစီစဉ်ပေးပါတဲ့။ ကိုယ်လည်း ဘယ်ကုမ္ပဏီအတွက်ရိုက်မှာလဲပေါ့။အဲဒါကို သူကဘယ်ကုမ္ပဏီအတွက်မှမဟုတ်ဘူး။ ကိုဗေဒါအတွက်လုပ်ပေးချင်လို့တဲ့။ ကိုယ်လည်း အမြန်စီစဉ်ပေးတာပေါ့။ကားနာမည်က "ကမ္ဘာကြီးလုံးတာယုံလိုက်ပြီ" ဆိုတဲ့ လွန်းထားထားရဲ့ ဇာတ်ကလေး ရိုက်ခါနီး ကိုယ်က ရိုးသားစွာနဲ့ပဲ ကျွန်တော့်မှာထုတ်ရိုက်နိုင်လောက်တဲ့ ငွေကြေးမရှိဘူးဆိုတော့ လုပ်လိုက်ပါတဲ့။ အဲ့ဒီအချိန် ကုမ္ပဏီတွေက အပြိုင်အဆိုင်နဲ့ သူ့ရောင်းပါ၊ ငါ့ရောင်းပါနဲ့ လာဝယ်ကြတယ်။ ကုမ္ပဏီပေါက်ဈေး အဲ့ဒီအချိန်က ၃၆သိန်းရတယ်။ သူ့ရဲ့ သရုပ်ဆောင်ကြေးက၁၄သိန်းပဲရှိသေးတယ်။ (ရူပါစလွှန်းတစ်စီးမှာ၆သိန်းခေတ်လေ) ရိုက်ပြီးတော့ စုစုပေါင်း သိန်း ၂၀ ပိုတယ်။ အဲဒါနဲ့ ကိုသားကြီးဆီသွားပြီး သရုပ်ဆောင်ခ ၁၄သိန်းသွားပေးတော့။"မဟုတ်ဘူးလေ ကျွန်တော်ဒီကားကို ခင်ဗျားကိုလက်ဆောင်အဖြစ်ရိုက်ပေးတာ။ ကျွန်တော့်ကိုပေးစရာမလိုဘူး"တဲ့။ ကျွန်တော်က လည်း"မဟုတ်တာ ဒီကားကိုအကောင်းဆုံးရိုက်ပေးခဲ့တာနဲ့ ပတ်ဝန်းကျင်ရဲ့ လေးစားမှုတွေက ခင်ဗျားကျွန်တော့်ကိုလက်ဆောင်ပေးပြီးပြီပဲ" ဆိုပြီးကျွန်တော်အတင်းပေးခဲ့တယ်။ မမိုး(ဒွေးဇနီး)ကတောင် "ကိုဗေဒါ ရှင်တော်တော် တုံးတာပဲ ရှင့်ကိုလက်ဆောင်ပေးတဲ့ဟာ ရှင်ကားတစ်စီးဝယ်စီးလို့ရနေတာပဲ။ ဘာလို့လာပေးရတာလဲ"တဲ့။ ကျွန်တော့်ကိုအသိ အမှတ်ပြုတာကိုပဲ ကျေးဇူးတင်တယ် ဝမ်းသာနေပါပြီ။ ကျွန်တာမလိုအပ်ပါဘူး"လို့ ပြောခဲ့ပါတယ်။ ဒီနေ့ထိလည်းသူတို့ ဇနီးမောင်နှံဆီမှာ ငွေကြေးအကူအညီမတောင်းခဲ့ဘူး။ မယူခဲ့ဘူး။ တစ်ခုပဲဝတ္ထုတစ်ပုဒ်ကြိုက်ပြီဆိုပါတော့ "ကိုသားကြီး ဒီဝတ္ထုကြိုက်တယ်လို့ "ပြောလိုက်ရင်ဘာဇာတ်လဲလို့ သူမမေးတော့ဘူး။ ခင်ဗျားဘာလုပ်ချင်လဲ။ ကျွန်တော် ဝယ်ချင်တယ်ဆိုရင် ခင်ဗျားမဝယ်နဲ့ကျွန်တော်ဝယ်မယ်။ ရော့ပိုက်ဆံဆိုပြီးချက်ချင်းပေးတာ။ အဲဒါလေးစားမှုနဲ့ယုံ ကြည်မှုရတာပဲ။နောက်ဒီကားမှာ ပရိဂျူဆာကသီချင်းတစ်ပုဒ်ထည့်ပြီးပြီ နောက်ထပ်တစ်ပုဒ်များထည့်လိုက်ရင် ပိုကောင်း သွားမှာဆိုရင် "ထည့်လိုက်ဗျာ ဘယ်လောက်လဲ" ဆိုပြီးပေးလိုက်တာပဲ။ အရမ်းချစ်ဖို့ ကောင်းပါတယ်။

**ဂျူလိုင်- တစ်ဦးနဲ့တစ်ဦး ယုံကြည်လေးစားမှုရှိကြတာပေါ့**

www.burmeseclassic.com


မောင်ဖေဒါ- ဒါပေမဲ့ သူက လုံးဝအမှားမခံဘူး။

ဖိုးကျော်- အဲဒါတော့ဟုတ်တယ်ဗျ။ ကျွန်တော်နဲ့ သူနဲ့ဇာတ်ကားထဲမှာ ဖိုက်တင်ချကြတော့ ရိုက်ခါနီးကျွန်တော်ပြောတယ်။ "အစ်ကိုကျွန်တော် ဆော်ပြီနော်ဆိုတော့" "အဲ့ဒီလို လူကို စောင့်နေတာ" တဲ့။ ပခုံးလာပုတ်တယ်။ ပခုံးလာပုတ်တာ အကြောင်း အရာကြောင့်မဟုတ်ဘူး။ သူ့အနားမှာ ကျွန်တော်ရှိနေရင် သူ့အတွက် တစ်ခုခုကောင်းနေတယ်ဆိုပြီး အသိပေး လိုက်သလိုပဲ။ သူဟာန်ဆောင်ပြီးပြောတာ မဟုတ်ဘူးနော်။ တကယ်လုပ်နိုင်းတာ။

မောင်ဖေဒါ- ရိုက်ကွင်းမှာ မင်းသားအသစ်လေးတစ် ယောက်က ညနေရှုတင်ဆက်ရိုက်ခါနီး ပရိုဂျူဆာဆီခွင့် တောင်းပြီးအပြင်ထွက်သွားတယ်။ ပရိုဂျူဆာကလည်း ဘာသိမှာလဲသွားပေါ့။ တစ်နာရီလည်းပြန်မလာ။ နှစ်နာရီ လည်းပြန်မလာနဲ့ ကိုသားကြီးကသိသွားရော‥ အား လုံးက သူ့ကိုစောင့်နေရပြီလေ။ ပြန်လာတော့ ဇာတ်ဝင် ခန်းရိုက်တယ်။ အဲ့ဒီမှာမင်းသားသစ်ကိုရိုက်ရမယ့် အခန်းမှာ တကယ်ကိုင်ထည့်လိုက်တယ်။ ဇာတ်ကလည်း တအားလှသွားတယ်။ တကယ် အသက်ဝင်သွားတယ်။ ဒါသူဆုံးမလိုက်တာ အမှားမခံဘူးဆိုတာ အဲဒါပဲ။

**ဂျူလိုင်- ကြားထဲက ဒါရိုက်တာ အမြတ်ထွက်သွား တာပေါ့။**

မောင်ဖေဒါ- အမြတ်ထွက်တယ်ဆိုတာထက် ကိုယ်က လည်းသူ့ကို လိုက်ကြည့်နေရတာလေ။ သူဘယ်လိုလုပ် မလဲဆိုတာ။

ဖိုးကျော်-တကယ်တော့ ရိုက်ကွင်း ဆိုတာ Team Work ပါပဲ။ ဂျူလိုင်မိုးပြောသလို အမြတ်တစ်ခုတော့ထွက်သွား တယ်။ သူကဘာကြောင့်ပဲဖြစ်ဖြစ်အဖြေထွက်လာရင် ကောင်းမွန်တဲ့ အဖြေထွက်အောင် လုပ်နိုင်တဲ့အနုပညာ သမားကောင်းတစ်ယောက်ပါ။

**ဂျူလိုင်မိုး-ကိုဖိုးကျော်နဲ့ ကိုသားကြီးကိုတချို့က ညီအစ်ကိုလို့ထင်ကြတယ်။**

ဖိုးကျော်- ဟုတ်တယ်။ တချို့ကညီအစ်ကိုလားတဲ့။ ဘာမှ သွေးမတော်သားမစပ်ပေမယ့်သူနဲ့ကျွန်တော်ဘယ် လောက်ထိစိတ်ခြင်းဆက်သွယ်နေသလဲဆိုရင် သူတောင် ကုန်းတစ်ခုပေါ်တက်သွားတယ်။ ဟိုဘက်လှည့်ပြီး(ကျော ပေးပြီး) ရပ်နေတယ်။ သူ့ကိုယ်နေဟန်ထားကို ကြည့်ပြီး သူဘာဖြစ်ချင်လဲဆိုတာ ကျွန်တော်သိတယ်။ တောင်ကုန်း ပေါ်မှာ ခါးထောက်ပြီး(သူ့စတိုင်လေ)နေတယ်။ အဲဒါနဲ့ ကျွန်တော်က သူ့ကောင်လေးကို "ဒီပစ္စည်းယူ ဒီပစ္စည်းယူ ဒီပစ္စည်းသယ်မြန်မြန်သွား" ဆိုပြီးလွှတ်လိုက်တယ်။သူ့တာ ပည့်ရောက်ပြီခဏအကြာ တောင်ကုန်းပေါ်ကနေလက် ခေါက်မှုတ်၊ လက်ကိုင်ပုဝါလေးရမ်းပြီး ကျွန်တော့် ကိုအသိအမှတ်လုပ်ပြတယ်။ သူကျွန်တော်နဲ့ပတ်သက်ပြီး မျက်ရည်ကျဖူးတယ်။ ပြောချင်တာကသူနဲ့ကျွန်တော် အရမ်းနီးသွားတာ။ ရှိသေးတယ်။ သူက ဟိုဘက်ခန်းမှာ အိပ်နေတယ်။ ကျွန်တော်ကဒီဘက်အခန်းမှာအိပ်နေတယ် အလယ်မှ ခုနှစ် လက်မရှစ်လက်မ အုတ်နံရံထုရှိတယ်။ အဲ့ဒီ အုတ်နံရံကို ဒီလောက် ကလေးတောက်လိုက်တာနဲ့ (လက်နဲ့ ထောက်ပြလျက်)နိုးတယ်။ ဂျူလိုင်မိုး သွားနား ထောင်ကြည့်လုံးဝမကြားနိုင်လောက်ဘူး။ ဒီထက်ဆိုးတာ ကပြင်ဦးလွင်မှာကားတွေရိုက်ကြတော့ ကျွန်တော်တည်း တဲ့ဟိုတယ်နဲ့ သူတည်းတဲ့ဟိုတယ် ခုနစ်လေနဲ့တာမွေ လောက်ဝေးတယ်။ အဲ့ဒီကနေ သူကျွန်တော့်ဆီ လာနေတာ ကျွန်တော်သိတယ်။ ဒီဘက်ဟိုတယ်မှာ စက်အဖွဲ့တွေနဲ့နေတဲ့ ကျွန်တော်က "ခြံတံခါးသွားဖွင့်ထား ကိုသားကြီးလာနေပြီ" ဆိုတော့ "ကိုသားကြီးကအိပ်လို့ သိုး နေပြီတဲ့" ပော့ကောင်တွေ မင်းတို့သောက်နေတဲ့ပုလင်း




www.burmeseclassic.com

www.burmeseclassic.com



တွေသိမ်းတော့ ငါသိတယ်လာနေပြီနော် ငါ့အာရုံ ရနေ တယ်"ဆိုတော့ "ဘာတွေလာပြောနေတာလဲ"တဲ့။ ပြောနေတုန်းပဲရှေ့ကနေ"တီတီတီ"ဆိုပြီးကားဟွန်းသံကြား ရရော "ဖုန်းကြိုဆက်ထားတာလား"တဲ့ "မင်းတို့နဲ့ အတူထိုင်သောက်နေတာပဲလေ"ဆိုတော့ . . .

**ဂျူလိုင်မိုး- စိတ်ချင်းဆက်နေတဲ့ သဘောပေါ့နော်။**

**ဖိုးကျော်-** သိပ်ချစ်ကြပါတယ်။ ဒါပေမဲ့ မခေါ်မပြောနိုင်ဖြစ်တဲ့ရက်တွေလည်း အများကြီးပါပဲ။ သူ့စကားရှိတယ်။ ငါမှားနေရင် ငါ့ကိုလူကြားထဲ လက်ညှိုးထိုးပြောလို့ရတယ်တဲ့။ ကျွန်တော်ပြောကြည့်တယ်။ မင်း ငါ့ကို လူကြားထဲမှာဆိုပြီး ရှုးရှုးရှဲရှဲဖြစ်တော့ အစ်ကိုပြောထားတယ်လေ၊ မှားရင်ပြောဆို။ အစ်ကို ဒီနေရာ ဒီနေရာတွေ မှားနေတယ်ဆိုတော့ "ဩော် . . . ဩော်၊ အေး . . . ဟုတ်တယ်"ဆိုပြီး သူပေးတဲ့ဂတိကို သူတည်တယ်။ ဒါပေမဲ့ ကျွန်တော်သူ့အတွက် လှမှန်းအများကြီးလည်းခံခဲ့ပါတယ်။ ဒီရိုက်ကွင်းမှာ ကျွန်တော် ရှုတင်မန်နေဂျာလည်းမဟုတ်။ ကင်မရာမန်းလည်းမဟုတ်။ ဒါရိုက်တာ၊ ပရိုဂျူဆာလည်းမဟုတ်ဘဲ အကုန်လုံးဝင်ပါခဲ့ရတယ်။ ဥပမာ မင်းသမီးတစ်ယောက်က လုံးဝပေါက်ကွဲရမယ့် အခန်းရိုက်ရမယ်ဆို ကျွန်တော် အဲ့ဒီမင်းသမီးကို ကလိလိုက်တယ်။ မကြည်လင်တဲ့စိတ်နဲ့ မိုက်သွားအောင်ပိုလုပ်လိုက်တယ်။ ဥပမာ ဒီထမင်းစားနားပြီးရင် ဒီစိတ်ဆိုးတဲ့အခန်း ရိုက်မယ်ဆိုပါတော့။ သူ့ကို ဟင်းတွေအရိုးတွေချည်းပဲပေးလိုက်တာတို့၊ သောင်းကြမ်းရော။ ရှုတင်မန်နေဂျာ ကိုဆာမိက သိတောင်မသိဘူး။ ဘယ်သူလုပ်လိုက်တာလဲ၊ ဖိုးကျော် ဒီမသာက ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ကျွန်တော့်ကို မုန်းကြရော။ သူတို့အတတ်ပညာနဲ့ ကာရိုက်တာကိုရအောင်ရိုက်နိုင်ပေမယ့် အစစ်ရအောင် ကျွန်တော်လုပ်ခဲ့တာပါ။

**ဂျူလိုင်မိုး- အလုပ်ခံရတဲ့သူတွေကတော့ ဘယ်ကျေနပ်မလဲ။**

**ဖိုးကျော်-** အစ်ကို့အတွက် သက်စွန့်ဆံဖျား လုပ်ခဲ့ဖူးပါတယ်။ ဝက်ဝံရေတံခွန်မှာ သေပြေးရှင်ပြေးဆိုတဲ့ ကားကြီးရိုက်တုန်းက အစ်ကိုကိုစိတ်မချလို့ တောင်ထိပ်ပေါ်ထိ ကျွန်တော်လိုက်သွားတယ်။ တကယ်တမ်းကျပြီးသေမလိုနွယ်ကြိုးကြီး တန်းလန်းဖြစ်သွားတာကကျွန်တော်။ လက်မှာဟန်ဒီကယ်ကင်မရာတစ်လုံးနဲ့ တကယ်Edit လုပ်ခါနီးကျတော့ ရေထဲကို ဖွမ်းခနဲကျသွားတဲ့အပေါ်စီးကပ်ကို ကျွန်တော့် ကင်မရာသေးသေးလေးဆီကပဲ ရလိုက်တယ်။ ကင်မရာတွေ အသီးသီးထောင်ထားတယ်။ မင်းက ဒီကင်မရာနောက်မှာပုန်းနေ၊ မင်းကဒီနောက်မှာပုန်း အစ်ကိုကျပြီဆိုတာနဲ့ မင်းတို့ရအောင်ပြေးနော်ဆိုပြီး မှာထားရတယ်။ အစ်ကိုက ဒူးဆစ်ပြုတ်ထားတာ၊ ဘောလုံးကန်တုန်းကဖြစ်တာ။ တစ်ခါတလေ ပြုတ်သွားရင် ခြေထောက်က ဆာသွားရော။ နာတော့မနာဘူး။ အဲဒါကို ဆွဲပြီး ဂလောက်ဆိုဆွဲတင်ပေးလိုက်ရင် ဖစ်တင်ပြန်ဖြစ်သွားရော။ တစ်ခါတလေကျရင်ဇာနဲ့အလုပ်ကိုဆက်တိုက်မနားဘဲလုပ်တယ်။ အဲဒါနဲ့ကျွန်တော်က"အစ်ကို နားပေးလိုက်ပါဦး၊ ထမင်းလေးဘာလေး စားကြပါစေဦး"ဆိုပြီး သတိပေးရတယ်။ ငတ်တာကတော့ သူတို့တင်မဟုတ်ဘူး၊ ကျွန်တော်တို့ပါပေါ့။ ရှုတင်တစ်ဖွဲ့လုံးပဲ သိပ်ကောင်းပြီး သိပ်အရေးကြီးတဲ့အခန်းရိုက်မယ်ဆို ထမင်းမကျွေးသေးဘူးလားမမေးနဲ့ မင်းတို့အိတ်ထဲမှာ ပူတင်းပေါင်မုန့်ဆောင်ထားလို့။

**ဂျူလိုင်မိုး- ကိုသားကြီးရဲ့ လိုအပ်မယ်ထင်တဲ့အချက်တွေကို ကိုဖိုးကျော်ကလိုက်ဖြည့်ပေးတာပေါ့။**

**ဖိုးကျော်-** တချို့ဆိုရင် ကျွန်တော်တို့ကို ညားနေတယ်တဲ့။ အဲ့ဒီလောက် အထိအပြောခံရတယ်။ တစ်ခါ ဒါရိုက်တာတစ်ယောက်က သူ့ကိုမေးတယ်။ ဖိုးကျော်မှာ ဒွေးအိုက်တင်တချို့ကိုတွေ့ရတယ်။ ဒွေးက လွှမ်းမိုးထားလို့လားတဲ့ ဆိုတော့ သူဘာပြန်ပြောလဲသိလား။ ခင်ဗျားတို့က ဖိုးကျော်ကိုပဲကြည့်တာကို။ ဒွေးကိုလည်း သေသေချာချာကြည့်တဲ့။ ဒွေးဆီမှာလည်း ဖိုးကျော်ရဲ့ အိုက်တင်တွေရှိတယ်တဲ့။ အဲ့ဒါကတော့ အမြဲတမ်းအသွားအလာရှိနေတဲ့၊ နီးစပ်မှုရှိတဲ့ လူနှစ်ယောက်က အနေအထား။ အသွားအလာ၊ အပြောအဆိုတွေ တူသွားတတ်တယ်တဲ့။ အဲဒါတွေ နားမလည်ဘဲနဲ့ ခင်ဗျားတို့ ကျွန်တော့်ကို လာမေးနေတယ်ဆိုပြီး ရွှေမန်းရုပ်ရှင်ရုံမှာ ပြန်ပြောခဲ့တာကြားရတယ်။ အစ်ကိုမရှိတော့တဲ့နောက်ပိုင်းမှာလည်း ကျွန်တော်လှုပ်ရှားတဲ့ပုံရိပ်တွေကို သူနဲ့တူတယ်လို့ ကျွန်တော့်ကိုပြောကြတယ်။ ကဒ်လို့ အော်ရမှာ မျောသွားတယ်ကွာ။ မင်းကကိုသားကြီးနဲ့ တော်တော်ဆင်တာပဲလို့ ဒါရိုက်တာက အော်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒီကောင်းမျိုးကြားတိုင်း ကျွန်တော့် အစ်ကိုကို အရမ်းအားနာတယ်။ ကျွန်တော့်အတွက် သူဟာဘယ်သူနဲ့မှ နှိုင်းလို့ မရတဲ့သူပါ။ ကျွန်တော်လည်း ဘယ်တော့မှ မမေ့တဲ့သူပါ။ ကျွန်တော့်နေရာကပြောရရင် သူ့ဒိုက်တင်ကို ကျွန်တော် လုပ်တာတော့ မဟုတ်ဘူး။ ဇာတ်ပေါ်မှာ ထားတဲ့ အာရုံစိုက် မှုက သူနဲ့ပုံစံခြင်းသွားတူလိုက်တဲ့အခါ အခုလိုဖြစ်သွားတာ။ သူနဲ့လည်း နီးစပ်မှုတွေက ရှိခဲ့တာကို ကျွန်တော့်ကို ပတ်ဝန်းကျင်က ဒွေးဒိုက်တင်တွေ လိုက်လုပ်တယ် လို့ပြောမှာ အရမ်းကြောက်သလို ကျွန်တော့်လိုတာမှ မဟုတ်တဲ့ သူတစ်ယောက်က အစ်ကို့လိုလူမျိုးကြီးနဲ့နှိုင်း ယှဉ်လိုက်တဲ့ အတွက် ဒီလူကိုအရမ်းအားနာသွားတာ။

**ဂျူလိုင်မိုး-ကိုသားကြီးကို အမြတ်တနိုးတန်ဖိုးထားတဲ့သဘောပေါ့။**

ဖိုးကျော်- အမှန်ပေါ့ဗျာ။ သူ့နှစ်ပတ်လည်ရောက်တိုင်း ကိုယ်တတ်နိုင်တဲ့အလှူလေးတွေလုပ်တယ်။ တစ်ခါ က သင်္ကန်းတစ်စုံပဲဝယ်နိုင်တယ်။ ဘုရားကိုသွားတော့ ဘုန်းကြီးအိုကြီး တစ်ပါးကိုတွေ့တယ်။ သူ့နောက်တောက်လျှောက်လိုက်ကြည့်တယ်။ ဘုန်းကြီးအစစ်ဟုတ်ရဲ့လား။ ဟုတ်ရဲ့ လားပေါ့။ ဟုတ်တယ်ဆိုရင် လှူတယ်။တကယ်လိုအပ်တဲ့သူကို လှူရတာ အကျိုးရှိတယ်လေ။ သူ့အတွက်အထူးဆုတောင်းပေးခဲ့တယ်။စနေထောင့်မှာ ပန်းတွေ၊ ရေချမ်းတွေ ကပ်လှူခဲ့တယ်။ ကျွန်တော် တတ်နိုင်သလောက် ကျွန်တော်မပျက်မကွက်လုပ်တယ်။ ကျွန်တော်လုပ်ချင်တာတွေရှိတယ်။ သူ့အတွက် သူ့ကိုလွမ်းနေသေးတဲ့ ပရိသတ်အတွက် ဒါပေမဲ့ ကျွန်တော့်မှာ လုပ်ပေးနိုင်တဲ့အင်အားမရှိတော့ငွေရှင်ကြေးရှင်တွေကို ပြောရမယ် သူတို့ကစီးပွားတွက်တွက်ပြီးအမြတ်ထုတ်သွားမှ ကျွန်တော် မလိုလားဘူး။ အထိုက်အလျောက်ငွေကြေးကုန်တာရှိမှာဖြစ်တဲ့အတွက် ကျွန်တော့် ရည်ရွယ်ချက်ကလေးကို အကောင်အထည်မဖော်နိုင်ဖြစ်နေတာပါ။ ငါးနှစ်ပြည့်ရင်တော့လုပ်နိုင်ကောင်းရဲ့လို့. ကျွန်တော်ထင်ခဲ့ပေမယ့် ခုကျွန်တော့်မှာ အလုပ်မရှိဘူး။ ငွေမရှိဘူး။ ဘက်ဂရောင်းမရှိဘူး။ ဒါကြောင့် ကျွန်တော်မလုပ်ဖြစ်သေးဘူး။ ဖိုးကျော်ကိုသားကြီးအတွက် ဘာတွေလုပ်ပေးနေလဲလို့မေးလာခဲ့ရင် ခုနပြောတဲ့ သေးသေးလေးတွေပဲ ကျွန်တော်လုပ်ပေးနိုင်သေးတယ်။ဒီ ရည်ရွယ်ချက်တွေအကောင်အထည်မဖော်နိုင်သေးတဲ့အတွက် ကျွန်တော် မီဒီယာတွေကိုရှောင်နေတာပါ။



**ဂျူလိုင်မိုး- ရှောင်နေစရာမလိုပါဘူး။အမှန်အမှန်တိုင်းပေါ့**

ဖိုးကျော်-သူနဲ့ကျွန်တော် ဆက်သွယ်မှုတွေက သိပ်အံ့ဩစရာကောင်းတယ်။ ကျွန်တော်တို့ အိမ်ဖုန်းတွေမှာ နံပါတ်မပေါ်ဘူးနော်။ ဒါပေမဲ့ကျွန်တော်ခေါ်လိုက်တာနဲ့ "ပြောကောင်လေးပြော" ဆိုပြီး တန်းပြောတာ။ အစ်ကိုက ကျွန်တော့်ကို ကောင်လေးလို့ပဲအမြဲခေါ်တယ်လေ သူများကိုပြောမှသာ ဖိုးကျော်ဆိုတဲ့ နာမ်စားသုံးတာ ကျွန်တော်ကလည်း အစ်ကိုလို့ပဲခေါ်တယ်။ ကိုသားကြီး လို့မခေါ်ဘူး။ တစ်ခါတလေစိတ်ဆိုးကြရင်တော့ခင်ဗျားနဲ့ကျွန်တော်နဲ့ပြောတယ်။ ဒါပေမဲ့ သူဘယ်တော့မှ စိတ်မဆိုးဘူး။ တစ်ခါတစ်ခါ သိပ်ကြီးမားတဲ့ပြဿနာကြားထဲကျွန်တော် သူ့အတွက် ဝင်ဝင်ရပ်တယ်။ အဲဒါကြောင့် သူကျွန်တော့်ကို ချစ်တာလားတော့မသိဘူး။ ခင်ဗျား ဒီကိစ္စတွေအားလုံး ကျွန်တော့်အပေါ်သာပုံချလိုက်တော့ ပြောရက်တော့အမှန်ဒီကိစ္စကျွန်တော်ဘာမှ မသိဘူး။ သူက တအံ့


www.burmeseclassic.com

www.burmeseclassic.com

တညြတွေဖြစ်လို့။

**ဂျူလိုင်မိုး- သူကိုခုလောက်ချစ်တာကို သူအံ့ဩသွား တာပေါ့။**

**ဖိုးကျော်-** ကျွန်တော်ပြောဖူးတယ်။ ခင်ဗျားကိုကျွန်တော်ချစ်တာ သောက်ရမ်းကိုချစ်တာ ဒီလိုချစ်ဖို့ခင်ဗျားတို့ တိုက်တွန်းခဲ့တာလည်းမဟုတ်ဘူး။ ခင်ဗျားရဲ့စိတ်ခင်ဗျားရဲ့ အပြုအမူဒီလောကပေါ်ထားတဲ့ ခင်ဗျားရဲ့စေတနာကို ကျွန်တော်လေးစားပြီးချစ်တာ။ သူကဒါရိုက်တာကအစ မီးထိုးမှန်ထိုးအထိ အကုန်ကြည့်တာ ပြီးပြီးရောဆိုပြီး တစ်ကိုယ်ကောင်းလုံးဝမဆန်ဘူး။ အဲ့ဒီလူတွေအတွက်သူအမှန်းခံဖို့လည်းဝန်မလေးဘူး။ ဒါပေမဲ့ တစ်ခါတစ်ခါ ပြောင်းလဲသွားတဲ့ အပြောင်းအလဲတွေက သိပ်ကြောက်စရာကောင်းတယ်။ ကျွန်တော် သူ့အတွက်ရေးထားတဲ့ စာထဲကလို "မျက်လုံးတွေကမှိတ်လိုက်ပေမယ့် အရာအားလုံးပြီးဆုံးသွားတာမဟုတ်ဘူး။ သတိရခြင်းတွေဖျက်ဖို့ ခဲဖျက်က အရာမပြောက်ဘူး" ရက်တွေကြာခဲ့ပါပြီ။ နာရီနဲ့ဆိုရင်မနည်းတော့ဘူး သူမရှိတော့တာလေ . . ကျွန်တော်သိချင်တယ်။ လွမ်းနေကြတယ်ဆိုတဲ့ သူတွေက တကယ်လားဆိုတာ ကျွန်တော်မေးချင်တယ်။ ကျွန်တော်သူ့ကိုပြောတဲ့ပုံ ရေးထားတဲ့ စာသားလေးရှိတယ်။ "အစ်ကိုရေ လူဆိုတာမျိုးဟာ မျက်စိရှေ့ကပျောက်သွားမှ လက်ခုပ်လက်ဝါးတီးတတ်ကြတဲ့လူမျိုးပါ"လို့ ကျွန်တော်မြင်နေရတယ်ဗျာ . . . ကိုမောင်မောင်ဇော်လတ်ကို သူရေးခိုင်းပြီး သူ့ကိုယ်တိုင်ဆိုခဲ့တဲ့ သီချင်း" စကြာဝဠာကိုဖြတ်၍" သီချင်း။ သီချင်းရေးဆရာရဲ့ ဒီသီချင်းပေါ် အာရုံ စူးစိုက်မှုဆိုတဲ့ သူ့ရဲ့ ဒီသီချင်းပေါ် စိတ်ခံစားမှု နစ်ခုပေါင်းပြီးလုပ်ထားတာ သိပ်မိုက်တယ်။ သတ္တိရှိတယ် ဆိုတာဘာလဲ။ ကိုယ့် ယုံကြည်ချက်ကို ဖျက်ဆီးပြီးနေသွားတဲ့သူတွေ အများကြီးပဲ အစ်ကိုက အဲ့ဒီလိုမဟုတ်ဘူး။ တစ်ခုတော့ရှိတာပေါ့လေ။ ပုဂ္ဂိုလ်ရေးရာခံစားမှု ပင်ပန်းနွမ်းနယ်မှုတွေကတော့ သူ့မှာပြည့်နက်နေတာပဲ သူလည်းလူပဲလေ။

**မောင်ဗေဒါ-** ကျွန်တော်လည်း ကြုံဖူးတယ်။ ကားတစ်ကားရိုက်လို့ အရှိန်ကောင်းနေတဲ့အချိန် ဇာတ်ညွှန်းဆရာကို သူအလိုမကျတော့ဘူး။ သူ မေးခွန်းတွေမေးရော မဖြေနိုင်ရင် ပြဿနာဖြစ်မှာဖြစ်သလို ဇာတ်ညွှန်း ဆရာကလည်း သူ့မှာနန့် သူလေ အဲဒါနဲ့ဇာတ်ညွှန်းဆရာထွက်သွားတယ်။ ဘယ်တော့မှ ပြန်မလာဘူးလို့လည်း ပြောသွားတယ်။ အဲ့ဒီမှာ ကိုသားကြီးနိုက်ဆင်းဆက်ရိုက်မယ်။ ကျွန်တော် အိမ်ခဏပြန်မယ်။ ပြန်လာမယ်။ ပြန်ရိုက်မယ်။ အဆင်သင့် လုပ်ထားတဲ့ ပြောတဲ့အချိန်က ညနေ ၆ နာရီ နောက်တစ်ခု ပြောသွားသေးတယ်။ ခင်ဗျားလည်း ဇာတ်ညွှန်းဆရာပဲတဲ့။

**ဖိုးကျော်-** ပါးပါးလေးပြောသွားတာ။

**မောင်ဗေဒါ-** ကိုယ့်တာဝန်ဖြစ်သွားပြီ ဒါပေမဲ့ လူကထူပူနေတယ်။ ဘယ်လိုမှ ရေးလို့မရဘူး။ ဆက်တင်တွေလည်း ကြည့်ရသေးတယ်။ပြီးမှ ပြီးရဲ့လားနဲ့ အဲ့ဒီ အချိန်ကိုယ့်ကိုကြည့်ပြီး ကင်းကောင်နဲ့ ငှက်ပျောကြော်က အကြံပေးတယ်။ မရရင် မရေးနဲ့တော့အစ်ကို ဝတ္ထုစာအုပ်ထဲမှာပြောမယ့်စကားတွေလိုင်းတားလိုက် အဲ့ဒီနေရာ ဇာတ်ညွှန်းစာရွက် အဖြူလေးညှပ်ထားလိုက်တဲ့။

**ဖိုးကျော်-** On the Sport ဖြစ်သွားပြီလေ။ ဝတ္ထုကိုင်ရိုက်ရတော့မှာပေါ့။

**မောင်ဗေဒါ-**အကြံပေးကြတော့မှ ကိုယ်လည်းအိုကေဆိုပြီးရိုက်ကြတာရိုက်တယ်။ အိုကေတယ်။ ကိုသားကြီးလုံးဝမသိဘူး။ ဇာတ်ညွှန်းဖွင့်သလိုလိုနဲ့ ဝတ္ထုဖွင့်ဖတ် ဒိုင်ယာလော့ချချပေးနေရတာ အဲ့ဒီမှာရိုက်နေရင်းနဲ့ ဇာတ်ညွှန်းအစစ်မဟုတ်တော့ တစ်ခုပေါ်သွားရော။ ဝတ္ထုထဲမှာ ပြောလို့မရတဲ့ အဖြေတွေနေရာပေါ့။ မင်းသမီးက စိတ်ဆိုးပြီးထသွားတယ်။ သူက ခြံထဲထိလိုက်တယ်။ အဲ့ဒီ အခန်းကလည်း Tanpo မြှင့်တာပဲ။ အဲ့ဒီ အခန်းမျိုးကျတော့ Mood တွေနဲ့ သွား ပြော ဆိုတော့ မရတော့ဘူး။ ဇာတ်ညွှန်းချရေးမှကိုရတော့မှာ။ အဲဒါနဲ့ သူ့ကို ပေါ်ပေါ်တင်တင်ပဲပြောပြလိုက်ရတော့တယ်။

**ဖိုးကျော်-**သူက အကျိုးနဲ့အကြောင်း ခိုင်လုံအောင်ပြောနိုင်ရင်တော့ လက်ခံတယ်။ နောက်တစ်ခုကသူ့ဆီမှာ မမတွေ့ဖူးတဲ့ အံ့ဩစရာကောင်းတဲ့ အချက်ကသူ့ကိုလူတွေရှေ့မှာပြောလည်းရတယ်။အဲဒါမိုက်တယ်။ ကျွန်တော်စမ်းကြည့် လို့သိရတာ။ တချို့တွေက လူရှေ့မှာဆို ဘယ်လောက်ကောင်းတဲ့အကြံပြုချက်ဖြစ်ပါစေလက်မခံဘူး အင်ပရက်ရှင်ဒေါင်း

www.burmeseclassic.com

www.burmeseclassic.com




ရာစုံလို့ ဆိုပြီး သူကတော့ အဲ့ဒီလို မဟုတ်ဘူး။
**မောင်ဗေဒါ-** တစ်ခါလည်း သူကဇာတ်ညွှန်းကို ပိုကောင်းအောင်အကြံပေးတယ်။ အဲဒါကိုဇာတ်ညွှန်းဆရာက "ဒီမင်းသားသိပ်စားတယ် မမိုက်တော့ဘူး"တဲ့ (ရယ်လျက်)
**ဖိုးကျော်-** ကျွန်တော်လည်း အခုကြုံနေတာအဲဒါပဲ မိချောင်းမင်းရေကင်းပြတယ်တဲ့။ ဇာတ်ကို ဝင်ရောက်စွက်ဖက်တတ်တဲ့ ကျွန်တော်ကကျွန်တော် ပါဝင်ခွင့်ရတဲ့ ဇာတ်ကားဒီထက် ပိုကောင်းစေချင်လို့ နောက်ဆုံးဗျာ ကျွန်တော်ပါရမယ့် အခန်းလေးတွေ ကောင်းစေချင်လို့တောင်းဆိုတာ တောင်းဆိုပိုင်ခွင့်မရှိဘူး။ ဘာဖြစ်လို့လဲ မသိဘူး။
**မောင်ဗေဒါ-** ကျွန်တော်လေ စိတ်မကောင်းစရာအမှတ်တရလေး တစ်ခုပြောပြရဦးမယ်။ ဖိုးကျော်တို့နဲ့ ပြင်ဦးလွင်မှာ ကားတွေဆက်တိုက်မရိုက်ခင် သူအထီးကျန်နေတယ်လို့ ကြားတယ်။ သူစိတ်ဓာတ်တွေ တအားကျနေတဲ့ အချိန်သူဦးလေး(ကျော်ဟိန်း) ကုမ္ပဏီအတွက် သူကိုယ်တိုင် ပထမဆုံးဒါရိုက်တာလုပ်ပြီးရိုက်ရမယ့်ကား။ မင်းက ဒါရိုက်တာလုပ်မယ်ဟုတ်လား။ လုပ်စမ်းပါဆိုပြီး ဒါရိုက်တာတွေက စောင့်ကြည့်နေကြတယ်။ မင်းငါတို့ကို ဆရာလာလုပ်တဲ့ကောင် အခုမင်း လုပ်လေဆိုပြီး လူတွေရဲ့

တယ်။ သူဖြစ်မလာမှာကို စိတ်ပူနေတယ်။ အဲ့ဒီ ကားကလည်း အဆင်မပြေမှုပေါင်း များစွာနဲ့နောက်ဆုံးသူ အထီးကျန်ဖြစ်သွားတယ်။ အဲ့ဒီ အချိန်ကိုဖိုးကျော်နဲ့ကလည်း တွေ့လိုက်မတွေ့လိုက်အချိန်မျိုးပေါ့။
**ဖိုးကျော်-** စောသေးတယ်။ ပူးလိုက်ခွာလိုက်အချိန်ပဲရှိသေးတယ်။
**မောင်ဗေဒါ-** သူ့အိမ်ရောက်တော့ ရှူတင်သွားမလို့တဲ့ ရှူတင်သွားမှာကလည်း တစ်ယောက်တည်း။ ပစ္စည်းတွေကောက်တင်တော့လည်း တစ်ယောက်တည်း။ ဘယ်လိုမှ မြင်လို့မကောင်းဘူး။ တပည့်တွေလည်း တစ်ယောက်မှ မရှိဘူး။ ဒီအချိန်မှာ ကျွန်တော်စဉ်းစားမိတာက ငါတို့က ညီအစ်ကိုချင်းပဲ ဒါရိုက်တာနဲ့ မင်းသားမဟုတ်ဘူးဆိုပြီး အတင်းဝိုင်းကူ ပေးခဲ့တယ်။ သူ့ကားပေါ်တက်ပြီး လမ်းကြုံတဲ့နေရာအထိလိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဘာဖြစ်လို့ခုလို တစ်ယောက်တည်းလာတာလဲဆိုတော့ ဒီလိုပဲသွားနေတာ လေးငါးခြောက်ရက်ရှိပြီတဲ့။
**ဂျူလိုင်မိုး-** မမိုးတို့ ကိုသားညီတို့ မရှိဘူးလား။
**မောင်ဗေဒါ-** ရှိတယ်။ ရှူတင်ကို မလိုက်ဘူး။ တခြားဗာရိယ ကိစ္စတွေ အကုန်လုပ်ပေးလိုက်တယ်။ သားညီကလည်း သူ့အလုပ်နဲ့သူလေ။ အဲ့ဒီမှာ ကျွန်တော် ကိုယ့်အိမ်နားမှာ ဆင်းနေခဲ့မယ့်အစီအစဉ်ကို မလုပ်ရက်တော့ဘူး။ လမ်းမှာ တစ်ခုခုဖြစ်နေရင်တောင် တစ်ယောက်တည်းဆိုပြီး ကျွန်တော်ဆက်လိုက်ခဲ့တယ်။ သူတော်တော်အံ့ဩ သွားတယ်"မဟုတ်ဘူးလေ"တဲ့ မလိုက်နဲ့လည်း မပြောဘူး။ ဒါပေမဲ့ သူအားနာပြီးမခေါ်ချင်ဘူး။ ကျွန်တော်ဒီနေ့ဘာ အလုပ်မှမရှိဘူး။ ပြောစရာရှိတယ်ဆိုပြီး ရှူတင်ရှိတဲ့ သန်လျင် အထိအတင်းလိုက်ခဲ့တယ်။ သူ့ကိုကြည့်တော့ စိတ်ကလေး နည်းနည်းပျော်သွားတာတွေ့လိုက်တယ်။ ရှူတင်ရောက်တော့ အကျီလဲပြုရိုက်မယ်လုပ်တော့ သူ့ဗာရိယတွေက အများကြီးလေ။ သယ်ဖို့တယ်သူ မှမရှိဘူး။ ကိုယ်သယ်ရင်ကောင်းမလား။ မကောင်းဘူးလား စဉ်းစားတယ်။ ဟိုဒါရိုက်တာတော့ သားကြီးနောက်ကဖားယားပြီးလုပ်နေပြီလို့လည်း အပြောမခံချင်ဘူး။ နောက်ဆုံးသူစိတ်ချမ်းသာပါစေဆိုပြီး ဝိုင်းသယ်ပြီးသူ့ကို အဖော်လုပ်ပေးခဲ့တယ်။ သူစိတ်ချမ်းသာရင်ပြီးရောဆို ပြီး


www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှ ဂရုမစိုက်ခဲ့ဘူး။ ညနေရောက်တော့ သူနိုက်ဆင်းန်ဆက်ရိုက်ရမယ်တဲ့။ကိုယ်ကလည်း ဥပုတ်ထွက်ရတော့မယ်။ ရန်ကုန်ပြန်ထွက်ရမှာ ကျွန်တော်လည်း ရရာရေသန့်တစ်ဗူးနဲ့ ထွက်လိုက်မယ်ဆိုတော့ ဟာမလုပ်ပါနဲ့ ကျွန်တော့်ကို ဒီလောက်ထိနေခဲ့ပေးတာကျေးဇူး တင်လှပါပြီတဲ့။ အဲ့ဒီနေ့ကိုတော့ ကျွန်တော်မမေ့ဘူး။ နောက်တစ်ခု မမေ့တာသူ့ရှာပနအခမ်းအနားမှာ သင်္ဂြိုဟ် မယ့်အချိန်အခက်အခဲတွေ ပြဿနာတွေနဲ့ ရှုပ်ထွေးနေချိန်ပေါ့။ အဲ့ဒီမှာမောင်မောင်ဇော်လတ်က သူ့ အရမ်းကို ခံစားပြီးရေးထားတဲ့သီချင်းလေးကို ရှာပနမှာဆိုပါရစေတဲ့ အဲ့ဒီအချိန်ကျွန်တော်ရယ် ကိုမျိုးမင်းရယ် မတင့်တင့်ထွန်းရယ် ထိုင်နေတာ ကိုမျိုးမင်းကစိတ်မကောင်းစွာနဲ့ ဖြစ်ပေါ်နေတဲ့ အခက်အခဲအခြေအနေတွေကို ပြောပြလိုက်ရတယ်။

**ဖိုးကျော်-** အဲ့ဒီသီချင်း ကျွန်တော်နားထောင်ဖူးတယ်။ စောစောက ကျွန်တော်ပြောခဲ့တဲ့သီချင်းလေးပါပဲ။ ရေးတဲ့ ကိုမောင်မောင်ဇော်လတ်ရဲ့ ပါးနပ်မှု နဲ့ Talent နဲ့က အရမ်းတော်နေလို့လားတော့မသိဘူး။ ကျွန်တော်တို့အားလုံးရဲ့ စိတ်ခံစားမှုတွေ အဲ့ဒီ အထဲမှာပါတယ်။ Imageကြီး တစ်ခုလုံးကို ဒီသီချင်းတစ်ပုဒ်ထဲမှာ အပြည့်အဝသွတ်သွင်း နိုင်ခဲ့ပါတယ်။ တကယ့်ပါရမီရှင်တစ်ယောက်ပါပဲ။ တစ်နေ့ကညကပဲ အဲ့ဒီသီချင်းကို ကျွန်တော် တစ်ညလုံးဆိုနေသေး တယ်။ ဆိုလိုက်တဲ့အခါတိုင်းကျွန်တော့်ရဲ့ နာကျင်မှုတွေက ဘယ်အရာနဲ့မှ နှိုင်းလို့မရဘူး။အဲဒါကြောင့် ဒီသီချင်းကို ကျွန်တော် တော်ရုံတန်ရုံဘယ်တော့မှ မညည်းဘူး။

**ဂျူလိုင်မိုး- အခုဆိုဘာလိုလိုနဲ့ ငါးနှစ်ပြည့်နော်။**

**မောင်ဗေဒါ-** ဟုတ်တယ်။ ပထမဆုံး တစ်နှစ်မှာအလင်းတန်းမှာ အမှတ်တရ ဆောင်းပါးလေးရေးခဲ့တယ်။ ဒုတိယနှစ်မှာ ရုပ်ရှင်တေးကဗျာမှာ၊ တတိယနှစ်မှာဖြူတီးမက်ခ်၊ စတုတ္ထနှစ်မှာမရေးဖြစ်ခဲ့ဘူး။ အခု ငါးနှစ်မြောက်ကိုရောက်တော့ အိုအေစစ်ဂျာနယ်မှာ ရေးပေးထားပြီး ပြောချင်တဲ့စကားက သူနဲ့ငါးနှစ်မြောက်မှ မဟုတ်ဘူးကိုယ့်အသက်ရှင်နေ သရွေ့ ဘယ်သူတွေ သူ့ကိုမေ့မေ့ကိုယ်ကတော့မမေ့ဘူးဆိုတဲ့စကားပဲအမှတ်တရပြောချင်တယ်။

**ဂျူလိုင်မိုး- အလွန်ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ မိတ်ဆွေတစ်ယောက်အတွက် အဖိုးတန်တဲ့စကားပါပဲ။ တစ်ခု လောက်မေးပါရစေ။ ဦးဗေဒါတို့ ဘာသာမှာဘယ်လိုရှိတယ်မသိပေမယ့် အခုကိုသားကြီးဝင်စားတယ် ဆိုတဲ့ ကလေးကို ဘယ်လိုမြင်လဲ။**

**မောင်ဗေဒါ-** အယူအဆနဲ့ ပြောရရင် ကျွန်တော်တို့ အစ္စလာမ်ဘာသာမှာတော့မရှိဘူးပေါ့။ မြန်မာလိုတော့ လူဝင်စားဆိုတဲ့ ဒီကိစ္စကတွေ့ဖူး၊ ကြားဖူးနေတာပဲ။ တစ်ခါကျော်သူရိုက်သွားတဲ့ ရုပ်ရှင်ကားကြီးဆိုရင် တကယ့်လူဝင်စားကိုရိုက် ပြသွားတာပဲ။ ကြည့်နေရင်းနဲ့ကို ကြက်သီးထခဲ့ရတယ်။ ဒါပေမဲ့ ဆင်ဆာက အဲ့ဒီ အချိန်လူဝင်စားကို ခွင့်မပြုခဲ့တော့ အဲဒါတွေအားလုံးကို အိပ်မက်ဆိုပြီး လုပ်ပစ်ခဲ့ရတယ်။ သိပ်နမြောဖို့ကောင်းတယ်။ ကြည့်နေရင်းထဆဲရုံပဲရှိတော့တယ်။ တစ်ချိန်လုံးဆွဲခေါ် ခံစားလာစေပြီးမှ အိပ်မက်လုပ်ပစ်လိုက်တာ ပေါ့ရွှတ်ပြီးပရိသတ်ကို စော်ကားလိုက်သလိုပဲဖြစ်သွားခဲ့ တယ်။ ကားကတော်တော့်ကို နစ်နာသွားခဲ့တယ်။ အခုဒီ အကြောင်း ကိုအိုအေစစ်မှာဖတ်လိုက်ရတယ်။ ကင်းကောင်တို့ ပြောသလိုပါပဲ။ ကိုယ့်သူငယ်ချင်းတစ်ယောက်ရဲ့ အရိပ်အယောင်လေးပြန်တွေ့ရမယ်။ပြန်ကြားရမယ်ဆိုရင် ဘယ်အရာနဲ့မှမလဲနိုင်တဲ့ပီတိပါ။

**ဂျူလိုင်မိုး -ကျေးဇူးအထူးတင်ပါတယ် ဦးဗေဒါ ကိုဖိုးကျော်ကလည်း ကိုသားကြီးနဲ့ပတ်သက်ခဲ့တာတွေ ဆက်ပြောပါဦး။**

ဖိုးကျော်-ကျွန်တော်တို့ကာလတစ်ခုကို ထဲထဲဝင်ဝင် ဖြတ်သန်းခဲ့ကြတယ်။ တစ်ယောက်ကိုတစ်ယောက်တော် တော်သိခဲ့ကြတယ်။ သူနဲ့ ကျွန်တော်သူမဆုံးခင် နောက်ဆုံးဆက်သွယ်မှုလေးတစ်ခုကို ပြောချင်တယ်။ ပရိသတ် သီချင်းမယ်ထင်လို့ပါ။ ပြင်ဦးလွင်မှာညှိနှိုင်းလို့မရတဲ့ပြဿနာလေး တစ်ခုနဲ့ကိုသားကြီးကို "အစ်ကိုရဲ့ ကျေးဇူးတရားတွေအားလုံးအတွက် ကန်တော့ခဲ့ပါရစေ" ဆိုပြီး ကျွန်တော် ထိုင်ကန်တော့ခဲ့တယ်။ ကျွန်တော့် အပေါ်မှာ ဘာမှစိတ်ဆိုးတယ် ဘာတယ်မရှိပါနဲ့ ကျွန်တော်လည်းမရှိပါဘူး။ ဒါပေမဲ့အစ်ကိုရဲ့ အရိပ်အာဝါသ၊ အစ်ကိုရဲ့

www.burmeseclassic.com


Group ကနေ ကျွန်တော်ထွက်ပြီ · · · တရားဝင် မျက်နှာချင်းဆိုင်ကြေငြာပြီးရန်ကုန်ပြန်ခဲ့တယ်။ အဲ့ဒီ နောက်ပိုင်း ရန်ကုန်ပြန်ရောက်ပြီးတဲ့အချိန်ကစပြီး ကျွန်တော့်အခန်းထဲက တီဗီမျက်နှာကို နံရံဘက်လှည့် ထားလိုက်တယ်။ ကက်ဆက်ပလပ်ကြိုးတွေအားလုံး ကျွန်တော်ဖြတ်လိုက်တယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေ အားလုံးအခန်းပြင်ကို ထုတ်လိုက်တယ်။ အနုပညာ နဲ့ပတ်သက်တာဘာမှ မလုပ်တော့ဘူးဆိုပြီးပေါ့။ အဲ့ဒီလို ကျွန်တော်နေ လိုက်တာ နှစ်ပတ်ကြာသွားတယ်။ အဲ့ဒီ အချိန်ကိုဆာမိဖုန်းဆက်လာတယ်။ "အစ်ကိုနေမကောင်း ဘူးတဲ့ ဘာဖြစ်တာလဲမသိဘူး ဆေးခန်းပြတာလည်း မခံ ဘူး ဆေးလည်းမသောက်ဘူး ကျွန်တော်ထင်တာတော့ ကိုဖိုးကျော်ကိုတွေ့ချင်နေပုံပဲတဲ့" "ကိုဆာမိမသိတဲ့ အကြောင်းတွေ အများကြီးရှိတယ်။ ခင်ဗျားပဲ အစ်ကို့ကို ဂရုစိုက်လိုက်ပါ" လို့ပြောလိုက်တယ်။ အဲ့ဒီ အချိန်သားညီ ကလည်း ခရီးသွားနေတယ်။ သူတစ်ယောက်တည်း ဖြစ်နေမှာ ကိုဆာမိ ဂရုစိုက်လိုက်ပါ" ဦးလို့ ပြောလိုက် တယ်။ "ဟုတ်ကဲ့ပါ ဒါပေမဲ့ဖြစ်နိုင်ရင် ပြန်လာစေချင် တယ်" လို့ပြောတယ်"သူ့မှာလည်းစိတ်ညစ်စရာတွေ အများကြီးပဲ"တဲ့ "ကျွန်တော်တော့ မလာတော့ဘူးဗျာ ဒါပေမဲ့သိပ်အရေးကြီးရင်တော့ ဆက်လိုက်ပါ"လို့ ပြောခဲ့ လိုက်တယ်။ မနက်ကျတော့ ပြန်ဆက်လာပြန်ရော အခြေအနေက အားရစရာမကောင်းဘူးတဲ့ ဆေးတွေ လည်းလွှင့်ပစ်ထားတယ်တဲ့ အခန်းထဲမှာ တစ်ယောက် တည်းနေတာတဲ့ "ပြီးတော့ ကိုဖိုးကျော်ကို မေးနေတယ် ကိုဖိုးကျော်လာခဲ့ပါ"တဲ့ "အချိန်ကကုစားသွားမှာပါ ကိုဆာမိရယ် အစ်ကိုက ကျွန်တော်တို့ထက်ဝါရင့်ပါ တယ်" ဆိုတော့ အရင်ကဘာမှမပြောပေမယ့် အခုသူ ပြောတဲ့စကားက "နောက်ဆုံးတော့လည်း ဒီကောင် ထည်းငါ့ကို ပစ်ချသွားပါလား"တဲ့ ကျွန်တော်က ဘယ်သူ့ကိုပြောနေမှန်းမသိပေမယ့် ကိုဖိုးကျော်ကိုပြောတာ ထို့ ပြောတယ်။ ကျွန်တော်မနေနိုင်တော့ဘူး။ သူများအရမ်းထိခိုက်နေပြီလားလို့စိတ်ပူသွားတယ်။ အဲ့ဒီနေ့မနက်ပဲ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ မန္တလေး သေယာဥ် လက်မှတ်ဂိုးရှိုး ဝယ်ပြီးလိုက်သွားတယ်။ သေယာဥ်ကွင်းကနေ ပြင်ဦးလွင်ကို ကားစင်းလုံးငှားပြီး

လိုက်သွားတယ်။ ဟိုရောက်တော့ သူ့အခန်းထဲမှာ သူခွေခွေလေး အိပ်နေတယ်။ဟိုးအရင်က အကြောင်း တစ်ခုပြန် ပြောချင်တယ်။ သူဘယ်လောက် နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေနေ ကျွန်တော်သူ့အနား ရောက်ပြီး ၃ မိနစ် မကြာဘူး သူနိုးရော ပြီးနောက်လှည့်မကြည့်ဘဲနဲ့ ဘယ်တုန်းကရောက်နေလဲလို့ သူမေးတယ်။အဲ့ဒီလိုပဲ ကျွန်တော် အခန်းတံခါးရှေ့ သူရောက်လာရင် ရောက်လာ တာနဲ့ ကျွန်တော်သိတယ်။ အဲ့ဒီအတိုင်းလေးပဲ သူနိုးလာ တယ် "ကောင်လေး ဘယ်တုန်းက ရောက်လာတာလဲတဲ့" "အခုရောက်တာပေါ့ အစ်ကိုနေမကောင်းဘူးဆို ဆေးတွေ လည်းမသောက်ဘဲလွှင့်ပစ်ထားတယ်ဆို ဘာလို့ ကလေး ဆိုးကြီးလို လုပ်နေရ တာလဲ"ဆိုတော့ သူပြန်ပြောတဲ့ စကား ကျွန်တော့်ရင်ထဲအောင့်သွားတယ်။ "မင်းမှမရှိတာ" တဲ့။ သူက ရင်းနှီးမှုတစ်ခုနဲ့ပြောတာပေါ့ "အဝတ်အစား လည်းမလဲဘူး ဆေးထိုးလည်းမခံဘူး ဒီအတိုင်းထိုင်ပြီး



ဘာလုပ်မှာလဲအစ်ကို အလုပ်တွေလုပ်ရဦးမယ်လေ" ဆို တော့"ငါ့နားမှာ ဘယ်သူမှ မရှိတော့ဘူး" တဲ့ "ခုကျွန်တော် ပြန်ရောက်လာပြီလေ" ဆိုတော့ "တကယ်လား" တဲ့ ကျွန်တော်လည်း သူ့ကိုအတင်းဆွဲထူတာဘက်ကြီးတစ် ထည်နဲ့လန်းသွားအောင် အတင်းရေပတ်တိုက်ပေးလိုက် တယ်။ အင်္ကျီအသစ်တွေလဲပေးပြီး "ကျွန်တော် ဆရာဝန် သွားပင့်မယ် အစ်ကိုဆေးထိုးရမယ် ဆေးသောက်ရမယ် အစ်ကိုဘာစားချင်လဲ"ဆိုတော့ မင်းက ငါစားချင်တာ ကိုရှာပေးနိုင်လို့လားတဲ့ "ပိုက်ဆံမရှိပေမယ့် အစ်ကိုပြော ကြည့်လေ"ဆိုတော့ သူဘာတောင်းလဲသိလား ထန်းသီး စားချင်တယ်"တဲ့။ သူထန်းသီးအရမ်းကြိုက်တယ် ကျွန် တော် တံတားဦးလေဆိပ်ကနေပြင်ဦးလွင်ကို လာတော့


www.burmeseclassic.com

www.burmeseclassic.com


လမ်းမှာ ထန်းသီး၁၀လုံး ဝင်ဝယ်ခဲ့တယ်။ ဒါပေမဲ့ သူကဖျားနေတယ်လေဒါကြောင့်မကျွေးဘဲ ဟိုတယ်ညေ့်ကြိုမှာသွားသိမ်းထားတာ"ရရမယ်အစ်ကို အစ်ကိုဆေးသာသောက်လုံးဝရစေရမယ်" "အစ်ကိုနဲ့ ကျွန်တော်အပေးအယူလုပ်မယ် မြူစွမ်တစ်ပန်းကန် ဒါမှမဟုတ်ဆန်ပြုတ်တစ်ပန်းကန် ဒါမှမဟုတ်မလိုင်ပေါင်မုန့်တစ်ပွဲ တစ်ခုခုကိုတစ်ဝက်ပဲစား ဆေးသောက်ပြီးရင် ကျွန်တော်ထန်းသီးရအောင်ရှာပေးမယ် "ဆိုတော့ "မင်းငါ့ကိုလာမဖောနဲ့ "တဲ့ အဲဒါနဲ့ အပ်ထားတဲ့ ထန်းသီးတွေကို ယူပြလိုက်တယ်။ "ဒါအစ်ကိုအတွက်ချည်းပဲ ဒါပေမဲ့ အကုန်မကျွေးဘူး အခုပြောတဲ့ဟာ စားရင်တော့ နှစ်လုံးကျွေးမယ်။ ညေ့်ကြိုကောင်တာ မှာလည်းမှာထားပြီးသား အစ်ကိုလာတောင်းရင်တောမပေးနဲ့လို့။ ကဲ အစ်ကိုအေးအေးဆေးဆေးနားနေ ကျွန်တော်ဆရာဝန် သွားခေါ်မယ်" တိုက်ဖွိုက်တဲ့ဆေးထိုးပေးခဲ့တယ်။ နောက်နေ့ လန်းလန်းဆန်းဆန်း အိုကေသွားတယ်။ နောက်နေ့ ကျတော့ "ငါကားရိုက်နိုင်ပြီကားရိုက်တော့မယ်"တဲ့ မနက်အဝတ်အစားလဲလိုက်တဲ့အချိန်မှာ သူယိုင်သွားတယ် နံရံနဲ့ ဗုန်းဆိုသွားရိုက်မိတယ်" ဟာ အစ်ကို မဖြစ်ဘူး မဖြစ်ဘူး မသွားနဲ့" အဲ့ဒီ အချိန်က တစ်ပြိုင်နက်တည်း သူဇာတ်ကားသုံးလေးကားရိုက်နေတာ မနက်ပိုင်းတစ်ကား နေ့လည်တစ်ကား နောက်တစ်ကား နောက်တစ်ကားနဲ့ သူ့ရဲ့ ဈာန်ဝင်စားမှုတွေက ဟိုကတစ်ကား ဒီကတစ်ကားနဲ့လေ ·· နောက်သူက ကောင်းအောင်လုပ်ချင်တဲ့သူ ဒီနေ့သူရိုက်လည်းပြောလိုက်ရော လူတွေအားလုံးရှုတင်တည်ထားကြပြီလေ ·· ရှုတင်စားရိတ်ဆိုတာနည်းတာမဟုတ်ဘူး။ ဖျက်လိုက်ရင်သွားရော ဒါကိုသူသိတော့ ရအောင်ရိုက်မယ်တဲ့ ကျွန်တော်လည်းဒေါသထွက်ပြီး "အစ်ကိုခင်ဗျားငွေကိုမသေမချင်းရှာလို့ရတယ် အခုရန်ကုန်ပြန်မယ် ပြန်လိုက်မလား မလိုက်ဘူးလား။ဒီတစ်ခါ ကျွန်တော်စိတ်ဆိုးပြီး ပြန်သွားရင် ခင်ဗျားသေရင်တောင် ကျွန်တော်ပြန်မလာဘူး"လို့ ကောလိုက်တော့ "မင်းသဘော"တဲ့ အဲ့ဒီနေ့ရှုတင်အားလုံးဖျက်လိုက်တယ်။ ယနေ့အထိ အဲ့ဒီသူတွေအားလုံး ကျွန်တော့်ကိုမုန်းကုန်တာပေါ့။ မုန်းပါစေ သူတစ်ယောက်တည်းနဲ့ ကျွန်တော်အားလုံးကို လဲလိုက်တာပါ။ ကျွန်တော်ချက်ချင်းပဲ လေယာဉ်လက်မှတ်ကိုးရှိုးဝယ်တယ်။ အဲပုဂံနဲ့တင်ပေးလိုက်တယ်။ ကျွန်တော်နောက်က YA နဲ့ လိုက်ခဲ့တယ်။ မမိုးကို ဖုန်းလှမ်းဆက်လိုက်တယ်။ တစ်ယောက်တည်း တင်ပေးလိုက်ပြီ သွားကြိုလိုက်ပါလို့

**ဂျူလိုင်မိုး-** **ရန်ကုန်ကို တစ်ခါတည်းပြန်လာကြတာပေါ့။**

**ဖိုးကျော်-** ဟုတ်တယ်။ရန်ကုန်ရောက်လို့ဖုန်းဆက်တော့ သူ့မိသားစုခေါ်တာဒေါ်ခင်မျိုးထွေးနဲ့ ပြနေပြီတဲ့ တိုက်ဖွိုက်မဟုတ်ဘူး။ သွေးလွန်တုပ်ကွေးတဲ့ဒရစ်တွေဘာတွေလည်းသွင်းနေပြီတဲ့။ နောက်နေ့ ကျွန်တော့်ဆီဖုန်းဆက်လာတယ်။ "မင်းက ရန်ကုန်ရောက်ပြီး ငါ့အသိုက်အမြုံထဲငါပြန်ရောက်ပြီဆိုပြီး ငါ့ဆီမလာတော့ဘူးလား။ မင်းအခုလာ ခဲ့ငါစကား ပြောချင်လို့"တဲ့။ ကျွန်တော် ခဏသွားလိုက်တယ် စကားတွေပြောတယ်။ သူလည်းနေလုံးဝကောင်းသွားပြီ ကျွန်တော်လည်းလုံးဝမသွားတော့ဘူး။ သူ့ကိုပြင်ဦးလွင်မှာ ပြောထားတဲ့အတိုင်းသူ့ဆီက လုံးဝထွက်တယ်ဆိုတာလေ။ အဲဒါနဲ့ ဒီအတိုင်းပဲနေလိုက်တယ်။ တစ်လကျော်လောက်အကြာမှာ Message ပို့လာတယ်။ I need Youတဲ့။ မင်းကိုငါ I needYou လို့ ပို့လိုက်တဲ့အခါမင်းငါ့ဆီမဖြစ်မနေလာတဲ့။ I want to see youတို့ ဘာတို့ကိုမလာချင် လည်းရတယ်တဲ့။ အဲဒါနဲ့ "အစ်ကိုဘယ်မှာလဲ"လို့လှမ်းမေးတော့ နေရာပြောတယ်။ "ငါမင်းနဲ့အရမ်းတွေ့ချင်တယ်"တဲ့။ "အခုလာရမလား"ဆိုတော့ "အခုမလာနဲ့ ညနေ ၃နာရီလောက်မှလာ"တဲ့ "ကျွန်တော်ရှေ့ပိုင်းမှာကျွန်တော်နဲ့မျက်နှာချင်းဆိုင်မရတဲ့သူတစ်ဦးနဲ့ အစ်ကိုစကားပြောနေတယ်မဟုတ်လား"ဆိုတော့ "ဟုတ်တယ်"တဲ့။ "မင်းဘာတွေလုပ်နေလဲ။ မင်းဘာတွေဖြစ်ချင်လ"တဲ့။ "ဘာမှမဖြစ်ချင်ဘူး"ဆိုတော့ "ဟေ့ကောင် လူဆိုတာဖြစ်ချင်တာတစ်ခုရှိရမယ်" တဲ့ကျွန်တော့် အိမ်မက်တွေ သူ့ကိုပြောပြခဲ့ဖူးတာကို ခေါင်းဆောင်မင်းသားမဟုတ်ဘူး။ ခေါင်းဆောင်သရုပ်ဆောင်ဖြစ်ချင်တယ်။ နောက်ကျွန်တော် ဝမ်းဆာတွေစုပြီး တစ်ချိန်ဒါရိုက်တာလုပ်ချင်တယ်။ နောက်အေးအေးဆေးဆေးစာတွေရေးချင်တယ်ဆိုပြီး ပြောခဲ့ဖူးတယ်။"အရင်မင်းဖြစ်ချင်တာတွေ ပြောခဲ့ပြီးတော့ အခုဘာမှ မဖြစ်ချင်ဘူးဆိုတာ ဘာသဘောလဲ"တဲ့။ "ကျွန်တော်ဘာမှကိုမဖြစ်တော့ဘူးလို့ပါ။ ဖြစ်မှမလာတဲ့ဟာ" ဆိုတော့ "မင်းဟာကဘယ်လောက်တောင်ခမ်းနားနေလို့လဲ ကဲငါဘာလုပ်ပေးရလဲ" တဲ့။ မဟုတ်ပါဘူး ကျွန်တော် လောကကြီးမှာကိုမရှိချင်


www.burmeseclassic.com

www.burmeseclassic.com

တော့တာဆိုတော့ "ဟော့ကောင်နော် ဟော့ကောင် မင်းဘာမှလျှောက်မလုပ်နဲ့နော်" တဲ့ "ဟာ စိတ်ချပါ အစ်ကိုရာ ကျွန်တော်ဗုဒ္ဓဘာသာပါ။ ဒါပေမဲ့ ကျွန်တော်လေ လောကကြီးကို တော်တော်စိတ်ကုန်နေပြီ ကျွန်တော်လွတ်ရာ ကိုသွားချင်ပြီလို့။ အဲဒါ သူဘာပြန်ပြောလဲဆိုတော့ မင်းကလည်းကွာ သွားချင်ရင် ငါတို့က အရင်သွားရမှာပေါ့တဲ့။ ဘယ်သူအရင်သွားသွားဗျာ ရောက်ဖို့ အရေးကြီးတာပဲလို့ ပြန်နောက်လိုက်တယ်။ အဲ့ဒီအချိန်ကျွန်တော့်ပါးစပ်ထဲမှာ ခွဲစိတ်မှု တစ်ခုလုပ်ထားတော့သိပ်နေမ ကောင်းဘူး။ သူနဲ့စကားတွေ ဆက်ပြောတော့ သူ့အစီအစဉ်တွေကို ချပြတယ်။ သူက လုပ်ဆိုရင် ကျွန်တော်က မလုပ်ချင်ဘူးနဲ့ပဲ ငြင်းနေတော့ ဒါဆိုလည်းပြီးရောကွာ မင်းငါ့ကို မပတ်သတ်နဲ့တော့ဆိုပြီး စိတ်ဆိုးသွားတယ်။ သူကျွန်တော့်ကိုကြည့်သလို သူ့ကိုအကြာကြီး ပြန်စိုက်ကြည့်ပြီး အစ်ကိုအခုပြောနေတာတွေ တကယ်လား အစ်ကိုသဘောအတိုင်း ကျွန်တော်လုပ်မယ်ဆိုပြီး ကျွန်တော်တို့ပထမဆုံး အကောင်အထည်ဖော်မယ့်ဟာ ရွေးလိုက်ကြတယ်။ နောက်နှစ်ရက်နေလာခဲ့တဲ့။ နောက်နှစ်ရက်ညနေ ကျွန်တော့်ပါးစပ်ထဲက ခွဲစိတ်မှုကချုပ်ရိုးဖြေရမှာမို့လို့ပြောလိုက်တော့။ ဒါဆိုညပိုင်းငါ့အိမ်လာခဲ့ကွာတဲ့။ ဟုတ်ကဲ့ချုပ်ရိုးဖြေပြီးရင်ဖုန်းဆက်ပြီးလာခဲ့မယ်လို့ နောက်နှစ်ရက်အကြာချုပ်ရိုးဖြေဖို့ဆေးခန်းမှာစောင့်နေတဲ့ အချိန် ဖုန်းဝင်လာတယ်။ ကိုသားကြီးမရှိတော့ဘူးတဲ့။ ချုပ်ရိုးမဖြေဘဲနဲ့ သူ့ဆီတန်းပြေးတာ သူမရှိတော့ဘူးဗျာ။

**ချယ်လိုင်မိုး-** **အရမ်းမြန်တယ်နော်**

**မိုးကျော်-** ကျွန်တော်စိတ်အင်အားတွေ စိတ်ကူးတွေ မျှော်လင့်ချက်တွေ ပြန်တက်လာတဲ့အချိန်မှာ ခါးဖြတ်ချလိုက်သလိုပဲ ငွေ့ငွေ့လေးကျန်တဲ့ အသက်ကနေပြန်ဆက်ရမယ့် အချိန်ထပ်မံခံစားရတဲ့အပျက်ပဲ ကျွန်တော့်ကိုခေါ်မရိုက်ချင်တဲ့သူလည်း ခေါ်မရိုက်ဘူး အစ်ကိုမရှိတော့တဲ့ ဒီကြားကာလမှာ ကျွန်တော်သုံးလေး ငါးကားရိုက်ဖြစ်ခဲ့တယ်။အလုပ်တွေ လုပ်တိုင်းအရမ်းလွမ်းတယ်ဗျာ။ တစ်ခါတလေ တစ်ယောက်တည်း ခံစားရတိုင်း သူ့ကိုတမ်းတတယ်။ အမြဲတမ်းအမြဲတမ်းပဲ။ သူနဲ့ ကျွန်



တော်ရဲ့ နောက်ဆုံးတွေ့ဆုံမှုက အဲဒါပဲ ဒီငါးနှစ်အတွင်း အိပ်မက် သုံးခါမက်တယ်။ တစ်ခေါက်မက်လိုက်တာက သူမသေဘူး။ သူတကယ်ရှိနေတယ်။ သူအလုပ်တွေလုပ်နေတယ်ဆိုပြီး အပင်တွေအများကြီးစိုက်ထားတဲ့ ခြံကြီးထဲကို ကျွန်တော့်ကိုသူလှမ်းလှမ်းခေါ်နေတယ်။ ရိုက်ကွင်းတစ်ခုပေါ်ရောက်လာလိုက် သူပျောက်သွားလိုက် အဲ့ဒီအိမ်ထဲသူဝင်သွားလိုက်၊ ကြက်သွေးရောင်အရွက်တွေနဲ့ သစ်ပင်ကြီး တွေရှိတဲ့ခြံကြီးထဲမှာ ရှုတင်တွေ တည်ထားတယ်။ ကျွန်တော်နဲ့ တွေ့တိုင်း "မင်းအလုပ် လုပ်ရမယ်နော် မင်းအလုပ်လုပ်ရမယ်နော်" ဆိုပြီး ကျွန်တော့်ကိုထပ်ကာထပ်ကာ ပြောနေတယ်။ ကျွန်တော့် စိတ်တွေလည်း ဂယောင်ခြောက်ခြားတွေဖြစ်ကုန်တာပေါ့။ သူရှိနေသလိုလို အဲ့ဒီလိုမျိုးတွေဖြစ်ကုန်တယ်။ အဲ့ဒီတစ်ခါတော်တော်ရှည်ရှည်မက်ခဲ့တယ်။ ကျွန်တော်လည်း တော်တော်ခံစားလိုက်ရတယ်။ ကျွန်တော့်အခန်းလေးကို တံခါးလာခေါက်တယ်လို့ တစ်ခါမက်တယ်။ နောက်သူရှုတင်မှာ ရှိနေတယ်လို့မက်တယ်။ ဒါပေမဲ့ အိပ်မက်တွေထဲမှာ တွေ့တိုင်း "အလုပ်လုပ်နော်ကားရိုက်နော်"နဲ့ အမြဲမှာနေတယ်။ သူမရှိတော့ဘူးဆိုတာ ကျွန်တော်လက်ခံပြီးသားပါ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

လက်ခံဖို့ အားတွေထပ်မရှိတော့ဘူး။

**ဂျူလိုင်မိုး-သူလည်း တကယ်သတိတရနဲ့ ရှိခဲ့လို့နေ မှာပေါ့။**

**ဖိုးကျော်-** ပြောခွင့်ရရင် သူ့ကိုပြောချင်တယ်။ တကယ်ချစ်ပြီး တကယ်လေးစားရတဲ့သူက တကယ်မမေ့သေးဘူးလို့ တော်တော်များများကတော့ အစ်ကိုကို မေ့သွားပါပြီ။ မေ့ပစ်လိုက်ကြပြီ။ တချို့ကလည်း သူတို့ မမေ့သေးပါဘူးလို့ ။ သူတို့အတွက် သူတို့ Hightlight လုပ်နေကြတယ်။ တချို့ကလည်း တကယ်မမေ့သေးဘဲ လွမ်းဆွတ်တမ်းတနေကြတယ်လို့ကျွန်တော်သူ့ကိုပြောချင်တယ်။ လူငယ်ဆန်ဆန်စကားပြောရင် "အရမ်းတော်တဲ့သူတွေကိုအကြာကြီးမထားဘူး ခေါ်သွားတယ်" ကျွန်တော်တို့ကညံ့နေသေးလို့ သိပ်တော်တော့ တစ်နေရာမှာလိုအပ်နေလို့ခေါ်သွားတာ ကျွန်တော်တို့နဲ့ မတန်လို့တန်သလောက်ပဲရခဲ့တယ်။

**မဂျူလိုင်မိုး-ကိုသားကြီးက ကိုဖိုးကျော် အတွက်မှတ်မှတ်ရရ ပြောခဲ့တဲ့စကားများရှိရင်**

**ဖိုးကျော်-** အမြဲတမ်းအတွက် မင်းကို ငါစိတ်ချတယ်။ ငါစိတ်မချတာ သားညီပဲတဲ့။ သူကသားညီကိုသိပ်ချစ်တယ်။ သားညီကိုအရမ်းချစ်တယ်။ ဘယ်လောက်ထိချစ်လဲဆိုရင် ဇာတ်လမ်းတစ်ခုမှာ လူတစ်ယောက်ပဲလိုတယ်။ အဲဒါနဲ့ ကျွန်တော်က ဒီနေရာကိုသားညီကိုထည့်လိုက်ပါလို့ ဒါရိုက်တာကိုပြောလိုက်တယ်။ ဒါရိုက်တာက ကိုသားကြီးကိုပြောရဦးမယ်တဲ့။ နောက်ထပ်တစ်နေရာထပ်ထည့်ဖို့လည်း မရတော့ဘူးတဲ့။ ဒါရိုက်တာကိုကျွန်တော် ပြောထားပေမယ့် ဒါရိုက်တာက အစ်ကိုကိုပြောတဲ့အခါမှာ ကျွန်တော်ပြောထားတာကို ထည့်မပြောဘူး။ အစ်ကိုကလည်း ဒီနေရာကိုသားညီကို ထည့်လိုက်လို့ ပြောတယ်တဲ့။ အိုကေပေါ့ ကျွန်တော်နားလည်ပါတယ်လို့ဒါရိုက်တာကိုပြန်ပြောလိုက်တယ်။ သူ ကျွန်တော့်ကိုခေါ်ပြောတယ်။ " မင်းနားလည်ပေးတဲ့" အကြောင်းတစ်ခုခုကြောင့် အခွင့်ရေးတစ်ခုပဲ ရမယ်ဆိုရင် ငါနဲ့ပတ်သက်တဲ့သူ တစ်ဦးပဲရမယ်" ဆိုရင် "ငါသားညီကိုပဲပေးရလိမ့်မယ်တဲ့ ဘာကြောင့်လဲဆိုတော့ ဒီကောင့်ကို ငါသောက်ရမ်းချစ်တယ် ပြီးတော့သူက ငါ့သွေးသားဖြစ်နေလို့" တဲ့ ဒီစကားကြားတော့ ကျွန်တော်အရုပ်ကြိုးပြတ်ပဲ ဘာကြောင့်လဲ ဆိုတော့အစကတည်းကဒါရိုက်တာကို သားညီနဲ့ရိုက်ပါလို့ပြောထားပြီးသား(ဒါရိုက်တာ သူ့ကိုပြန်မပြောတာ ကျွန်တော်မသိဘူးလေ) ဟ ငါ ဒီလောက်လိုက်လျှောထားပါလျက်နဲ့ ဒီစကားခေါ်ပြောရက်တယ်လို့ ကျွန်တော်ထိတာ · ·ကျွန်တော်ဘာမှမပြောနိုင်တော့ဘူး။ ကျွန်တော်လှည့်ထွက်ခဲ့တယ်။ တစ်နေ့သူကျွန်တော့်ကို လာမေးတယ်။ ကားရိုက်တဲ့နေရာမှာ သားညီကိုနေရာပေးလိုက်လို့ မင်းမကျေနပ်ဖြစ်နေတာလားတဲ့ "မဟုတ်ဘူးအစ်ကိုလို့ ကျွန်တော် အစောကြီးကတည်းက ဒါရိုက်တာကို တိုက်တွန်းထားပါလျက်နဲ့ ကျွန်တော့်ကိုဘာလို့ဒီစကားခေါ်ပြောရတာလဲ" လို့ပြောလိုက်တော့မှ "ဟင် မင်းအဲ့ဒီလို ပြောထားသလား" ဒါရိုက်တာဘာမှ မပြောဘူး"တဲ့။ အဲဒါနဲ့ ကျွန်တော်လည်း ဒါဆိုရင်တော့ ဆောရီးပါအစ်ကို ကျွန်တော်နားလည်မှုလွဲပြီးခံစားမိတယ်။ အစ်ကိုမှတ်ထားပါ။ ကျွန်တော်ဟာ အစ်ကိုနားမှာနေတာ အစ်ကိုကိုချစ်လို့ပါ။ အစ်ကိုကိုချစ်လို့ အစ်ကိုချစ်တဲ့အရာအားလုံးကိုလိုက်ချစ်နေရတာ အစ်ကိုသဘောပေါက်လားလို့ အမိကအစ်ကိုပဲလေ အစ်ကိုကဟင်ဆိုရင် ကျွန်တော်ကျန်တဲ့သူတွေကိုဘယ်သူမှ ဂရုမစိုက်ဘူးလို့ အဲ့ဒီလိုပြောခဲ့တယ် " ငါနားလည်ပါတယ်။ မင်းကို ငါကျေးဇူးတင်ပါတယ်" တဲ့။ အဲဒါကတော့ အမှတ်တရထဲက အမှတ်တရတစ်ခုပါပဲ။

**ဂျူလိုင်မိုး- နှစ်ပတ်လည်ရောက်တော့မယ်နော် ဘာစီစဥ်ထားလဲ။**

**ဖိုးကျော်-** ကျွန်တော်မသိသေးဘူး။ ဒါပေမဲ့ကျွန်တော်မမေ့ဘူး။ လက်ထဲမှာ ဘာအင်အားမှမရှိရင်တောင်မှ သူ့အတွက် ကောင်းမှုကုသိုလ်တစ်ခုခု လုပ်ဖြစ်အောင်လုပ်မယ်။ ကျွန်တော်တို့တွေအများကြီးပြောင်းလဲသွားအောင်သူ့ဆီက ပညာတွေ အများကြီးရခဲ့တယ်။ ဒါဒီလိုလုပ် ဒါဒီလိုလုပ်လို့ မသင်ခဲ့ပေမယ့် ကျေးဇူးရှင်ဆိုတဲ့ထဲမှာသူပါတယ်။ ကျွန်တော်သိပ်ချစ်တဲ့အနုပညာသမားယောက်ျား တစ်ယောက်ထဲမှာသူပါတယ်။ လေးစားလိုက်လို့ရတယ်။ ချစ်ပစ်လိုက်ဖို့ဆိုတာမရဘူး နောက်ပြီး ကျွန်တော်တို့က အမျိုးအစားတူတွေလေ။ ဘယ်အချိန်ဘယ်အခါမှာ ဒီအကြောင်းအရာတွေ ပြောပြောမနေ့တစ်နေ့ကလိုပဲ ကျွန်တော်ခံစားနေရတယ်။ ပြောတိုင်းပြောတိုင်း ရင်ထဲမှာနာကျင်ရတယ်။ ကျွန်တော်သူနဲ့


www.burmeseclassic.com

www.burmeseclassic.com




ပတ်သက်တဲ့ အမှတ်တရတွေဆိုရင် ဂျူလိုင်မိုး သတိထားမိလား။ သူနဲ့ကျွန်တော် တွဲရိုက်ထားတဲ့ပုံ မရှိသလောက် ရှားတယ်။ ရှိရင်တောင်မှ မတော်တဆ အမှတ်တမဲ့တွေပဲများတယ်။ တကူးတကသူနဲ့ ကျွန်တော် အတူရိုက်ရအောင် ဆိုတာမရှိဘူး။ ဝက်ဝံရေတံခွန်ကြီး ရှေ့မှာအုပ်စုပုံရိုက်ခဲ့တာ တစ်ခုရှိတယ်ဒါပဲ။ တစ်ခါတလေ ကျရင်ဗျာ။ ကျွန်တော်ဘာကိုမှ မခံစားချင်တော့ဘူး။ ကျွန်တော့်ပုဂ္ဂလိက ခံစားမှုအကုန်လုံးပါတယ်။ နိုင်ငံခြား သီချင်းလေးတစ်ပုဒ်သူ့အတွက် ကျွန်တော်ရေးထားတာ ရှိတယ်။ Rutem to innosent (အပြစ်ကင်းမှုတွေဆီပြန် သွားခြင်း)တဲ့။ အဓိပ္ပာယ်ကိုကသေခြင်းတရားတွေ လာခေါ်နေတာ အေးအေးဆေးဆေးလိုက်သွားလိုက်တော့ အဲဒါပျော်စင်ခြင်းတွေနေရာပဲတဲ့။ ဒီနေရာကနေ ကျွန်တော် ပြောချင်တာ အနုပညာသမားစစ်စစ်ဆိုတာ အလောင်း ကျွမ်းခံပစ္စည်းတစ်ခုပဲ သူလောင်ကျွမ်းခံရတယ်။သူ ပျောက်ဆုံးသွားခဲ့တယ်။ စိတ်မကောင်းစရာနဲ့မြော်စရာ လေးတစ်ခုရှိတယ်။ အစ်ကိုရေ ရုပ်ရှင်ဆိုတာကို ကျွန်တော်ခံစားတတ်ချိန်မှာ ဦးတင်မောင်ကိုသိတယ်။ ကောလိပ်ဂျင်နေဝင်း ဗိုလ်ဗကို၊ ဦးကျော်လုံးတို့ကို သိတယ်။ မသိတဲ့ဟာတွေလည်း ရှိတယ်။ ကျွန်တော်သိတဲ့ အချိန်သူ တို့ဒီလောကမှာ မရှိတော့တာလည်းရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သူတို့ကိုလေးစားနေရတယ်။ အဲ့ဒီလိုမျိုး နောင်မျိုးဆက်သုံးလေးဆက် ဒွေးကိုသိဖို့ ဘယ်နှကား ရိုက်ပြီးပြီလဲဆိုတော့ ၁၅ မိနစ်လောက်ငြိမ်ပြီး ဘာမှမပြောဘူး။ ကျွန်တော့်ကို အလုပ်လုပ်ဖို့သူပြော တိုင်းသူ့ကို ကျွန်တော်ပြန်ပြောတာအဲ့ဒီစကားပဲ။ "ဘာလဲဝေလည်းမွှေးကြွေလည်းမွှေးက အစ်ကို Image လား"ဆိုတော့ သူခါခေါင်းသွားတယ်။ အစ်ကိုသက်တမ်းက တစ်ဝက်ကျိုးနေပြီ ကျန်ခဲ့မယ့် ကားတွေရိုက်ပါတော့လို့ ကျွန်တော်ပြောခဲ့တယ်။ အဲ့ဒီနောက်ပိုင်းမင်းပြော တဲ့ကားတွေငါရိုက်ပြမယ်ဆိုပြီး ကျွန်တော့်ကိုစိန်ပြန် ခေါ်ခဲ့တာ အဲဒါတွေမလုပ်ရသေးခင် သူထွက်သွားတာတော့ ကျွန်တော်နဲ့ပြောတယ်။ သူမက်ထားတဲ့အိပ်မက် တွေဆက်မက်ဖို့ ကျွန်တော့်မှာ အင်အားမရှိဘူး။ အဲ့ဒီ အတွက် ကျွန်တော်ယူကျုံးမရဘူး။ အဲဒါတွေရဲ့နောက် ဆက်တွဲမှာ ကျွန်တော်ရလာတာကဒီပရက်ရှင်ပဲ ။

**ဂျူလိုင်မိုး၊- ကိုဖိုးကျော်ယောကျ်ားပဲ အရွယ် လည်းငယ်သေးတယ်။ ဘာလို့ ဒီလိုမျိုးဖြစ်ရမှာလဲ။**

**ဖိုးကျော်-** ဂျူလိုင်မိုး မရှင်းဖြစ်သွားတယ်။ ကျွန်တော် ပြောတဲ့ဒီပရက်ရှင်က ကျွန်တော်ရဲ့ပုဂ္ဂလိကစိတ်။ အလုပ် နဲ့မဟုတ်ဘူး အလုပ်မှာတော့ ကျွန်တော် အမြဲ Strong ပဲ ။ အဓိကကတော့ ပရိသတ် ဆိုတဲ့လူတွေအတွက် အခွင့်အရေးရရင် လုပ်ပြချင်တယ်။ ပရိသတ်တွေက အားမလိုအားမရနဲ့ လုပ်ကြစမ်းပါ။ ဘာလို့ မလုပ်တာလဲ လို့မေးတယ်။ ကျွန်တော်တို့မှာ လုပ်ဖို့အခွင့်အရေးမရှိဘူး။ အဲဒါ ကောင်လေးတစ်ယောက်က ပြောတယ်။ အခွင့် အရေးကိုထိုင်မစောင့်ပါနဲ့အစ်ကိုရယ် ရတဲ့အပေါက်က တိုးတဲ့။ ရတဲ့အပေါက်ကတိုးခဲ့လို့ ခုလိုခေါက်ရိုး ကျိုးနေတာပေါ့။ ငါ့ကိုဒီထက် သွားလို့ရတယ်ဆို တာသိရင် ဒီထက်သွားလို့ရအောင် ငါ့ကိုလမ်းလေးတစ်ပေါက်တော့ ဖွင့်ပေးသင့်တာပေါ့လို့ကျွန်တော်က အခုဆိုလူဆိုးခန်း ကမရိုက်ဘူးလို့ ပြောတယ်တဲ့။ မှန်ပါတယ်။ ပြောပေး တယ်။ တစ်ချက်နှစ်ချက်လမ်းလျှောက်ပြီး ဆေးနေတ


www.burmeseclassic.com

www.burmeseclassic.com


'မှန်သေသွားမယ့် အခန်းကို ကျွန်တော်ပြောတာ ဥပမာ လူဆိုးတွေအကြောင်းချည်းပဲ သီးသန့်ရိုက်မယ့်ကားဆို ကျွန်တော်ရိုက်မှာပေါ့။ ဇာတ်ကား ထဲမှာ လူတစ်ယောက် ကိုကောင်းတယ်ဆိုတာပြဖို့အတွက် မတရားကြီးကြဲဖန် ဆိုးပြနေရမယ့် ဇာတ်ရုပ်မျိုးကို ကျွန်တော်မရိုက်ချင်တာ။ သဘာဝကျတဲ့ ဆိုးမှုတွေကို ကျွန်တော်လုပ်နိုင်တယ်။ ရှင်သန်မှုအနုပညာကြေး အရလည်းနိမ့်မယ်။ အနုပညာ အရလည်းနိမ့်မယ်ဆိုရင် ကျွန်တော်ဘာအတွက် လုပ်ရတော့မှာလဲ။ အနုပညာကြေးနည်းပေမယ့် အနုပညာအရ သိပ်ကောင်းတဲ့ကားမျိုး ကျွန်တော်လုပ်မှာပေါ့။ အဲဒါမျိုးမဟုတ်ရင်တော့ ပရိသတ်ကို ထိုင်ရှိခိုးလိုက်မယ်။ ဒီလိုမျိုးဖြစ်လို့ ကျွန်တော်မလုပ်နိုင်ပါဘူးလို့ ကျွန်တော့်ကိုချစ်တဲ့ ပရိသတ်အသိအမှတ်ပြုတဲ့ ပရိသတ်ကတော့ နားလည်ကြမှာပါ။ အခွင့်အရေးတွေကို ဘယ်သူ့ဆီက သွားတောင်းရမှာလဲ။ ကျွန်တော့်အခွေကို နောက်ဆုံး ၂၀၀နဲ့ငှားကြည့်တဲ့သူကအစတန်အောင် ကျွန်တော် လုပ်ပေးချင်တယ်။ တစ်ခုခုရသွားရင် ကျွန်တော် ကျေနပ်တယ်။ ကျွန်တော်လည်း အမြဲတမ်း အခြေခံလူ တန်းစားကိုပဲကိုယ်စားပြုတယ်။ အခြေခံလူတန်းစား တွေ အကြောင်းအမြဲလေ့လာတယ်။ အဲ့ဒီအကြောင်းတွေ ရိုက်တော့ တချို့လိုအပ်ချက်တွေကို ကျွန်တော်ပြတယ်။ ညှိနိုင်းတယ်။ အဲ့ဒီတော့ မိကျောင်းမင်းရေခင်းပြတယ်တို့ ဇာတ်ကိုဝင်ရောက် စွက်ဖက်တယ်တို့ပြောတယ်။ နောက် မကြိုက်ရင် မပြောတော့ပါဘူး။ အဲ့ဒီတုန်းကလည်း ကျွန်တော်က ယုံကြည်မှုတွေ အရမ်းလွန်ကဲနေတဲ့အချိန် ဆိုတော့ သူများယုံကြည်မှုကို ကိုယ်ချင်းမစာဘဲ ပြောမိသွားတယ်။ ခုကျွန်တော်လုံးဝပြောချင်စိတ်မရှိတော့ဘူး။ အသက်အရွယ်နဲ့အချိန်အခါက ပြောင်းလဲ သွားတယ် နဲ့တူတယ်။

**ဂျူလိုင်- ကိုသားကြီးကြောင့် ပြောင်းလဲသွားတာလည်း ပါမှာပေါ့။**

**ဖိုးကျော်-** ဟုတ်ပါတယ်။ အစ်ကိုနဲ့ကျွန်တော်တို့ ပျော်ခဲ့ကြတာရှိတယ်။ ဝမ်းနည်းကြေကွဲကြတာရှိတယ်။ ဒါပေမဲ့ ပျော်ခဲ့တာက လက်တစ်ဘက်စာမပြည့်ပါဘူး။

**ဂျူလိုင်မိုး- ကိုသားကြီး ဝင်စားတယ်ဆိုတဲ့ ကလေး အကြောင်းကြားပြီးမှာပေါ့။ အဲ့ဒီအပေါ်အမြင်။**

**ဖိုးကျော်-** အဲ့ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဘာမှမ ပြောချင်ပါဘူး။ ဘာထင်မြင်မယူဆချက်မှလည်းမရှိပါဘူး ဒါပေမဲ့ ကျွန်တော်သိတဲ့အစ်ကိုကတော့ မရှိတော့ဘူး လေ။ ကျွန်တော့်မိရိုးဖလာဗုဒ္ဓဘာသာပါ။ ဒါပေမဲ့ ဟုတ် လားမဟုတ်လားဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော် မနေချင်ဘူး။ ကျွန်တော်ထင်မြင်ယူဆချက်တွေ ဘာမှ မပေးချင်ဘူး။

**ဂျူလိုင်- အမှတ်တရစကားလေး ပြောပေးပါဦး။**

**ဖိုးကျော်-** ခုချိန်မှာ ခံစားရတာလေးဘာလေးနဲ့ ဖြစ်ပျက်နေ လိုက်တာ·· အပိုတွေလို့ပြောကောင်းပြေ ပါလိမ့်မယ်။ ဝေဖန်ကောင်းဝေဖန်ပါလိမ့်မယ်။ ဘယ်သူတွေဘယ်လိုပဲ ပြောပြောကျွန်တော့်ရင်ထဲမှာ ကတော့ သူနဲ့ပတ်သက်တဲ့ အကြောင်းတွေ သူနဲ့အတူရှိခဲ့တဲ့ကာလတွေ ဘယ်အချိန်မှာမဆိုပြော လိုက်တိုင်းနာကျင်ရတယ်။ ထိခိုက်ရတယ်။ ကြေကွဲရ တယ်။ အဲဒါကြောင့် ဘယ်သူကပဲ ဝေဖန်ရှုတ်ချကြပါစေ ကျွန်တော်စိတ်မဆိုးပါဘူး။ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ခံစားချက်ကို ကျွန်တော်သိပါတယ်။ ကမ္ဘာလောကကြီး တစ်ခုလုံးကိုညာနေပါစေ။ ကိုယ့်ကိုယ် ကိုယ်တော့ညာလို့မရပါဘူး။ ကျွန်တော်ဒီအကြောင်းအရာ တွေကို နောက် ဂျူလိုင်မိုးကို ကျွန်တော်မဖြေတော့ဘူး။ ကျွန်တော့်အနုပညာနဲ့ပတ်သက်လို့ဖြေချင်ဖြေမယ်။ အခု ဘာလို့ဒီအင်တာဗျူးကိုလုပ်ဖြစ်လဲဆိုတော့ ကျွန်တော် လေးစားရတဲ့ဒါရိုက်တာ ဦးဇေဒါကတိုက်တွန်းတဲ့ အတွက်ရယ်။ နောက်ဂျူလိုင်မိုးက လူငယ်တစ်ယောက် ပေမဲ့ ဘာအလုပ်ပဲလုပ်လုပ်အလုပ်တစ်ခုကို ခင်ဗျား သေသေချာချာ စနစ်တကျလုပ်တတ်တယ်။ စိတ်ဝင် တစား လုပ်တတ်တာကို အသိအမှတ်ပြုတဲ့သဘောနဲ့ ဒီနေ့ဒီစကားဝိုင်းကို ကျွန်တော်လုပ်ခဲ့တာပါ။

**ဂျူလိုင်မိုး- ဦးဇေဒါကိုရော ကိုဖိုးကျော်ကိုပါ ကျေးဇူး တင်ပါတယ်။**


www.burmeseclassic.com

www.burmeseclassic.com

# ဒွေးပြန်လာမယ်ဆိုရင် အနုပညာသမားအဖြစ်နဲ့ ပြန်လာစေချင်တယ် ဒါရိုက်တာမောင်မျိုးမင်း

**အခုကြားရတဲ့ ကိုသားကြီးသတင်းနဲ့ ပတ်သက်ပြီး ညီအစ်ကိုလိုဖြစ်နေတဲ့ ဦးမျိုးရဲ့ ခံစားချက်က···**

ဦးမျိုးပြောချင်တာရှိတယ်။ သူ လူ့လောကမှာနေတုန်းက အနုပညာတာဝန်တွေကျေခဲ့တယ်။ ခုထက်ထိ သူဖန်တီးခဲ့တဲ့ အနုပညာအားလုံးကို လူတွေက နှစ်သက်စွဲလမ်းနေတုန်းပဲ။ ဦးမျိုးစိတ်ထဲမှာ ဆုတောင်းခဲ့တာ တစ်ခုရှိတယ်။ သူ့ကိုလည်းပြောခဲ့ဖူးတယ်။ နောင်ဘဝ လူဖြစ်ခွင့်ရတယ်ဆိုရင် အနုပညာလောကကို ပြန်လာစေချင်တယ်။ သူ့ကိုချစ်တဲ့ပရိသတ်တွေခုချိန်ထိရှိနေကြတယ်။ ခုသတင်းကဟုတ်သည်၊ မဟုတ်သည် ဆိတာထက် ဟုတ်သည်လို့ အကြမ်းဖျင်း ယူဆထားတဲ့အတွက် ဦးမျိုးကိုယ်တိုင် တောင့်တထားတဲ့အရာရှိတယ်။ ဒီဘဝမှာ သိတဲ့အသိ၊ နောင်ဘဝအထိပါသွားချင်တယ်။ အရမ်းပါသွားချင်တယ်။ ကျန်တဲ့ဘာပစ္စည်းမှမလိုချင်ဘူး။ (မကျွတ်မှာတော့ စိုးရိမ်ရတာပေါ့) အခု အဲဒီအသိပါလာခဲ့ရင်သိပ်ကောင်းမှာပဲ။ သူ့အဲဒီလိုအသိပါလာမယ်ဆိုရင်တော့ ရုပ်ရှင်လောကကို ပြန်ပြီးအကျိုးပြုနိုင်မှာပဲ။ ပါတယ်၊ မပါဘူးဆိုတာတော့ ခုတော့မသိသေးဘူးပေါ့နော်။ သူနဲ့နီးစပ်တဲ့ သူတွေနဲ့တွေ့ရင်တော့ဘာတွေဖြေမလဲ။ ပြောဘူးဆိုတဲ့ ကြားထဲကနေ ဘာတွေပွင့်ထွက်လာမလဲ။ တချို့ ဦးမျိုးတို့အချင်းချင်းပဲ သိတဲ့အရာတွေရှိတယ်လေ။ သူနဲ့ဦးမျိုးနဲ့က အနေများတော့ ဥပမာ-ရိုက်ကွင်းက ဓာတ်ပုံလေးတွေကအစပေါ့။ ဦးမျိုးကို တွေ့ရင်သူဘာပြောမလဲ။ ဦးမျိုးရုပ်ကြီးကိုတွေ့ရင်ရော ဘယ်လိုဖြစ်သွားမလဲ။ နောက်ဆုံးသေမယ့်ရက်မှာ ဦးမျိုးကိုသူလိုက်ရှာနေတာ၊ ဦးမျိုးနဲ့သူနဲ့ စိတ်ကောက်ထားကြ တယ်လေ။ သွားရှာတဲ့။ အဲဒါနဲ့ သူ့တပည့်က ညကြီးဘယ်မှာရှာရမှာလဲဆိုတော့ နောက်နေ့ကျတော့ ရအောင်ခေါ်တဲ့။ နောက်နေ့ကျတော့ ရောက်လာတယ်။ သတင်းပဲရောက်လာတယ်။ သတင်းဆိုးပေါ့။ တကယ်ဆိုရင်တော့ ဒီကလေး ဦးမျိုးတို့ကို တွေ့ရင် တစ်မျိုးတော့ဖြစ်မှာပါ။



**တကယ်ဟုတ်တယ်ဆိုရင် ဦးမျိုးတို့ကို မှတ်မိရမှာပေါ့နော်။**

ဟုတ်တယ်ဆိုရင် ဒီဘဝကလူတွေကို မှတ်မိရုံတင်မကဘူး။ သူ့အသိဉာဏ်နဲ့ သူ့အနုပညာတွေကိုပါ မှတ်မိစေချင်တယ်။ ဒါမှပေါ့။ နို့မဟုတ်ဆို သူလူသစ်တစ်ယောက်ပဲဖြစ်သွားမှာပေါ့။ ဒါကြောင့် သူ့အသိ၊ သူ့အနုပညာတွေကိုပါ မှတ်မိစေချင်တယ်။ မှတ်မိပါစေလို့လည်း ဆုတောင်းတယ်။

**ဦးမျိုး ဒီကလေးကို တွေ့ချင်စိတ်ရှိလား။**

ရှိတာပေါ့။ သူဘာပြောမလဲ၊ ဘာတွေဖြစ်သွားမလဲ။ တွေ့တွေ့ချင်းမှာ ဘယ်လိုဖြစ်သွားမလဲဆိုတာကိုပေါ့။ ဦးမျိုးမှ မဟုတ်ဘူးလေ။ သားညီကိုတွေ့ရင်ရော၊ မိုးမိုးကိုတွေ့ရင်ရော၊ ရန်အောင်(ဒွေးညီ)ကိုတွေ့ရင်ရော၊ ဖိုးကျော့်ကို တွေ့ရင်ရောဘာတွေဖြစ်သွားမလဲ။ ဝေယံမိုး (သူ့မွေးစားသား)ကိုတွေ့ရင်ရော။ ခုဝေယံမိုးတောင်တော်တော်ကြီးနေပြီ။ အဲဒီတော့ ဘာပဲပြောပြော ခုချိန် သတင်းဆင်းရဲရဲနေရတော့ သူပြခဲ့တဲ့ကုသိုလ်တွေက ဒီကလေးနဲ့

www.burmeseclassic.com

ပြီးသွားရမှာ မဟုတ်ဘူး။ ဒါကြောင့် တစ်ချိန်ချိန်မှာတော့ ပြုခဲ့တဲ့ကုသိုလ် အကျိုးကိုတော့ ခံစားရဦးမှာပါ။

**ဒီကလေး မှန်ခဲ့တယ်ဆိုရင်တောင် အခုအနေအထား မဟုတ်ဘဲ ကြီးပွားဦးမယ်ဆိုတဲ့သဘောပေါ့။**

ဒါပေါ့ . . . ဒါပေါ့။

**နှစ်ပတ်လည် ရောက်ခါနီးပြီနော်။ ကိုသားကြီးအတွက် အမှတ်တရ စကားလေး ပြောပေးပါဦး။**

အမှတ်တရတွေကများလွန်းတော့ ပြောလို့ကုန်မှာ မဟုတ်ဘူး။ ဆုတောင်းစကားလေးပဲပြောမယ်။ သူရှိစဉ်ကတည်းက ပြောခဲ့တဲ့စကားပါ။ လူဖြစ်ခွင့်ရရင် အနုပညာသမားအဖြစ်နဲ့ပဲ ပြန်လာစေချင်တယ်။ သူ့ကိုချစ်တဲ့ ပရိသတ်ကလည်း သူ့ကိုဆက်ချစ်နေစေချင်တယ်။ ဦးမို့ တို့ကိုယ်တိုင်လည်း သူ့ကိုဆက်ပြီးလေးစားနေမယ်၊ ဆက် ချစ်နေမယ်။ ဒါကြောင့် အနုပညာသမားအဖြစ်နဲ့ ပြန် လာစေချင်တယ်။ တစ်ဘဝ လုံးနေသွားတဲ့အချိန်မှာ အများအတွက်ပဲ သူနေခဲ့ရတယ်။ ခုချိန်မှာတော့ အဲဒီဘဝကြီးကိုငြီးငွေ့ပြီး ဒွေးအတွက်ပဲ ဒွေးလိုနေ ချင်သွားပြီလားတော့ မပြောတတ်ဘူး။ သူပြောဖူးတဲ့ စကားလို ဘာမှမဟုတ်တဲ့ ရွာလေးတစ်ရွာက ဘယ်သူမှ မသိတဲ့ လူလေးတစ်ယောက်ဖြစ်ချင်တယ်ဆိုတဲ့ သူ့ဆု တောင်းများ ပြည့်သွားသလားမသိဘူး။

(ရယ်လျက်)

BURMESE CLASSIC

# ကိုသားကြီးကို အိမ်ဘုရားစင်မှာထားပြီး ကိုးကွယ်ထားပါတယ် ဆာမိ(ဒွေးမန်နေဂျာ)

**ကိုသားကြီးနဲ့ ဘယ်တုန်းက စပြီးလက်တွဲဖြစ်ခဲ့လဲ။**

ကိုသားကြီးနဲ့ စပြီးလက်တွဲဖြစ်ခဲ့တာက ၁၉၉၈-ခုနှစ်လောက်ကပေါ့။

**လက်တွဲဖြစ်တဲ့အချိန်တွေမှာ ကိုသားကြီးရဲ့ စိတ်ဓာတ်က ဘယ်လိုမျိုးလဲ။**

အလုပ်အပေါ်မှာချစ်တယ်၊ အလုပ်ကိုမြတ်နိုးတယ်၊ အလုပ်ကိုတန်ဖိုးထားတယ်၊ စကားပြောရင် ပြတ်သားတယ်။ အောက်လက်ငယ်သားတွေကို သနားညှာတာတတ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေကို နားလည်ပေးတယ်။ စည်းထားတယ်။ ဒါရိုက်တာကို ဒါရိုက်တာစည်းထားတယ်၊ သရုပ်ဆောင်ကို သရုပ်ဆောင်စည်းထားတယ်၊ စက်အဖွဲ့ကိုစက်အဖွဲ့စည်းထားတယ်၊ ညီလေးတန်ရင်ညီလေးခေါ်တယ်၊ အစ်ကိုတန်ရင် အစ်ကိုခေါ်တယ်၊ သူငယ်ချင်းကိုသူငယ်ချင်းလိုပေါင်းတယ်၊ အားလုံးကိုမျှမျှတတပေါင်းတယ်။ ကျွန်တော်အပါအဝင် သူ့တပည့်တွေရော၊ စက်တင်တွေရော အားလုံး၁၀-ယောက်လောက်ရှိတယ်။ အဲဒီလူအကုန်လုံးရဲ့ စားဝတ်နေရေး၊ သွားရေးလာရေး၊ ကျန်းမာရေးကအစ အကုန်တာဝန်ယူထားတယ်။

**ကိုဆာမိနဲ့ ကိုသားကြီးနှစ်ယောက်တည်းသိနိုင်တဲ့ လျှို့ဝှက်ချက်များ ရှိခဲ့ဖူးလား။**

ရှိခဲ့ပါတယ်။

**မသေခင်မှာ အတိတ်နိမိတ်ပြခဲ့ဖူးတာရှိလား။**

မသေခင်တစ်ပတ်အလိုမှာ ဒါရိုက်တာကိုအောင်မင်းသိမ်းနဲ့ ဇာတ်လမ်းလေး ဆိုတဲ့ကားရိုက်တော့ ခရမ်း-သုံးခွရဲ့ သင်္ချိုင်းကုန်းလေးဘေးမှာရိုက်တယ်။ ဖိုက်တင်ရိုက်တဲ့အချိန်မှာ မိုးရွာတယ်။ ကိုသားကြီးက ဘာပြောလဲဆိုတော့ လမ်းပေါ်မှာလည်းကားရပ်လို့မရဘူး။ ဟိုမှာ ဖြူဖြူလေးတွေ့လား။ အဲဒီမှာ အေးအေးဆေးဆေးလေး သွားအိပ်နေရင် ပြီးပြီတဲ့။ သူ နောက်သလိုပြောင်သလိုပဲ ကိုယ်ကထင်ခဲ့တယ်။

**ထူးထူးခြားခြား ကိုဆာမိနဲ့ အမှတ်တရရောရှိခဲ့ဖူးလား။**

မှတ်မှတ်ရရ "အမိကောင်းကင်ကြယ်စင်မောင်နှမ" အဲဒီကားကို ချင်းတောင်မှာသွားရိုက်ပြီး ပြန်လာတဲ့အခါကျတော့ ကလေးမြို့ စစ်တပ်ဝင်းထဲမှာတည်းရတယ်။ မင်းသား၊ မင်းသမီးတွေအများကြီးပဲ။ နေရာထိုင်ခင်း စီစဉ်တဲ့အချိန်မှာ အကုန်လုံးက အဆင်ပြေပြေနဲ့ နေရာတွေရရှိသွားကြတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီသား


www.burmeseclassic.com

www.burmeseclassic.com







ကွန်းအခန်းတွေရသွားကြတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့အတွက် အခန်းမရသေးဘူး။ ကျွန်တော်တို့ ငုတ်တုတ်ထိုင်နေတယ်။ အဲဒီအချိန်မှာပဲ ကိုသားကြီးအတွက် အဲယားကွန်း အခန်းပေးဖို့အတွက်ပြင်ဆင်နေတုန်း ခဏစောင့်ပါဦး။ ကျွန်တော်တို့လည်းမစောင့်တော့ဘူး။ ကိုယ့်ဘာသာအဆင်ပြေအောင်နေမယ်ဆိုပြီး တပ်ကြပ်ကြီးတစ်ယောက်နေတဲ့အခန်းတစ်ခန်းရှိတယ်။ ရှိနေတဲ့အခန်းက တန်းလျားမှာပါ။ အဲဒီအခန်းမှာ ခွေးခြေရာတွေလည်းတွေ့တယ်။ အခန်းတစ်ခုလုံးကလည်း စုတ်ပြတ်နေတယ်။ ကျွန်တော်တို့ အဲဒီအခန်းမှာ နှစ်ရက်၊ သုံးရက်လောက်တည်းရမှာ။ အဲဒါနဲ့ ကျွန်တော်တို့ဆရာ တပည့်နှစ်ယောက် ကိုယ့်ဘာသာ တံမြက်စည်းဝယ်၊ သန့်ရှင်းရေးလုပ်တယ်။ ရေဆေးကြမ်းတိုက်ပြီးတော့ အဲဒီခုတင်လေးမှာ ပန်ကာလေးဖွင့်ပြီးတော့ နှစ်ယောက်သားအိပ်ခဲ့ကြတာ ကျွန်တော့်ဘဝအတွက်တော့ အမှတ်တရပါပဲ။

**ကိုသားကြီး လူဝင်စားဖြစ်နေမယ်ဆိုရင် တွေ့ချင်လား။**

တွေ့ချင်တာပေါ့ဗျာ။ ဘယ်လိုမေးလိုက်တာလဲ။ ငယ်သည်ဖြစ်စေ၊ကြီးသည်ဖြစ်စေထိုင်တောင်ရှိခိုးလိုက်ချင်သေးတယ်။

**ကိုသားကြီးသာ လူဝင်စားဖြစ်နေမယ်ဆိုရင် သူ့ကိုဘာပြောချင်လဲ။**

သူလူဝင်စားဖြစ်ခဲ့ရင်လည်း မင်းသားဖြစ်ခဲ့တဲ့ဘဝဟာ အားလုံးကိုကောင်းကျိုးပေးထားခဲ့တဲ့ အတွက်ကြောင့် အားလုံးကို စေနာစိတ်နဲ့ ကြည့်ရှုထားခဲ့တဲ့အတွက်ကြောင့် လူဖြစ်ခဲ့ရင်လည်း အရင်ဘဝလို ချစ်ချစ်ခင်ခင်နေရမယ်။ ချမ်းချမ်းသာသာနဲ့နေရလိမ့်မယ်၊ အဆင်ပြေလိမ့်မယ်လို့ ကျွန်တော်တို့ကယူဆပါတယ်။ သူ့ကိုတော့ ဘာမှမပြောချင်ဘူး။ သူဘာလုပ်ချင်တာလဲ မေးပြီးတော့ သူတကယ်အစစ်အမှန် ဝင်စားတာမှန်တယ်ဆို သူလုပ်ချင်တာလေးတွေရှိရင် ကိုယ်မတတ်နိုင်တောင်မှတတ်နိုင်တဲ့လူကိုစည်းရုံးမယ်။

**ထူးထူးခြားခြား ဘာတွေရှိခဲ့လဲ။**

သေပြီးတစ်ပတ်အကြာမှာ အိပ်မက်ပေးတယ်။ အိမ်ကို တံခါးခေါက်ပြီး ဂျင်းဘောင်းဘီကို လိပ်တင်ထားတယ်။ တံခါးလည်းဖွင့်ရော ဘယ်လျှောက်သွားနေတာလဲအစ်ကိုရယ်။ အိပ်မှာလား၊ ထမင်းစားမှာလားမေးတဲ့အခါမှာ ကိုသားကြီးက "မင်းမိန်းမကို ပြောထားဦး။ ငါ့ကိုထမင်းကျွေးတာ ပုစွန်ကိုအခွံမနွှာဘဲကျွေးတယ်"ဆိုပြီး အိပ်မက်ပေးတယ်။ ကျွန်တော့်မိန်းမကိုမေးကြည့်တဲ့အခါမှာ"ဟုတ်တယ်၊ ပုစွန်ကိုအခွံမနွှာဘဲကပ်လိုက်မိတယ်"လို့ဖြေပါတယ်။

**ကိုသားကြီးသာ ကြားနိုင်မယ်ဆိုရင် သူ့အတွက် ပြောချင်တဲ့ စကားတစ်ခွန်းက...**

ကျွန်တော်တို့က ဟိန္ဒူတမီလ် ဗုဒ္ဓဘာသာဆိုတော့ တမီလ်ထုံးတမ်းစဉ်လာအရ မိဘသော်လည်းကောင်း၊ ညီအစ်ကိုမောင်နှမသော်လည်းကောင်း ဆုံးသွားခဲ့ရင် အိမ်မှာထားပြီးကိုးကွယ်ရတယ်။ မြတ်စွာဘုရားတွေရှိတယ်၊ တမီလ်ဘုရားတွေရှိတယ်၊ အဲဒီဘုရားတွေအကုန်လုံး ဆွမ်းကပ်သလို သူ(ခွေး)မနက်တိုင်းကြိုက်တဲ့ ကော်ဖီကျွေးနဲ့ လက်ဖက်ရည်ကို ဆွမ်းကပ်တယ်။ အဲဒါကနေ့တိုင်းပဲလုပ်ဖြစ်တယ်။ ညပိုင်းဆိုရင် ရေနွေးကြမ်းကပ်ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အစ်ကို့ကို အရမ်းတွေ့ချင်တယ်၊ မြန်မြန်ရောက်လာပါအစ်ကိုရယ် ဇွဲနိုင်ဝင်း

**ကိုသားကြီးနဲ့ စတွေ့ဖြစ်ပုံ···**

ကိုသားကြီးကို ပထမဆုံးစတွေ့ ဖူးတာကတော့ ရုပ်ရှင်အစည်းအရုံး ဘောလုံးကန်တုန်းက အောင်ဆန်းကွင်းမှာ သီချင်းတွေဆိုကြတော့ ပရိသတ်ကြားထဲကနေ ရောက်အောင်သွားပြီးတော့ "အစ်ကို···အစ်ကို့ကို ကျွန်တော် အရမ်းကြိုက်တာပဲအစ်ကိုရယ်"လို့ဆိုတော့ အစ်ကိုက ရှိုးတိုးရှန့်တန့်ဖြစ်သွားပြီး "အေးပါ···အေးပါ။ Thank You Thank You" ဆိုပြီး အဲဒီမှာစတွေ့ဖူးတာ။

**ကိုသားကြီးနဲ့ ပထမဆုံးရိုက်ဖူးတဲ့ ကားက···**

ဦးဗေဒါရိုက်တဲ့မနန္ဒာ(နန္ဒလှိုင်)နဲ့ "လရောင်နမ်းတဲ့ ပင်လယ်"၊ အဲဒီရှေ့မှာ မနန္ဒာနဲ့ပဲ "ဂန္ထဝင်ရည်းစားစာ"စရိုက်ဖြစ်တယ်။

**ကိုသားကြီး မဆုံးခင်မှာ အဲဒီလိုအတိတ်နိမိတ်တွေ ပြခဲ့တာရှိလဲ**

ကျွန်တော်တို့ မှတ်မှတ်ရရ ဓာတ်ပုံရိုက်တဲ့နေ့က မနက်အစောကြီးရိုက်ရမှာဆိုတော့ ကျွန်တော့်ကို အခက်အခဲဖြစ်နေလိမ့်မယ်။ ဟိုတယ်တစ်ခုမှာ အခန်းငှားလိုက်မယ်။ ကျွန်တော်နဲ့အတူနေမယ်ပေါ့။ ကျွန်တော်က နေပါစေအစ်ကိုရယ်၊ ပိုက်ဆံကုန်ပါတယ်။ မငှားပါနဲ့။ မနက်ကျမှ ကျွန်တော်ဖုန်းဆက်ပြီး ထွက်ခဲ့မယ်ပြောခဲ့တယ်။ မနက် ၄-နာရီလောက် ဗိုလ်ချုပ်ပန်းခြံထဲမှာ ရိုက်ဖြစ်တယ်။ အစ်ကို့ကို ကျွန်တော့်အဖေ ရိုက်ထားတဲ့ ပုံတွေထဲက ပုံကြီးတစ်ပုံ ပုံကြီးချဲ့ပြီးတော့ လက်ဆောင်ပေးမယ်။ အစ်ကိုက မင်းပေးတဲ့ဓာတ်ပုံကို ငါယူရမယ် ဆိုပြီးတော့ "အေးပါအေးပါ"လို့ပြောပြီး နောက်ပိုင်းမှာ ကျွန်တော်လည်း တော်တော်နဲ့ မကူးဖြစ်ဘူး၊ မေ့မေ့နေတာနဲ့ ဓာတ်ပုံဆိုင်မရောက်ဖြစ်ဘူး။ ဓာတ်ပုံကူးပေးမယ်ဆိုတဲ့ဟာက အစ်ကို့ရဲ့နောက်ဆုံးအခမ်းအနားရောက်မှ ရှေ့ဆုံးမှာကမ်းတဲ့ပုံဖြစ် သွားတယ်။ အဲဒီလိုကူးပေးလိုက်ရတဲ့တစ်ခုက ဒီနေ့ထိဖြေဖျောက်လို့မရဘူး။ ကျွန်တော်ပြောလိုက်တဲ့ စကားတစ်ခွန်းက အဲဒီအတွက်ဖြစ် သွားမယ်မထင်မိဘူး။

**မှတ်မှတ်ရရ ဘာမှာဖူးလဲ···**

အဲဒီလိုမျိုးတော့မရှိခဲ့ဘူး။ သားညီအတွက်တော့မှာတယ်။ သူ့ကိုအလိုလိုက်ပါ။ ငယ်တဲ့အခါကျတော့ သူ့ကိုအလိုလိုက်ထားတော့ ဒီကောင်ကတစ်ခါတလေကျရင် လူကြီးသာဖြစ်တယ်၊ ကလေးစိတ်မကုန်သေးဘူး။ အဲဒါကြောင့် သားညီကို သည်းခံပါဆိုပြီးပြောဖူးတယ်။

**ထူးထူးခြားခြား အမှတ်တရအနေနဲ့က···**

အမှတ်တရတွေကို လိုက်ကောက်ရရင်တော့ အများကြီးပဲ။ ထူးထူးခြားခြားတစ်ခုက ကျွန်တော်တို့ ငွေဆောင်မှာကား ရိုက်ပြီးတဲ့အချိန် ညပိုင်းထမင်းစားပြီး ကမ်းခြေမှာ ထိုင်နေရင်း "လူသား(ဇွဲနိုင်ဝင်း) အစ်ကိုတစ်ခုပြောပြမယ်။ မင်းအစ်ကို့ကြိုက်တာလည်း ကြိုက်ပေါ့ကွာ၊ အစ်ကို့ အိုက်တင်တွေ လုပ်တာကိုပြင်လိုက်တော့၊ လျှော့လိုက်တော့၊ အစ်ကိုဆိုရင် ဦးကျော်ဟိန်းကိုအရမ်းကြိုက်ခဲ့တယ်၊ ဒါပေမဲ့ ဦးကျော်ဟိန်းနဲ့မတူအောင် ဘယ်လိုလုပ်မလဲ ဆိုတာတစ်ခုတည်းနဲ့ကိုယ့် ပုံစံထွက်အောင်ပြန်ခွဲထွက်ရတယ်၊ အစ်ကိုစော်ကားပြီး ပြောတာမဟုတ်ဘူးလူသား။ အခုလည်း အစ်ကို့လိုဖြစ်စေချင်လို့ ဒီတော့ ကိုယ့်တာသာ အိုက်တင်လုပ်လို့ရနေပြီပဲ၊ တစ်ခုပြန်ချိုးပြီးတော့လုပ်ကြည့်ပါလား"ဆိုတဲ့ စကားလေးကို မှတ်မှတ်ရရ ငွေဆောင်မှာ ပြောဖူးတယ်။ အဲဒီစကား လေးတစ်ခွန်းက ကျွန်တော့်အတွက် Hight Light ဖြစ်သွားတာပေါ့။ မင်းသားတစ်ယောက်က သူ့အိုက်တင်ကို လိုက်လုပ်နေတဲ့ လူတစ်ယောက်ကို ဒီလို ညီအစ်ကိုလို စိတ်ဓာတ်မျိုးနဲ့ ခေါ်ပြောတယ်ဆိုတာ တော်ရုံဘယ်သူမှမပြောဘူး။ နောက်သလို ပြောင်သလိုနဲ့သာပြောရင်ပြောမယ်။ ညီအစ်ကိုစိတ်နဲ့ပြောတာ အရမ်းချစ်ဖို့ကောင်းတယ်။

**ကိုသားကြီးသာ လူဝင်စားဖြစ်ခဲ့မယ် ဆိုရင်သူ့နဲ့ တွေ့ချင်**



www.burmeseclassic.com

**ဘာတွေပြောချင်လဲ။**

အရမ်းတွေ့ချင်တယ်။ အစ်ကိုပြန်လာမယ်ဆိုရင် ကျွန်တော်တို့က အစ်ကိုရှိနေတဲ့အတွက်ကြောင့် အစ်ကိုဘာလုပ်ချင်လဲ။ အစ်ကိုလုပ်ချင်တာကို လုပ်ပေးဖို့အဆင်သင့်ပါပဲ။ နောက်ပြီး အစ်ကိုမရှိတဲ့အချိန် ရုပ်ရှင်လောကကြီးပျက်စီးသွားတယ်။ မြန်မြန်ပြန်လာပါအစ်ကိုရယ်လို့ပြောချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# အနုပညာသမားကောင်းတစ်ယောက်အနေနဲ့ ခုချိန်ထိမေ့လို့မရသေးပါဘူး အိန္ဒြာကျော်ဇင်



**ကိုသားကြီးနဲ့ အတူတူလှုပ်ရှားခဲ့ဖူးတဲ့ အနုပညာအမှတ်တရတစ်ခုလောက်ကို သိပါရစေ။**

ပရိသတ်တော်တော်များများကြိုက်ခဲ့ကြတဲ့ "အချစ်သည်လေပြည်"ဆိုတဲ့ကားကြီးကိုပြောရမှာပဲ။ ကိုသားကြီးရော၊ မအှုဝဲရော ပရိသတ်ရဲ့လက်ခံအားပေးမှု တကာယ့်ကိုရခဲ့တယ်။ အဲဒီကားကြီးမှာ ကိုသားကြီးရဲ့ သင်ပြလမ်းညွှန်မှုတွေလည်းအများကြီးရခဲ့တယ်။ ဘယ်နေရာဘယ်လိုလုပ်ဆိုပြီး သင်ပေးခဲ့တယ်။ အနုပညာအစ်ကိုတစ်ယောက်အနေနဲ့ သူနဲ့အမှတ်တရဆိုရင် အဲဒီကားကြီးရှိပါတယ်။

**ကိုသားကြီး ဆုံးခါနီးမှာ အမှတ်တရများရှိခဲ့ဖူးလား။**

မရှိလိုက်ဘူး။ ဘာလို့လဲဆိုတော့ ကိုသားကြီးဆုံးခါနီးမှာ မအှုဝဲနဲ့ ကားရိုက်မဆုံလိုက်ဘူး။ ဗီဒီယိုတစ်ကားဆုံတယ်။ ဦးမျိုးမင်းရိုက်တာနဲ့တူတယ်။ အဲဒီမှာ နည်းနည်းကြာသွားပြီး ကြားထဲမှာမဆုံလိုက်ဘူး။ နောက်ပိုင်း သူဆုံးသွားပြီဆိုတာ သိရတာပါပဲ။

**ကိုသားကြီးဝင်စားတဲ့ကလေးဆိုပြီး ခုကြားနေတဲ့ကလေးအပေါ်・・・**

စိတ်ဝင်စားစရာတော့ကောင်းတာပေါ့။ ဒါပေမဲ့ မအှုဝဲက ဒီလိုအဖြစ်မျိုး လက်တွေ့မကြုံဖူးတော့ သိပ်တော့မသိဘူး။ ကိုယ်က ဗုဒ္ဓဘာသာလေ။ မယုံဘူးလို့တော့မဟုတ်ဘူး။ ကြားတော့ကြားဖူးတယ်။ အရင်ဘဝကအကြောင်းတွေပြောပြတာ၊ ပစ္စည်းတွေရှာပြတာမျိုးတွေကြားဖူးတယ်။ ဒါ အံ့ဩစရာကောင်းတယ်လေ။ အခု ဒီကလေးအကြောင်းကိုတော့ မဖတ်ရသေးဘူး။ သေသေချာချာဖတ်လိုက်ဦးမယ်နော်။ စိတ်ဝင်စားစရာကောင်းတာတော့ အမှန်ပဲ။ ကိုယ်တိုင်မကြုံဖူးတော့ ယုံရတော့ခက်တယ်။

**ဒီကလေးနဲ့သာဆုံမိခဲ့မိဆိုရင် အရင်ဘဝအတိုင်း ကိုယ့်မောင်နမချင်းဆက်ဆံတာမျိုး မအှုဝဲကို ဆက်ဆံခဲ့မယ်ဆိုရင်・・・**

ဟာ・・・အရမ်းအံ့ဩမှာပေါ့။ (ရယ်လျက်)

**ရှေ့လ လာမယ့်နှစ်ပတ်လည်အတွက် အမှတ်တရစကားတစ်ခုခု・・・**

ကိုသားကြီးကတော့ အနုပညာလောကမှာ အနုပညာသမားကောင်းကြီးတစ်ယောက်ပါ။ မအှုဝဲတို့ လက်တွဲပြီးလုပ်ခဲ့ကြတဲ့ အနုပညာအလုပ်တွေလည်း အများကြီးပါ။ ကိုသားကြီးက မအှုဝဲတို့ရဲ့ သင်ဆရာ၊ မြင်ဆရာထဲမှာပါပါတယ်။ကိုသားကြီးဆီက ပညာတွေလည်းအများကြီး ရခဲ့ပါတယ်။ နှစ်ပတ်လည်ရောက်ပြီဆိုတော့ စိတ်မကောင်းလည်းဖြစ်မိပါတယ်။ ကိုယ့်ရဲ့အနုပညာသမားကောင်းတစ်ယောက်အနေနဲ့ ခုချိန်ထိမေ့လို့မရနိုင်သေးပါဘူး။


www.burmeseclassic.com

# အနုပညာပါဝါအားကြီးလွန်းသူတစ်ယောက်ပါ ပြေတီဦး



**ကိုသားကြီးနဲ့ ဆုံခဲ့ဖူးလား။**

ဆုံတော့ ဆုံခဲ့ဖူးပါတယ်။ အများကြီးတော့မဟုတ်ဘူး။

**အမှတ်တရရော ရှိခဲ့ဖူးလား။**

ကိုသားကြီးနဲ့ အမှတ်တရဆိုရင် ထွေထွေထူးထူးတော့ ရှိခဲ့ဘူးပေါ့နော်။ ကိုသားကြီးက ပတ်ဝန်းကျင်နဲ့ ရင်းရင်းနှီးနှီး ရောရောထွေးထွေးနေလေ့မရှိဘူး။ သီးသီးသန့်သန့် တည်တည်ငြိမ်ငြိမ်နေတဲ့လူမျိုးဆိုတော့ ကိုယ်တို့နဲ့ တအားကြီးမရင်းနှီးခဲ့ဘူး။ ဒါပေမဲ့ အမှတ်တရတစ်ခုကို ပြောရမယ်ဆိုရင် နှစ်ပေါင်းများစွာ မတရားရှန်းကန်ပြီး ကိုယ့်ကားလေးတွေ ရန်ကုန်မှာအောင်မြင်လာစအချိန် အာမွှေက မီးပွိုင့်မှာ ကိုယ်ကားမောင်းလာတုန်း ဘေးက ကားရပ်လာလို့ လှည့်ကြည့်လိုက်တော့ ကိုသားကြီးဖြစ်နေတယ်။ ကိုယ်က "ဟာ . . . အစ်ကို" ဆိုပြီးလှမ်းနှုတ်ဆက်လိုက်တော့ ကိုသားကြီးက "ဟေ့ကောင် မင်းအခြေအနေတွေ အရမ်းကောင်းနေပြီ ဆက်ကြိုးစားနော်၊ သုံးဝင့်မလျှော့နဲ့"ဆိုပြီး ဟိုဘက်ကားကနေ လှမ်းအားပေးသွားတယ်။ အဲဒါပြီးတော့ မကြာခင်ကိုသားကြီး ဆုံးတာပဲ။ အဲဒါလေးက တကယ့်အမှတ်တရပါပဲ။

**ကိုသားကြီးပေါ်အမြင် . . .**

အနုပညာပိုင်းဆိုင်ရာမှာတော့ အားလုံးအတုယူရတဲ့ စံပြပုဂ္ဂိုလ်တစ်ယောက်ပါပဲ။ သူ့စွမ်းအားက ကြီးလွန်းအားကြီးတယ်။ သူ့လိုပါဝါရှိတဲ့ အနုပညာရှင်သမားတစ်ယောက်ဖြစ်ဖို့ဆိုတာ တော်ရုံတန်ရုံ ဘယ်လိုမှမလွယ်တော့ပါဘူး။ အောင်မြင်တာကတော့ အောင်မြင်ကြမှာပဲ။ သူ့နောက်မှာ အောင်မြင်လာတဲ့ မင်းသားတွေရှိတာပဲ။ နောက်လည်း အောင်မြင်တဲ့သူတွေရှိကြဦးမှာပဲ။ အောင်မြင်တာချင်း တူပေမယ့် ပါဝါရှိတာချင်း လုံးဝမတူပါဘူး။ ကိုသားကြီးလို ပါဝါရှိတဲ့မင်းသားမျိုး ထပ်ပေါ်လာဖို့ နှစ်တွေအကြာကြီး စောင့်ရမယ်ထင်တယ်။

---

# သူများတွေအတွက် မရှိတော့ပေမယ့် မကြီးစိုးအတွက် သူအမြဲရှိနေတယ် စိုးမြတ်သူဇာ

**ကိုသားကြီးနဲ့ ပထမဆုံးတွဲ ရိုက်ဖူးတဲ့ကားက-**

ဦးကျော်ဟိန်းနဲ့ကားမှာသူနဲ့ စရိုက်ဖူးတာပေါ့နော်။ ကားနာမည်က တော့မကြီးစိုးမေ့သွားပြီ။

**ကိုသားကြီးရဲ့ စရိုက်လေးက ဘယ်လိုရှိလဲ။**

အရမ်းအေးချမ်းသောပေါ့။ သူက အေးအေးဆေးဆေးနေတတ်တယ်။ လူတွေကိုလည်း ကူညီချင်စိတ်ရှိတယ်။

**ကိုသားကြီးနဲ့ ကားရိုက်ရင် ဖြစ်ပျက်ခဲ့တဲ့ အမှတ်တရက။**

ကားတွေအများကြီးရိုက်ခဲ့တော့ အမှတ်တရတွေအများ


www.burmeseclassic.com

www.burmeseclassic.com


ကြီးပေါ့။ အမှတ်တရတစ်ခုကိုဆွဲထုတ်ပြဆိုရင် မကြီးစိုး ဆွဲမထုတ်ပြတတ်ဘူး။

**နှစ်ပတ်လည်အမှတ်တရ စကားက။**

ငါးနှစ်တောင်ဖြစ်သွားပြီပေါ့လေ။ သူများတွေအတွက် သူမရှိတော့ဘူးဆိုပေမယ့် မကြီးစိုးအတွက် သူရှိနေသလိုပါပဲ။ သူမရှိဘူးဆိုတာမေ့တောင်မေ့နေတယ်။

**သူ့အတွက် ဆုတောင်းက**

သူ ကောင်းတဲ့နေရာမှာရှိနေမယ် လို့ယုံကြည်တယ်။ သူက ဒီမှာရှိတုန်းကလည်း လူကောင်းတစ်ယောက် ဖြစ်တဲ့ အတွက် ကောင်းတဲ့နေရာမှာ ပဲရှိနေမှာပါ။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးအပေါ် မကြီးစိုး ရဲ့အမြင်ကိုပြောပြပါအုံး။**

မကြီးစိုးတို့ရဲ့ ဗုဒ္ဓဘာသာ အယူအဆရ လူဝင်စားဆိုတာ ရှိတာပဲလေ။ ဒါပေမယ့် သေချာချာတော့ မကြီးစိုးနားမလည်ဘူး။



# “ကျေးဇူးရှင်”ဆိုတဲ့စကားကို ရဲရဲသုံးရဲတာ ဒွေးပဲရှိတယ် မို့မို့မြင့်အောင်

**ကိုသားကြီးနဲ့ ပထမဆုံး တွဲရိုက်ဖူးတာက**

သူက ဗီဒီယိုမှာအောင်မြင်တယ်။ ကားကြီးကျတော့ သူခေါင်းဆောင်မင်းသားအနေနဲ့မရှိသေးဘူးပေါ့နော်။ ပထမဆုံးမမို့နဲ့ စရိုက်ဖြစ်တာက မိန်းမလည်သိန်းကြွယ် ပေါ့။ အဲ့ဒီတုန်းက ကားကြီးဈေးကွက်ထဲမှာမမို့က ဈေးကွက်ရှိတယ်ပေါ့နော်။ အဲ့ဒီတော့ နာမည်ကို မမို့ အရင်ထိုးပြီး သူ့နာမည်ကိုထိုးရတာပေါ့နော်။ အဲ့ဒီအချိန် သူကဗီဒီယိုမှာ အောင်မြင်နေပြီ။ မမို့ကကိုစူဝမ်းကို ပြောတယ်။ ဟိုတုန်းကလည်း ရိုက်ဖို့ထားတဲ့ကားတစ် ကားရှိတယ်ပေါ့နော်။ မမို့ကလက်မခံလို့ မင်းသား နှစ် ယောက် ပြောင်းပြီးပြီ။ မမို့ကလက်မခံဘူးပေါ့။“လူပိုင်း” ဆိုတာ ကိုယ့်ဇာတ်လည်း မဟုတ်ဘူးလေ။ သူတို့ကလည်း ဒွေးကိုသဘောကျတယ်။ မမို့ကလည်း တစ်အချက်က မမို့ဆရာ ဦးကျော်ဟိန်း သိသိမသိသိ သူ့ရဲ့မျိုးဆက် တစ်ခုကို အထောက်အကူပေးရတော့မယ်လေ။တစ်ချက် ကဒွေးကို ရိုက်ပါလို့ တောင်းဆိုခြင်းတစ်ခု နှစ်အချက် ဒွေးသည်လည်း အလားအလာကောင်းပြီး အောင်မြင်မှု ရှိမယ်ဆိုတာ မြင်နေတဲ့အတွက် အဲ့ဒီနှစ်ချက်နဲ့သူ့ကို ခေါင်းစဉ် အရင် တင်မယ်ဆိုရင် မမို့ဒီကားကိုလက်ခံ မယ်လို့ပြောလိုက်တယ်။ အဲ့ဒီမှာ ဒွေးကိုခေါင်းစဉ် အရင်တပ်လိုက်တယ်။ အဲ့ဒီရှေ့မှာ ဂျစ်တူးရိုက်လိုက်သေး တယ်။ ဂျစ်တူးလည်း မမို့နာမည်အရင်တပ်ရတာလေ။ ရှေ့ကနှစ်ကားလုံးကို မမို့နာမည်ထိုးပြီး သူ့နာမည်ထိုး တာကို သူရိုက်ရပါတယ်။ အဲ့ဒါကို မမို့တောင်းဆိုခဲ့တာ မဟုတ်ဘူး။ ဈေးကွက်အနေ အထားရပေါ့နော်။ နှစ်ကား လောက်ကျတော့ မမို့ကကိုယ် ဆရာရဲ့တူဖြစ်တဲ့အတွက် ကိုယ့်ဆရာရဲ့ကျေးဇူးကို သိတတ်တဲ့အနေနဲ့ သူ့ကို “လူပိုင်း”မှာ ခေါင်းဆောင်မင်းသားတင်ပေးပါလို့ ပြော လိုက်တယ်။ အဲ့ဒါက အမှတ်တရတစ်ခုပေါ့။

**ကိုသားကြီးနဲ့ ပတ်သက်ပြီး အမှတ်တရ**


www.burmeseclassic.com

www.burmeseclassic.com



မင်းသားတွေကို မမိုတင်ရိုက်ပေးခဲ့တာများကြီးပဲ။ မမို့အသစ်တွေအများကြီးတွဲခေါ်ခဲ့ရတယ်။ ဒါပေမယ့်မင်းသားတွေ မသိတတ်ကြတာများတယ်။ သိတတ်ပါလို့ကိုယ်ကပြောစရာလည်းမလိုပါဘူး။ သိဖို့မို့လုပ်ပေး ခဲ့တာလည်း မဟုတ်ဘူးလေ။ ဒီလောကကြီးမှာ အောင်မြင်တဲ့သူတော်တဲ့လူတွေရှိနေဖို့ အရေးကြီးတဲ့ စိတ်တစ်ခုနဲ့ပဲအကုန်လုံးကို လက်တွဲခေါ်တယ်။ အိုက်တင်မရရင်သင်ပေးလိုက်တယ်ပေါ့နော်။ သူတို့တော်လို့ အောင်မြင်ကြတာလည်းပါတယ်။ ကိုယ်က တစ်ထောင့် တစ်နေရာလေးဆိုတာလေးကို အသိအမှတ် မပြုကြတာအများကြီးရှိတယ်။ ဒါပေမယ့်သိတတ်တဲ့ ဒွေးတစ်ယောက်ပဲရှိတယ်။ မမိုကကားကြီးတွေရိုက်တဲ့အတွက်မမိုဈေးကွက်က အနုတ်ပြနေပြီပေါ့နော်။ အစက ဗီဒီယိုဈေးကွက်ကို မမိုမဝင်ဘူးလေ။ နောက်ပိုင်း ဝင်မယ်ဆိုတဲ့အခါကျတော့။ ဗီဒီယိုမှာစရိုက်တော့ အသစ်တစ်ယောက်လိုဖြစ်သွားတာပေါ့နော်။ ထုတ်လုပ်သူ မအေးဝင်းကိုယ်တိုင်ကိုက "အဆိပ်သင့်ရင်ခွင်" ဆိုတဲ့ ကိုမျိုးမင်းနဲ့ရိုက်ဖို့ မမိုနဲ့ဇာတ်တည်ပြီးသား မမိုးနဲ့ပျက်သွားတော့မြတ်သူဇာနဲ့ရိုက်ဖြစ်သွားတယ်။ စိုးမြတ်သူဇာနဲ့ လွင်မိုးနဲ့ရိုက်ဖြစ်သွားတော့ အဲဒီ့ကားက သိပ်တော့မပေါက်သိုက်ဘူးပေါ့။ ကိုမျိုးမင်းကိုယ်တိုင် မကြေပွဲပေါ့။ မမိုပြန်ရိုက်ချင်တယ်ဒွေးနဲ့ပဲဆိုတော့။ ထုတ်လုပ်သူမအေးဝင်းကိုယ်တိုင်က မမိုကအနုတ်ပြနေပြီး သူမရိုက်ချင်ဘူးပေါ့ဆိုတော့ ကိုမျိုးမင်းက ဒီကားကို မမိုနဲ့မှဖြစ်မယ်ပေါ့။ ဒီကားကိုပေါက်ချင်တယ်။ အဲ့ဒီမှ သားကြီးက ဘာဝင်ပြောလဲဆိုတော့ ကျွန်တော်ဒီကားကို မမိုနဲ့မှရိုက်ချင်တယ်တဲ့ မမိုကသာ ဒီအိုင်တင်နဲ့ အလိုက်ဖက်ဆုံးပေါ့နော်။ နှစ်အချက်ပြောရရင် သူက ကျွန်တော့်ကျေးဇူးရှင်ပဲ။ သူနဲ့မှမရိုက်ရင် ကျွန်တော် ဒီကားရိုက်ကိုမရိုက်ရတော့ဘူး။ မမိုရိုက်မှ ရိုက်မယ်ဆိုတဲ့ စကားလုံးကို သုံးခဲ့တယ်။ ဒီစကားလုံးကိုအရှေ့ရှေ့က မင်းသားတွေတစ်ယောက်မှ မပြောခဲ့ဘူး။ "ကျေးဇူးရှင်" ဆိုတဲ့စကားကို ရဲရဲသုံးရဲတာဒွေးပဲရှိတယ်။ အဲ့ဒီအတွက် ပိုပြီးအမှတ်တရဖြစ်စေခဲ့တယ်။

**ကိုသားကြီးနဲ့ ပတ်သက်ပြီး ရိုက်ကွင်းအမှတ်တရ**

အမှတ်တရတွေကအများကြီးပဲ။ တစ်ခါတစ်လေကျရင်



မမို့ကိုသူကအရမ်းစတာ။ သူက မမို့ကို ခင်ပွန်းရဲ့ ကိစ္စကိုလည်း သူကဂုဏ်ယူပြီးအမြဲပြောတယ်။ မိုးမိုးကအစ်မမောင်က သိပ်ပြောတာပဲ။ အစ်မကို ကြည့်စမ်းအရမ်းတော်တာပဲပေါ့။ အိမ်ထောင်ရှင်တစ်ယောက်ဖြစ်ပြီးနေတာထိုင်တာ ဘယ်လိုတော်တာပေါ့နော်။ အိမ်ထောင်တစ်ခုကို တန်ဖိုးထားတာကို အစ်မမောင်ကသိပ်ချီးကျူးတာပေါ့နော်။ တစ်ခါတစ်လေ မမို့ကိုကြည့်ပြီးသားကြီးကအစ်မရယ် နမျောလိုက်တာပေါ့။ မမို့ကခင်ပွန်းနဲ့ လက်ထပ်ပြီး ၅လလောက်မှာ ကာအစီအင့်ဖြစ်သွားတော့ လမ်းမလျှောက်နိုင်တော့ဘူး အဲ့ဒါကြောင့်သူကအရမ်းစနောက်တတ်တာ။

**သူ့ရဲ့ စိတ်နေသဘောထားက ဘယ်လိုရှိလဲ။**

မမို့စကားဆိုရင်သူက အရမ်းနားထောင်တယ်။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ မိုးမိုးက သူမနိုင်တာရှိရင် မမိုးကိုလှမ်းလှမ်းတိုင်တယ်။ အဲဒီအခါကျရင် မမိုးက သားကြီးရေ ဂုရက်သားသမီးချစ်ဖို့လိုတယ်နော်။ မမိုးတို့လုပ်နေတဲ့ အလုပ်က လူချစ်ဖို့လိုတယ်။ သားကြီးရေ ဂုရက်သားသမီးချစ်တာ လုပ်မှာလား မုန်းဖို့လုပ်မှာလား တစ်ခွန်းထဲပြောလိုက်ရင် သူလုံးဝရပ်လိုက်တယ်။ အဲဒီအတွက် ဩော် ငါ့မောင်လေးက ငါ့ကိုချစ်ပါလားလို့ မမိုးကပိုချစ်မိတယ်။ မမိုးမှာ မောင်တွေညီမတွေမရှိတော့ ရုပ်ရှင်လောကကလူတွေက ကိုယ့်မောင်နှမတွေပဲပေါ့နော် အဲဒီတော့ သူရပ်တန်းက ရပ်တယ်။ နောက်ပိုင်းသူ နားမထောင်တော့ ကိုယ့်ကို သူကအရမ်းရှောင်တယ်။ မဆုံးခင်မှာတော့ မမိုးမကြိုက်တာလုပ်ပေမယ့် မမိုးအရှေ့မှာ မနေရဲတော့ဘူး။ မမိုးဆုံးမမှာ သူစိုးရိမ်လို့လားမသိဘူး။ ကားရိုက်လည်း မဆုံးခင်တစ်နှစ်လောက်မှာမဆုံဖြစ်တော့ဘူး။

**ကိုသားကြီးဆုံးတဲ့သတင်းကြားတော့ရော**

ရဲအောင်က မမိုးဆီဖုန်းဆက်တယ်။ ရဲအောင်က မမရေ သားကြီးဆုံးပြီပေါ့။ မမိုးကမယုံဘူး။ ရဲအောင်က ကျွန်တော်အခုပဲ အောင်ရတနာ ဆေးခန်းဘက်ကိုလိုက်နေပြီဆိုတော့ သူ့အသံက အရမ်းစိတ်လှုပ်ရှားနေတယ်။ မောင်နှမအရင်းလိုချစ်ကြတော့ အရမ်းခံစားရတယ်။ ရတ်တရက်ဆိုတော့ အရမ်းလန့်ဖြန့်သွားတယ် သူ့ကိုတော်တော်များများက ချစ်ကြတယ်။ သူက လူမုန်းသိပ်မရှိဘူး။

**အခု ကိုသားကြီးဝင်စားတယ်ဆိုတဲ့ သတင်းကြားပြီလား အဲ့ဒီအတွက် အမြင်က**

ဂျာနယ်ကတော့ ဖတ်ပြီးပြီ။ မမိုးသိပ်တော့မသိဘူး ပြေငြိမ်းတုန်းကတော့ ၇၀%နှုန်းလောက်တော့ ဟုတ်လောက်တယ်ထင်တယ်။ မမိုးရုပ်ရှင်သွားရိုက်နေတော့ ကိုမြတ်ခိုင်တို့ ရောက်လာတယ်။ မမိုးကိုခေါ်ပြီး ပြေငြိမ်းဝင်စားတာသိချင်လို့သွားမလို့ဆိုတော့ အဲဒီအနားရောက်နေတော့ ရှုတင်ထမင်းစား နားချိန်သွားကြည့်ကြတယ်။ ကလေးက အိပ်ယာနိုးနိုးချင်း အီတာပေါ့နော်။ ကလေးကို မမိုးက မသိဘူးလေ။ သူ့အမေက ကလေးကိုနိုးလိုက်တော့ ကလေးကိုသူ့အမေက ကြည့်လိုက် ဟိုမှာဘယ်သူလည်းဆိုတော့ ဒီသုံးနှစ်ကလေးက မိုမိုမြင့်အောင်ကို ဘယ်လိုသိစရာအကြောင်းရှိမလဲ။ သားသား(ပြေငြိမ်း)ခေါ်နေကြမမွေးလို့ဆိုပြီး အဲဒီ့ကလေးက လှမ်းခေါ်တယ်။ အဲ့ဒါကြောင့် မမိုးရင်ထဲမှာ စို့သွားတယ်။ ဝမ်းသာတာက တစ်ကြောင်း ကိုယ့်ကို မှတ်မိလို့ပျော်တာရော ဘယ်လိ ခံစားရမှန်းမသိဘူး။ သူကပြန်တဲ့အချိန်ထိ မမိုးကိုဖက် ထားတာ။ အဲ့ဒီတစ်ခုတော့ လူဝင်စားကို မမိုးထူးထူး ခြားခြား တွေ့ဖူးတာပေါ့နော်။ သားသားတောင်ငူမှာ ဖြ တုန်းက အအေးခန်းမှာ စောင့်တဲ့လူကြီးက မှင်အစိမ်းနဲ့ ကျောမှာ အမှတ်အသားလုပ်ပေးလိုက်တယ်ဆိုတော့ ကြည့်လိုက်တော့ဟုတ်တယ်။ အဲ့ဒီကလေးမှာမှင်ရာပါ တယ်။ အခုချွေးဝင်စားတယ်ဆိုတာ မမိုးနှမဖူးတွေ့ ဒူးတွေ့ မတွေ့ရသေးဘူး။ တွေ့ဖို့လည်း ကြုံမယ်မထင်ပါဘူး။

**ကိုသားကြီး နှစ်ပတ်လည် အမှတ်တရစကား။**

မမိုးကလေ သူဆုံးသွားပြီလိုကြားတဲ့အချိန်မှာ သူ့အိမ်တော် ခဏသွားလိုက်တယ်။ သူ့အသုဘကိုတော့ မသွားလိုက် ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုရှိနေသေးတယ်လို့ပဲ သတ်မှတ်ချင်တယ်။ ကိုယ့်ကို ညာတယ်လို့အဲ့ဒီစကား လုံးပဲသုံးချင်သုံးပေါ့နော်။ ကိုယ့်လောကထဲက ကိုယ့်မောင် လေးတစ်ယောက် ဆုံးရှုံးသွားတာကို မခံစားချင်ဘူး ရှိနေတယ်လို့ပဲ ထားတယ်။ အဲ့ဒါကြောင့် ဘယ်နှစ်နှစ်ပြည့် ဘာဖြစ်တယ်လို့ ဖြစ်တယ်ဆိုတာကို ခေါင်းထဲမှာမထား ချင်ဘူးပေါ့နော်။ သူလည်း ကိုယ့်နည်းတူကားတွေ ရိုက် နေတယ်လို့ပဲ စိတ်ထဲမှာ ထားတာပေါ့။ အခုမှ ဒီမေး ခွန်းမေးမှ ငါးနှစ်တောင်ပြည့်သွားပါပြီလားဆိုတဲ့ အတွေး တစ်ခုဝင်လိုက်တာပေါ့နော်။ အင်တာဗျူးတစ်ခုလာမေး လိုက်တိုင်းမှာကိုယ့်ကို ခံစားမှုတစ်ခုလာပေးလိုက်တယ်လို့ ခံစားရတယ်။ အဲ့ဒါကြောင့် အမှတ်တရဆိုတဲ့ စကားလုံး လေးတော့မပြောပါရစေနဲ့။

**သူ့အတွက်ဆုတောင်း**

ဘာပဲဖြစ်ဖြစ် ကိုယ်ရင်ဆိုင်နေရတာရယ်သူဖြစ်ခဲ့တာ ပြန်စဉ်းစားရင် နိဗ္ဗာန်ရောက်တာအကောင်းဆုံးပဲ။ ကိုယ်ပြ တဲ့ ကုသိုလ်သာနိဗ္ဗာန်ရောက်မယ်ဆိုရင် ကိုယ့်အဖေရော ကိုယ့်ခဲအိုရော ကိုယ့်ဦးလေးတွေအပြင် အနုပညာ လောက ထဲက မမိုးချစ်တဲ့ပြေငြိမ်းတို့သားကြီးတို့ နိဗ္ဗာန်ရောက် စေလို့ဆုတောင်းပါတယ်။ လူပြန်ဝင်စားတော့ပေးမဖြစ်ချင် ဘူး။ ဒီလိုမျိုးတွေနဲ့ ထွက်ခွာသွားတာ။ ကျန်ခဲ့တဲ့သူတွေက ဘယ်လောက်စိတ်မကောင်းဖြစ်ရလဲ။ အဲ့ဒီအတွက် နိဗ္ဗာန် ရောက်ပါစေ။




www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ရဲ့အသက် သခင်ကျေးဇူးရှင်ပါ ကျော်သူ



ဒီလူ့ဝင်စားဆိုတာ ဒီလောကကြီးက လည်းအင်မတန် ဆန်းကြယ်တယ်။ ပြောရမယ်ဆိုရင်စိတ်နဲ့ရုပ်နဲ့ကတူမှ ပေါ့တာ။ စိတ်ဆိုတာမျိုးက အင်မတန်ကိုပဲမြန်ဆန်တာ၊ စိတ်ဆိုတာမျိုးက သွားချင်တဲ့နေရာသွားလို့ရတယ်။ လုပ်ချင်တာကို လုပ်ပြစ်လိုက်လို့ရတယ်။ တကယ်လို့ များ ဒီကလေးက သားကြီးအဖြစ်နဲ့ လူ့လောကကို ပြန်ရောက်လာရင်တော့ သူ့ကိုယ်သူသိမှာပဲ။ ဘယ်သူတွေ နဲ့တွေ့ခဲ့တယ်။ ဘာကားတွေရိုက်ခဲ့တယ်။ သူ့မိန်းမက ဘယ်သူ၊ အဲ့ဒီ လောက်ထိ ဒီကလေးကို အပြင်မှာလည်း မမြင်ဖူးသေးဘူး။ သားကြီးရဲ့စိတ်က ဒီကလေးအပေါ်မှာ ဘယ်လောက် အထိတွယ်ကပ်နေလဲဆိုတာမသိရဘူး။ တစ်ချို့သောလူဝင်စားဆိုတာမျိုးက အသက်အပိုင်းအခြား နဲ့ အသက် ၁၈ နှစ်လောက်ဆိုရင် နဂိုအကြောင်းအရာ တွေ သူ့ခန္ဓာကိုယ်မှာမရှိတော့ဘူး။ ဒါတွေက ရေမှာ မြင်ဖူးတွေ့ဖူးနေတာ။ အဲ့ဒီအသက်အပိုင်း အခြားရောက်ရင် သူဖြစ်ခဲ့တဲ့ အရာတွေမရှိတော့ဘူး။ ဘဝအသစ်ကို စတင်လိုက်ပြီး အဲ့ဒီလိုစလိုက်တဲ့ အချိန်မှာ သူ့အတွက် မိသားစုအတွက် တိုင်းပြည်နဲ့လူမျိုးအတွက် လူတစ် ယောက်ဖြစ်လာဖို့ အရေးကြီးတယ်။ ဘာကိုဆိုလိုလဲဆို တော့ ရွှေဥကွက် ဦးလေးတစ်ယောက်မွေးလာတဲ့အချိန် တုန်းက သူ့အရင်ဘဝက အကြောင်းတွေကို ပြန်ပြော တယ်။ ဟဲ့ကောင်မ ဘာညာတွေ သူ့အရင်ဘဝက အကြောင်းတွေကိုပြန်ပြောရော သူ့စိတ်ထဲမှာ အရင်ဘဝ ကတော်စပ်ခဲ့ဖူးတဲ့သူတွေကို ဒီဘဝမှာသာ သူက ကလေး ပုံစံဖြစ်နေပေမယ့် ရွယ်တူလိုပဲပြောဆိုဆက်ဆံနေတာ။ သို့သော်အဲ့ဒါက နှစ်အပိုင်းခြားတစ်ခုထိပဲ ပြောခဲ့တယ်။ အဲ့ဒီဝိဉာဉ်က မရှိတော့ဘူး။ ဘဝအသစ်ကိုရောက်တော့ မိဘအသိုင်းအဝိုင်းရယ်၊ ပတ်ဝန်းကျင်ရယ်ဆိုတာက လည်း အရေးကြီးတယ်၊ မိဘတွေရဲ့ ပြုစုဂရုစိုက်မှု၊ မြေတောင်မြှောက်ပေးမှုက ကလေးအပေါ်မှာလိုအပ် တယ်။ ရွှေဥကွက်ဦးလေးဆိုရင် တကယ်မိဘ အသိုင်း အဝိုင်းကလည်း လမ်းကြောင်းမှန်အောင်ပြုစုပျိုးထောင် လိုက်တော့ သူ့ကိုယ်၌ကလည်း သေချာလိုက်လုပ်တော့ ဆရာဝန်ကြီးတစ်ယောက်ဖြစ်သွားတယ်။ ဒီကလေးက သားကြီးသာ တစ်ကယ်ဝင်စားတာမှန်ရင် မိဘတွေ ပတ် ဝန်းကျင်အသိုင်းအဝိုင်းတွေက အကျိုးရှိတဲ့ကလေး တစ်ယောက်ဖြစ်လာဖို့အတွက် လိုအပ်တယ်။ ဒီကလေး က အရင်ဘဝကသားကြီးရဲ့အကြောင်းတွေ ပြောတယ် ဆိုပြီးတော့ အော်ငေါက်နေလို့မရဘူး။ ပတ်ဝန်းကျင်က လည်း အထင်သေးရှုံ့ချတာတွေလုပ်လို့မရဘူး။ တကယ် သာ သားကြီးဝင်စားတာမှန်ရင် အရင်ဘဝတုန်းက ဆိုး တာတွေကော၊ ကောင်းတာတွေ အစရှိတဲ့ ဘာတွေလုပ် ခဲ့တယ်၊ အများအတွက် ဘာတွေလုပ်ခဲ့တယ်။ သူ့ကိုယ် သူသိမှာပဲ။ ဒီကလေးစိတ်ထဲမှာ ဒါတွေကိုသိနေရင်တော့ သူ့ကိုယ်သူ ဘာလုပ်သင့်တယ်ဆိုတာသိမှာပေါ့။

**ကိုသားကြီးနဲ့စတွေ့ဖြစ်တာက**

သားကြီးနဲ့တွေ့တဲ့အချိန်ကစပြီး ရိုက်ဖြစ်ခဲ့တဲ့ ဇာတ်ကား



www.burmeseclassic.com

က"ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မယ်" ဒါရိုက်တာက ဦးကျော်ဟိန်း။ အဲ့ဒီကားမှာသားကြီးက နောက်ဆုံးတစ်ခန်းလောက်ပဲပါတာ၊ အဲ့ဒီကားမှာ စတွေ့ခဲ့တာ။

**ကိုသားကြီးနဲ့ထူးထူးခြားခြားအမှတ်တရ**

သားကြီးနဲ့ရိုက်လာခဲ့တဲ့ဇာတ်ကားတွေထဲက ထူးထူးခြားခြား အမှတ်တရတွေပြောရရင် ကွယ်လွန်သွားပြီဖြစ်တဲ့ ဒါရိုက်တာ ကိုအောင်မင်းသိမ်းရိုက်တဲ့ကားမှာ အမှတ်တရဖြစ်ခဲ့တယ်။ အမှတ်တရလို့တောင် ပြောလို့မရဘူး။ ကျွန်တော့်ရဲ့အသက်ကို ကယ်တင်ခဲ့တာ သားကြီးပါ။ အဲ့ဒီဇာတ်ကားက ချောင်းသာမှာရိုက်တယ်။ ကိုယ်ရိုက်စရာရှိတဲ့အခန်းကို ရိုက်ကြတယ်။ ညနေပိုင်းလောက်ရောက်တော့ သားကြီးရောက်လာတယ်။ အရင်တုန်းက လူငယ်ကလည်း လူငယ်ဆိုတော့ ကြွင်လည်တဲ့ အနုပညာလောကမှာက အကုန်အစုံရှိတယ် အစုံရှိတယ်ဆိုလို့ အနုပညာလောက အပြစ်ပုံချတာ မဟုတ်ဘူး။ လောကထဲမှာအစုံရှိတယ်။ အဲ့ဒီအချိန်တုန်းက လူငယ်ဖြစ်နေတော့ အကုန်လုံးကို လိုက်ပြီး စူးစမ်းလေ့လာတယ်။ အဲ့ဒီအချိန်မှာ လူတစ်ယောက်နဲ့တွေ့ပြီး ဒါကိုလုပ်ရင် ဒီလိုခံစားရပါလား။ ဆိုပြီးတော့ လက်တဲ့စမ်းခဲ့ကြတယ်။ အရက်ကလည်းသောက်တယ်။ အရက်နဲ့အဲဒါနဲ့တွေ့ပြီး ရှော့ဖြစ်သွားခဲ့တယ်။ အဲ့ဒီနေရာမှာပဲ လဲကျသွားခဲ့တယ်။ အဲ့ဒီနေ့ညမှာ တစ်ပွဲလုံး ကျွန်တော့်ကိုဝိုင်းပြီးတော့ စောင့်ရှောက်ခဲ့ကြတယ်။ မျက်လုံးတွေလည်း မမြင်ရတော့ဘူး။ တစ်ကိုယ်လုံး ဖိသူကဖိ အသက်ပြန်ရှူလာအောင်လုပ်ကြတာပေါ့။ သားကြီးက အဲ့ဒီအချိန်မှာ အသက်ကယ်ဆေး သွားရှာခဲ့တယ်။ သူကိုယ်တိုင်ပဲ ကားနဲ့သွားပြီး ဆေးသွားဝယ်ခဲ့တယ်။ အဲ့ဒီအချိန်မှာ နီးစပ်ရာဆရာမနဲ့ အသက်ပြန်ရှင်လုပ်ခဲ့ကြတယ်။ လုပ်ပေးပြီးတော့ ညဖက်ကြီး ပုသိမ်ဆေးရုံပို့ပေးခဲ့ကြတယ်။ ဘာပဲဖြစ်ဖြစ်ကျော်သူ့ရဲ့ အသက်သခင်ကတော့သားကြီးပါ။ သားကြီးကြောင့် အသက်ပြန်ရှင်လာရတာ။ အဲ့ဒါကြောင့် အခုလိုလူမှုရေးလုပ်ငန်းတွေကိုလုပ်ကိုင်နိုင်ပါ။ တကယ်သာ ဒီကလေးက သားကြီးဝင်စားတယ်ဆိုရင် အရင်ဘဝတုန်းက လုပ်ခဲ့တဲ့ ကောင်းတာတွေ၊ မကောင်းတာတွေ ဒါတွေကိုသိပြီး တော့ အဲ့ဒီစိတ်နဲ့ ဒီကလေးက ဘာဆက်လုပ်သွားသင့်တယ်ဆိုတဲ့စိတ် မျိုးရှိဖို့လိုအပ်တယ်။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိလဲ။**

သားကြီးစိတ်ဓာတ်က လူတိုင်းအပေါ်မှာ ကြင်နာစိတ်ရှိတယ်။ အနုပညာရှင်ဆိုတော့အနုပညာမာနလေးတွေတော့ ရှိကြတာပေါ့။

**ကိုသားကြီးအတွက် အမှတ်တရစကားက**

သားကြီးအတွက်အမှတ်တရစကားဆိုရင်တော့ သားကြီးဆိုတာငါ့ရဲ့ အသက်သခင်ကျေးဇူးရှင်။ ဒါပေမယ့် သူဆုံးတဲ့အချိန်မှာ ကျွန်တော်ပြည်ရောက်နေတယ်။ ညနေ ရန်ကုန်မပြန်ခင် ဘုရားလျှောက်ဖူးရင်းသားကြီး တည်ခဲ့တဲ့ဘုရားရောက်တော့ သာဓုခေါ်ခဲ့သေးတယ်။ ရန်ကုန်ပြန်ရောက် ရောက်ချင်း ဒဂုံကွေ့ မှတ်တိုင်ရောက်၊ ကိုမြတ်နိုင်ကနေ သားကြီးဆုံးသွားပြီဆိုပြီး ဖုန်းဆက်တယ်။ ညနေပိုင်းဖြစ်တော့ ချက်ချင်းပဲ သားကြီးကိုကျွန်တော်ကိုယ်တိုင်ပဲ သွားသယ်ပေးခဲ့တယ်။ အိမ်ရောက်တော့ သူ့ရုပ်အလောင်းတွေ့တော့ ဘာမှကို မပြောတတ်ဘူး။ အဲ့ဒီအချိန်တုန်းက စိတ်ထဲမှာ ဘာဖြစ်လာလည်းဆိုတော့ ကျွန်တော့တုန်းက သားကြီးက အသက်ရှင်အောင် လုပ်ပေးနိုင်ခဲ့တယ်။ ဒါပေမယ့် အခုကျွန်တော့် အလှည့်ကျတော့ ပြန်မလုပ်ပေးနိုင်ခဲ့ဘူး။ သားကြီးသာအခုချိန်ထိ ရှိနေမယ်ဆိုရင် အများအတွက် တစ်ကယ်လုပ်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။

# ဘယ်တောမှ မမေ့ဘူးဆိုတဲ့သီချင်းက ကိုသားကြီးနဲ့ ဆိုခဲ့လို့ ပေါက်တာ ကော်နီ

**ကိုသားကြီးနဲ့စဆုံတွေ့ခဲ့ပုံက**

အဲ့ဒီအချိန်မှာဒွေးဖြစ်ပြီလားမပြောတတ်ဘူး။ မကော်နဲ့ ဦးကျော်ဟိန်းနဲ့ ဒွန်ဆိုတာ အမျိုးသားဇာတ်ရုံမှာ ၄ ရက် လောက်လုပ်ခဲ့တယ်။ အဲ့ဒီပွဲလုပ်တဲ့အချိန်တုန်းက မကော်နဲ့ ဦးကျော်ဟိန်းနဲ့ သီချင်းတွေတိုက်နေတော့ ဦးကျော်ဟိန်းခြံထဲမှာပေါ့။ ကိုသားကြီး အဲ့တုန်းက



www.burmeseclassic.com

မကော်တို့သီချင်းတိုက်နေရင် ဘေးနားကနေဦးကျော်ဟိန်းကို အကုန်လုပ်ပေးရတယ်။ အဲ့ဒီအချိန်တုန်းကလည်း ခုံကပါလာပြီ။ မကော်တို့သီချင်းကြော်ငြာတွေ ဘာတွေ ဦးကျော်ဟိန်းနဲ့ ရိုက်တယ်ဆိုရင် ကိုသားကြီးက ဦးကျော်ဟိန်း ဝေရာဝစ္စအကုန်လုပ်ပေးတယ်။ မကော်တို့ဘေးနားက မှန်ထိုးမီးထိုးကစ ရေသောက်မယ်ဆိုရင် ယူလာပေးတာကအစ လုပ်ပေးတာတွေ့တယ်။ အဲ့ဒီတုန်းအတည်းက ဒါကတော့ကျော်ဟိန်းရဲ့တူပေါ့လေ။ သူမှာ မြို့မရှိတယ်ပေါ့။ အဲ့ဒီတုန်းက သူ့အရမ်းတော့ နာမည်မကြီးသေးဘူး။ အဲ့ဒီမတိုင်ခင်တုန်းက ဘယ်လိုသိလဲဆိုရင် ဦးကျော်ဟိန်းကသူ့ရဲ့တူတစ်ယောက်နဲ့ မကော်ကို ရုပ်ရှင်ရိုက်ချင်လို့ပါတဲ့။ အဲ့ဒီအချိန်က မကော်က အရမ်းအောင်မြင်နေတဲ့အချိန်ပေါ့။ မကော်က အဲ့ဒီခေတ်ကအည်းက ဆရာသမားမိဘစကား နားထောင်တဲ့သူဆိုတော့မိဘရောဆရာသမားရော ရုပ်ရှင်ပေးမရိုက်သေးဘူး။ အဆိုတော်လောကကို လုပ်နေတဲ့အချိန်ပေါ့။ မကော်တို့ဟိုခေတ်တုန်းက အဆိုတော်ကလည်း ရုပ်ရှင်ကို ရိုက်ဖို့စိတ်မဝင်စားဘူး ထို့အတူပဲ မင်းသားမင်းသမီးကလည်း သီချင်းဆို ဖို့စိတ်မဝင်စားဘူး။ ခေတ်က အဲ့ဒီလိုမျိုးခေတ်ဆိုတော့ ဦးကျော်ဟိန်းက အိမ်တိုင်ရာရောက်လာပြောတယ်။ သူ့တူလေးတစ် ယောက်ကို စင်တင်ချင်လို့တဲ့မကော်တို့ အဲ့ဒီတုန်းက မရိုက်ဖြစ်ဘူး။ သူ့တူလေးဆိုတာကို ကိုသားကြီးမှန်းနောက်မှ သိတာပါ။ အဲ့ဒီတုန်းမှာကိုသားကြီးနဲ့ ညားရမယ်ပေါ့။ ဟယ်သူ့တူနဲ့လည်း ညားရအုံးမယ် သူ့တူကလည်း ဘယ်သူလဲမသိဘူးပေါ့။ နောက်မှစကားစပ်မိမှ ကိုသားကြီးမှန်းသိတာပါ။

**ကိုသားကြီးရဲ့ စိတ်နေသဘောထားက…**

မကော်က ကိုသားကြီးကို မင်းသားဖြစ်စအရွယ် မြင်ဖူးကတည်းက အရမ်းအေးတယ်။ စိတ်သဘောထားကတော့ အရမ်းကောင်းတယ်။ အဲ့ဒါကတော့ ရုပ်ရှင်လောကက လူတွေလည်းသိကြမှာပါ။ မကော်တို့က အပြင်လူအနေနဲ့ ဆွေမျိုးမိသားစု မမိုးကအစ အကုန်လုံးနဲ့ ခင်နေတာဆိုတော့ ကိုသားကြီးကို ဒီလောက်ပြောရရင်တော့ သူတို့ညီကိုတွေထဲမှာ ကိုသားကြီးကအရမ်းအေးတယ်။ အဲ့ဒါမင်းသားတစ်ယောက်အနေနဲ့ မဟုတ်ဘူး အပြင်လူ တစ်ယောက်အနေနဲ့ဆိုလည်း သူက နဂိုကတည်းက စကားနည်းတယ်။ အေးတယ်။ သဘောကောင်းတယ်လို့မြင်တယ်။ အလှူဒါနလည်းရက်ရောတယ်။

**ကိုသားကြီးနဲ့ သီချင်းတွဲဆိုဖြစ်တာ။**

အများကြီးတွဲမဆိုဖြစ်ပါဘူး။ မကော်က ကိုသားကြီး သီချင်းဆိုဝါသနာပါတာလည်းသိတယ်။ မကော်တို့အောင်မြင်တယ်။ ကိုသားကြီးအရမ်းအောင်မြင်တဲ့အချိန်မှာ သူက ကိုလေးဖြူတို့နဲ့ပေါင်းတယ်။ ကိုငှက်ကြီး (ထူးအိမ်သင်း) တို့နဲ့ပေါင်းတာ တွေ့တယ်။ မကော်တို့ IC Show တွေ



သွားရင် သူက သူဆိုတာလည်းမဟုတ်ဘူး ပါတာလည်းမဟုတ်ပဲနဲ့ IC Show တွေ ကိုလေးဖြူနဲ့ လိုက်ကြည့်တာမျိုးတွေ့တယ်။ သကြံန်တွေမှာ သူသီချင်းဆိုချင်တယ်ဆိုပြီး IC နဲ့ပြောပြီး စင်ပေါ်မှာ ၁ပုဒ်၂ ပုဒ်လာဆိုတာမျိုးတွေရှိတယ်။ အဲ့ဒီကနေမှ ကျွန်ခဲ့တဲ့ Alpine စစခြင်းတုန်းက The Three နဲ့ဆိုတယ် အဲ့လိုမျိုးပေါ့။ ကိုသားကြီးအဆို ဝါသနာပါတာသိတယ်။ ပြီးတော့ ကိုသားကြီးက သူ့Show ဆိုချင်တဲ့အခါကျရင် ပွဲလေးတွေဖြစ်အောင်စီစဉ်တယ်။ အဲ့ဒီအချိန်မှာ မင်းသားဘက်မှာ အရမ်းနာမည်ကြီးနေတာ။ ဒါပေမယ့် သူကShow


www.burmeseclassic.com

ဆိုချင်တဲ့အခါမှာ စိန်ရီးထုတ်တာသိတယ်။ ရုပ်ရှင် သီချင်းလေးတွေထဲမှာ ၁ ပုဒ်စနှစ်ပုဒ်စ ဆိုနေတယ်ပေါ့။ HIV ပွဲအလှူပွဲတွေဆိုရင်သူလည်းဆိုရအလှူလည်းဖြစ်တယ်။ အဲ့ဒီလိုပွဲလေးတွေမှာ မကော်ဝင်ပါဘူးတယ်။ ကိုသားကြီး အဲ့ဒီတုန်းကမတွဲဖြစ်ဘူး ဘယ်မှာတွဲဖြစ်လဲဆိုတော့ ရုပ်ရှင်သီချင်းဆိုတော့ အတူဆိုဖူးတယ်။ နောက်ကြော်ငြာသီချင်းအတူဆိုပေးဖူးတယ်။ အဲ့ဒါလေးပဲ။ အခု မသေခင်လေးမှာ မကော်ရဲ့ Colour Full ကော်နီ 2006 လုပ်တော့မှာ ကိုသားကြီးက စုံတွဲလေးဆိုပေးပါဆိုတော့မှ ဆိုဖြစ်တာပေါ့။ အဲ့ဒီတုန်းက စုံတွဲဆိုပြီးရိုက်ကူးရေးက ကိုသားကြီးဆုံးပြီး လေးလလောက်မှာ ရိုက်တာ။ ဒါကြောင့် ဆင်ပေါ်မှာ မကော်ငိုတာ၊ အရှက်ကွဲနေတာပေါ့။ အဲ့ဒါကိုသားကြီး ဆုံးပြီးခါစ လေးလလောက်မှာရိုက်တာ။ FM က လုပ်တာပေါ့နော်။ အဲ့ဒါကကျတော့ ကိုသားကြီးမပါတော့ဘူး။ မကော်Colour Full ကော်နီတုန်းက ကိုသားကြီးဆိုထားတဲ့ အသံကိုယူပြီးတော့ အတီးတွေပြန်တီးပြီးတော့ Live ပေါ့။ မကော်အသံအသစ်ပေါ့။ အဲ့ဒီတုန်းက မကော်က အသံပြန်ဆိုခွင့်မရလိုက်ဘူး။ စင်ပေါ်မှာ တကယ်ဖြစ်သွားတာကိုပဲ FM က Live ဖြစ်တယ်ဆိုတော့ ယူလိုက်တာပေါ့။ အဲ့ဒီအတိုင်းပဲပါသွားတာပေါ့။ အရှက်ကွဲပြီးတော့ အဲ့ဒီသီချင်းက ဘယ်တော့မှမမေ့ဘူး ဦးသစ်မင်းရေးတာ အဓိပ္ပာယ်ရှိသောလူထဲမှာ မကော်တစ်ယောက်တည်းဆိုထားတာ။ အဲ့ဒီအခွေက ၁၉၉၁ ဝန်းကျင်လောက်တုန်းက ဆိုထားတာ။ ဦးသစ်မင်း ရေးထားတာကို Only ပြန်ဆိုတာ အဲ့ဒါကို Colour Full ကော်နီထဲမှာ ဆန်းသစ်သွားအောင်ဆိုပြီး ကိုသားကြီးနဲ့ နှစ်ယောက်တွဲဆိုဖြစ်တာပေါ့။ အဲဒါနဲ့ဆိုရင် ၃ကြိမ်မြောက်ပေါ့။ အဲ့ဒီသီချင်းက ကိုသားကြီး ကြိုက်တာမဟုတ်ပါဘူး။ သူဆိုချင်တာကတစ်ခြားဟာတွေ သူက တစ်ခြားအော်တာနေးတစ်တွေ Rock တွေဆိုချင်တာ တကယ်တမ်းကျတော့ သူ့အသံလေးကချိုတယ်။ အသံအားနည်းပြီးအသံပါးတယ်။ ရုပ်ဖြစ်တာပေါ့နော်။ အသံနဲ့ လိုက်ဖက်တာအဲ့ဒီသီချင်းမျိုးပေါ့။ အမှန်တော့ ကိုသားကြီး သူဆိုချင်တာမဟုတ်ဘူး။ သူက အော်တာနစ်တစ်တွေ အော်ချင်တာ ဒါပေမယ့် သူ့ရဲ့အသံအမျိုးအစားက အဲ့လိုမျိုးမဟုတ်တော့ သူနဲ့လိုက်ဖက်တဲ့သီချင်းကိုရွေး လိုက်တာ သူကြိုက်လို့ဆိုတာမဟုတ်ပါဘူး။ မကော်တို့က ရွေးပေးလိုက်တာ။

**သူနဲ့ သီချင်းဆိုရင်းအမှတ်တရက**

Colour Full ကော်နီရိုက်တဲ့နေ့က ကိုသားကြီးက အဲ့ဒီနေ့ညသန်းခေါင်ရောက်တာ။ သူက ငွေဆောင်က နေပြန်ရောက်တာပေါ့။ MCC မှာက ညသန်းခေါင် ၁၂ နာရီဆိုရင် မီးတွေကပိတ်လိုက်ပြီ။ ကိုသားကြီး ညသန်းခေါင်တစ်နာရီလောက်ကို အိမ်မပြန်သေးဘဲ MCC ကိုတန်းဝင်လာတော့ မကော်တို့က တစ်ခါတည်း The Three နဲ့ ဟော်လိုလေးနဲ့ပဲ ဖယောင်းတိုင်လေးနဲ့ တိုက်ပေးခဲ့ရတာ။ မနက်ကျတော့ ကိုသားကြီးကလေ ဖျားချင်သလို ဖြစ်လို့ဆိုပြီးမထနိုင်ဘူး။ မကော်တို့ဆီရောက်တာနောက်ကျလို့ အစီအစဉ်တောင်အနောက်ရောက် သွားသေးတယ်။ အဲ့ဒါက ကိုသားကြီးက ငွေရေးကြေးရေးမပါဘူး။ မေတ္တာဖြင့် ကူညီတာပေါ့နော်။ အဲ့ဒီသီချင်းကို Edit လုပ်တာကိုသားကြီးနဲ့ ဂျိုးနဲ့ပေါ့။

**မဆုံးခင် အမှတ်တရကရော**

မဆုံးခင်အမှတ်တရကတော့ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုသားကြီး မဆုံးခင်မှာ မကော်တို့အိမ်မှာ အသုဘရှိတယ်။ မကော်အထက်က အစ်ကိုအငယ်က ၇-၇-၂၀၀၇မှာ ဆုံးတာ။ အဲ့ဒီတုန်းက သူနေမကောင်းရက်နဲ့ အပျိုကြီးအားတင်းထားလှမ်းလုပ်ပေးတယ်။ သူ ပြင်ဦးလွင်က ပြန်လာပြီး ဟိုမှာသွေးလွှန်တုပ်ကွေးကို ဆေးမှားထိုးလို့ ဆေးကုနေတယ်လို့ မမိုးကပြောတယ်။ အသုဘလာမေးရင်း မမိုးကပြောတာ။ အစ်ကိုဆုံးတာ ၇ရက် ၇လ ဆိုရင်ကိုသားကြီးဆုံးတာ ၁၁ရက်၇လ ပေါ့နော် မကော်အစ်ကိုနဲ့ ကိုသားကြီးဆုံးတာ ၅ ရက်လောက်ပဲကွာတယ်။ အဲ့ဒါကြောင့်မို့ မကော် ကိုသားကြီးကိုအသုဘလည်းမပို့လိုက်နိုင်ဘူး။ ကိုသားကြီးဆုံး ဆုံးခြင်းလက မကော်က အိမ်အပြင်ထွက် ပြီးအချိန်သွားဝယ်နေတာ။ ကြားကြားခြင်း အိမ်ကိုလိုက်သွားတော့ ကိုသားကြီး အသားလေးက ပူပူနွေးနွေးလေးပဲရှိသေးတယ်။ မကော်တို့ အိမ်ကလည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ ကိုသားကြီးဆုံးတာသိပ်မပူနိုင်ဘူး။ ကိုယ့်မိသားစုအပူနဲ့ ကိုယ့်အမေကို အားပေးနေရတာနဲ့ ကိုသားကြီးဆုံးတာ ဖြော်ထဲမှာ ဘာမှ မဖြစ်လိုက်ဘူး။ အဲ့ဒါကြောင့်မို့လို့နောက် City FM



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မမေ့ဘူးဆိုတော့မှ ကိုသားကြီးခုံးတာကို ကိုသားကြီး သေပြီးတော့မှ မကော်စင်ပေါ် မှာ ငိုဖြစ်သွား တာကို ပရိသတ်တော်တော်များများပြန်ကြည့်တိုင်း ငိုရ တယ်တဲ့။ ဒါရိုက်တာကိုမင်းတို့ ဒါရိုက်တာပြည့်ဝဆိုရင် ကြီးရယ် အဲ့ဒါကို ကြည့်တိုင်းငါခံစားရတယ်။ နင့်ကို တွေ့ရင် ကိုသားကြီးကို တွဲတွဲပြီးသတိရတယ်။ အမြဲ တမ်းပြောတယ်။ သူတို့က မကော်တို့ ထက်ပိုရင်းနှီး ပေါ့နော်။ ရုပ်ရှင်လောကမှာ လက်ပွန်းတတီးနေရတာ ။ ကြာရင်တော့ မေ့မှာပေါ့။ ကိုသားကြီးကတော့ ည်ကျော် ပြည်သူချစ်သားတစ်ယောက်ဖြစ်လို့ အားလုံး မမေ့ကြတာလို့ မကော်ထင်ပါတယ်။

**နှစ်ပြည့်ဆုတော်င်းက**

နှစ်ပြည့်ဆုတောင်းမဟုတ်ဘူး။ ဆုံးပြီးကတည်းက နေ့ထိ ကိုသားကြီး(ခွေး)ကိုထင်လင်း စနေသားကြီး ကောင်းရာမွန်ရာရောက်ပါစေ။ ရောက်ရာဘုံဘဝမှာ ကောင်းရာဘုံဘဝကို ရောက်ရှိပါတယ်။ တကယ်လို့ ကောင်းတဲ့ဘုံဘဝကို ရောက်တယ်ဆိုလည်းကောင်း ဘုံဘဝကိုအမြန်ဆုံးရောက်ပါစေ။ ပြုခဲ့သမျှ ဒါနကုသိုလ် စုကို ကိုသားကြီးကိုအမျှပေးဝေပါတယ်ဆိုတာ ကို သားကြီးကို အမြဲတမ်းလုပ်ဖြစ်တယ်။ ကိုယ့်အပေါင်း အသင်းတွေ ကိုယ့်အဖေတို့ ကိုငှက်ကြီးတို့အတွက် အမြဲ တမ်း ဘုရားရှိခိုးတိုင်းဆုတောင်းပေးတယ်။ ကိုသားကြီး ဆုံးကတည်းက ဆုတောင်းပေးတယ်။ ယနေ့အထိပေါ့။

**ကိုသားကြီးလူဝင်စားဆိုတဲ့ ကလေးအပေါ် မကော် အနေနဲ့ ဘယ်လိုမြင်လဲ။**

ဘယ်လိုမြင်လဲဆိုတော့ သူ့မိသားစု မမိုးကိုမေးကြည့်တော့ လည်း သူတို့သွားမကြည့်ကြဘူးတဲ့။ ဒီလူကလည်း ကိုသားကြီးမှမဟုတ်တာတဲ့ ဒီလူက နောက်တစ်ယောက်ပဲ ပေါ့နော်။ သူတို့ပြောတာကိုတွေ့ကြည့်တော့လည်း ဟုတ်နေ တာပဲ။ အဲ့အပေါ်မှာ ဘယ်လိုမှမမြင်ပါဘူး။ မကော်တို့ အိမ်မှာလည်း အစ်ကိုဆုံးသွားတယ်။ အစ်ကို နှစ်ယောက် ဆုံးသွားပြီ အဖေဆုံးသွားပြီ အိမ်ကကြောင်ကလေးက နင့်ကိုကပ်နေမှာပေါ့ အဲ့ဒါနင့်အဖေဖြစ်မှာပေါ့လို့ အိမ်မှာကအဲ့လိုပြောနေကြဆိုတော့ ဟုတ်တယ်မဟုတ်ဘူး ဆိုတာဘုရားမှ သိမှာပဲလေ။ အဲ့ဒီအပေါ်မှာကိုသားကြီး သာတကယ်ဖြစ်နေရင် ဒီကလေးက သနားစရာလေး တော့ဖြစ်မိတယ်။

# လူ့ဘဝဆိုတာရခဲတယ် လူဝင်စားပြန်ဖြစ်တာ ဆိုရင်တော့ ဝမ်းသာတယ် ရန်အောင်

**ကိုသားကြီးနဲ့ ပထမဆုံးစရိုက်ဖြစ်တဲ့ဇာတ်ကားက။**

ကိုသားကြီးနဲ့ ကားတွေအများကြီး ရိုက်ထားတာဆိုတော့ မှတ်မိတော့ဘူး။ ကားကြီးတွေများတယ်။ ပထမဆုံး ရိုက် ဖြစ်တာက နိုင်ငံတော်အကျိုးပြုကား။ အဲ့ဒီကနေ ပြီး နိုင်ငံတော်အကျိုးပြုကားတွေအများကြီး နှစ်တိုင်း နှစ်တိုင်းရိုက်ရတယ်။

**ကိုသားကြီးနဲ့ ထူးထူးခြားခြား အမှတ်တရ။**

ချောင်းသာမှာ မင်းသားကြီးတစ်လက်နဲ့ ရုပ်ရှင်ရိုက်နေတဲ့ အချိန် အဲ့ဒီမင်းသားကြီးအသည်းအသန် နေမကောင်း ဖြစ်တဲ့အခါမှာချောင်းသာကနေ ပုသိမ်ဆေးရုံကိုပို့ရမှာ ဆိုတော့ သူကိုယ် တိုင်ကျောပိုးပြီးတော့ဖြတ်သန်းခွင့်





www.burmeseclassic.com

www.burmeseclassic.com

မရှိတဲ့နေရာတွေကိုသူဖြတ်တယ်။ အသက်မှီအောင်လု နေရတဲ့အချိန် ဆိုတော့အဲ့ဒီဟာလေးကအမှတ်တရ တစ်ခုပါ။ သူ့ရဲ့စိတ်ထား တကယ်ကောင်းတာကို တွေ့ရ တယ်။ နောက်ပြီး အဲ့ဒီကနေစပြီး သူ့စိတ်ဓာတ်ကိုလေး စားတယ်။

**ကိုသားကြီးနဲ့ နောက်ဆုံးတွေ့ဖြစ်ခဲ့တာက။**

"သုံးသုံးလီအချစ်" ဆိုတဲ့ဇာတ်ကားကြီး နောက်ဆုံးရိုက် ခဲ့တယ်။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ် မျိုးရှိလဲ။**

သူကမဟုတ်မခံစိတ်ဓာတ်ရှိတယ်။ ရိုးလည်းရိုးသား တယ်။ သူက စိတ်မှန်တယ်။ စိတ်မှန်တယ်ဆိုတာက အများကြီးပဲ အဲ့ဒီအထဲမှာအကုန်ပါသွားပြီ။ သူက စိတ် မှန်တော့ အကုန်လုံးကောင်းတယ်။

**ကိုသားကြီးဝင်စားတဲ့ ကလေးအပေါ် ဘယ်လိုမြင်လဲ။**

အဲ့ဒီဂျာနယ်ကို နှစ်ခေါက်ရှိပြီဖတ်ဖြစ်တာပေါ့။ ဝမ်းသာပါ တယ်။ လူ့ဘဝကို ပြန်ရောက်လာတယ်ဆိုတော့။ ဘယ် လိုပဲဖြစ်ဖြစ် ကိုယ်တို့က နှမြောတယ်သူ့ကို အခုအချိန်မှာ လဲ ရှိစေချင်တယ်။ ကိုယ်တို့ဆို ပွဲတွေလုပ်တယ်။ ပွဲတွေ လုပ်တိုင်းသူ့ကိုသတိရတယ်။

**ကိုသားကြီးနှစ်ပတ်လည်အတွက် အမှတ်တရစကား။**

ကိုသားကြီး ငါးနှစ်မြောက်တဲ့အချိန်မှာ သူပြန်ဝင်စား တယ်ဆိုတဲ့သတင်းကိုကြားလိုက်ရတဲ့အတွက် အရမ်း ဝမ်းသာပါတယ်။ လူ့ဘဝဆိုတာရခဲတယ်လေ။ သူ အရင် လူ့ဘဝကဆိုရင် အောက်ခြေကနေဖြတ်သန်းလာပြီး ရုပ်မင်းသားတစ်လက်ဖြစ်လာတာပဲ။ အဲ့တော့ ဒီကလေး ကိုလည်း ဖြစ်ပါစေလို့ဆုတောင်းပေးပါတယ်။

# စောစောစီးစီး ဆုံးရှုံးသွားတော့ အနုပညာလောကအတွက် နှမြောစရာပါ နန္ဒာလှိုင်



**ကိုသားကြီး(ခွေး)နဲ့ ပထမဦးဆုံးဦးဆုံးစရိုက်တဲ့ ရုပ်ရှင် ကားက။**

မြှားနတ်ရှင်ဆိုတဲ့ ဇာတ်ကားဒါရိုက်တာက ဦးမျိုးမင်း။

**ကိုသားကြီး(ခွေး)နဲ့ထူးထူးခြားခြား အမှတ်တရက။**

ထူးထူးခြားခြားအမှတ်တရကြီးရယ်လို့မရှိပါဘူး။ ရိုက်ကွင်း အနေအထားရယ်၊ တစ်ခါတလေကြရင် ဟာသကားလေး တွေရိုက် ရင်တော့ရှိတာပေါ့။ ဒါပေမဲ့ ထူးထူးခြားခြားကြီး ရယ်လို့တော့မရှိပါဘူး။

**ကိုသားကြီး(ခွေး)က ဘယ်လိုလူစားမျိုးလဲ။**

သဘောကောင်းတယ်။ အားနာတတ်တယ်။ သနားတတ် တယ်။

**ကိုသားကြီး(ခွေး)ဝင်စားတယ်ဆိုတဲ့ ကလေးအပေါ် ဘယ်လိုမြင်လဲ။**

မှန်တယ်လို့လဲမပြောရဲဘူး။ မှားတယ်လို့လည်းမပြောရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်မှမမြင်၊ စကားမပြောရတော့။ ကျွန်မအနေနဲ့ပြောရမယ်ဆိုရင် မမိုး(ခွေးဇနီး)က ကလေး နဲ့ စကားပြောကြည့်ရင် ပိုကောင်းမယ်လို့ထင်တယ်။ တကယ်မှန်တယ်၊ မမှန်ဘူးဆိုတာ မမိုး(ခွေးဇနီး) စကား ပြောကြည့်မှသေချာတာပေါ့။ လူဝင်စားရှိတယ်ဆိုတာ တော့ လက်ခံပါတယ်။ ဗုဒ္ဓဘာသာ မြန်မာတွေဆိုတော့။

**ကိုသားကြီး(ခွေး)နှစ်ပတ်လည်အတွက် အမှတ်တရ စကား**

တကယ်အနုပညာဘက်မှာ တန်ဖိုးရှိတဲ့အတွက် အခွင်မ တန်တော်တဲ့ လူတစ်ယောက်ပါ။ ဒီလိုလူမျိုး စောစောစီးစီး ဆုံးရှုံးသွားတဲ့အတွက် အနုပညာလောကအတွက်မှာ နှမြောစရာပါ။


www.burmeseclassic.com

www.burmeseclassic.com



# ဒွေးဝင်စားတယ်ဆိုတဲ့ကလေးကို ဘာပဲပြောပြောချစ်မိတယ် ဒါရိုက်တာညီညီထွန်းလွင်



**ကိုသာကြီး(ဒွေး)နဲ့ ပထမဆုံး ရိုက်ဖြစ်ခဲ့တဲ့ရုပ်ရှင်ကား**

ပထမဆုံးစရိုက်ဖြစ်တာ မောင့်နဲ့မင်းသမီးတစ်လက်ရယ် (ဒွေး)ရယ်ပေါ့။ အဲ့ဒီတုန်းက ဒွေးကဒုတိယမင်းသားပေါ့။ နောက်တစ်ကားက ရဲကိုကို၊ လင်းဇာနည်ဇော်နဲ့ ရိုက်တယ်။ အဲဒီတုန်းက ရဲကိုကိုတို့ခေတ်ပေါ့။ သူလည်း အနုပညာလမ်းကြောင်းပေါ် မရောက်သေးဘူး နာမည်လေး နည်းနည်းလေးရလာတဲ့အချိန်။

**ကိုသာကြီးနဲ့တူတူတွဲခြားခြား မမေ့နိုင်လောက်တဲ့ အမှတ်တရ**

ရုပ်ရှင်ဇာတ်ကားတစ်ကားမှာ "ဇာတ်ဝင်တေးသီချင်းသွင်း များပေါ့။ အဲ့ဒီဇာတ်ကားလေးက သီချင်းနဲ့ပတ်သက်တဲ့ ဇာတ်ကားပေါ့။ အရေးလည်းကြီးတယ်။ အဲ့ဒီအချိန်က အဲဒီမှာပါမယ့် သီချင်းလေးတွေ ကျွန်တော် (ဒွေး)ရွေးပေးမယ်၊ စောခူဆဲနဲ့ကျွန်တော်(ဒွေး)စီစဉ်ပေးမယ်ဆိုတော့ ကိုယ်ကသီချင်းနဲ့ပတ်သက်ပြီး နားလည်လို့လားပေါ့။ ပြီးတော့မှ "ကျွန်တော်က စီးရီးသွင်းနေတာ" တဲ့ကိုယ်က သီချင်းတွေ စီစဉ်ပေးမယ်ဆိုတော့ သီချင်းနားမလည်ဘူးလို့ထင်တာ ဒါပေမယ့် သူက သီချင်းကို တော်တော်ဝါသနာပါတာ။ သီချင်းကိုလည်း တော်တော်လိုက်စားတယ်။ သူကသရုပ်ဆောင် မင်းသားအနေနဲ့ ကောင်းတာမဟုတ်ဘူး။ သီချင်းကိုလည်း တော်တော်လေးရူးသွပ်တယ် ဒီကားအတွက် စောခူဆဲနဲ့ သူ(ဒွေး)ကိုပဲတာဝန်ပေးလိုက်တယ်။ အဲဒါလေးက တော်တော်လေးလဲအံ့ဩတယ်။ အမှတ်တရလည်းဖြစ်တယ်။ သူက စွယ်စုံရတဲ့အနုပညာကြယ်တစ်ပွင့်ပါ။ သူကသီချင်း၊ ပန်းချီ၊ ကဗျာ၊ သရုပ်ဆောင် အကုန်လုံးလုပ်တတ်တယ်။ နောက်ပြီးပညာတတ်တစ်ယောက်လည်းဖြစ်တယ်။ နှမျောဖို့ကောင်းတဲ့ အနုပညာကြယ်ပွင့်တစ်ပွင့်ပေါ့။ တိုင်းပြည်အတွက် နစ်နာပါတယ်။

**ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့ အနုပညာရှင်လဲ။**

သူက အနုပညာအပေါ်မှာ တော်တော်လေးရူးသွပ်တယ်။ ၂၄နာရီလုံး ဒီစိတ်ပဲမွေးတဲ့လူလို့ပြောရမယ်။ ဇာတ်ကားတစ်ကားရိုက်နေပြီဆိုရင် ဒီဇာတ်လမ်းပေါ်မှာရူးသွပ်တယ်။ အာရုံမများဘူး။ သူ့အလုပ်ကိုသူ လေးစားတယ်။ သူ့ဘာလုပ်လုပ် နောက်ကျတယ်ဆိုတာမကြားဘူးဖူး။ မရှိခဲ့ဖူးဘူး။ ဒါကြောင့်လည်း သူအောင်မြင်တာ။

**ကိုသာကြီးဝင်စားတယ်ဆိုတဲ့ ကလေးအပေါ် ဘယ်လိုမြင်လဲ။**

ကိုယ်ကလည်း မျက်မြင်ဒိဋ္ဌမဟုတ်ပဲ စာစောင်တွေထဲမှာပဲ ဖတ်ရတာပေါ့။ ဖတ်ရတော့ဘာပဲပြောပြောဒွေးကို ချစ်တဲ့စိတ်နဲ့ကလေးကို သံယောဇဉ်ဖြစ်မိတယ်။ တကယ်များဖြစ်မိရင်ပေါ့။ တကယ်မဟုတ်ဘူးဆိုလည်း သာမန်ကလေးတစ်ယောက်ကို ချစ်တဲ့စိတ်နဲ့ချစ်တယ်။ ကလေးလေးက ဘာပဲပြောပြော ထူးခြားမှုရှိတယ်ဆိုပြီးတော့ ချစ်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ကိုသားကြီးနှစ်ပတ်လည်အတွက် အမှတ်တရစကား**

ဒွေးက ဘာပဲပြောပြော မျိုးဆက်သစ်လူငယ်လေးတွေအတွက်သူက စံပြအနေနဲ့သူ့ကို အတုယူသင့်တဲ့ လူတစ်ယောက်လို့ မြင်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဦးကျော်ဟိန်းရဲ့တူဖြစ်ပေမယ့်၊ ဦးကျော်ဟိန်းရဲ့ အရှိန်အဝါနဲ့ ဖြစ်လာတာမဟုတ်ဘူး။ သူ့ရဲ့ ပင်ကိုယ်အရည်အချင်းနဲ့သူ ဒွေးဆိုပြီး တည်ဆောက်တာ ဦးကျော်ဟိန်းနဲ့လည်းမတူဘူး။ သူ့ပင်ကိုယ်စတိုင်နဲ့ သူသွားတယ်။ အဝတ်အစားတွေ ဘာတွေကအစ တီထွင်တဲ့စိတ်ကလေးသူ့မှာရှိတယ်။ သိပ်ပြီးငွေကုန်ကြေးကျများတဲ့ တီထွင်မှုလည်းမဟုတ်ဘူး။ အင်္ကျီလက်ကလေးတွေဖြတ်ပြီး ချိုင်းပြတ်လုပ်ဝတ်တာသူကစတယ်ဆိုပြီး တော်တော်လေးတောင်ပြောကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အလုပ်ပေါ်မှာချစ်ပြီးတော့ ဒီအတွက်ကို မအိပ်မနေကြိုးစားတဲ့အတွက်ကြောင့် ဒီလိုအောင်မြင်တာ။ နောက် လူတွေကလည်း သူ့ကိုစံပြအနေနဲ့အတုယူသင့်တယ်။

# မျက်လုံးနဲ့တင် ပြောချင်တဲ့စကားကို ထိရောက်အောင်ပြောနိုင်တဲ့သူပါ ထွန်းအိန္ဒြာဗိုလ်



**ကိုသားကြီးနဲ့ ပထမဆုံး ရိုက်ဖူးတဲ့ကားက**

ပထမဆုံးရိုက်ခဲ့တဲ့ကားက သူက မင်းသားမဟုတ်ဘူး။ ဦးကျော်ဟိန်းက မင်းသားသူက ဒုတိယမင်းသားလေးနေရာမှာပေါ့။ "သံယောဇဉ်ဦး" ဆိုတဲ့ကား။ အဲ့ဒါ ပထမဦးဆုံး ကိုသားကြီးကို စဆုံဖူးတဲ့ကားပဲ။

**သူက ရိုက်ကွင်းမှာ ဘယ်လို ပုံစံမျိုးရှိလဲ။**

ကိုသားကြီးကအေးပါတယ်။ စကားအပြောအဆိုနည်းတယ်။ ပြီးတော့ သူက လူတစ်ဖက်သားကို ကူညီတတ်တယ်။ ပါးစပ်က သိပ်ပြီး ရွှန်းရွှန်းဝေအောင် ညှိမခံတတ်ဘူး။ ဒါပေမယ့် လုပ်ပေးစရာရှိတာကိုတော့ လက်တွေ့လုပ်ပေးလေ့ရှိပါတယ်။

**ကိုသားကြီးနဲ့ပတ်သက်တဲ့ အမှတ်တရကား။**

ကိုသားကြီးက မနိုင်တို့နဲ့ သရုပ်ဆောင်သက်တမ်းအားဖြင့် အတူတူပဲ ပြောလို့ရတာပေါ့နော်။ သူငယ်ငယ်က သရုပ်ဆောင်ခဲ့တာတစ်ပိုင်းပေါ့လေ။ သူက မျက်လုံးနဲ့တင်ကိုပြောချင်တဲ့စကားကိုထိရောက်အောင် ပြောနိုင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်လေ။ သူက တကယ့်ကို အနုပညာ ပြည့်ဝတဲ့ သူတစ်ယောက်ပါ။

**ကိုသားကြီးအတွက် နှစ်ပတ်လည်ဆုတောင်းကား။**

သူ့ရဲ့နှစ်ပတ်လည်ရောက်တိုင်းလည်း အမြဲတမ်းသတိရအောက်မေ့မှုရှိပါတယ်။ ကောင်းရာသုဂတိ လားပါစေလို့ဆုတောင်းပါတယ်။

**အခုကိုသားကြီးဝင်စားတဲ့ ကလေး သတင်းမနိုင်ကြားမိလား၊ မသိဘူး။ အဲ့ဒီအပေါ်ဘယ်လိုမြင်လဲ။**

မနိုင်ကိုယ်တိုင် အဲဒီကလေးကို မြင်လည်းမမြင်ဖူးသေးဘူး။ သူများပြော သလောက်ပဲကြားတာဆိုတော့ ခေါင်းထဲမှာ သိပ်မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းလျှမ်းတောက်နေချိန်၊ ငယ်ရွယ်လွန်းချိန်မှာ ဘဝကိုအဆုံးသတ်သွားတယ် မေသန်းနု



**င့်နဲ့ဆုံခဲ့တဲ့ အမှတ်တရတွေများရှိရင်...**

င့်နဲ့ ကားတွေအများကြီးမဆုံဖြစ်ခဲ့ဘူး။ မှတ်မှတ်ရရ ပြောရရင်တော့ဒါရိုက်တာ မလိခစိုးထိုက်အောင်ရဲ့အမေ ဘီရီခင်က "ကားရိုက်မယ် မဆင့်ရေ၊ နာမည်ကြီး သားရဲ့ရက်ကမရဘူး။ အငယ်သုံးလက်ကိုတင်မယ်၊ င့်လက်ခံလား"တဲ့ လာပြောတယ်။ ဘယ်သူတွေလည်း တော့ လွင်မိုးရယ်၊ မင်းဦးရယ်၊ ဇွေးရယ် သုံးယောက် ပြတယ်။ ရတယ်၊ အငယ်ဆိုပေမယ့် ဒါ အားကောင်း ပဲဆိုပြီး သူတို့နာမည်ကလည်း အဲဒီကတည်းကရှိ ပြီ။ အဲဒီ မလိခကြီးရိုက်တဲ့ကားမှာ စဆုံခဲ့တာပါ။ က်ပိုင်း "စုံစီနဖာ"၊ "ချစ်ခြင်း၏ အခြားမဲ့ဋ္ဌ"တို့မှာ က်ဆုံခဲ့ပါတယ်။

**င့် အကယ်ဒမီရခဲ့တဲ့ကားနော်...**

တ်တယ်၊ ဟုတ်တယ်။

**ကြားနေရတဲ့ ဇွေးဝင်စားဆိုတဲ့သတင်းနဲ့ ပတ် တ်ပြီး...**

ဝင်စားဆိုတာကတော့ ဖြစ်လည်းဖြစ်နိုင်သလို ချင်လည်း မဖြစ်နိုင်ဘူး။ ဒါပေမဲ့ သူ့အတွက်တော့ တ်မကောင်းဘူး။ ဘယ်လိုမှ ဇွေးတော့မဖြစ်နိုင်တော့ လေ။

**မှတ်တရ စကားတစ်ခွန်းလောက်...**

ဆိုတာ တစ်နေ့သေဆုံးခြင်းနဲ့ အဆုံးသတ်ရမှာပဲလေ။ ဒါပေမဲ့ သူ့ရဲ့အဆုံးသတ်ပုံကသိပ်မလှဘူး။ ဒါကြောင့် စိတ်မကောင်းဖြစ်ရတာ။ အရမ်းကိုလျှမ်းလျှမ်းတောက် နေချိန်၊ ငယ်ရွယ်လွန်းတဲ့အချိန်မှာ အဆုံးသတ်သွားတာ။ အဆုံးသတ်မလှဘူး။ ဒါကြောင့် အရမ်းစိတ်မကောင်းဘူး။

# မိသားစုအတွက် စိတ်ဖြေခွင့်တစ်ခု ရလိမ့်မယ်လို့ထင်တယ် လင်းဇာနည်ဇော်

**ကိုသားကြီးနဲ့မလင်းတို့ရဲ့ ဆုံဆည်းမှုအမှတ်တရလေး ည်းသိပါရစေ...**

ာပေါ့။ မလင်း ကိုယ်ဝန်စရှိတဲ့အချိန် ဇာတ်ကားရိုက်ရ ာ ကိုသားကြီးနဲ့ ဖြစ်နေတယ်။ ဒါရိုက်တာ ဦးမိုးပွား။ ကိုသားကြီးက မလင်းရဲ့ချစ်သူ။ မလင်းကို အရမ်းအနိုင် ကျင့်တဲ့သူပေါ့။ စက်ဘီးပေါ်ကတွန်းချတာတွေရော၊ ရေထဲတွန်းချတာတွေရော၊ ကြမ်းကြမ်းတမ်းတမ်းတွေ အစုံပါတယ်။ ကိုယ်က ကိုယ်ဝန်ရှိတာ စပါတဲ့အချိန်

www.burmeseclassic.com

ဆိုတော့ သူများကိုလည်းမပြောရဲဘူး။ ရှက်လို့။ အဲဒါနဲ့ ကိုသားကြီးကို တိုးတိုးလေးပြောလိုက်တယ်။ "အစ်ကို၊ သမီးမှာကိုယ်ဝန်ရှိနေတယ်၊ သမီးကို ဖြည်းဖြည်းလေး လုပ်ပါ" ဆိုတာကို မယုံဘူးလေ။ ကိုယ်ကနောက်နေ ကျဆိုတော့ နောက်နေတယ်ပဲထင်တာ။ ပြောလိုက်သေး တယ်။ "မယုံဘူး။ လာမပြောနဲ့"တဲ့။ ပြီးတော့ စက်ဘီး ပေါ်က တကယ်တွန်းချတာ။ အဲဒါလေးကတော့ မမေ့နိုင်တဲ့ အမှတ်တရလေးပါပဲ။

**မဆုံးခင်နောက်ဆုံးဆုံခဲ့ကြတာက…**

"ချစ်သမျှကို"ကားလေးပါ။ ကိုမိုက်ရိုက်တာ။ အဲဒါပြီးတော့ တော်တော်ကြာမှ သူဆုံးတာပါ။ မလင်းက ကြားထဲမှာ ကားမရိုက်ဖြစ်တော့ မဆုံဖြစ်တော့တာ။

**အခု ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးသတင်း ကြားမိလား။ ဘယ်လို သဘောရလဲ။**

မလင်းခံစားချက်ကိုပြောရရင် ကိုယ်အရမ်းချစ်တဲ့သူ၊ ကိုယ်အရမ်းတန်ဖိုးထားတဲ့လူ လောကကြီးမှာမရှိတော့ဘူး။ နောက်တစ်ယောက် အစားထိုးဝင်လာတယ်။ သူမဟုတ်သော်လည်းပဲ နည်းနည်းလေးတော့ မိသားစု အတွက် စိတ်ဖြေခွင့်ရနိုင်လိမ့်မယ်လို့ မလင်းတော့ ထင်မြင်ယူဆတယ်။

**နှစ်ပတ်လည်အကြိုစကား…**



အနုပညာအသိုင်းအဝိုင်းမှာ ကိုသားကြီးက အနုပညာသား ကောင်းတစ်ဦးပါ။ သူမရှိတော့ဘူးဆိုပေမယ့် မလင်း ရင်ထဲမှာ သူ့အနုပညာတွေ၊ သူ့ပုံရိပ်တွေက အမြဲတမ်း အမှတ်တရရှိနေမှာပါ။

# လူဝင်စားဆိုတဲ့ကိစ္စက ငြင်းရမယ့်ကိစ္စမဟုတ်ဘူး လွှင်မိုး

**ကိုသားကြီးနဲ့ ပထမဆုံးစရိုက်ဖြစ်တဲ့ဇာတ်ကားက··**

ပထမဆုံးစရိုက်ဖြစ်တဲ့ဇာတ်ကားက ၁၉၉၄-ခုနှစ် ဝန်းကျင်က ကျောက်ပန်းတောင်းဆည်ပေါက်မှာ ဒါရိုက်တာ မြင့်စိုး(ဝ/သ)ရိုက်ကူးတဲ့ ဇာတ်ကားလေးမှာ စပြီး လက်တွဲဖြစ်တာပါ။ အဲဒီဇာတ်ကားလေးက အပြင်ကို မထွက်လာခဲ့ဘူး။ ဆင်ဆာကြောင့်။

**ကိုသားကြီးနဲ့ ထူးထူးခြားခြား အမှတ်တရ…**

ကိုသားကြီးနဲ့ ထူးထူးခြားခြား အမှတ်တရလေးကတော့ သူမဆုံးခင်တစ်ပတ်လောက်မှာ သူနဲ့ ကိုယ်နဲ့ကိုယ် တို့လုပ်နေတဲ့ အနုပညာအကြောင်းကို တိုင်ပင်ဆွေးနွေး ဖြစ်တယ်။ သူနဲ့ကိုယ်နဲ့ကြားမှာ အမြင်မတူတဲ့အပိုင်းလေး တွေရှိတယ်။ သူက ကိုယ့်ကို "လွှင်မိုးခရီးသွားနေသည်"တို့ ဇာတ်ပုံပြပွဲတွေ သိပ်မလုပ်စေချင်ဘူး။ သရုပ်ဆောင် အလုပ်မှာပဲ ဖိဖိစီးစီးလုပ်စေချင်တယ်။ ပြီးတော့ သူ ရည်ရွယ်ထားတဲ့၊ ကြိုးစားထားတဲ့၊ သူ့စိတ်ထဲကရှိတဲ့ အာသီသဆန္ဒအတိုင်း သူလုပ်ထားတဲ့ဇာတ်ကားလေးကို သူ့အိမ်မှာပြတယ်။ အဲဒီအချိန်ထိဆွေးနွေးဖြစ်တယ်။ ဆွေး နွေးဖြစ်ပြီးတော့ သူ့အတွက်ဆိုပြီး နိုင်ငံခြားသွားတုန်းက ဝယ်ထားတဲ့ ဇာတ်လမ်းတိုခွေလေးတွေကို ဒါလေးကို ကြည့်ပါဦးဆိုပြီး လက်ဆောင်ပေးခဲ့တယ်။ သူက မက်ဆေ့ လေးပြန်လာတယ်။ Thank you ပါခင်ဗျာ။ ဒါလေးက သူနဲ့ကိုယ်နဲ့ကြားမှာ နောက်ဆုံးအမှတ်တရပေါ့။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့လူစားမျိုးလဲ။**

ဆရာ ပညာသမားတွေအပေါ်၊ ပရိသတ်တွေအပေါ်၊ သူနဲ့ အလုပ်တွဲသူတွေအပေါ် ထားတဲ့စိတ်ကရှင်းပါတယ်။ နောက် ပြီးတော့သူ့ကိုကြည့်ရတာ အငြိုးအတေးလည်း ထားပုံမရ ဘူး ပြင်းပြင်းထန်ထန် ဒေါသအလျှော့က် တုံ့ပြန်တာ လည်း သူ့မှာနည်းပါတယ်။ သူအာရုံစိုက်တာကတော့ သူ့ရဲ့သရုပ်ဆောင်ပိုင်းနဲ့ သူပါဝင်တဲ့ ဇာတ်လမ်း ဇာတ် ကွက်လေးကိုပဲ အာရုံစိုက်တာများပါတယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့အပေါ် ဘယ်လိုခံစားမိလဲ။**

လူဝင်စားတာနဲ့ပတ်သက်ပြီး စာအုပ်တွေလည်းဖတ်ခဲ့ဖူး တယ်။ အတွေ့အကြုံတွေလည်းရှိခဲ့ဖူးတယ် လူဝင်စားတာ ဖြစ်နိုင်လား။ မဖြစ်နိုင်လားဆိုတာ ကျွန်တော်တို့အနေနဲ့ သေချာပြီးတော့ငြင်းရမယ့်အပိုင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ဘာသာအရ လောကီရေးရာနဲ့ အများကြီးဆိုင်လာပြီ။ အဲဒီလိုဝင်စားတာကောင်းလား။ မကောင်းလား ကျွန်တော့် အနေနဲ့ အတိအကျတော့မသိဘူး။ ဒါပေမဲ့ ကိုသားကြီး အနေနဲ့အဲဒီလိုအခြေအနေမျိုး ဝင်စားပြီးတော့ဖြစ်နေတယ် ဆိုရင် ကျွန်တော့်အနေနဲ့ တော်တော်လေးကို စိတ်မ ကောင်းဖြစ်မိပါတယ်။

**ကိုသားကြီးရဲ့ နှစ်ပတ်လည်အတွက် အမှတ်တရစကား လေး...**

ကျွန်တော်တို့ လူဆိုတာဒီလိုပါပဲ။ အချိန်ခဏလေး အတွင်းမှာ၊ အခိုက်အတန့်လေးအတွင်းမှာ နှစ်ယောက် စလုံးသရုပ်ဆောင်ဖြစ်ပြီး တွေ့ဆုံကြတယ်။ ရင်းနှီးကြ တယ်၊ ခင်မင်ကြတယ်။ ဒီအလုပ်တွေကို အတူတူ သက်တွဲပြီး လုပ်ဖြစ်ခဲ့တယ်။ အရေးကြီးတာက ကျွန် တော်တို့တွေ စိတ်ထားဖြူဖြူစင်စင်နဲ့ ကိုယ်လုပ်တဲ့လုပ်



ရပ်လေးတွေကောင်းအောင် ကြိုးစားခဲ့ကြတယ်။ ကိုသား ကြီးရဲ့ လာမယ့်နှစ်ပတ်လည်ဆိုလို့ရှိရင် အဲဒီနောက်က အချိန်ကာလ တွေပြန်ကြည့်မယ်ဆိုရင် ကျွန်တော်က ဘဝမှာ ဘယ်လို ရုန်းကန်ခဲ့ရသလဲဆိုတာ အကွင်းလိုက် အကွင်းလိုက် ပြန်ပြီးမြင်နေရတယ်။ ကိုသားကြီးနဲ့ တွေ့ဆုံ ခဲ့တာတွေဟာလည်း ကျွန်တော့် အတွက်အမှတ်တရတွေ ပါ။ အခုနေ မျက်လုံးပိတ်ပြီး စဉ်းစားလိုက်မယ်ဆိုရင် သူ့ရဲ့အနုပညာအလုပ်တွေ ကိုရုပ်ရှင်တစ်ကားလို မျက်လုံး ထဲမှာပြန်ပြီး ပေါ်လာတယ်။ သူမရှိတော့ပေမယ့် သူမရှိ တော့တဲ့နောက်ပိုင်းမှာ ကျွန်တော်လည်း ဒီအလုပ်ကို ဆက်မလုပ်ဖြစ်ခဲ့ဘူး။ တခြားစီးပွားရေးပဲလုပ်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အနုပညာကို သူ့လိုပဲသံယောဇဉ်ရှိပါတယ်လို့။ သူ့ကိုလည်း အမြဲသတိရနေပါတယ်။

# ပွင့်နဒီမောင်

**ကိုသားကြီးအတွက် အမှတ်တရ စကားက**

ကိုသားကြီးက ပိုးအိရဲ့ ပထမဦးဆုံး အနုပညာခြေလှမ်းမှာ ပထမဦးဆုံးကို ဒီလောကထဲကိုရောက်အောင်ခေါ်ခဲ့တဲ့ သူပါ။

**ကိုသားကြီးနဲ့ ပထမဆုံးတွဲရိုက်ခဲ့တာက**

ဂျိုကာမှန်ကွပ်ကြော်ကြာကို ကိုသားကြီးနဲ့ ပထမဆုံး ရိုက်ဖြစ်ခဲ့တာ။ ပြီးတော့မှ ၁ဝတန်းဖြေတယ်။ ဖြေပြီး တော့မှ ဗီဒီယိုပထမဆုံးရိုက်တော့လည်း ကိုသားကြီးနဲ့ပဲ မှတ်မှတ်ရရအဲ့ဒါ ဒါရိုက်တာဦးပြည့်ဝ ကိုလင်းနဲ့ပါ။ ပထမဆုံးရိုက်တဲ့ကားက မချည်သောကြိုး ကိုလူမင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုသားကြီးရယ် ပိုးအိရယ်၊ ရတနာခင်ရယ်ပေါ့။ ပိုးအိရဲ့ ပထမဆုံးခြေလှမ်းတိုင်းကကိုသားကြီးနဲ့စခဲ့တာပါ။

**ရိုက်ကွင်းအမှတ်တရ**

မှတ်မှတ်ရရကတော့ ဂျိုကာမှန်ကြွပ် ရိုက်တော့ ပိုးအိ မရိုက်လည်းမရိုက်ဘူးဘူး။ စတိတ်ကျောင်းသူသာရှိသေးတော့ အဲ့ဒီအချိန်မှာ အင်္ကျီအတိုအပြတ်တွေရောအကုန်လုံးယူသွားတာပေါ့နော် ဟိုမှာဘာကာရိုက်တာနဲ့ ရိုက်ရမှန်း မသိဘူး။ ကြော်ငြာဆိုတာဘာကြီးမှန်းမသိတဲ့အချိန်မှာ အင်္ကျီအဆင်မပြေဘူးပေါ့။ ဒါရိုက်တာဦးမိုးပွားရိုက်တာ ကြော်ငြာက မပိုးအိက တစ်စုံဝတ်လိုက်အဆင်မပြေဘူး မဟုတ်ဘူးနဲ့နောက်ဆုံး ကိုသားကြီးရဲ့ရှပ်အင်္ကျီအဖြူလေးနဲ့ မှတ်မှတ်ရရ ရိုက်ခဲ့တာပါ။ ပိုးအိဘဝမှာ ကိုသားကြီးနဲ့ပတ်သက်ပြီးအမှတ်တရတွေ အများကြီးရှိပါတယ်။ သူနဲ့ပတ်သက်ပြီး သူ့ကို အမြဲတမ်းသတိရစေပါတယ်။

**ကိုသားကြီးက ဘယ်လိုစိတ်ထားမျိုးရှိလဲ။**

ဘယ်လိုစိတ်ထားမျိုးလဲဆိုတော့ သိပ်ပြီး ထွေထွေထူးထူး မပြောတတ်ဘူး။ ဒါပေမယ့် စိတ်ထားကောင်းတဲ့လူ တစ်ယောက်ထဲမှာပါတယ်လို့ ပိုးအိသတ်မှတ်တယ်။ အဲ့ဒါက ပိုးအိအမြင်တစ်ခုထဲပါ။

**ကိုသားကြီးလှူဝင်စားကောင်လေးအပေါ်ကိုရော ပိုးအိ ဘယ်လိုမြင်လဲ။**

ပိုးအိကတော့ အဲ့ကောင်လေးကို ကိုယ်တိုင်လည်းမမြင်ဖူးဘူးလေ။ တကယ်ဟုတ်လား။ မဟုတ်လားလည်း မသိဘူး။ ပိုးအိကတော့ လူငယ်တွေဖြစ်လို့လားမသိဘူး။ အဲ့ဒါတွေကို သိပ်လက်မခံဘူးမယုံကြည်ဘူးပေါ့နော်။ တကယ်ဖြစ်ချင်လည်းဖြစ်မှာပေါ့။ ပိုးအိမြင်လည်းမမြင်ဖူးတဲ့အတွက် ပိုးအိတို့လူငယ်တွေက ကိုယ်တိုင်လုပ်ကြည့်မှ ယုံတာရှိတဲ့အတွက် အဲ့ဒီကောင်လေးကို မယုံသေးဘူး။



**ကိုသားကြီးအတွက် ဆုတောင်းက**

သူကောင်းရာမွန်ရာရောက်မှာပါ။ ဒီဘဝမှာ သူလုပ်ခဲ့တဲ့ ကုသိုလ်တွေ အများကြီးရှိခဲ့တာပဲလေ။ သူကောင်းရာဘုံဘဝမှာ ကောင်းကောင်းမွန်မွန်နေပါစေ။

# သူမလုပ်ဖြစ်ခဲ့တဲ့အရာလေးကို အကြွေးကျန်သလို ခံစားနေရတယ် လူမင်း

**ကိုသားကြီးနဲ့ ပထမဆုံးတွဲလုပ်ဖူးတဲ့ အနုပညာလှုပ်ရှားမှုက...**

ပထမဆုံး သူနဲ့တွဲရိုက်ခဲ့တဲ့ကားက ဒါရိုက်တာမောင်ပြည့်ဝ ရိုက်တဲ့ "ဆုံမှတ်များ"ကားပါ။ အဲဒီကားက သူရယ်၊ ကိုယ်ရယ်၊ ကလေးသရုပ်ဆောင်တစ်ယောက်ရယ်၊ လုအဥ္စလီတင့်ကို မင်းသမီးစတင်တဲ့ကားပါ။ အဲဒီတုန်းက ကိုယ်ဆိုရင် ဘာမှမဟုတ်တဲ့လူတစ်ယောက်။ သူကတော့ ဖွေးဆိုပြီး တကယ့်အရှိန်အဝါကြီးကြီး မင်းသားတစ်ယောက်ပါ။ အဲဒီအချိန်ကတည်းက ကိုယ့်ကိုနေရာပေးပြီး ရိုက်ပေးခဲ့တာပါ။ ဆိုလိုတာက နောက်ဖြစ်လာမယ့်လူတွေ၊ နောက်တက်လာတဲ့သူတွေကို ကူညီချင်စိတ်ရှိတယ် ဆိုတာ အဲဒီကတည်းက ကိုယ်သိပါတယ်။

**ကိုသားကြီးနဲ့ ရိုက်ကွင်းမှာကြုံခဲ့တဲ့ အမှတ်တရက..**

ကိုမိုက်တီးရိုက်တဲ့ "ရင်ဝက်ပန်း"ဆိုလည်း မှတ်မှတ်

ချပြခဲ့ရတယ်။ ကျွန်တော်တို့ "ကြယ်စင်မောင်နှမ" ရိုက်တုန်းက မင်းသား မင်းသမီးအငယ်တွေ အများကြီးပေါ့။ ကိုယ်တို့ကတော့ ကလေးတွေနဲ့ ပေါးလားဝါး လားနေကြပေမယ့် သူက အဲဒီလိုမျိုးမဟုတ်ဘူး။ စစ်တပ်ကအဆောင်မှာတည်းရတော့ ညှော်ခန်းအကျယ်ကြီးမှာဆိုရင်ကိုယ်တို့က ဒီဘက်ထိပ်မှာ ပေါးလားဝါးလားလုပ်နေရင်သူက ဟိုဘက်ထိပ်မှာ ဘာလုပ်နေမှန်းမသိဘူး။ သွားဆီသွားလိုက်ရင်၊ ဒါမှမဟုတ် သူ့ကိုခေါ်လိုက်ရင် သူလည်းပါလာပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်ကုန်ရော။

**ကိုသားကြီးရဲ့ စိတ်နေသဘောထား…**

သူက တစ်ယောက်တည်း အေးအေးဆေးဆေးနေတတ်တဲ့ သဘာဝရှိတယ်။ သူ့ပုံစံကြီးကကြည့်လိုက်ရင် မာရေကျောရေ ကြမ်းကြမ်းတမ်းတမ်းကြီးဆိုပေမယ့် သူ့နှလုံးသား ကနူးညံ့ပြီး စိတ်သဘော ထားပျော့ပျောင်းတဲ့သဘော ရှိတယ်။ ကိုယ်တို့နဲ့လည်း ကြုံလို့ဆုံလို့ စကားတွေဖောင်ဖွဲ့ပြီးပြောနေတာမျိုးလည်း အကြိမ်ရေသိပ်မရှိပါဘူး။ ဒါပေမဲ့ သူက အနုပညာအဖွဲ့တွေနဲ့ လုံးလုံးထွေးထွေးနေချင်ပါတယ်။ လောကသားတွေကိုလည်း သူချစ်တယ်။ ဒါပေမဲ့ တစ်ခါတလေ စိတ်ကောက်တတ်သား။

**ကိုသားကြီးနဲ့ နောက်ဆုံးအမှတ်တရ…**



မှတ်မှတ်ရရ ကိုသားကြီးဆုံးပြီဆိုတဲ့ သတင်းကိုကြားတဲ့အချိန်မှာ ကိုယ် ကလေးကိုရောက်နေပါတယ်။ သူနဲ့ပတ်သက်ပြီး အမှတ်တရတွေအများကြီးရှိတယ်။ သူက ကိုယ်တို့ရဲ့ စီနီယာလည်းဖြစ်ပြီး ကိုယ်အားကျခဲ့ရတဲ့ အနုပညာရှင် တစ်ယောက်လည်းဖြစ်တယ်။ တကယ့်ကိုလည်း အနုပညာကိုချစ်ပြီးတော့ သရုပ်ဆောင်တဲ့နေရာမှာလည်းအနုပညာအင်အားတွေရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ ဘယ်လိုမှမမျှော်လင့်ထားတဲ့ အခုလိုဆုံးရှုံးသွားခဲ့တော့ အဲဒီတုန်းက ကိုယ်တို့လည်း တော်တော်ခံစားခဲ့ရပါတယ်။ နောက်ဆုံး "ကြယ်စင်မောင်နှမ" ကားသွားရိုက်ရင်း သူနဲ့ပြောဖြစ်ခဲ့တဲ့အကြောင်းလေးက သူနဲ့ကိုယ်နဲ့ပေါင်းပြီး ကားရိုက်ကြမယ်ပေါ့။ ဒီအနုပညာကို တကယ်ရှုနှစ်ဝင်ပြီး တကယ်ကောင်းအောင် အပြောင်းအလဲဖြစ်အောင်ပေါ့။ များသောအားဖြင့် ကားတွေက ဈေးကွက်ဝင်အောင် ရိုက်နေကြ တာများတယ်ပေါ့။ အဲဒီတော့ ကျွန်တော်တို့ လုပ်ကြမှဖြစ်မယ်တဲ့။ စီနီယာတန်းမှာဆိုရင် သူနဲ့၊ ဂျူနီယာတန်းမှာဆိုရင် ကိုယ်ပဲရှိတယ်ပေါ့လို့ သူပြောတာ။ ဇာတ်တွေဘာတွေရှာဖို့စီစဉ်မယ်တဲ့။ ရိုက်ကူးရေးကတော့ မင်းစီစဉ်တဲ့။ အဲဒီအကြောင်းအရာလေးညှိပြီး ပြောထားပြီးမှ ဘာတစ်ခုမှမလုပ်ရတဲ့ သူဆုံးသွားတယ်။ ကိုယ့်စိတ်ထဲမှာ အဲဒီဟာကြီးကို တော်တော်စိတ်မကောင်းဖြစ်တယ်။ ဘယ်သူတွေဘာပြောပြော သူက အနုပညာကိုအင်မတန်ချစ်တယ်၊ အင်မတန်မြတ်နိုးတဲ့သူတစ်ယောက်ပါ။ အဲဒီအကြောင်းအရာလေးကတော့ သူနဲ့နောက်ဆုံးပြောဖြစ်ခဲ့တာ။ သူမလုပ်ဖြစ်သေးတဲ့အရာလေးကိုတော့ ကိုယ့်စိတ်ထဲမှာ အကြွေးကျန်သလိုခံစားနေရတယ်။

**ကိုသားကြီး ဝင်စားတဲ့ ကလေးအပေါ် အန်ကယ်လေး ဘယ်လိုမြင်လဲ။**

ဒွေးဝင်စားပေါ်လာတဲ့အပေါ်ကို သိပ်ကြီးမသုံးသပ်ချင်ပါဘူး။ ဒါမျိုးကလည်း ဟိုအရင်ကတည်းက ဝင်စားတာရှိနေတာပဲ။

**ကိုသားကြီး နှစ်ပတ်လည်အတွက်ဆုတောင်းစာ…**

သူလုပ်ခဲ့တဲ့ကုသိုလ်တွေက အများကြီးပဲ။ အဲဒီအတွက် သူကောင်းတဲ့နေရာကိုရောက်မှာပါ။ အခုအချိန် သူသာ ရှိနေရင် ကိုယ်တို့နဲ့အတူ အနုပညာအလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com


# -ကိုသားကြီးက ဒါဒါရဲ့ Hero ပါ စိုးမြတ်နန္ဒာ



**ကိုသားကြီးနဲ့ ပထမဆုံးလက်တွဲဖြစ်တဲ့ဇာတ်လမ်း…**
ဒါရိုက်တာ မလိခစိုးထိုက်အောင်နဲ့ "ဒုတိယ"ဆိုတဲ့ကားလေးပါ။

**ကိုသားကြီးက ဘယ်လိုလူမျိုးလဲ…**
သူက အရမ်းတော်တဲ့ အနုပညာရှင်တစ်ယောက်ပါ။ ကိုသားကြီးက ဒါဒါရဲ့ Heroပေါ့။ ပထမဆုံး ပရိသတ်အနေနဲ့ကြိုက်ခဲ့တဲ့မင်းသားပေါ့။

**ကိုသားကြီး ဝင်စားတယ်ဆိုတဲ့အပေါ် ဘယ်လိုခံစားရလဲ။**
ဒါက ဘယ်သူမဆို ဒီလိုပဲဝင်စားကြတာပဲလေ။ ဘဝတွေကခြားသွားပြီပဲ။ ကိုသားကြီး ဝင်စားတယ်ဆိုပြီးတော့ Serious ကြီးတော့ ဒါဒါစိတ်ထဲ ဘယ်လိုမှတော့ မခံစားရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကုန်လုံးက ဆွေမျိုးတွေပါပဲ။

**ကိုသားကြီးရဲ့ နှစ်ပတ်လည်အတွက် အမှတ်တရစကား**
ကိုသားကြီး ဘယ်ဘဝရောက်ရောက် စိတ်ချမ်းသာပါစေ။ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာနေရပါစေ။ ဒီသံသရာကြီးမှာ အစ်ကိုလည်နေဦးမှာပါ။

# သေသင့်တဲ့သူတွေအများကြီးပဲ သူက မသေသင့်သေးဘူး ဖြိုးငွေစိုး

**ကိုသားကြီးနဲ့ ပထမဆုံး အမှတ်တရဖြစ်မယ့်ဇာတ်ကား…**
"ရင်ခုန်သံအရင်းနှီးဆုံး"ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်တုန်းကပေါ့။ တစ်ကားလုံး နှစ်ယောက်အတွဲဆိုတော့ တစ်ကားလုံး ပြောပေးတာ၊ သင်ပေးတာတွေ၊ ကျွန်တော့်ကိုဆုံးမတာတွေ၊ သူနဲ့အတူ မန္တလေးမှာ အတူနေခဲ့တာဆိုတော့ သူ့အကြောင်းလည်း အများကြီးသိခဲ့တယ်။ သူ့စိတ်လည်း အများကြီးသိခဲ့ရတယ်။ အဲဒီကားကတော့ အမှတ်တရပေါ့။

**ကိုသားကြီးနဲ့ ထူးထူးခြားခြားအမှတ်တရက…**
ဒါရိုက်တာဦးမီးပွားရိုက်တဲ့ကားမှာ ကိုသားကြီးနဲ့ကျွန်တော် ဖိုက်တင်ရိုက်တုန်းကအဝင်အထွက် မှားပြီးထိသွားလို့ စိတ်ဆိုးပြီးအိမ်ပြန်သွားတယ်။ နောက်ရက်ပြန် ရောက်လာပြီး ကျွန်တော့်ကို မင်းကဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး စိတ်လည်းမဆိုးဘူး။ ပြီးတော့ဇာတ်ကားပြန်ရိုက်တာပဲ။ ကိုသားကြီးနဲ့ ကျွန်တော်နဲ့ အများကြီးပဲ အမှတ်တရတွေကာ။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့လူလဲ …**
ကိုသားကြီးကလူမှန်၊ လူဖြောင့်စိတ်တို့၊ စိတ်သဘောထားအရမ်းကောင်းတယ်။ အသစ်တွေ၊ မဖြစ်သေးတဲ့လူ

oasis


www.burmeseclassic.com

www.burmeseclassic.com



 တွေကို အရမ်းကိုယ်ချင်းစာတယ်။ မျက်နှာကတော့ တနေတာ။ ကိုသားကြီးစိတ်ထဲမှာ ပြောချင်တာတွေ အများကြီးပဲ။ မပြောဘူး။သူပြောလိုက်တာ၊ သူသင်ပေး လိုက်တာတစ်ခုကလည်း သူများတစ်နေကုန် ထိုင်ပြော သူတစ်ခါပြောလိုက်ရင် သဘောပေါက်တယ်။ သူကအရမ်း ကို ကိုယ်ချင်းစာတတ်တယ်။

**ကိုသားကြီးအတွက် အမှတ်တရစကား···**

ကိုသားကြီးမရှိတော့တဲ့အတွက် ကျွန်တော်တို့ ရုပ်ရှင် ကြည့်ရတာ တစ်ခုခုလိုနေသလိုပဲ။ အရင်တုန်းက ကို သားကြီးကားဆိုရင် ဘာကားဖြစ်ဖြစ် မကြည့်ဘဲ မနေ ခဲ့ဘူး။ အလိုလိုနေရင်း ကြည့်မိနေတာ။ အခုတော့ သူမရှိတော့တဲ့နောက်ပိုင်း ရုပ်ရှင်တောင် ရုံမှာသွား ကြည့်ဖြစ်တာ တော်တော်ကြာပြီ။ ကျွန်တော်တို့ဆီမှာ ထိပ်တော်တဲ့လူက စောစောသေတာလားမသိဘူး။ ထူး အိမ်သင်တို့၊ ကိုသားကြီးတို့ကို အရမ်းနှမြောတယ်။ သူ့



အစား အခြားတစ်ယောက် လဲလို့ရရင်လဲပေးလိုက် ချင်တယ်။ အစ်ကိုရေ···ဒီလိုသာဖြစ်ကြေးဆိုရင် အစ်ကို့ထက် သေသင့်တဲ့လူတွေအများကြီး။ အစ်ကိုက တော့မသေသင့်ဘူးလို့ ပြောချင်တယ်။

# အဘက်ဘက်က Perfect ဖြစ်တဲ့ မင်းသားတစ်ယောက်ပါ မင်းမော်ကွန်း



**ကိုသားကြီးနဲ့ ပထမဆုံးတွဲခဲ့တဲ့ကားက···**

"ဗာလန်"ဆိုတဲ့ကားပါ။ ကျွန်တော် ဒုတိယ မြောက်ရိုက် ခဲ့တဲ့ကားပေါ့။

**အမှတ်တရများရှိခဲ့ရင်···**

ကိုသားကြီးနဲ့က ကားအတူရိုက်တာနည်းပါတယ်။ မှတ် မှတ်ရရဆို နှစ်ကားပဲရိုက်ခဲ့ဖူးတာ။ တစ်ကားက ခုန ပြောတဲ့ "ဗာလန်"၊ တစ်ကားက"မျှော်လင့်ခြင်းများစွာ" ဆိုတဲ့ ဒါရိုက်တာမောင်မျိုးမင်းနဲ့ရိုက်တဲ့ ရုပ်ရှင်ကားကြီး။

**ကိုသားကြီးပေါ်အမြင်ကိုလည်း သိပါရစေ။**

ကိုသားကြီးက အဘက်ဘက်က Perfect ဖြစ်တဲ့ မင်းသားတစ်ယောက်ပါ။ အနုပညာကိုချစ်တယ်။ အနု ပညာပေါ်ထားတဲ့ သူ့သဘောထားက သူများတွေထက် အများကြီးပိုတာတွေ့ရတယ်။ အနုပညာနဲ့ပတ်သက် လာရင် စံထားရတဲ့မင်းသားတစ်ယောက်ပါ။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးနဲ့ပတ်သက်ပြီး ကိုကျော့်အမြင်ကိုလည်း သိပါရစေ···**

မဖတ်ရသေးဘူး။ ဒါပေမဲ့ ကိုသားကြီး မဟုတ်တော့တာ တော့ အမှန်ပဲဗျ။

**နှစ်ပတ်လည်အမှတ်တရ···**

ခုချိန်ထိ အမြဲသတိရ လေးစားလျက်ပါပဲလို့



www.burmeseclassic.com

www.burmeseclassic.com

# လူဝင်စားကို နီးသာနီးနေရင် သွားကြည့်မိမှာ မေသဉ္ဇာဦး



**မဇာကြီးနဲ့ ကိုသားကြီးရိုက်ခဲ့တဲ့ "အကျွမ်းတဝင်" ဆိုတဲ့ကားလေးက တကယ့်ကိုအမှတ်တရပဲနော်။ အဲဒီလိုမျိုး တခြားကားလေးတွေရှိရင်လည်း သိပါရစေဦး။**

ပြဇာတ်တွေတော့ရှိပါတယ်။ "မီးခွက်စောင့်"တို့ဘာတို့၊ ကျန်တဲ့ဇာတ်ကားတွေလည်းရှိပါတယ်။ ရုတ်တရက် စဉ်းစားလို့မရလို့ပါ။ အကျွမ်းတဝင်ကတော့ တကယ့်ကို အမှတ်တရဖြစ်ခဲ့ပါတယ်။

**အဲဒီကားလေးထဲမှာ သူသေသွားတယ်နော်...**

အင်း...ဒါပေမဲ့ ကိုယ်ကတော့သေတယ်မထင်ဘူး ပေါ့နော်။ ဦးမျိုးမင်းရိုက်တာလေ။

**ကိုသားကြီးပေါ်အမြင်...**

ဇာပြောလို့မတတ်ဘူး။ မမိုးပိုသိမှာပေါ့ ဟား...ဟား မဇာကြီးတို့နဲ့က တကယ့်ကို လုပ်ဖော်ကိုင်ဖက်ကောင်း တစ်ယောက်ပါ။

**အခု ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးအကြောင်း ကြားမိလား...**

ညည်းတို့ အိုအေစစ်ဂျာနယ်မှာပါတာလေ။ ဦးမျိုးမင်း ပြောလို့။ ဖတ်တော့ မဖတ်ရသေးဘူး။ အရမ်းတော့အံ့စရာ ကောင်းတယ်နော်။ နီးနေရင်တော့ သွားကြည့်မိမှာ။

**နှစ်ပတ်လည်အကြို စကားလေး...**

ကောင်းရာမွန်ရာရောက်ပါစေလို့ ပြောဖို့ကလည်း သူက အခုလူဝင်စား ဖြစ်နေပြီဆိုတော့ သူ့ဘာသာသူ ကုသိုလ် ကောင်းမှုတွေ လုပ်လို့ရနေပြီပေါ့။ ပျောက်ဆုံး သွားခဲ့တဲ့ ဒွေးအတွက်ကတော့ အရမ်းနှမြောမိတယ်လို့ပဲ ပြောချင်ပါ တယ်။

# အလုပ်ကို ထဲထဲဝင်ဝင် နှစ်နှစ်ကာကာ လုပ်တဲ့သူပါ ကျော်ကျော်ဗိုလ်

**ကိုသားကြီးနဲ့ ပထမဆုံးဆုံဖြစ်ခဲ့တဲ့ အနုပညာလုပ်ရှားမှုကို သိပါရစေ။**

"က...က...က" ပြင်ဦးလွင်မှာရိုက်ခဲ့တာ။ ဒါရိုက်တာညို မင်းလွင်ရိုက်ခဲ့တာ။ မှတ်မှတ်ရရ အဲဒီတစ်ကားပဲ ဆုံခဲ့ဖူး ပါတယ်။

**အမှတ်တရများရှိခဲ့ရင်...**

တစ်ကားပဲဆုံခဲ့ဖူးတော့ အမှတ်တရတွေတော့ သိပ်မရှိပါ ဘူး။ ဒါပေမဲ့ ဆုံတဲ့တစ်ကားမှာတော့ အလုပ်အပေါ် တော်တော်ဂရုစိုက်တာတွေ့ရတယ်။ အဲဒီတုန်းက ကိုကြွ တို့က ဘာမှနားမလည်သေးတဲ့အသစ်တစ်ယောက်လေ။ သူက အလုပ်တစ်ခုကို တကယ့်ကို ထဲထဲဝင်ဝင် နှစ်နှစ် ကာကာ လုပ်ခဲ့တဲ့သူဆိုတာတော့ သိခဲ့ရတယ်။

**ကိုသားကြီးအပေါ် ဘယ်လိုမြင်လဲဟင်...**

သရုပ်ဆောင်မှုအပိုင်းမှာတော့ ကိုကြွတို့ တကယ့်ကိုကြိုက် ခဲ့ရတဲ့သူပါ။ သရုပ်ဆောင်တဲ့ကာရိုက်တာတွေသာ ကွဲ သွားတယ်၊ သူ့သရုပ်ဆောင်ပုံတွေနဲ့ ဇာတ်ရိုက်တာတိုင်းက



www.burmeseclassic.com

www.burmeseclassic.com




ယ်ကိုအပြင်အတိုင်းဖြစ်နေတာလေ။ သရုပ်ဆောင်ဘာမျိုး လုပ်ယူနေတာနဲ့မတူဘူး။ အဲဒါလေးတွေကစရာပါပဲ။

**ကိုသားကြီး ဝင်စားတယ်ဆိုတဲ့ ကလေးအကြောင်းမှာပေါ့နော်။ အဲဒါလေးနဲ့ပတ်သက်ပြီး...**

သာ အယူအဆအရရော၊ ကိုကြဲတို့လူမျိုးအရရောတွေက ငယ်ငယ်တုန်းကတည်းက ကြားဖူး၊ တွေ့ဖူးတာပဲ။ ဟုတ်ရင်လည်းဟုတ်မယ်၊ မဟုတ်ရင်လည်းတ်ဘူးပေါ့။ (ရယ်လျက်) ဖြစ်ချင်တာ တစ်ခုကတော့သားကြီးလို အနုပညာသမားမျိုး ထပ်ပေါ်ပေါက်စေချင်တယ်။



# ကိုသားကြီးက လက်ဦးဆရာပါ မေကဗျာ



**ကိုသားကြီးနဲ့ ပထမဆုံး ရိုက်ခဲ့တဲ့ကားနာမည်က**

မာန်ရဲ့ဒဏ်ပါ။ အဲဒီကားက ကိုသားကြီး ဒါရိုက်တာလုပ်တဲ့ကားလည်းဖြစ်တယ်။ နောက် ကဗျာကိုလည်း နေရာလေးတော်တော်ပေးထားတယ်ပေါ့နော်။ အဲ့မှာဆိုရင် မိန်းကလေးဆန်ဆန်ပြေးရမယ့်အခန်းလေးဆိုရင်ကိုယ်က မလုပ်တတ်ဘူး။ စစရိုက်ခြင်းဆိုတော့ မလုပ်တတ်တာလည်းပါတယ်။ သူ့ကို ရှိန်တာလည်းပါတယ်။ အဲ့ဒီအချိန်မှာသူကလေ ချိုင့်ကလေးကိုဆွဲပြီးတော့ မိန်းကလေးလိုလေးပြေးပြတာ အခုအချိန်ထိ မျက်လုံးထဲက မထွက်ဘူး။ အဲဒီမှာပါတဲ့ ရှုတင်ကလူတွေဆိုရင်လည်း သူအဲဒီ့လိုလေး ပြေးသွားတာကို တော်လိုက်တာ တော်လိုက်တာနဲ့ အဲ့ဒီအခန်းလေးကို လူတိုင်းကြိုက်ကြတယ်။ အဲဒီကားတင်တဲ့အခါမှာလည်း နှင်းအရမ်းချစ်ဖို့ကောင်းတယ်ဆိုတာ ပြောကြတယ်။ အဲ့ဒါ ကိုသားကြီးသင်ပေးခဲ့တာပါ။

**သူနဲ့ပတ်သက်ပြီး ရိုက်ကွင်းအမှတ်တရက**

အဲဒီ့ကားရိုက်ပြီးတော့ ကိုသားကြီးက အမြဲတမ်းလိုက်လေ့လာပါဆိုတော့ လေ့လာဖြစ်တယ်။ ပဲခူးအထွက်က ရင်ရှာမှာလည်း ရိုက်ဖြစ်တယ်။ နောက်ကိုသားကြီးနဲ့ ကျတော့ အန်တီမိုးနဲ့ ခင်သွားတော့ မိသားစုလိုဖြစ်သွားတယ်။ အိမ်ကိုလည်း အမြဲသွားဖြစ်တယ်။ နောက် ပြင်ဦးလွင်မြို့မှာ သွားရိုက်တဲ့ကားဆိုလည်း ကဗျာကို



www.burmeseclassic.com

ခေါင်းဆောင်မင်းသမီးနေရာကိုလည်း ကိုသားကြီးရိုက်ပေးခဲ့တာပါ။ အမှတ်တရတွေအများကြီးပဲ ကိုသားကြီး မဆုံးခင်မှာ ဇာတ်တစ်ကားရိုက်တယ်။ အဲဒီ့ကားက ပြီးတောင်မပြီးလိုက်ဘူး။ အဲဒီ့ကားက ဦးမျိုးမင်းရိုက်တာလေ။ မိုပေါကိုနဲ့ပေါ့။

**ကိုသားကြီးဆုံးပြီသတင်း ကြားတော့ရော**

ကဗျာအိမ်မှာပဲရှိနေတာပါ။ အဲဒီ့အချိန်မှာ ကဗျာနေမကောင်းဘူး။ နေမကောင်းဖြစ်နေတော့ ဖြစ်ဖြစ်ခြင်း ဆုံးတယ်သတင်းကြားလို့ သွားမယ်ဆိုပြီးလုပ်တော့ နေလည်းမကောင်းဘူး။ မသွားနဲ့တော့တဲ့ အရှေ့မှာကားတွေ အရမ်းကြပ်နေလို့ တိုးလို့မရဘူးပေါ့။ ဆုံးဆုံးခြင်းတော့ မျက်နှာမမြင်လိုက်ရဘူး။ နောက်ရက်တွေတော့ နေ့တိုင်းသွားဖြစ်တယ်။ အနန်တီမိုးနဲ့ လိုအပ်တာတွေ အကုန်သွားကူဖြစ်တယ်။ ပြီးလည်းပြီးရော ကဗျာဆေးရုံပြန်တက်ရတယ်။ အိမ်ကပြောတာ နင်မသွားနဲ့ဆိုတာကိုမရဘူး သွားပြီးတော့ ရောဂါပြန်ဖြစ်တာပဲ။

**ကိုသားကြီးရဲ့ စိတ်နေသဘောထားက ဘယ်လိုရှိလဲ။**

အရမ်းကိုကောင်းတယ်။ သူက စကားတွေအများကြီး မပြောတတ်ဘူး။ လူတိုင်းကို ကူညီတယ်။ စိတ်ထဲမှာ ဘာမှမထားဘူး။ သူစကားအများကြီး မပြောတတ်တာကို လူတွေက တစ်မျိုးထင်ကြတယ်ပေါ့နော်။ မာနကြီးတာလား သူ့ကိုကြောက်ကြတယ်။ သူ့ကိုခင်ရင်တော့ ပြောပါတယ်။ ကဗျာတို့ဆိုရင် အမြဲအိမ်သွားနေတဲ့သူဆိုတော့ သူပြောတယ်။ အိမ်မှာနေတာတောင် စကားအများကြီး မပြောတော့လေ။

**ကိုသားကြီးရဲ့ ငါးနှစ်ပြည့်အမှတ်တရစကား။**

ကိုသားကြီးက ဆရာအရင်းဆိုလည်းမမှားပါဘူး။ ဆရာအရင်းထဲမှာပါတယ်။ ကဗျာဒီလောကထဲကို ရောက်အောင် ဒီလောကထဲမှာနေရာ တစ်နေရာလေးပေးပြီး စပြီးကားရိုက်တာ ကိုသားကြီးပါ။ ကဗျာရဲ့ လက်ဦးဆရာဆိုလည်း မမှားပါဘူး။ ငါးနှစ်ပြည့်မှမဟုတ်ဘူး။ ကိုသားကြီးကို ညဘက်မေတ္တာပို့တယ်။ အမြဲဆုတောင်းပေးတယ်။ သူ့အတွက် အမြဲတမ်းစိတ်ထဲမှာလည်းရှိတယ်။ မေတ္တာပို့ရင်လည်း မျက်လုံးထဲမြင်ပြီး ဆုတောင်းပေးတယ်။ ကိုယ်ပြုသမျှကုသိုလ်တွေကိုလည်း သူသာဓုခေါ်နိုင်အောင် အမြဲတမ်းမေတ္တာပို့ပေးပါတယ်။

**ကိုသားကြီးဝင်စားတဲ့ ကလေးသတင်းနဲ့ ပတ်သက်ပြီးတော့ ကဗျာရဲ့အမြင်က**

ကဗျာအဲ့ဒီအကြောင်းကိုလည်း သေသေချာချာ မသိဘူးပေါ့နော်။ ဒါပေမယ့် ဖတ်တော့ဖတ်လိုက်ရတယ်။ စိတ်ဝင်စားဖို့ကောင်းတယ်။ ဒါပေမယ့် လူဝင်စားဆိုတာကလည်း အရင်ကလူကြီးတွေပြောပြတာ ကြားဖူးတယ်။ တကယ်ဟုတ်မဟုတ်ဆိုတာတော့ ကဗျာကိုယ်တိုင်လည်း မမြင်ဖူးဘူး။ ကိုယ်တိုင်လည်း သေချာနားမလည်ဘူး။ တကယ်လူဝင်စားမှန်ရင်တော့ အချိန်တန်ရင် ပြန်ရောက်လာမှာပါ။ အရင်ကိုသားကြီးပုံစံမျိုးကိုယ့်ကိုဆက်ဆံလာရင်တော့အံ့ဩမိမှာပေါ့နော်။ ကိုသားကြီးက စပျစ်သီးလေးတွေဆိုရင် သူအရမ်းကြိုက်တတ်တယ်။ သူ့ကားရိုက်နေရင် အိမ်သွားလို့ရှိရင် ကိုသားကြီးဘာစားလဲဆိုရင် သူစပျစ်သီးအကြီးကြီးတွေသူကြိုက်တယ် သူ့အတွက် အမြဲတမ်း အဲ့ဒါလေးတွေ ဝယ်ဝယ်သွားရတယ်။ တကယ်လို့တွေ့ခဲ့ရင် သူ့နှုတ်ဆက်တယ်ဆိုရင် အရမ်းအံ့ဩမိမှာ။

# ကိုသားကြီးက အရမ်းစိတ်ရှည်တယ် ခင်လေးနွယ်

**ကိုသားကြီးနဲ့ ပထမဆုံးတွဲရိုက်ဖူးတဲ့ကား・・・**

ပထမဆုံးကားက ကိုသားကြီးရယ်၊ မနန္ဒာရယ်၊ ခင်လေးရယ်။ ဒါရိုက်တာက ကိုဇော်(အရဏ်ဦး)ရိုက်တာပဲ။ ကားနာမည်ကတော့ သိပ်မမှတ်မိတော့ဘူး။ နောက်ဆုံးကားက "တိုက်ဆိုင်လွန်းလိုက်တာ" ကားပေါ့နော်။

**ကိုသားကြီးနဲ့ ကားရိုက်ရင်းဖြစ်ပျက်ခဲ့တဲ့အမှတ်တရ**

သူ့ကအရမ်းစိတ်ရှည်တာ။ အစအဆုံးသင်ပြတယ်။ ကားရိုက်တုန်းကဆိုရင် သူက တကယ်တော်တဲ့သူတစ်ယောက်ပါ။

**ကိုသားကြီးနဲ့ နောက်ဆုံးကြုံရတဲ့ အမှတ်တရ・・・**

ခင်လေးနဲ့ ကိုသားကြီး ကားမရိုက်တာ တော်တော်ကြာသွားတယ်။ သူဆုံးတယ်ဆိုတဲ့သတင်းကြားတော့ ယုံ


www.burmeseclassic.com



တောင်မယုံဘူး။ သူက အရမ်းအောင်မြင်ချိန်မှာအဲဒီလိုဖြစ်သွားတော့လေ။

**ကိုသားကြီး လူဝင်စားသတင်းနဲ့ပတ်သက်ပြီး ဘယ်လိုမြင်လဲ။**

ခင်လေးတို့ ခရစ်ယာန်မှာတော့ အဲဒီလိုမကြားဖူးဘူးပေါ့နော်။ အဲဒီအတွက် သိပ်တော့နားမလည်ဘူး။

**ကိုသားကြီးအတွက် အမှတ်တရဆုတောင်းစကားက**

သူ့ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းလေး ဖြစ်စေချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်းလေး ရှိပါစေလို့ · · ·။

# သူ့ဇာတ်ကားတွေ ခုထိ လွှင့်နေတုန်းပဲ ဂျွန်ဝင်

**ကိုသားကြီးနဲ့ပထမဆုံးတွဲလုပ်ဖူးတဲ့ အနုပညာလှုပ်ရှားမှုက···**

"အိပ်မက်ရာသီ"ကားပါ။

**ကိုသားကြီးနဲ့ ရိုက်ကွင်းမှာကြုံခဲ့တဲ့ အမှတ်တရက။**

သူကအနေအေးတယ်။ သူနဲ့ကြော်ငြာတွေ၊ ကားတွေ တော်တော်ရိုက်ဖူးပါတယ်။ ရိုက်ကွင်းမှာ အမြဲတမ်းသူက သင်ပေးတယ်။ ကိုသားကြီးရဲ့ အိုက်တင်အမူအရာက ဘယ်သူနဲ့မှမတူဘူး။ အရမ်းထူးခြားတယ်။ ကိုလွင်မိုးနဲ့ ကိုသားကြီး နဲ့ဆိုရင် တစ်တန်းထဲပေါ့နော်။ကိုလွင်မိုးဆိုရင် ထိုက်နောက်တာ၊ စတာရှိသေးတယ်။ ကိုသားကြီးက အဲဒီလိုမရှိဘူး။

**ကိုသားကြီးနဲ့ နောက်ဆုံးကြုံခဲ့တဲ့ အမှတ်တရက···**

သူနာရေးသတင်းကြားပေမယ့် မယုံဘူး။ သူ့ရုပ်ရှင်ကားတွေလည်း Sky Netတို့မှာ အခုထိလွှင့်နေတော့ အမြင်ရှိနေတဲ့ပုံအတိုင်းပဲ။ သူသေသွားတယ်မထင်ဘူး။ ဒါပေမဲ့ သူကသာမရှိတော့တာ အခုထိ သူ့အနုညာတွေကရှင်သန်နေဆဲပါပဲ။ သူ့ပရိသတ်ကလည်း အခုထိရှိနေတုန်းပါပဲ။

**ကိုသားကြီး ဝင်စားတယ်ဆိုတဲ့ ကလေးအကြောင်းလေး ကြားမိမှာပေါ့နော်။အဲဒါလေးနဲ့ပတ်သက်ပြီး ···**

အိနိုင်တို့ ဗုဒ္ဓဘာသာမှာ အဲဒါတွေက ရှိတော့ရှိခဲ့တယ်။ လူအသစ်ဆိုတော့စိတ်အသစ်လည်း ဖြစ်ချင်ဖြစ်နေမှာပေါ့။ အဲဒါနဲ့ပတ်သက်ပြီး အိနိုင်သိပ်မပြောတတ်ဘူး။

**ကိုသားကြီး နှစ်ပတ်လည်အတွက် ဆုတောင်းက···**

ငါးနှစ်တာကြာသွားပြီဖြစ်ပေမယ့် စိတ်ထဲမှာ အမြဲမြင်တွေ့နေရတယ်။ အခုဆိုရင်လည်း ကောင်းရာနေရာကို ရောက်နေပြီလို့ထင်တယ်။ သူလုပ်ခဲ့တဲ့ ကုသိုလ်တွေက အများကြီးပဲလေ။





www.burmeseclassic.com

www.burmeseclassic.com

# လူဝင်စားသတင်းကိုကြားတော့အရမ်းဝမ်းသာတယ် အရမ်းလည်းတွေ့ချင်တယ် နဝရတ်



**ကိုသားကြီးနဲ့ပထမဆုံးစတွေ့ဖြစ်တဲ့ရုပ်ရှင်ကားက**
ဦးကျော်ဟိန်းရိုက်တဲ့ မာန်ရဲ့ဒဏ်ကားမှာစတွေ့ဖြစ်တာ။

**ကိုသားကြီးနဲ့ ထူးထူးခြားခြား အမှတ်တရ**
ကိုသားကြီးက ပြောဖူးတယ်။ နင့်ပုံက တစ်လောကလုံးက နင့်လုပ်စာထိုင်စားနေတဲ့ပုံပဲ။ ဒါပေမဲ့ တကယ်တမ်းကျတော့ နင်က အဲဒီစိတ်မျိုးမဟုတ်ပါလားဆိုပြီး ပြောတယ်။ ဦးကျော်ဟိန်းကိုလည်း ဦးကျော်တင်တဲ့ မင်းသမီးက တစ်လောကလုံး သူ့လုပ်စာစားတဲ့မျက်နှာပုံစံနဲ့ ဆိုပြီး ဦးကျော်ဟိန်းကို ပြောခဲ့တာ ဦးကျော်က ပြန်ပြောပြတယ်။ အဲဒါလေးက အမှတ်တရပါ။

**ကိုသားကြီးက ဘယ်လိုလူစားမျိုးလဲ**
သူက အေးအေးဆေးဆေးနေတတ်တယ်။ သူများတွေလို ရောရောယှက်ယှက်မနေတတ်ဘူး။

**ကိုသားကြီး ဝင်စားဆိုတဲ့ကလေးအပေါ်**
အဲဒီသတင်းကြားတော့အရမ်းဝမ်းသာတယ်။ အံ့ဩမိတယ်။ အဲကလေးကို အရမ်းတွေ့ချင်တယ်။ ကိုယ်ကိုတွေ့ရင် သူဘာများပြောချင်မလဲဆိုပြီး အရမ်းတွေ့ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ကိုနဲ့ရိုက်ထားတဲ့နတ်သမီးချည်တိုင်ဆိုတဲ့ကားက မပြီးပြတ်သေးတာ။

**ကိုသားကြီး နှစ်ပတ်လည်အတွက် အမှတ်တရစကား**
ရုပ်ရှင်လောကမှာ ကိုသားကြီးကိုမှီတဲ့ မင်းသားတစ်ယောက်မှလည်း မရှိသေးဘူး။ အရမ်းနှမြောတယ်။ ဦးကျော်ဟိန်းနဲ့ကိုသားကြီးတို့ ရုပ်ရှင်လောကမှာမရှိတော့တာ နဝရတ်အတွက် ဘယ်လက်မောင်းနဲ့ ညာလက်မောင်းပြုတ်သွားသလို ခံစားရတယ်။

# လူဝင်စားပြန်ဖြစ်တယ်ဆိုတာ နည်းတဲ့ကုသိုလ် မဟုတ်ပါဘူး စိုးပြည့်သဇင်

**ကိုသားကြီးနဲ့ ဆုံဖူးလား။**
တစ်ကားပဲဆုံဖူးတယ်။ ပြင်ဦးလွင်မှာ ကိုသားကြီးရယ်၊ မဒါ(စိုးမြတ်နန္ဒာ)ရယ်နဲ့ အတူလိုက်ခဲ့တာ။ စိုးပြည့်ရဲ့ ဒုတိယမြောက်ကားပါ။ အဲဒီအချိန်မှာ ကိုသားကြီးဆိုတာ အရမ်းနာမည်ကြီးတဲ့သူနဲ့ရိုက်ရမယ်ဆိုတော့ ပျော်လည်း ပျော်သလို ကြောက်လည်း ကြောက်ခဲ့မိတယ်။ ရှိန်တာပေါ့နော်။ သရုပ်ဆောင်နေရင်း ကိုယ်မှားခဲ့ရင် သူများ စိတ်ဆိုးမလားပေါ့နော်။ စိုးရိမ်စိတ်တွေဖြစ်ခဲ့ပါတယ်။ ကို


www.burmeseclassic.com

www.burmeseclassic.com



# ဒီသတင်းကို ငွတ်ငြင်းနေလို့မရဘူး ကိုအောင်(ရူပဗေဒ)ဗန်းကြီး

**ကိုသားကြီး(ခွေး)နဲ့ ပထမဆုံးလက်တွဲဖြစ်ပုံ**

ကိုသားကြီးနဲ့ ကျွန်တော်နဲ့ မရိုက်ခဲ့ဖူးဘူး။ ဇာတ်ညွှန်းတစ်ပုဒ်တော့ရေးခဲ့ဖူးတယ်။ "မာန်ရဲ့ဒဏ်" ဆိုတဲ့ ဇာတ်ကားမှာ ကျွန်တော် သူ့ရဲ့မန်နေဂျာလုပ်ခဲ့ဖူးတယ်။ ဦးကျော်(ကျော်ဟိန်း)နိုင်းလို့။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့ လူတစ်ယောက်လဲ၊**

သူဟာ အနုပညာပေါ်မှာရှူးသွပ်တယ်၊ ကြိုးလည်း ကြိုးစားတယ်၊ လိုချင်တာကို ရအောင်ယူတတ်တယ်။ အဲဒါကြောင့်လဲ အောင်မြင်တာပေါ့။ သူအောင်မြင်တယ်ဆိုတာလည်း ရိုးရိုးအောင်မြင်တာမှ မဟုတ်တာ ထိပ်ဆုံးရောက်ခဲ့တာလေ။

သားကြီးက အနုပညာအစ်ကိုကြီးတစ်ယောက် ပီသပါတယ်။ စိုးပြည့်တို့ကို သေသေချာချာသင်ပေးခဲ့ပါတယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးအကြောင်းကြားပြီးပြီးလား။ စိုးပြည့်ခံစားမှုက...**

အဲဒါဆိုရင်တော့ ဝမ်းသာတာတယ်။ လူပြန်ဝင်စားဖို့ဆိုတာ လွယ်မှမလွယ်တာ။ နည်းတဲ့ကုသိုလ်မဟုတ်ဘူး။ မြတ်စွာဘုရားဟောခဲ့တယ်လေ။ မိုးပေါ်ကအပ် တစ်စင်းနဲ့ လူ့ပြည့်က အပ်တစ်စင်းထိချင်ထိမယ်၊ လူပြန်ဖြစ်ဖို့ အင်မတန်ခဲယဉ်းတယ်တဲ့။ ဒီသတင်းသာအမှန်ဆိုရင် အရမ်းဝမ်းသာစရာကောင်းမှာပါ။



**ကိုသားကြီး ဝင်စားတယ်ဆိုတဲ့အပေါ် ...**

ဘယ်လိုပြောရမလဲ သံသရာဆိုတာကရှိနေတာကို အဲဒီတော့ မရှိဘူးဆိုတာလည်း ပြောလို့မရဘူး။ မဟုတ်နိုင်ဘူးလို့လည်း ပြောလို့ မရဘူး။ ငွတ်ကန့်ငြင်းနေလို့ မရဘူးလေ။ ဒါတွေဟာ ကာယကံရှင်တွေပဲသိမှာပေါ့။ သူသာ တကယ်လူဝင်စား ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော်ပြောခဲ့သလို သူ့ရဲ့စိတ်တွေက သန့်စင်တည်နေဦးမှာပါ။ အဲဒါကြောင့် ထူးချွန်အောင်မြင်တဲ့သူတစ်ယောက် ဖြစ်လာ


www.burmeseclassic.com

www.burmeseclassic.com

မယ်လို့ မြင်တယ်။

**သူနဲ့ အမှတ်တရက ...**

သူနဲ့ ရိုက်နေတဲ့အချိန်မှာ ကျွန်တော်ကို နွယ်ပင်တွေ ဆင်ခိုင်းတော့ပေါ့ အဲ... နွယ်ပင်တွေကို ညဘက်ကြီး ဆင်ရတာ ၂ နာရီ ၃ နာရီထိုးသွားတယ်။ အဲဒီအချိန်မှာ ခွေးလိုလို ဘာလိုလိုဟောင်လိုက်တာ၊ နောက်လှည့်ကြည့် တော့လည်းဘာမှမရှိဘူး။ အဲဒါမျိုးတော့ ကြုံဖူးတယ်။ အဲဒါကိုသားကြီးနဲ့ ဆုံတဲ့အချိန် အမှတ်တရပေါ့။

**ကိုသားကြီးအတွက် အမှတ်တရစကားက**

ကိုသားကြီးဟာ အမှန်တကယ် ဟုတ်ခဲ့မယ်ဆိုရင် နောက်ထပ် ကိုသားကြီးတစ်ယောက် ဖြစ်လာပါစေလို့ ဆုတောင်းပေးရမှာပေါ့။ ပရိသတ်တွေ နောက်ထပ်ကိုသားကြီး ပုံသဏ္ဍာန်မျိုးနဲ့ နောက်ထပ် ကိုသားကြီးစိတ်ဓာတ်မျိုးနဲ့ နောက်ထပ်ကိုသားကြီးလို အောင်မြင်မှုမျိုးတွေ ရပါစေလို့ ဆုတောင်းပေးနေပါတယ်။

# အရင်က စိတ်ပူမိတယ် ခုတော့ တကယ်ရောက်လာတာဖြစ်ပါစေ ခင်လှိုင်



**ကိုသားကြီးနဲ့ ကိုခင်လှိုင် အမှတ်တရတစ်ခုခုကို သိပါရစေ။**

ကိုသားကြီးနဲ့ ဆုံခါစကပြောဖူးခဲ့ပါတယ်။ သူနဲ့ ဇာတ်ကားတော်တော်များများ တွဲဖူးတော့ အမှတ်တရတွေကတော့ အများကြီးပဲ။ အဲဒီထဲကမှ ကိုသားကြီးရဲ့ ချစ်စရာကောင်းတဲ့၊ မေ့လို့မရတဲ့ အမှတ်တရရှိခဲ့ဖူးတယ်။ အဲဒီအချိန်က ကိုခင်လှိုင် တော်တော့်ကိုဆိုးနေတဲ့အချိန်ပါ။ လုပ်ချင်တာတွေလျှောက်လုပ်ပြီး အိမ်ထောင်ရေးကအစ အရမ်းအခြေအနေဆိုးနေတဲ့အချိန်ပေါ့။ မိန်းမနဲ့လည်း အဆင်မပြေ ရိုက်ကွင်းမှာလည်း ဘယ်သူနဲ့မှ အဆင်မပြေဖြစ်နေတဲ့အချိန်မှာ ကိုသားကြီးနဲ့ပြင်ဦးလွင်မှာ "လှည့်စား" ဆိုတဲ့ကားကြီး ရိုက်နေတယ်။ အဲဒီမှာပဲ တည်းတဲ့ဟိုတယ်ကနေ ရှုတင် သွားခါနီး ကိုခင်လှိုင်တို့လင်မယားရန်ဖြစ်ကြတယ်။ ရန်ဖြစ်တာမှ လက်ပါတဲ့အထိဖြစ်ကြတယ်။ အဲဒီအချိန် ကိုသားကြီးက သူ့ကားအကောင်းစားနဲ့မသွားဘဲ ကိုခင်လှိုင်ရဲ့ ရှုပ်ပွညစ်ပေနေတဲ့ကားဆီရောက်လာတယ်။ ကိုခင်လှိုင့် မိန်းမကိုလည်း "အငယ်လေးနင်အနောက်သွား။ ငါထိုင်မလို့" ဆိုပြီး ကားပေါ်တက်ထိုင်တယ်။ "ဟာ . . . အစ်ကိုဘာလုပ်မလို့လဲ" ဆိုတော့ "မင်းကားနဲ့လိုက်မလို့" တဲ့။ "ဟာ . . . မလိုက်ပါနဲ့ ဒီလောက်ညစ်ပတ် ရှုပ်ပွနေတာ" ဆိုတော့ "မရှည်နဲ့၊ မင်းနဲ့လိုက်ချင်လို့ကွာ" ဆိုပြီး လိုက်လာတယ်။ တစ်ခါမှ အဲဒီလောက်စကားမပြောဖူးဘူး။ တစ်လမ်းလုံး စကားတွေဖောင်ဖွဲ့ ပြောပြီးလိုက်လာတယ်။ ကိုယ်လည်း နည်းနည်းစိတ်ကြည်သွားတာပေါ့။ ကားပေါ်ကဆင်းခါနီးကျမှ "နောက်ရန်မဖြစ်နဲ့" ဆိုပြီး တစ်ခွန်းတည်းပြောဆင်းသွား

www.burmeseclassic.com


ယ်။ ကိုယ်လည်း အဲဒီကတည်းက ခုထိလုံးဝရန် တော့ပါဘူး။ ကိုသားကြီး ကိုချစ်တာလည်းပါတာပေါ့။ သားကြီးဆိုတာ ဘယ်တော့မှ သူများကြားထဲ ဝင်ပါ ယ်မဟုတ်ပါဘူး။ ကိုခင်လှိုင်ဘဝမှာ ဘယ်တော့မှမေ့ မဟုတ်ဘူး။ အဲဒီအချိန်ကတော့ ကိုသားကြီးဆုံးဖို့ သေးကြီးလိုပါသေးတယ်။ နောက်ပိုင်း တွေ့တိုင်း "အဆင်ပြေလား၊ ဘာညာ . . ."အမြဲမေးပါတယ်။ ပြောချင်တာက သူ့လက်အောက်မှာရှိတဲ့သူတွေကို စ်မထားဘဲ အမြဲသတိထားတယ်။ ဂရုစိုက် ယ်ဆိုတာလေးပေါ့။ အမှတ်တမဲ့ကြည့်ရင် ကိုသားကြီး သပ်သပ်ခပ်ခပ်နေတတ်တဲ့သူလေ။ ကိုယ်တွေကိုဂရု ိုက်ဘူးလို့ထင်ထားတာ။ အံ့ဩသွားတယ်ပေါ့။အဲဒါ စ်သက်လုံးမမေ့နိုင်တဲ့ အမှတ်တရပါ။

**ခါနီးတွေ့သေးလား။**

ခါနီးတော့မတွေ့ဘူး။ ကိုယ်အရမ်းဆိုးခဲ့တော့ ရုပ်ရှင် ကမှာ ကိုယ့်အတွက် နေရာမရှိတော့ ဇာတ် ပြန်က နေတာ။ မှတ်မှတ်ရရ တောင်ငူနားမှာကနေတာ။ အဲဒီ မှာ မိုးရွာလို့ ပွဲပျက်တယ်။ အဲဒါနဲ့ မြို့ပေါ်တက်လာတော့ အဖွင့်၊ ဖုန်းအဝင်ပဲ။ ဒီသတင်း ဆိုးကြီးဝင်လာတာ လုပ်လို့ဘာကိုင်ရမှန်း တောင်မသိဘူး။ ရုတ်တရက် ရှော့ခ်ဖြစ်ပြီးကြောင်သွားတာ။ ကိုခင်လှိုင်တို့လင်မယား ချူးပွဲချငိုတော့တာပဲ။

**အခု ကိုသားကြီး ဝင်စားတယ်ဆိုတဲ့သတင်း ကြား မိလား။**

ကြားတာပေါ့။ စိတ်မကောင်းဘူး။ အစ်ကိုနေခဲ့ရတဲ့ဘဝနဲ့ အခု ဒီကလေးရောက်ရှိ နေတဲ့ဘဝအရမ်းကွာခြား လွန်းနေတော့ တော်တော်စိတ်မကောင်းဘူး။ ဒါပေမဲ့ အစ်ကို့လိုလူမျိုးက ဒီလိုပဲနေရမှာမဟုတ်ပါဘူး။ သူ့ကံရှိပါ တယ်။ သူတည်ပေးခဲ့တဲ့ ထမင်းအိုးတွေအများကြီး၊ သူလုပ်ခဲ့တဲ့ကုသိုလ်တွေအများကြီးပါ။ သူ့ကံကောင်း လာမှာပါ။

**နှစ်ပတ်လည်အကြိုစကား . . .**

လူဝင်စားဆိုတာကို အစကတည်းက ကျွန်တော်ယုံကြည် တယ်။ စာအုပ်တွေလည်း အများကြီးဖတ်ဖူးတယ်။ အရင်ကစိတ်ပူတယ်။ ဘယ်နေရာမှာရှိနေလဲ၊ ဘယ်လို ပုံစံနဲ့ရှိနေလဲပေါ့။ ဒါပေမဲ့ အခုနှစ်ပတ်လည်မတိုင်ခင် ဒီသတင်းလေးကြားရတယ်။ အစ်ကို လူ့ဘဝကိုပြန် လည်ရရှိခဲ့တယ်ဆိုတဲ့ သတင်းကိုကြားပြီး အစ်ကို တကယ်ရောက်လာတာဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါ တယ်။

# ဒီကလေးသာ တကယ်မှန်ခဲ့ရင် ငါတို့သူငယ်ချင်း ပြန်ရောက်လာပြီပေါ့ ကင်းကောင်

**ဦးကင်းတို့နဲ့ ကိုသားကြီးဆုံခဲ့ကြတဲ့ ပုံရိပ်ကို ပြန်ဖော် ပေးပါဦး**

တ်တယ်၊ အများကြီးပဲ အများကြီးကိုဆုံခဲ့တာ။

**အမှတ်တရတစ်ခုခုပေါ့။မမေ့နိုင်စရာလေးတွေ**

ဦးကင်းသားလေး ခြောက်တန်းအရွယ်က ရိုက်ကွင်းကို သွားတာ၊ ကလေးမှာရိုက်တာလေ၊ ဂူကြီးတွေမှာရိုက် သားလေးက ကိုသားကြီးနဲ့ ဓာတ်ပုံရိုက်ချင်တယ်ဆို ဦးကင်းက ခွင့်တောင်းတော့ဟာ ဘာပြောစရာလိုလို့ ခရိုက်ပေးမယ်ဆိုပြီး ဦးကင်းသားလေးကိုဖက်ပြီး ပေးခဲ့တဲ့ဓာတ်ပုံလေး ခုထိအိမ်မှာရှိသေးတယ်။

ဦးကင်းနဲ့အတူ တွဲခဲ့တဲ့ "အကျွမ်းတဝင်ဆိုတဲ့ကားလေး




www.burmeseclassic.com

www.burmeseclassic.com



**ကို ခုထိ မျက်စိထဲက မထွက်သေးဘူး။**

ဟုတ်တယ်၊ အဲဒီကားမှာ သူ့နာမည်က ခင်ဝင်းတဲ့၊ ဦးကင်းနာမည်က မျိုးမြင့်၊ အဲဒီကားရဲ့အမှတ်တရကို လည်း ပြောပြရဦးမယ်၊ အဲဒီကားမှာ သူက လူနောက် အရမ်းအစအနောက်သန်တဲ့သူ၊ နောက်ဆုံးသေသွားတယ်၊ တကယ်သေမှန်းမသိဘူး။ ထုံးစံ အတိုင်းနောက်နေတယ်ပဲ ထင်ကြတာလေ၊ ဒါရိုက်တာက ကိုမျိုးမင်း ရိုက်တာ။ အဲဒီကားမှာ ဇာတ်ကောင် နာမည်ခင်ဝင်းကို အမြန် "ခွင်း၊ ခွင်း"ဆိုပြီးခေါ်ကြတာလေ။ သူဆုံးလို့ သင်္ချိုင်း ရောက်တော့"ခွင်း"ဆိုပြီး အော်ပြေးရမယ့်အခန်း··ဦးကင်း က မှားပြီး Mood အပြည့်နဲ့ ဘာအော် လိုက်လဲဆိုတော့ မျိုး···မြင့်ဆိုပြီး ကိုယ့်နာမည်ကြီး ကိုယ်အော်ပြေး တော့အားလုံးဝိုင်းရယ်ကြတာပေါ့။ အကြီးအကျယ်ငိုရမယ့် အခန်းမှာ အသည်းအသန်ရယ်ရတဲ့အဖြစ် ရောက်သွားတဲ့ အမှတ်တရကတော့ ဘယ်တော့မှမေ့လို့မရခဲ့ပါဘူး

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ကလေး နဲ့ပတ်သက်ပြီး ဦးကင်းအမြင်ကို လည်းပြောပြပေးပါ**

ဒါကိုတော့ ပြောရရင် သားကြီး ဖြစ်ခဲ့တယ်ဆိုရင် ငါတို့ သူငယ်ချင်း ပြန်ရောက်လာပြီပေါ့··မဖြစ်ခဲ့ဘူးဆို ရင်လည်း ဒါဒီလိုပဲဖြစ်တတ်ပါတယ်ပေါ့။ ဦးကင်း ဒီလောက်ပဲပြောပါရစေ။

# ပိုက်ဆံရရေး မတွက်တဲ့မင်းသားပါ အရိုင်း



**ကိုသားကြီးနဲ့ ပထမဆုံးအမှတ်တရ ရှိမယ့်ဇာတ်ကား**

ကိုသားကြီးနဲ့ ပတ်သက်ပြီးတော့ ကြည်သာ (ပွဲကြိုက်ခင်)ရိုက်တဲ့ မကုရရင်မနေနိုင်ပေါင်ဗျာဆိုတာ ဇာတ်လမ်း လေးမှာက အမှတ်တရပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မော်ဘီတိုးဂိတ်ကြီးရဲ့ အစပ်နားမှာ လေ့ကျင့်ရေးတပ်ရှိ တယ်။ အဲဒီတပ်ရဲ့အတွင်းထဲ မှာဝင်ပြီး ဇာတ်ခုံထိုးပြီး တော့မှ ကကြတာ။ ကိုသားကြီးက အဲ့ရွာမှာ ကျောင်း ဆရာလာလုပ်တယ်။ အဲ့ရွာက လူတွေအကုန်လုံးက ပွဲက သိပ်ဝါသနာပါတယ်။ ဇာတ်လမ်းရဲ့ဇာတ်ကွက် ကလေး တွေကို လူရှင်တော်တော်တော်များရဲ့ အကူအညီကို ရယူ ပြီးလုပ်တာ တော်တော်လေးအောင်မြင်သွားတယ်။ အဲဒီ ဇာတ်ကားလေးက ကိုသားကြီးနဲ့ အမှတ်တရပေါ့။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့လူတစ် ယောက်လဲ···**

သူက ပညာကလည်း တတ်တယ်။ တွေးခေါ် မျှော် မြင်မှုကလည်း အင်မတန်အားကောင်းတဲ့လူ၊ လောက တစ်ခုကို ဖန်တီးချင်တဲ့ စိတ်အင်မတန်ပျင်းပြတဲ့လူဖြစ် တဲ့အတွက်ကြောင့်မို့ သူဟာ တကယ်ကို လူတော် တစ်ယောက်လို့သတ်မှတ်ပါတယ်။ မင်းသားဆိုပြီးတော့ သူဟာသူမင်းသားပုံသဏ္ဍာန်နဲ့နေတာ တစ်ပိုင်းပဲ၊ သို့သော် သူရဲ့ပတ်သက်နေရတဲ့ ဒီလောကပေါ့ ရုပ်ရှင်လောက အပေါ်မှာ သူပိုက်ဆံရရေးအတွက် မတွက်တဲ့ မင်းသား ပေါ့။ သူဖြစ်ချင်တာလေးတွေ သူလုပ်ချင်တာလေးတွေကို ပညာရှင်တွေနဲ့ အမြဲတမ်းတိုင်ပင်တယ်။

**ကိုသားကြီးနဲ့ ထူးထူးခြားခြားအမှတ်တရ**


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ကိုယ်ပိုင်ဇာတ်ညွှန်း ရေးထားတဲ့ အကျွမ်းဝင်ဆိုတဲ့ ဇာတ်ကားလေးပါ။ အဲဒီဇာတ်ကား လေးကို ရိုက်ကူးပြီးရဲ့ ကြံတောသချိုင်းကုန်း မဖျက်ခင်မှာ အဲဒီနေရာမှာရိုက်ခဲ့ကြရတဲ့ ဇာတ်ကား။ အဲဒီကားက ကိုသားကြီးအတွက် ဇာတ်ကားရေးပေးရတဲ့ဇာတ်ကား။ အဲဒီဟာ ထူးထူးခြားခြား အမှတ်တရလေးပါပဲ။

**ကိုသားကြီးအတွက် အမှတ်တရ စကား**

ကျွန်တော် ပြောချင်တာက ကိုသားကြီးအတွက် ဆိုတော့ ကောင်းမှုကုသိုလ်တွေလုပ်ကြပါ။ သေဆုံးသွားတဲ့ လူအတွက် ခဏခဏမတမ်းတကြပါနဲ့။

**ဒွေးဝင်စားတယ်ဆိုတဲ့အပေါ် ဘယ်လိုမြင်လဲ**

ဒီခေတ်ဒီအချိန်ခါမှာ ကျွန်တော်တို့လဲ လူဝင်စားဆိုတာတွေကို ကြားဖူးတယ်။ လူဝင်စားတွေကို ခဏခဏ ပြောကြတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေက ဒါကို ယုံကြည်တယ်။ စိတ်ဓါတ်ဖြေရာတစ်ခုလို့ထင်တယ်။ အဲဒါကြောင့် ယုံတယ်လည်း မဟုတ်သလို၊ မယုံဘူးလည်း မဟုတ်ဘူး။

# ဒွေးက ခံစားချက်ကို တစ်ယောက်တည်း ကြိတ်မှိတ်ခံစားတတ်တယ် ကုသိုလ်

**ကိုသားကြီးနဲ့ပထမဆုံးလက်တွဲဖြစ် တဲ့ဇာတ်ကားက**

ပထမဆုံးစတွေ့တာက ကျောက်ပန်းတောင်းမှာ။ ဒါရိုက်တာ မြင့်စိုး(ဝ/သ)လွင်မိုး။ ခေါင်းဆောင် မင်းသားအတွန်းက ဒွေးမဟုတ်ဘူး ထင်လင်း။အဲဒီကားမှာစပြီး တွေ့ကြတာပေါ့။

**ကိုသားကြီးနဲ့ ထူးထူးခြားခြား အမှတ်တရက**

ထူးထူးခြားခြားက ဘာလဲဆိုတော့ သူရုပ်ပါမင်းသားဖြစ်ပြီးတော့ ဒွေးတစ်ခေတ်ဖြစ်တဲ့အချိန်မှာ ကိုယ့်က ညွှင်တော်ဇာတ်ပို့ ဇာတ်ရန်ပေါ့ သူ (ဒွေး)က ဘာပြောသလဲဆိုတော့ ကိုယ့်ကို အသိန်းလို့ခေါ်တော့ "ကျွန်တော် အသိန်းကိုကြည့်ရတာ ဇာတ်ပို့ဇာတ်ရန် မလုပ်သင့်ဘူး။ ဒါရိုက်တာလုပ်ရမှာ ခင်ဗျားမှာ ဒါရိုက်တာတစ်ယောက် ရှိအပ်တဲ့ ပညာတွေ ခင်ဗျားမှာရှိတယ်။ ကားရိုက်ပါဦး" ဆိုတော့ ငါက "ဟာ ကိုသားကြီးရယ်၊ ကျွန်တော် ဒါရိုက်တာလုပ်တော့ ဘယ်မင်းသားက ကျွန်တော်ကို ရိုက်ပေးမှာလဲ" ဆိုတော့ ဒွေးက "ကျွန်တော်ရိုက်ပေးမယ်၊ ရိုက်မယ့် တိုက်ကိုပြောလိုက်ပါ" ကျွန်တော် မင်းသား ပေါ့ဗျာ" ဆိုပြီး အဲဒါလေးက အမှတ်တရပေါ့ဗျာ၊ သူငယ်ချင်းစိတ် ဆွေအပေါင်းအသင်းပေါ်မှာ သူဖြစ် နေတဲ့အချိန် ကြည့်ရှုစောင့်ရှောက်တတ်တဲ့ စိတ်ထားလေးပေါ့။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့လူမျိုးလဲ**



ကိုသားကြီးက အင်မတန်မှ ရိုးသားတဲ့လူ၊ နောက်တစ်ခုက အင်မတန်မှ အရှက်ကြီးတဲ့လူ၊ နောက်ပြီးတော့ အလုပ်ပေါ်မှာစည်ကမ်းတကျ တစ်စိုက်မတ်မတ်အာရုံ


www.burmeseclassic.com

www.burmeseclassic.com



စိုက်တတ်တဲ့လူပေါ့၊ သူက စကားနည်းတယ် စိတ်ရင်းကောင်းတယ်၊ သူမကြိုက်ရင် မကြိုက်ဘူး၊ ကြိုက်ရင် ကြိုက်တယ် ပြောတတ်တယ်၊ ဒါပေမဲ့ သူကတစ်ခုရှိတယ်၊ သူခံစားမှုတစ်ခုကြောင့် တခြားတစ်ဖက်သားတစ်ယောက် စိတ်ဆင်းရဲမှာကြောက်တယ်။ အဲ့ဒီအတွက် သူက ခံစားမှုတစ်ခုရှိရင် သူတစ်ယောက်တည်း ကြိတ်မှိတ်ပြီးခံစားတယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့အပေါ်**
**ဘယ်လိုခံစားမိလဲ**

ကိုသားကြီး လူပြည်ပြန်ရောက်တာ တကယ်ဖြစ်ခဲ့ရင် ဝမ်းသာတာပေါ့။ ဦးကျာသိုလ်တို့ အနုပညာလောကမှာ မမေ့အပ်နိုင်တဲ့ မင်းသားတစ်လက်ပေါ့။


**ရှေ့လ နှစ်ပတ်လည်အတွက်**

နှစ်ပတ်လည်မှ မဟုတ်ပါဘူး။ တစ်သက်လုံးပဲ သတိရနေမှာပါ။ နောက်တက်တဲ့ မင်းသားတွေကိုသူ့အကြောင်းတွေပြောပြတယ်။ သူ့ကြိုးစားမှုတွေ ပြောပြတယ်။ အစားထိုးလို့မရဘူး၊ အဲဒီလိုပေါ့ နေ့တိုင်း၊ တိုက်ဆိုင်မှုရှိတိုင်း သတိရပါတယ်။

# လူဝင်စားမှန်လား မမှန်လား သိချင်ရင်သွားကြည့်တာ ကောင်းမယ် ငှက်ပျော်ကြော်

**ကိုသားကြီးနဲ့ထူးထူးခြားခြားမမေ့နိုင်တဲ့အမှတ်တရက**

ကျွန်တော်နဲ့ ကိုသားကြီးနဲ့ကားရိုက်နေရင်းနဲ့မိတ်ဆွေတစ်ယောက် အိမ်မှာ ဘောပွဲသွားကြည့်တာ အင်မတန်မှရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါ။ ထမင်းစားချိန်ရောက်တော့ သားကြီးက "ကိုငှက်လိုက်ခဲ့ပါလား၊ အသိတစ်ယောက်အိမ်မှာ ဘောလုံးသွားကြည့်မလို့ ခဏပဲပြီးရင် ပြန်လာမယ်ဆိုပြီး"သွားတာ အဲအသိတစ်ယောက်ကလည်း ကျွန်တော့်ပရိသတ်ပဲ၊ ဘောလုံးကြည့်ရင်းနဲ့ ကျွန်တော်ကို သားကြီးက စားစရာတစ်ခုပါလာတယ်ဆိုပြီးပြောတော့ "ဘယ်မှာလဲ" ဆိုပြီးမေးတယ်။ ကိုသားကြီးက "အဲဒီမှာလေ"ဆိုပြီး ကျွန်တော် ကိုပြတော့ အဲဒီ တစ်ယောက်က အဟုတ်အောက်မေ့လို့ဆိုပြီး ရယ်ကြတယ်။ ပြီးတော့ အဲအိမ်မှာပဲ ကြာဇံချက်လေး ကျွေးလိုက်တယ်။ အဲဒါလေးကတော့ အမှတ်တရလေးပါပဲ။



**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့လူမျိုးလဲ**

သူက စိတ်ကောင်းရှိတယ်၊ မနာလိုတာတို့ မာန်တက်တာတို့မရှိဘူး။ သူအလုပ်လုပ်တယ်၊ လူအများစုနဲ့ ရုံးရုံး မနေတတ်ဘူး။ သူဖီလင်လေးနဲ့သူနေ တာများတယ်၊အလုပ် ပတ်သက်မှပဲ နေတာများတယ်၊ ရုံပုံငွေပွဲတွေဆိုရင်လည်း ကျွန်တော်တို့နဲ့ ရုံးရုံးနေရပါတယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင် သီးခြားနေတဲ့စတိုင်လေးရှိတယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့အပေါ် ဘယ်လိုခံစားမိလဲ**

အဲဒါကတော့ ပြောလို့တော့မရဘူးပေါ့များ။လူဝင်စားဆိုတော့ ကျွန်တော်တို့ ဖတ်ဖူးမှတ်ဖူး ကျွန်တော် ရင်းနှီးတဲ့ မိတ်ဆွေထဲမှာလဲ ဝင်စားတာတွေရှိပါတယ်။

oasis



www.burmeseclassic.com

www.burmeseclassic.com



စားတယ်ဆိုရင် သူ့ရဲ့ အမှတ်အသားတော့ရှိရမယ်။ ...မှုကြောင့်ဖြစ်တာ ဝင်စားတယ်ဆိုတာဖြစ်နိုင်ပါ ...။ ဒါပေမဲ့ လက်တွေ့သွားကြည့်ရင်တော့ အဆင်ပြေ ...။ မှန်လားမမှန်လားသိချင်ရင် သွားကြည့်တာ ကောင်းမယ်။

**ကိုသားကြီး နှစ်ပတ်လည်အတွက် အကြိုအမှတ်တရကား**

ကိုယ့်ရဲ့အနုပညာရှင် လုပ်ဖော်ကိုင်ဖက်တစ်ယောက်၊ ဘာပဲပြောပြော ကောင်းရာမွန်ရာအေးအေးဆေးဆေးလေးနေနိုင်ပါစေလို့ ဆုတောင်းပါတယ်။

# ကိုသားကြီးက အဖိုးမဖြတ်နိုင်တဲ့စိန်တစ်လုံးပါ။ လူဝင်စား ပြန်ဖြစ်တယ်ဆိုတော့ အရမ်းပျော်မိတယ် လုအဥ္စလီတင့်

**ကိုသားကြီးနဲ့ပတ်သက်ပြီး ပထမဆုံး အနုပညာလှုပ်ရှားမှုက...**

"...မှတ်များ"ဆိုတဲ့ ချောချောကို မင်းသမီးဘဝစတင်တဲ့ ...ပါ။ နောက်ဆုံးကားက "အဖြူရောင်သစ္စာ"ပေါ့။

**ကိုသားကြီးက ဘယ်လိုလူမျိုးလဲ...**

ကိုသားကြီးကို ပထမဆုံးစစချင်းရိုက်တဲ့ကားမှာ လေ့လာ ...တာက အနေအေးပြီး ကျစ်ကျစ်လျစ်လျစ်နေတယ်။ အနုပညာလောကမှာ အဖိုးမဖြတ်နိုင်တဲ့စိန်တစ်ခုလို့သာ ...လိုက်ချင်တယ်။ အရမ်းတော်ပြီး အနုပညာကို ခံယူ...ချက် ကြီးပြီးထူးခြားတယ်။ သူများတွေနဲ့မတူဘူး။ ထူးခြား ...သားမှုရှိပြီး အရမ်းတော်ပြီး လေးစားအားကျရတဲ့သူပါ။ သူက နာမည်အရမ်းကြီးတဲ့မင်းသားဖြစ်ပေမယ့် မာနလုံးဝ ...ဘူး။ ကားရိုက်လို့ ရိုက်ကွင်းမှာ ဝင်ပြီးစွက်ဖက်တာမရှိ ...လို သူများကို အရမ်းကူညီပေးတာ။ ကိုသားကြီးနဲ့ ...တတ်တွေ၊ ရုပ်ရှင်အစည်းအရုံးတို့မှာ ခဏခဏတွေ့ ...တယ်။ သူက အရမ်းတည်ငြိမ်ပြီး အနုပညာ အလုပ်မှာ ...ကယ်တော်ပြီးထက်မြက်တဲ့သူပါ။ အနုပညာလုပ်တာ ...တူပေမယ့် ချောချောက ကိုသားကြီး ပရိသတ်တစ်ယောက်ပါပဲ။

**ကိုသားကြီးနဲ့ပတ်သက်ပြီး အမှတ်တရက...**

"...မှတ်များ"ကားမှာဆိုရင် ချောချောက ဘာမှမလုပ်ဖူး...တဲ့ အသစ်တစ်ယောက်ပါ။ သူကသင်ပေးတယ်။ ...သာ အခုအချိန် ဒီလောကမှာဆက်ရှိနေရင် အရမ်း ...ကောင်းမှာပဲ။ သူလိုတော်တဲ့လူတစ်ယောက်အတွက် ...အမှတ်တရဖြစ်နေမှာပါ။

**အခု ကိုသားကြီး လူဝင်စားဆိုတဲ့သတင်းနဲ့ပတ်သက်ပြီး ဘယ်လိုမြင်လဲ။**



ဟာ...တကယ်ဝင်စားတာလား။ ဘယ်မှာလဲ။ အရမ်း ဝမ်းသာတာပဲ။ သူသာ လူဝင်စားပြီး [illegible] အရမ်းပျော်မိတယ်။ ဒါပေမဲ့ ချောချောသိချင်တာ [illegible] သူ အနုပညာကို ဆက်လုပ်မှာလား။ တကယ်လို့ [illegible]



www.burmeseclassic.com

ရောက်လာလို့ ဒီအနုပညာလောကထဲဝင်လာရင် ကိုသားကြီးလိုတော်ခဲ့ရင် တကယ့်ဟုန်းဟုန်းတောက်ပဲ။ သူ့ပရိသတ်က အခုထိအများကြီးပဲလေ။ အရင်လိုပဲ နာမည်ကြီးမယ်ဆိုရင် တသသနဲ့ပျော်မိမှာ။ အခုကြားရတာတောင် တော်တော်ပျော်တယ်။

**ကိုသားကြီးအတွက် ဆုတောင်းစကားက•••**

လူတစ်ယောက်အနေနဲ့ ပေါ်လာတယ်ကြားတော့ အနု ပညာလောကထဲပြန်ဝင်လာနိုင်ပြီး အရမ်းအောင်မြင်တဲ့ ကြယ်တစ်ပွင့်ဖြစ်လာပါစေလို့ ဆုတောင်းနေမိမှာပါ။

# ဖွေးဝင်းစားအကြောင်းဖတ်ရတာ သိပ်သဘောကျတာပဲ ဟိန်းဝေယံ



**ကိုသားကြီးနဲ့ တွေ့ဆုံခဲ့ဖူးလား။**

ကျွန်တော် အနုပညာလောကထဲ ရောက်တဲ့အချိန်မှာ "ကိုသားကြီး"ရှိသေးတယ်၊ အနုပညာလောကထဲဝင်ပြီး နောက်ပိုင်း သိပ်မကြာဘူး။ "ကိုသားကြီး" ကွယ်လွန်သွားတယ်၊ အပြင်မှာတော့ တစ်ခါမှမဆုံဖူးဘူး။

**ကိုသားကြီးအပေါ်**

"ကိုသားကြီး"က တကယ့်ကို သရုပ်ဆောင်ကောင်း တစ်ယောက်ပီသပါတယ်။ သူ့ရဲ့ မျက်လုံးအိုက်တင်တွေဆို အရမ်းသဘောကျတယ်။ သရုပ်ဆောင်ကောင်း တစ်ယောက်ရဲ့ လုပ်ရပ်တွေကို ပီပီပြင်ပြင် လုပ်ပြသွားတာမျိုးတွေရှိတယ်။ ကိုသားကြီးကို အမှန်အတိုင်းပြောရရင် ဟိုးငယ်ငယ်လေးထဲက ကျွန်တော်ကြိုက်တဲ့ သရုပ်ဆောင်တွေထဲမှာ ကိုသားကြီးလည်း အပါအဝင်ဖြစ်တယ်။

**ကိုသားကြီး ဇာတ်ကားထဲက အကြိုက်ဆုံးဇာတ်ကားက •••**

ကိုသားကြီး သရုပ်ဆောင်ထားတဲ့ကားတွေ တော်တော်များများ ကြိုက်တယ်။ အဲဒီအထဲကမှ ပြုံးတော်မူဆိုတဲ့ ဇာတ်ကားလေး သဘောကျတယ် ••• ။

**ကိုသားကြီး ဝင်စားတယ်ဆိုတဲ့•••**


အဲဒီဂျာနယ်လေးကို ဖတ်လိုက်ရပါတယ်။ တွေ့တွေ့ထူးထူး ပြောစရာမရှိပေမယ့် နည်းနည်းတော့ စိတ်ထဲမှာ တွေးစရာလေးတွေဖြစ်လာတယ်၊ အံ့ဩမိတယ်။ ကိုသားကြီးဆိုတာ ကျွန်တော် တကယ်ကို သဘောကျတဲ့ သရုပ်ဆောင် တစ်ယောက်လည်းဖြစ်တော့ အဲလိုမျိုးလေးသတင်းကြားတဲ့အပေါ်မှာ စိတ်ဝင်းစားမှုတော့ ရှိတာပေါ့၊ တကယ်ပဲလား။ ဘယ်လိုပဲ ဂျာနယ်ထဲမှာ ဖတ်ရတာတော့ သူတို့ ပြောပြသွားတာ တော်တော်များများ လည်းဖတ်ရတယ်။ ကိုယ်သဘောကျတဲ့ သရုပ်ဆောင်တစ်ယောက် အကယ်၍ ဟုတ်ခဲ့သည်ရှိသော် သရုပ်ဆောင်တစ်ယောက် အဖြ တွေ့သိနေတဲ့ လူတစ်ယောက်အနေနဲ့ ပြန်ပြီးတော့ မြင်ရတဲ့အခါကျတော့ ဘာပဲပြောပြော ဝမ်းသာစရာပုံစံမျိုးတော့ အနည်းအကျဉ်းရှိတာပေါ့။ အဲဒီလိုမျိုးတော့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


# ဘာပဲဖြစ်ဖြစ် ဒီသတင်းက မင်္ဂလာသတင်းပါ မိုးယံဇွန်



**ကိုသားကြီးနဲ့ စဆုံခဲ့တဲ့ အမှတ်တရလေးက···**

ကိုသားကြီးကမှတ်မိမယ်မထင်ဘူး။ သက်ရှိထင်ရှားရှိလည်း သူမှတ်မိမှာမဟုတ်ဘူး။ ကျွန်တော်ကောင်းကောင်းမှတ်မိတယ်။ ကျွန်တော်(၇)တန်းလောက်တုန်းက ကိုသားကြီးကိုယ်တိုင် ဖွင့်ပေးခဲ့တဲ့ သကြံန်မဏ္ဍပ်ဖွင့်ပွဲမှာ တစ်ချိန်လုံး မဏ္ဍပ်ပေါ်က သူမပြန်မချင်း သူ့ကိုပဲ ကျွန်တော်ထိုင်ကြည့်နေမိတယ်။ အရမ်းလည်းကြိုက်ပြီး အရမ်းလည်း ခရေဇီဖြစ်ခဲ့တဲ့သူပါ။

**ကိုသားကြီးကားတွေကြည့်ခဲ့ရတဲ့အပေါ်ကိုရော ···**

ကိုသားကြီးက အရမ်းတော်တယ်။ ကျွန်တော်တို့ အခုလက်ရှိအနုပညာလောကမှာ လက်ညှိုးထိုးပြပါ ဆိုရင်တော့ ကိုရန်လေးပေါ့။ အရမ်းတော်ပြီး အကယ်ဒမီတွေအများကြီးရခဲ့တယ်။ သူ့လိုပဲ ကိုသားကြီးလည်း အရမ်းတော်တယ်။ စောစောစီးစီးထွက်ခွာသွားတဲ့ အတွက်အရမ်းလည်း နမြောဖို့ကောင်းတယ်။ အခုအချိန်မှာ သူသာသက်ရှိထင်ရှားရှိနေမယ်ဆိုရင် ကျွန်တော်လည်း အနုပညာလောကထဲရောက်နေတော့ သူ့ဆီကနေ ပညာတွေ အများကြီးရရမှာပေါ့။ အခုတော့ သူမရှိတော့တဲ့အတွက် ကျွန်တော်ပညာရမယ့်သူတစ်ယောက် လျော့သွားတယ်ပေါ့နော်။ ဒါပေမဲ့ သူ့ရဲ့လှုပ်ရှားခဲ့တဲ့ပုံရိပ်တွေပဲကြည့်ပြီးတော့ သူ့ဆီက ပညာတွေသင်နေတယ်။

**ဧွေးဝင်စားကလေးအပေါ် ဘယ်လိုမြင်သလဲ။**

ဒါကတော့ လူဝင်စားဆိုတာ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ အယူလေးတွေတော့ရှိပါတယ်။ ဖြစ်နိုင်တာရှိသလို မဖြစ်နိုင်တာလည်း ရှိတယ်ပေါ့။ တချို့ကျတော့လည်း အဆက်အစပ်လေးတွေရှိသလို တချို့ကလည်းမမှတ်မိတာရှိတယ်။ အခုလို ကိုသားကြီး ပြန်ဝင်စားတာတစ်မျိုးပေါ့နော်။ တကယ်မှန်ရင်တော့ ကောင်းပါတယ်။ ကျွန်တော်တို့က အနုပညာရှင်တွေဆိုတော့ သူများနဲ့မတူဘူး။ သူဘာဖြစ်လာမလဲ၊ ဘယ်လိုတွေဖြစ်ဦးမလဲ၊ ဒီကလေးကြီးလာရင်ရော ဘာတွေလုပ်ဖြစ်မှာလဲဆိုတဲ့ မျိုးစုံအတွေးတွေနဲ့ ကျွန်တော်တို့ အမြင်ကိုယ်စီပါ။ ဘာပဲဖြစ်ဖြစ် လူဝင်စားတဲ့အတွက် ကြားရတဲ့သတင်းဟာ မင်္ဂလာသတင်းပါ။ ဒါပေမယ့် ၅၀ ရာခိုင်နှုန်းပေါ့နော်။ ယုံရလည်းခက်သလို၊ မယုံရဖို့လည်း ခက်တယ်။ အရမ်းလည်း ဆန်းပါတယ်။ ကိုသားကြီးက သူဆုတောင်းအရ ဘာမှမဟုတ်တဲ့ နေရာလေးမှာ သူနေချင်တယ်ပြောတယ်။ ပြည်သူချစ်တဲ့ အနုပညာရှင်ပဲ။ ပြည်သူတွေရှေ့မှာ အနုပညာတွေလုပ်၊ ကွယ်ရာမှာလည်း သူ့အလှူအတန်းတွေလုပ်၊ ကောင်းကျိုးတွေ အများကြီးလုပ်ခဲ့မှာပဲလေ။ ဒါပေမဲ့ ဗုဒ္ဓဘာသာအယူအရကြည့်မယ်ဆိုရင် ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြန်လာမည်ဆိုတော့ နည်းနည်း လိုနေသေးသလိုပဲ။ ဒီလိုလူမျိုးတစ်ယောက်က ဒီလိုမျိုးနေရာမှာ ဝင်စားပုံကမသင့်တော်ဘူး။ အဲဒီသတင်းက မှန်ရင်တော့ အရမ်းဝမ်းသာတယ်။ အရမ်းလည်း ပျော်ပါတယ်။

**နှစ်ပတ်လည်းအထိမ်းအမှတ်ဆုတောင်း···**

ကိုသားကြီးသာ လူပြန်ဝင်စားပြီးတော့ ဒီကလေးသာ ကိုသားကြီးဝင်စားတာ မှန်တယ်ဆိုရင်တော့ ရှေ့လျှောက်ဘဝမှာ သူ့ရဲ့အနာဂတ်မှာ အကောင်းဆုံး ဖြစ်ပါစေ၊ ပျော်ရွှင်မှုတွေ စိတ်ချမ်းသာမှုတွေပြည့်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


# ကျွန်တော့်အပေါ်မှာ ကိုသားကြီးကျေးဇူးအများကြီးရှိပါတယ်

## ဒါရိုက်တာ ဝင်းထွန်းထွန်း



**ကိုသားကြီး(ခွေး) နဲ့ ပထမဆုံး စပြီးတွေ့ဆုံဖြစ်ပုံ**

ကိုသားကြီးနဲ့ ကျွန်တော်နဲ့ကျတော့ ကျွန်တော်ဒါရိုက်တာမလုပ်ခင်ကတည်းက ရင်းနှီးမှုရှိခဲ့တယ်။ ကျွန်တော်ဒါရိုက်တာလုပ်တော့မယ် ဆိုတဲ့အချိန်ကျတော့ ပထမဦးဆုံးစပြီး လျှောက်တဲ့ခြေလှမ်းက ကိုသားကြီးနဲ့ပါပဲ။ ကိုသားကြီးဆိုတာပြောမယ် အနုပညာသမားတစ်ယောက်အနေနဲ့ ပထမခြေလှမ်းက အရမ်းခက်ခဲတယ်။ အရေးကြီးဆုံးနဲ့ အခက်ဆုံးပဲ အဲ့ဒီလို တစ်လှမ်းလှမ်းပြီး ရင်ကျန်တဲ့ခြေလှမ်းဆိုတာဖြစ်လာတာပေါ့။ အဲ့ခြေလှမ်း လှမ်းတဲ့အချိန်မှာ ကျွန်တော့်အပေါ် မှာအရမ်းကောင်းခဲ့တယ်။ ကျွန်တော့်ရဲ့ ငွတ်တရွတ်လုပ်ချင်မှုတွေအပေါ်မှာ မညည်းမညူအလုပ်လုပ်ပေးခဲ့ကြတယ်။ သူလုပ်ပေးခဲ့လို့လည်း အဲ့ဒီကားလေး ပရိသတ်ကြားမှာ လူရာဝင်သွားသလို ကျွန်တော်လဲအနုပညာလောကမှာနေရာတစ်နေရာရလာတာပေါ့။ ကျွန်တော့်အပေါ်မှာ ကိုသားကြီးကျေးဇူးတွေအများကြီးရှိပါတယ်။

**ကိုသားကြီးနဲ့ပတ်သက်ပြီးမမေ့ နိုင်တဲ့အမှတ်တရ**

ကိုသားကြီးနောက်ဆုံးကျဆုံးသွားတယ့်နေ့ သူသင်္ဂြိုဟ်တဲ့နေ့ကအမှတ်တရပါပဲ။ မီးသင်္ဂြိုဟ်စက်ထဲမှာ ကျွန်တော်ရယ်၊ လူသုံးယောက်ပဲကျန်ခဲ့ပါတယ်။ သူ့နောက်ဆုံးအချိန်လေး အဲ့ဒီနားမှာပဲနေလိုက်တယ်။ စိတ်လည်းမထိန်းနိုင်ဘူး အရမ်းလည်းနမျောတယ်။ မနက်တော်တော်စောစောကြီးကို အသုဘချလိုက်ရတာကို ပရိသတ်လည်းအရမ်းများမှာစိုးလို့အဲ့ဒီနေ့က သင်္ဂြိုဟ်စက်ထဲမှာ ဘယ်သူမှမရှိဘူး။ ကျွန်တော်နောက်ဆုံး အချိန်အထိ သူ့ဘေးနားမှာနေခဲ့ပါတယ်။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့လူမျိုးလဲ။**

ကိုသားကြီးက အနုပညာအပေါ်မှာ အာရုံစိုက်မှုလည်းအရမ်းကောင်းလာတယ်။ ကြိုးတင်ပြင်ဆင်မှုလည်းအရမ်းကောင်းတယ်။ နောက်ပြီး စိတ်ပင်ပန်းလည်းအရမ်းခံနိုင်တယ် သူ့အနုပညာကို သူတာဝန်ယူတတ်တယ် လူတစ်ယောက်ပါ။ သူ့ပရိသတ်ကို သူတန်ဖိုးထားတယ်။ အရမ်းချစ်ဖို့ကောင်းတဲ့ အနုပညာရှင်တစ်ယောက်ပါ။ သူက အသစ်တွေကို အမြဲလက်ခံကြိုဆိုတတ်တယ်။ ပါတဲ့သရုပ်ဆောင်တွေအပေါ်မှာ နားလည်မှုရှိတယ်။ နောက်ကိုသားကြီးရဲ့ အရေးကြီးဆုံးအချက်က အောက်သက်အရမ်းကြေတယ်။ အနုပညာလောကမှ မသိတာမရှိသလောက်ကို ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ပါ။ အဲလိုပြည့်စုံတဲ့လူတစ်ယောက်ဆုံးရှုံးသွားခဲ့ရတာပါ။ အခုလိုပြောင်းလဲတဲ့ ခေတ်ကြီးမှာ သူရှိနေမယ်ဆိုလို့ရှိရင် တော်တော်လေးသစ်ဆန်းတဲ့ အနုပညာဖြစ်မယ်လို့ ယုံကြည်တယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးအပေါ် ဘယ်လိုမြင်လဲ။**

သေသေချာချာမသိသေးတော့လဲ . . . သူနဲ့ကျွန်တော်နှစ်ယောက်တည်းသိတဲ့စကားတွေရှိတယ် ဘယ်သူမှမသိနိုင်ပါဘူး။ သူလုပ်ခဲ့တာတွေ ရှေ့လျှောက်မယ့် အနေ

oasis ဘဝအမြင်သစ်များနှင့်ခေတ်သစ်စိတ်ကူးများ



www.burmeseclassic.com

www.burmeseclassic.com



အား နောက်ကျွန်တော်ရဲ့ ခေါင်းမာမှုတွေကို သူ့ရဲ့ မြင်တွေ့ဘာတွေတော့ ကိုဝင်းထွန်းထွန်းဘက်က လျော့ သေပါ ဒီစကားတွေကို သိနိုင်ရင်တော့လက်ခံဖြစ်မှာပါ။

**ကိုသားကြီးနှစ်ပတ်လည်အတွက် အမှတ်တရစကား**

အမှတ်တရစကားထက်စာရင် ဝမ်းနည်းစကားပြောရ တယ်။ ကျွန်တော်တို့လောကမှာ ဒီလိုလူမျိုးဆိုတော့ ဆယ်စုနှစ်တစ်စုမှာတစ်ယောက်တောင် မပေါ်နိုင်တဲ့ လူတစ်ယောက်ပါ။ အဲ့လို လူဆုံးရှုံးသွားတဲ့အတွက် စစ်မှန်တဲ့အနုပညာရှင်တစ်ယောက် ဆုံးရှုံးသွားသလို ခံစားရတယ်။ ဒါဘယ်လိုမှ အစားထိုးလို့မရပါဘူး။ နောက်တစ်ယောက်များဖြစ်လာမလားဆိုပြီး ကြည့်ကြည့်တယ်။ ကြည့်ကြည့်တာပဲ ရှိတယ်။ တကယ်တမ်းကျတော့အဲ့ဒီလိုမရတဲ့ဆုံးရှုံးမှုတစ်ခုအနေနဲ့ အရမ်းလည်း ဝမ်းနည်းတယ်။

# ဆင်ထားတဲ့ဇာတ်ကိုမရရအောင် ရိုက်တတ်တယ် ဒါရိုက်တာကျော်ဇောလင်း

**ကိုသားကြီးနဲ့ ပထမဦးဆုံးရိုက်ဖူးတဲ့ကားက**

ဘတီယမျက်နှာဆိုတဲ့ကားပါ။ ကိုသားကြီးနဲ့ အိန္ဒြာကျော်ဇင်နဲ့ ပထမဆုံးတွဲရိုက်တဲ့ကားလေးပေါ့။

**ကိုသားကြီးနဲ့ မမေ့နိုင်တဲ့ ထူးထူးခြားခြား အမှတ်တရ**

ဒီဆယ်ဆိုတဲ့ ဟာသကားလေးရိုက်တယ်။ ထက်ထက်မိုးဦးနဲ့ပါ… အဲဒီကားမှာ ပလော့တစ်ခုမှာ သူပြေးရင်းလွှားရင်းနဲ့ ဆိုင်ကယ်တစ်စီးက ရပ်ထားတာကို ခပ်တည်တည်နဲ့ ဆိုင်ကယ်ပေါ်တက်စီးပြီးတော့ ပြေးတာတဲ့ ဇာတ်ဝင်ခန်းမှာဆိုရင် ဆိုင်ကယ်မစီးတတ်တာ သတိရသွားပြီး ဆိုင်ကယ်ကို ထိန်းမရဖြစ်သွားပြီး ဓာတ်တိုင်နဲ့ ဆိုင်ကယ်နဲ့ ဝင်တိုက်မိတယ်။ အဲဒီအတွက် ရိုက်တာ၊ တကယ်အပြင်မှာ ကိုသားကြီးဆိုင်ကယ်ဆိုရင် ကလပ်ဘီးကြီးတွေဆိုရင် စီးတတ်တယ်။ သူ့ကို ကျွန်တော်တက်စီးခိုင်းတာက စူပါကတ်ပေါ့၊ အဲဒီအချိန်မှာ တကယ်ပဲ သူမထိန်းနိုင်တော့ သူမြောင်းထဲကို ပြုတ်ကျတာ၊ ဆိုင်ကယ်က ဘေးကခြေနင်းတွေနဲ့ ခံနေတော့ မြောင်းထဲကို ထိုးကျမသွားဘဲနဲ့ မြောင်းနှုတ်ခမ်းမှာ တင်ပြီးတော့ စီးလျှာကြီးဖြစ်နေတယ် . . . အဲဒါကို အတင်းပြေးဆွဲကြပေါ့၊ ပြီးတော့မှ ကိုသားကြီးက "ကျွန်တော်က ကလပ်ဘီးကိုပဲစီးတတ်တာဗျာ။ အော်တိုဘီးကိုမစီးတတ်ဘူးဗျာ" သူမစီးတတ်တာကို မစီးတတ်ဘူးမပြောဘူး။ ဒီပလော့ဆင်ထားတယ်ဆိုရင် ဖြစ်အောင်သူဝင်ရိုက်တယ်၊ နောက်မှဖြစ်သွားရင် ဖြစ်တဲ့ကိစ္စကို သူခံမယ် လုပ်ထားတဲ့ ပလော့တစ်ခုကို ရအောင်ရိုက်တယ်၊ အဲဒီတစ်ခုက ရယ်စရာကော အမှတ်တရကော ဖြစ်ခဲ့တယ်။

**ကိုသားကြီး ဘယ်လို စိတ်ဓာတ်မျိုးရှိတဲ့ လူထဲ…**

ခန္ဓာကိုယ်ဖွဲ့စည်းပုံကသာမာတယ်။ တင်းတယ်။ မာန်တစ်ခုရှိမယ်လို့ ထင်ရတာပေါ့။ တကယ်တမ်းကျတော့





www.burmeseclassic.com

www.burmeseclassic.com

အင်မတန်မှနူးညံ့ပြီးတော့ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာကော၊ အားလုံးအပေါ်မှာ ကိုယ်ချင်းစာစိတ်နဲ့ သည်းခံစိတ်၊ အားနာတဲ့စိတ်၊ အဲဒီစိတ်တွေနဲ့ပဲ ပြည့်နှက်နေတာပေါ့၊ လူကောင်းတစ်ယောက်လို့ ပြောရမယ်။

**ကိုသားကြီး ဝင်စားတယ်ဆိုတဲ့အပေါ် ဘယ်လိုခံစားရလဲ** ...

အဲဒါကကျွန်တော်တို့အတတ် ပြောလို့မရတဲ့ကိစ္စတွေလေ တကယ်ဝင်စားသည်ဖြစ်စေ၊ မဝင်စားသည်ဖြစ်စေ၊ ကျွန်တော်အနေနဲ့ မြန်မာလူမျိုး ဗုဒ္ဓဘာသာကနေ တိတိကျကျ တစ်ခွန်းပဲပြောနိုင်တာက ဘယ်သူကိုမှ ဒီသံသရာထဲကိုလည်လာတဲ့ ဝင်စားမှုမျိုးမဖြစ်စေချင်ပါဘူး။

**ကိုသားကြီးအတွက် အမှတ်တရစကားက** ...

ဒုက္ခအပေါင်းကနေ ခန္ဓာကိုယ်ကော စိတ်ဉာဏ်ကော လွတ်မြောက်တာငါးနှစ်ရှိပါပြီ၊ နောက်ထပ်နှစ်ပေါင်းများစွာမှာလည်း တကယ်ကို လွတ်မြောက်မယ့်၊ သူလိုချင်တဲ့ ငြိမ်းချမ်းတဲ့နေရာတစ်ခုမှာ ရှိနေပါစေလို့ ...

# သူ့နောက်ဆုံးကားမှာပဲ ဆုံခဲ့တာပါ ယွန်းရွှေရည်



**ကိုသားကြီးနဲ့ မှတ်မှတ်ရရ ဆုံခဲ့တယ်ဆို။**

ဟုတ်တယ် ... ကိုသားကြီးနောက်ဆုံးရိုက်ခဲ့တဲ့ "အိပ်မက်ကလေးလုပါတယ်" ဆိုတဲ့ ကားမှာကျမ သူနဲ့ ပထမဆုံးနဲ့ နောက်ဆုံးဆုံခဲ့တာပဲ ...

**ဒါရိုက်တာ ချိုတူးဇော်ရိုက်ခဲ့တာနော်** ...

ဟုတ်တယ် ... ဒီကားရိုက်နေတုန်း ဆုံသွားတာလေ ... သူနဲ့ နှစ်ရက်ပဲ ဆုံလိုက်ရတယ် ... သူနဲ့ အဆုံခန်းက သိပ်မပါဘူး ...

**အခုကြားရတဲ့ ဝင်စားတယ်ဆိုတဲ့ သတင်း အပေါ်ရော** ...

အံ့ဩစရာတော့ကောင်းတာပေါ့ ... ထူးဆန်းတယ်လေ ...

# ထူးထူးခြားခြား လူပြောများနေတော့ ဖြစ်နိုင်တာပေါ့ နေဆန်း

**ကိုသားကြီးနဲ့ ပထမဦးဆုံး ရိုက်ခဲ့တဲ့ ဇာတ်ကားလေးမှတ်မိသေးရင် ပြောပြပေးပါလားခင်ဗျာ။**

သိပ်တော့မမှတ်မိတော့ဘူး။ နောက်ဆုံးကားကို မှတ်မိတယ်။ ဝိဉာဉ်လိပ်ပြာ အဲ့ဒီကားထဲမှာကိုသားကြီးရယ်၊ ကိုမင်းအုပ်စိုး၊ ကိုမင်းဟိန်း၊ အစ်ကိုတို့ရယ်။

**ကိုသားကြီးနဲ့ကိုနေဆန်း ထူးထူးခြားခြား အမှတ်တရ**


www.burmeseclassic.com

www.burmeseclassic.com





**...ရှိရင် ပြောပြပေးပါဦး။**

...ထူးခြားခြားပြောရရင် အဲ့ဒီ ဝိဥာဉ်လိပ်ပြာ ဇာတ်ကား ... မင်းသားလေးယောက်ပါတယ်။ ကိုသားကြီးရဲ့ အခန်း ...ည်းပါတယ်။ အစ်ကိုနဲ့ ကိုမင်းအုပ်စိုးနဲ့က ပိုပြီးတော့ ...များတယ်။ ကိုသားကြီးရဲ့ စိတ်က သူနဲ့လိုက်တဲ့ အခန်းကိုပဲ သူရိုက်တယ်။ အခန်းများတာကိုလည်း သူ မယူဘူး။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့အနုပညာ ရှင်မျိုးလဲ။**

ကိုသားကြီးက တကယ့်ကို အမှန်တကယ်အနုပညာကို ရူးသွပ်တယ်။ တကယ့်ကို နှစ်နှစ်ကာကာ စိတ်နှစ်ပြီး လုပ်တဲ့အနုပညာရှင်တစ်ယောက်ပါ။ ကိုသားကြီးလို အနုပညာရှင်မျိုး သိပ်မရှိပါဘူး။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ကလေးအပေါ် ဘယ်လို မြင်ထဲ။**

ဖြစ်တော့ဖြစ်နိုင်ပါတယ်။ လူဝင်စားဆိုတာရှိတယ်လေ။ ဒီလောက် ထူးထူးခြားခြားကြီးလူပြောများနေတယ်ဆို တာဖြစ်လဲဖြစ်နိုင်စရာရှိပါတယ်။ ဒီလောက်ခေါ်တဲ့နေရာ သူက သူ့ရဲ့ပရိသတ်တွေကို မလှည့်စားနိုင်လောက်ပါဘူး ထင်ပါတယ်။

**ကိုသားကြီးနှစ်ပတ်လည်အတွက် အမှတ်တရစကား။**

ကိုသားကြီးနဲ့ ပတ်သက်ပြီး မြန်မာပြည်မှာတော့ ပြန်ပြီး အစားထိုးလို့ မရတဲ့အနုပညာရှင်တစ်ယောက်ပါ တစ်ကယ်ကို အနုပညာကိုနှစ်နှစ် မွန်းမွန်းလုပ်တတ်ပြီး အတုယူစရာလဲကောင်းပါတယ်။ အားကျဖို့ကောင်းပါတယ်။

# ဒီလိုအတိအလင်းပြောနိုင်တဲ့လူဝင်စားကို အမှန်တရားလို့ပဲ ထင်ပါတယ် ဇေလ၀

**...ကြီးနဲ့ပထမဆုံးစရိုက်ဖြစ်တဲ့ ကားက**

"မကာရရင်မနေနိုင်ပေါင်" ဆိုတဲ့ ကားမှာစရိုက်တယ်။

**...ကြီးနဲ့ ထူးထူးခြားခြား အမှတ်တရက**

ထူးထူးခြားခြားအမှတ်တရက ကားတစ်ကားမှာ ...(ကိုသားကြီး) နဲ့ဖိုက်တင်ချရတာ။ ပြီးတော့ ကိုယ် ...သက်တွေကိုက်တော့ လက်ခေတင်လေးတစ်ခု လာ ... ကိုဇေကြီး ပင်ပန်းသွားလားလို့မေးတယ်။ ကိုယ် ... သန့်တဲ့လူသူက(ကိုသားကြီး) သန့်တဲ့လူ ကိုယ်ချင်း ...တ်ငဲ့ညာတဲ့စိတ်ရှိတဲ့သူပါ။ အဲဒါလေးက အမှတ် ...ပါ။

**...ကြီးက ဘယ်လို စိတ်ဓာတ်မျိုးရှိတဲ့လူလဲ**





www.burmeseclassic.com

www.burmeseclassic.com

ဒီခေတ်စကားနဲ့ ပြောရင်ပဲမရှိတဲ့ မင်းသားပေါ့၊ လောကသားပေါ်မှာ ငဲ့ညာတတ်တဲ့၊ စာနာထောက်ထားတတ်တဲ့ မင်းသားတစ်လက်ပါ။

**ကိုသားကြီး ဝင်စားဆိုတဲ့ အပေါ် မှာကော ဘယ်လိုခံစားမိလဲ**

အိုအေစစ်ဖတ်ရပါတယ်။ ကလေးပြောတာတွေက အရမ်းမှန်တယ်။ လူဝင်စားတစ်ယောက်က လိုက်မပြောနိုင်ဘူး။ ဒီလိုအတိအလင်း ပြောနိုင်တယ်ဆိုတာ အမှန်တရားဖြစ်လို့ပါ။ အဲဒီလိုပဲ ယူဆပါတယ်။

**ကိုသားကြီးအတွက် အမှတ်တရစကားလေး ပြောပေးပါဦး။**

လူဝင်စားသွားတယ်ဆိုတော့ လူ ဝင်စားကလေးပေါ့ ဘာပဲပြောပြော သူရှင်သန်ခဲ့တဲ့၊ ဖြတ်သန်းလာခဲ့တဲ့ အနုပညာလောကထဲကို ပြန်လည် ရောက်ပါစေလို့။

# ကာယကံရှင်တွေပဲသိမှာပါ သဇင်



**ကိုသားကြီးနဲ့ ပထမဆုံးစရိုက်ဖြစ်ခဲ့တဲ့ ဇာတ်ကားက။**

"စကားများများမပြောရ""အရိပ်မဲ့နွေ" အဲ့ဒီဇာတ်ကားတွေမှာ စရိုက်ဖြစ်ခဲ့တာပါ။

**ကိုသားကြီးနဲ့ ထူးထူးခြားခြား အမှတ်တရ။**

အဲ့ဒီဇာတ်ကားတွေက ပထမဦးဆုံး သဇင်အတွက် တကယ့်ကိုထူးခြားတဲ့ အချိန်လို့ပြောလို့ရတယ်။ ဘာဖြစ် လို့လဲဆိုတော့သဇင်ဘာမှ မလုပ်တတ်သေးတဲ့အချိန် တကယ် ဘာမှကိုမသိသေးတဲ့အချိန်ပေါ့တယ်၊ ဘာညာက အစ အရမ်းခက်ခဲတဲ့ အချိန်မှာ ကိုသားကြီးကတကယ့် ကိုသင်ပေးတာ။ အဲ့ဒီအတွက်လည်း အဆင်ပြေပြေလေး နဲ့ရှုပ်ရှင်တစ်ကား ပြီးမြောက်သွားတယ်။အဲ့ဒီဟာလေးက အမှတ်တရလေးပါ။

**ကိုသားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့လူစားမျိုးလဲ**

သူက စိတ်ကောင်းအရမ်းရှိတယ်။ အေးဆေးတယ် နေတာထိုင်တာ အရမ်းတည်ငြိမ်တယ်။ သူက လုပ် ရာရှိတဲ့အလုပ်ကို တိတိကျကျလုပ်တယ်။အနုပညာ ပေါ်ကိုတကယ်ရှူးသွပ်တဲ့လူတစ်ယောက်ပါ။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးအပေါ်ဘယ် လိုမြင်လဲ။**

သဇင်ကတော့အခြားဘာမှ မပြောချင်ပါဘူး။ အစ်ကိုဆုံး သွားတယ်ဆိုကတည်းက ကောင်းကောင်းနေရာတစ်ခုတော့ ရောက်စေချင်တဲ့ဆန္ဒတစ်ခုတော့ရှိတယ်။ ဒါကတော့ ဟုတ် တယ် မဟုတ်ဘူးဆိုတာ ကာယကံရှင်တွေပဲသိမှာပေါ့

**ကိုသားကြီးနှစ်ပတ်လည်အတွက် အမှတ်တရစကား**

ကိုသားကြီးက လူသာသေသွားတာပါ။ သူ့ရဲ့နာမည် ဘယ်တော့မှမသေပါဘူး။ ပြီးတော့ အမြဲတမ်းပဲသ နေမှာပါ။ဘာဖြစ်လို့လဲဆိုတော့ သဇင်တို့အတွက် ဆ သမားကောင်းဖြစ်တဲ့အတွက်ကြောင့် သဇင်တို့ ဒီ ဒီအချိန်အထိလည်းမမေ့ပါဘူး။


www.burmeseclassic.com

# အရမ်းကြီးတော့ မရင်းနှီးလိုက်ဘူး စန္ဒီမြင့်လွင်

**နဲ့ ကိုသားကြီးတို့ တွဲဖက်လုပ်ဆောင်ခဲ့တဲ့ အနုပညာ ချက်များမှက…**

ကားပဲရိုက်ဖြစ်ခဲ့တာ။ တစ်ကားက မင်းသမီးအငယ် တွေအများကြီးနဲ့ "အထိန်းတော်"ဆိုတဲ့ကား။ ဦး ကြီးက ဒီဒီးတို့ကို လိုက်ထိန်းရတာပေါ့။ ငွေဆောင် ရိုက်ခဲ့တာပါ။ နောက်တစ်ကားလည်း ငွေဆောင်မှာပဲ။ ကားပေါင်း တစ်လတောင်ကြာခဲ့တာ။ နောက်တစ် က မဒါ (စိုးမြတ်နန္ဒာ)နဲ့ "ပင်လယ်…"ဆိုလားပဲ။ ပျော်စရာကောင်းခဲ့တာ။

**သိပ်မဆုံလိုက်ပေမယ့် အစ်မတွေ(စိုးမြတ်သူဇာ၊ စိုးမြတ် များ)နဲ့က အတွဲများတော့ အမှတ်တရများရှိခဲ့ရင် ည်း ပြောပြပါဦး။**

တွေက သိပ်မရိုက်ဖူးပေမယ့် ဦးသားကြီးနဲ့က သိနေ ယ်လေ။ အစ်မတွေနဲ့ပတ်သက်ပြီးတော့ ဆုံဖူးတာ နော်။ အစ်မတွေရှုတင်ကို လိုက်သွားတာတို့၊ ဘာတို့ မျိုးပေါ့။ ဒါပေမဲ့ ဒီဒီးက လူကြီးတွေဆိုကြောက် တော့ သိပ်စကားမပြောဖြစ်ဘူး။ ကြောက်တာရော၊



အားနာတာရောပေါင်းပြီး သိပ်စကားမပြောဖြစ်တော့ အရမ်း ကြီးမရင်းနှီးလိုက်ဘူး။

**ကိုသားကြီးရဲ့ ဝင်စားတယ်ဆိုတဲ့ ကလေးနဲ့ပတ်သက်ပြီး**

မပြောတတ်ဘူး။ မဝေဖန်တတ်ဘူး။

**နှစ်ပတ်လည်အမှတ်တရ…**

ဒီလိုမျိုးကအရမ်းရှားတယ်။ ဒါကြောင့် အရမ်းနမြောမိတယ်။

# ကိုသားကြီးပေးတဲ့မုန့်ဖိုးတန်းစီပြီးယူဖူးတယ် အေးအေးခိုင်

**ကိုသားကြီးနဲ့ ရိုက်ခဲ့တဲ့ ကားလေးတွေပြောပါဦး။**

ကျတော့ အစ်မမမှတ်မိဘူးကွယ်။ ကိုသားကြီးနဲ့ တော်တော်များများ ရိုက်ခဲ့ရတာပါ။ မအေးခိုင်တို့က စမ်းချောင်းသူ စမ်းချောင်းသားအချင်းချင်းလေ။ သူတို့က ဘက်က မအေးခိုင်တို့က စမ်းချောင်း ဒီဘက်က နော်။ ကိုသားကြီးကို ထင်လင်းဘဝထဲက ခင်ခဲ့တာပါ။ ပြီးတော့ ကိုသားကြီး မိန်းမ မမိုးနဲ့က ကျောင်းနေ သူငယ်ချင်းလေ။ အဲ့ဒီအချိန်မှာ ကိုသားကြီးက င်လင်းဘဝနဲ့ "ကွက်လပ်ကလေးဖြည့်ပေးပါ"ဆိုတဲ့ ကားလေးကို စရိုက်ပြီးတဲ့ အချိန်မှာ မအေးခိုင်တို့ ကျူ ဘက် ကျူရှင်ဆင်းမှာ သူ့ကိုအမြဲတွေ့ရတယ်။ နောက် ကျောင်းရှေ့မှာ မမိုးကို လာကြိုတာတို့ အပေါ်ကကြည့်ရင် မြင်နေရတာတို့ အဲဒီလိုမျိုးလေး အမှတ်တရ အမြဲရှိ တာပေါ့နော်။

**ရိုက်ကွင်းအမှတ်တရများရှိရင် …**

ရိုက်ကွင်းမှာ အမှတ်တရကတော့လေ ဘယ်တုန်းကမှ မမေ့နိုင်တာက ကိုသားကြီးကို ဒါရိုက်တာကိုပြည့်ဝနဲ့ ရိုက်တဲ့အချိန်ပေါ့နော် အဲဒီအိမ်က မဆုံတာ ကြာပြီပေါ့ သုဝဏ္ဏထဲမှာ ရိုက်တာ မှတ်မှတ်ရရ ကိုသားကြီးက စက်အဖွဲ့တွေ အကုန်လုံးကို မုန့်ဖိုးပေးတာလေ။ မင်းသား မင်းသမီးတွေအားလုံးထုံးစံက ကားရိုက်ပြီးရင် မုန့်ဖိုးပေး တာ ထုံးစံပါပဲ။ ဒါပေမယ့် အဲဒီနေ့က မှတ်မှတ်ရရကိုသား ကြီးက အားလုံးတန်းစီဆိုတော့ မအေးခိုင်တို့ကလည်း သွားတန်းစီတာပေါ့။ သွားတန်းစီရော တစ်ယောက် မုန့်ဖိုး ၃၀၀၀ ပေးတာပေါ့နော်။ တို့လည်းရခဲ့တာပေါ့နော်။ ဘာပဲပြောပြော ၃၀၀၀ ဆိုတာ ဘာမှမဟုတ်ဘူး ကိုသား


www.burmeseclassic.com

www.burmeseclassic.com



ကြီးပေးတာလေးကို အမှတ်တရလေးအဖြစ် သိမ်းထား ချင်လို့ အပျော်လုပ်လိုက်တာပါ။ အဲဒါလေးကို အဲဒီတုန်းက ပြောမိတာ ဟယ်"ကိုသားကြီးအမှတ်တရပဲ" ဆိုပြီး ပိုက်ဆံကိုကိုင်ပြီး သူ့ကိုစခဲ့တာ။ အဲ့ဒါကြာလာပြီ၊ အဲ့ဒါလေးက ဘဝမှာ အမြဲအမှတ်တရဖြစ်နေတာ။

**ကိုသားကြီးက ဘယ်လိုလူမျိုးလဲ။**

ကိုသားကြီးက အရမ်းအေးတယ်။ ကျွန်မတို့နဲ့ အရင်ကတည်းကခင်တယ်။ ဒါပေမယ့် တွေ့ရင် သူကလည်း ခင်ပါတယ်။အဲဒီလိုမျိုး ဟက်ဟက်ပက်ပက် သူမရှိတတ်ဘူး။ သူ့စရိုက်ပေါ့နော်။ ကိုသားကြီးရေ နေကောင်းလား ဆိုရင် အေးနေကောင်းတယ်။ အဲဒီလောက်ပဲ။ ဒါက သူ့ရဲ့ ပုံမှန်စတိုင်ပဲ အဲဒါ သူသေတဲ့အထိပဲ။

**ကိုသားကြီးအတွက် အမှတ်တရ စကားလေး ...**

ကိုသားကြီးကို ဘယ်လိုမှ မေ့လို့မရဘူး။ သူ့လိုလူမျိုးက တကယ်ဆိုရင် ရှားလဲရှားတယ်။ လူတိုင်းကတစ်ယောက်နဲ့တစ်ယောက် တစ်မျိုးစီတော့ကြပေမဲ့ ကိုသားကြီးက "ဘယ်တော့မှ မမေ့ဘူး"ဆိုတဲ့ သူ့သီချင်းလေးအတိုင်းပါပဲ။

**ကိုသားကြီးဝင်စားတဲ့ ကလေးသသတင်း ကြားမိမှာပေါ့နော်။ အဲဒီအပေါ်မှာ မအေးနိုင်အမြင်က**

အေး ...ကြားတယ်ကြားတယ်။ အဲ့ဒါကျတော့ ပထမတုန်းက မဟုတ်ဘူးလို့ထင်တာ။ ဖြစ်လည်းဖြစ်နိုင်တာ ပေါ့နော်။ မအေးနိုင်က ဘယ်လို သိတာလဲ ဆိုတော့ ဒီရုပ်ရှင်လောကက သိတာမဟုတ်ဘူး။ မအေးနိုင် ဗျာစီးသွားတဲ့ ကားသမားကပြောပြတာ။ မအေးနိုင်တို့လောကမှာ ကိုသားကြီး လူဝင်စား ရှိတယ်ဆို။ ရှင်ကလည်း ပေါက်ကရတွေပြောလိုက်ပြီပြောတော့ သူက မဟုတ်ဘူး ဂျာနယ်တွေထဲမှာ ပုံနဲ့ကို ပါတာတဲ့။ အဲ့ဒါနဲ့ စိတ်ဝင်စားသွားတယ်။ သူက ပြောတယ် လာမေးတဲ့ သူတွေကို အရမ်းစကားပြောမရှိဘူးတဲ့ ရုပ်ရှင်ဆိုတာ မသိပဲနဲ့ ကိုသားကြီးအကြောင်းပြောတယ်။ သူ့အိမ်မှာဆိုရင် အမေတို့ဒီလိုမနေရဘူးတဲ့ လာမေးတဲ့ဂျာနယ် လစ်တွေကိုလဲ သားညီမပါရင် မပြောဘူးတဲ့၊ ဦးထုပ်အဖြူလေး တို့ပြောတော့ တော်တော် စိတ်ဝင်စားသွားတာ။ ဖြစ်နိုင်တာပေါ့။ အဲဒါမျိုးတွေဆိုတာ ဖြစ်တတ်တယ်။ ဒါပေမယ့် မအေးနိုင်က စိတ်တော့မကောင်းဘူး။ လူဆိုတာ ဘယ်လိုပြောရမလဲ စကားလှအောင်ပြောရရင် ဝဋ်ကြွေးကြောင့်များ ဒီလိုဘဝထဲမှာ လူဝင်စားဖြစ်ခဲ့တာလား။ မအေးနိုင်တို့ကတော့ စိတ်မကောင်းဘူး။ အဲဒီသတင်းကို ကြည့်ပြီး ကိုယ်တောင် တော်တော်ကြောက်သွားတယ်။ ဘဝမှာ ဘာဖြစ်မလဲဆိုတာ ပြောလို့မရဘူးလေ။ လူဆိုတာ ဘယ်လောက်ပဲ ကောင်းအောင် လုပ်ပါစေ။ ဝဋ်ကြွေးရှိရင် ခံရမယ်ဆိုတာပေါ့နော်။ ဆင်းရဲတာလေးကို တစ်လခံရမယ်ဆိုရင် တစ်လခံရတာပဲလို့ မြင်ပြီး စိတ်မကောင်းဖြစ်မိတယ်။ ဒီထက်မက ဝမ်းထဲမှာ လူဝင်စားလုပ်လို့ရတာပဲလေ။ ဒါကလည်း တရားသဘောနဲ့ ကြည့်ရင် ဖြစ်တတ်ကြတာပဲလေ။ ကိုယ်တွေတောင် တစ်နေ့နေ့ လူပြန်ဖြစ်မလား။ တိရစ္ဆာန်ဖြစ်မလားပြောလို့မရဘူးလေ။

**နှစ်ပတ်လည်ဆုတောင်းလေးက ...**

ကိုသားကြီးကောင်းရာမွန်ရာ ရောက်ပြီးတော့ ကောင်းမွန်မွန်နဲ့ လူပြန်ဝင်စားဖြစ်တယ်လို့ မြင်ပါတယ်။ ကောင်းကောင်းမွန်မွန်နဲ့ နေရပါစေလို့ ဆုတောင်းပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဆုံးခါနီး ပိုက်ဆံလေးတောင်းသွားပေးရာတဲ့သူပါ မျိုးမျိုးခိုင်



**နောက်ဆုံး ကိုသားကြီးနဲ့ ပတ်သက်ခဲ့တဲ့အမှတ်တရက**

အမှတ်တရတွေကတော့ အများကြီးပဲ ...နောက်ဆုံး [illegible]ခဲ့တဲ့ကားအကြောင်း ပြောမယ်။ ကိုသားကြီးနဲ့ အပြင် [illegible]ကြီးနဲ့လည်း အမှတ်တရဖြစ်ခဲ့လို့. ကိုသားကြီးနဲ့ [illegible]နေတဲ့ အဲဒီရိုက်ကွင်းကို ဦးနန္ဒက နေ့တိုင်းလာတယ်၊ [illegible]ယ်တွေနဲ့ ဒီနေ့မှဆုံ၊ နောက်နေ့လာပြန်ရော။ ကျွန်မ [illegible]ကိုလာလာစောင့်နေတာ။ ရှူတင်ကို နောက်ကျလာ [illegible]လာဆိုပြီး ဖုန်းနဲ့လည်း လှမ်းဆူသေးတယ်။ နောက် [illegible]ပတ်လောက်လည်းကြာရော ဦးနန္ဒကြီး ဆုံးသွားရော၊ [illegible]တွေ့လိုက်ရဘူး။ ဒါရိုက်တာ သျှိုညို(ထွန်းသိမ်းနဲ့ [illegible]တွန်းက ကိုသားကြီး မနန္ဒာလှိုင်နဲ့ ဇာတ်ပို့ ဇာတ်ရန် [illegible] အများကြီးရိုက်ခဲ့တာ၊ အဲဒီကားက ကိုသားကြီးနဲ့ နောက်ဆုံးရိုက်ခဲ့တာပဲ။

**[illegible]ခိုင်နဲ့ကတော့ အတွဲများခဲ့တယ်နော်...**

[illegible]တယ်။ ကိုသားကြီးက ကျေးဇူးရှိတယ်။ ကျွန်မ [illegible]ကျ်ား (ကင်မရာမန်း တင့်ဆန်း)နဲ့ ကိုသားကြီးတို့ [illegible]လွင်မှာ ကားသွားရိုက်ကြတယ်။ ပြန်လာတော့ အကြောင်းအမျိုးမျိုးကြောင့် ကျွန်မယောက်ျားက ကင်မရာမန်းဖိုး မရခဲ့ဘူး။ ဒါရိုက်တာက အကုန်ထုတ်သွားပြီတဲ့။ ပရိုဂျူဆာ (လပ်ကီးဆဲဗင်း)ကလည်း ဒါရိုက်တာက အကုန်ထုတ်သွားပြီဆိုတော့ ဘယ်ထပ်ပေးတော့မလဲ။ အဲဒါနဲ့ပဲ တစ်နေ့ ကင်မရာအသစ်တစ်လုံး ရောင်းဖို့ရှိတာနဲ့ ကျွန်မ ယောက်ျားက ကိုသားကြီးကို သွားပြတယ်။ သူနောက်ဆုံးရိုက်ခဲ့တဲ့ ကိုချိုတူးဇော်ရဲ့ရိုက်ကွင်းမှာ သွားပြရင်း အဲဒီကားတုန်းက ပိုက်ဆံမရတဲ့အကြောင်း ပြောမိသွားတယ်။ ဒါနဲ့ ကိုသားကြီးက အခုလာပြတဲ့ ကင်မရာကို စမ်းရိုက်ကြည့်ဖို့၊ စမ်းပြီးရင် စမ်းထားတဲ့ အရုပ်တွေလာပြဖို့ ကောင်းရင်ဝယ်မယ်တဲ့။ ကျွန်တော်ဝယ်ရင်ကိုတင့်ဆန်းပဲ ရိုက်ရမှာနော်တဲ့၊ ကင်မရာမန်းဖိုးကိုလည်း ချက်ချင်းကိုအုန်းဝင်း (လပ်ကီးဆဲဗင်း)ဆီ ဖုန်းဆက်ပေးတယ်။ မနက်ဖြန်သွားထုတ်တဲ့၊ ပြောထားပြီးပြီတဲ့။ နောက်နေ့ ကိုအုန်းဝင်းဆီသွား ထုတ်တော့ ထုတ်ပေးတယ်။ ကျွန်မမှာ ဆုံးပြီလို့တွက်ထားတာ။ ကျေးဇူးတင်လိုက်တာလေ။ နောက်နေ့ ကင်မရာ စမ်းခိုင်းထားတဲ့ ပုံတွေကို သူနိုက်ဆင်းန်ရိုက်နေတဲ့ ကီလီ ၆ မှာသွားပြဖို့ ကျွန်မယောက်ျား ရေမိုးချိုးပြင်ဆင်နေတုန်းမှာပဲ ဖုန်းဝင်လာတာ။ ကိုသားကြီးဆုံးသွားပြီတဲ့။ ဗြော်...ဆုံးခါနီးလေးတောင် ကျွန်မတို့ပိုက်ဆံလေး တောင်းသွားပေးရာသေးတယ်။

**အခု ကိုသားကြီး ဝင်စားတယ်ဆိုတဲ့ ကလေးအကြောင်း ကြားမှာပေါ့ ဘယ်လို သဘောရလဲ ...**

ဒါကတော့ ကျွန်မတို့ဘာသာတရားအရ ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ဒီအကြောင်းဖတ်လိုက်ရတဲ့ အချိန်မှာ အရမ်းဆင်းရဲတဲ့ နေရာဆိုတော့ စိတ်မကောင်းဘူး။ ပြန်လာမယ်ဆို အနုပညာနယ်ထဲကသူတစ်ယောက်ယောက်ထဲမှာ ဝင်စားစေချင်တာ။

**ကိုသားကြီးနဲ့ စဆုံခဲ့ပုံ ...**

သူ့လို လူမျိုးကရှားပါတယ်။ အကြည့်လေးတစ်ချက်နဲ့တင် လူတွေအားလုံး ကြွေခဲ့ရတာပဲ။ သူ့နဲ့က ရွေးဘဝမှ မဟုတ်ပါဘူး။ ထင်လင်းဘဝမှာကတည်းက ဆုံခဲ့တာ။ ကျွန်မတောင် အိမ်ထောင်မကျသေးဘူး။ ဒါရိုက်တာ မြင့်စိုး၀/သ ရိုက်တဲ့ အပြုရောင်အလင်းတန်းတို့တဲ့ကား

ဂျာနယ်ပါဆောင်းပါးများအမှတ်တရစုစည်းမှု
www.burmeseclassic.com

www.burmeseclassic.com

ကို ကျောက်ပန်းတောင်းမှာ သွားရိုက်ကြတာ။ ကိုလွင်မိုးက ခေါင်းဆောင်မင်းသား၊ ကိုသားကြီးက ဒုတိယ မင်းသား၊ မင်းသမီးက ခင်ပပလှိုင်၊ အဲဒီမှာစဆုံခဲ့တာ။ ဟဲ့-ကျော်ဟိန်းရဲ့တူလို့ပြောတယ်။ မျက်လုံးလေးက လှလိုက်တာဆိုပြီး အဲဒီကတည်းက ကိုယ်တွေက ကြိုက်ခဲ့တာ။ အဲဒီကားရိုက်ပြီးတော့ နောက်ကားရိုက်ဖို့ရှိတဲ့အတွက် ရရာကားနဲ့ ကျွန်မတို့သားအမိ ရန်ကုန်ပြန်မယ်ဆိုတော့ ရိုက်ပြီးသွားတဲ့ ကိုသားကြီးတို့ လင်မယားလည်း အတူတူ ပြန်လာကြတာ။ ဘာကားနဲ့ ပြန်လာကြလဲဆိုတော့ အသီးအနှံတွေ တင်တဲ့ကားကြီးနဲ့ ပြန်လာကြရတာ။ ခြေထောက်ကလေးတွေတုတ်ပြီး တောင်းတွေကြားမှာထိုင်ပြီးပြန်လာရတာ။ မမိုး(မိုးမိုး)နဲ့တွေ့တိုင်း "ကျောက်ပန်းတောင်းက ပြန်လာတာမှတ်မိလား"ဆိုပြီး အမြဲပြောတာ။ နောက်တစ်ခုက ဦးမလိခစိုးထိုက်အောင် ရိုက်တဲ့ကားမှာ ထပ်ဆုံတယ်။ အန်တီဒေါ်ရီခင် (မလိခစိုးထိုက်အောင်မိခင်)က ကျွန်မတို့ကို မင်းသားရက်မရလို့ စိတ်ညစ်လိုက်တာဆိုပြီးပြောတယ်။ အဲဒါနဲ့ ကျွန်မကလည်း "မာမီ · အရမ်းချောတဲ့ မင်းသားတစ်ယောက်ရှိတယ်၊ ဦးကျော်ဟိန်းတူတဲ့သူနဲ့ ရိုက်ပါလား။ မာမီ···ကျိန်းသေနာမည်ကြီးမှာ"ဆိုတော့ မာမီက "သား သားရေး ဒီမှာ မှိုးမှိုးခိုင်ပြောနေတယ် အရမ်းချော၊ အရမ်းတော်တဲ့ မင်းသားတွေ့ထားတယ်၊ ကျော်ဟိန်းတူ ထင်လင်းတဲ့"ဆိုပြီး အဲဒီကားရိုက်ဖြစ်ခဲ့တယ်။ အဲဒီကားမှာ ကိုသားကြီးက ဆံပင်တိုနဲ့ လူဆိုးလုပ်ရတာ၊ အဲဒီကားရိုက်ပြီး သိပ်မကြာခင်မှာပဲ ဒွေးဆိုတာ လျှမ်းလျှမ်းတောက်ဖြစ်လာတော့တာပဲ။

**ပြောချင်တာများရှိရင် ···**

စကားအရမ်းနည်းတဲ့အစ်ကိုပါ။ ကျွန်မတို့စကားများရင် ရယ်ပြီး ကြည့်နေတတ်တယ်။ ဆုံးခါနီးတောင် ကျေးဇူးရှိသွားတဲ့သူပါ။ ကျွန်မတို့လောကမှာ ဒုတိယဒွေး ဆိုတာ ဘယ်တော့မှ ရှိလာတော့မှာမဟုတ်ပါဘူး။

# သူလိုနောက်တစ်ယောက်ထွက်မလာသေးတဲ့အတွက် သူ့ကို ပြန်တမ်းတမိတယ် ဇင်မျိုး



**ကိုသားကြီးနဲ့ပထမဆုံးစတွေ့ဖြစ်တဲ့ ဇာတ်ကားက**

ရင်ထဲမှာဘာညာဘာညာဆိုတဲ့ ကားလေးမှာပါ။ ဒါရိုက်တာက နောင်ထွန်းလွင်၊ ညီညီထွန်းလွင်။

**ကိုသားကြီးနဲ့ ထူးထူးခြားခြားအမှတ်တရ**

ထူးထူးခြားခြားတော့မရှိခဲ့ပါဘူး။ မှားတဲ့အရာလေးတွေ၊ အိုက်တင်လေးတွေ လေသံလေးတွေ သင်ပေးတယ်။ ကြံ့ရင်ကြံ့သလိုပေါ့။ ကျွန်တော်တို့မှားတာအစ မစောင့်နိုင်တာတို့၊ စိတ်မရှည်တာတို့ အဲဒီလိုလဲမရှိပါဘူး။ စောင့်ပေးတယ်၊ ရိုက်ပေးတယ်၊ မင်းသားဖြစ်ပြီးတော့ ဘာမှလည်းမပြောဘူး။ အစ်ကိုက အေးအေးဆေးဆေးနေတတ်တဲ့မင်းသားကြီးပေါ့။

**သူက ဘယ်လိုစိတ်ဓာတ်မျိုးရှိလဲ**

ကိုသားကြီးက အင်မတန်မှ စိတ်နှလုံးဖြူစင်ပါတယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့အပေါ် ဘယ်လိုခံစားမိလဲ**

ဒါဟာ တရားသဘောအရ ပြောရင် ယုံလို့ရတယ်၊ လက်တွေ့ ဘက်ကကြည့်ရင်လဲ မယုံဘူးလို့ မပြောပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


**ကြီးနှစ်ပတ်လည်အကြိုစကားက**

ကိုက နောက်ဘဝကူးရင်လဲ စိတ်ကောင်း နှလုံး ကောင်းရှိတဲ့လူလို့ ကျွန်တော်ထင်ပါတယ်၊ နောက်ပြီး တော့ သူများအပေါ်မယုတ်မာဘူး။ မကောက်ကျစ် ဘူး။ ကိုသားကြီးပရိသတ်ထဲမှလည်း ကျွန်တော်ပါ ပါတယ်။ အဲဒီအတွက် နှမျောတာလဲပါတယ်၊ ဝမ်းနည်း တာလဲပါတယ်၊ ဒီလိုလူနောက်တစ်ယောက် မထွက်လာ သေးတဲ့အခါမှ သူ့ကိုတမ်းတမိတယ်၊ အခုချိန်ထိ သူ့ရဲ့ ဇာတ်ကားလေးတွေကိုကြည့်ပြီး ပညာယူနေရတုန်းပါ။

# ဒွေးနဲ့တိုက်တဲ့ဒဏ်ရာဆိုပြီး ဂုဏ်ယူနေသေးတယ် အေးကြူလေး



လုံးလုံးဝမကန်နိုင်တော့ဘူး။ လူတွေက မင်းသားတစ် ယောက်လုပ်ပြီဆိုရင် ဟန်ဆောင်ပြီး အိုက်တင်လုပ်တယ် ပဲထင်တာ။ နောက်ထပ်ပွဲတွေ ဆိုရင် ဟန်လေးပဲကန်နိုင် တော့တာ။ ဒွေးက ဘောလုံးအကန် အရမ်းတော်တာ။ နောက်တစ်ခုက တိုင်းနဲ့ပြည်နယ်ပွဲမှာ တိုက်စစ်မှူးတစ် ယောက်နဲ့ ခေါင်းချင်းတိုက်မိတုန်းကဆိုရင်လည်း နှစ် ယောက်စလုံးမေ့သွားတာ။ ဟိုတစ်ယောက်က ခေါင်းကွဲ သွားပြီး ဒွေးကဘာမှမဖြစ်ဘူး။ အဲဒီတစ်ယောက်က အချုပ်မခံရဲတော့ ဟာသအနေနဲ့ဝိုင်းပြောကြတာ။ မင်းတို့ ဆီမှာ တစ်မြို့လုံး ဒွေးကိုကြိုက်တဲ့ ပရိသတ်ကြီးပဲဆိုတော့ ဒွေးနဲ့တိုက်တဲ့ဒဏ်ရာဆိုပြီး ဂုဏ်တောင်ယူရသေးတယ်လို့ နောက်ကြတယ်။

**ကိုသားကြီးက ဘယ်လိုလူမျိုးလဲ…**

သူက ဘာမှမဟုတ်တဲ့ အသေးအမွှားလေးကိုတောင် သူကဂရုစိုက်သေးတယ်။ သူ့ကိုအားပေးတဲ့ပရိသတ်ကို ဂရုစိုက်တယ်။ ဒွေးက အမှတ်တမဲ့ကြည့်ရင်သာ သာမန် မင်းသားလို့ထင်ရတယ်။ အနုပညာအလုပ်မှာလည်း တကယ်တော်တယ်။ တွံတေးမှာသွားကစားတုန်းကဆိုရင် မမိုးလားမသိဘူး၊ ရေချိုးခန်းမှာချော်လဲသွားလို့ လက်ကျိုး သွားတယ်။ ဟိုမှာက ၁၂-နာရီလောက်ကန်ရမှာလေ။ ဟိုဘက်က စောင့်နေတော့ ဒွေးကမလာနိုင်ဘူး။ ကန်နေ တဲ့အချိန်မှာ ဒွေးကရောက်လာတယ်။ အဲဒီအချိန်တုန်း က သူကအရမ်းနာမည်ကျော်နေပြီ။ ဘောလုံးကန်တော့ မသိဘူးပေါ့။ ဘောလုံးကွင်းအပေါ်မှာ ထိုင်လျက်ကြီး ရှိ သတ်တွေအများကြီးကို လက်မှတ်ထိုင်ထိုးပေးတာ။

**သားကြီးနဲ့ ပတ်သက်တဲ့ အမှတ်တရက…**

လုံးကန်ရင် ဘောလုံးပွဲကိုဂရုစိုက်တယ်။ အစည်းအရုံး တဲ့ ယူနီဖောင်းလေးတွေဆိုရင် အစဉ်အလိုက် မှာသိမ်းထားလေ့ရှိတယ်။ အရင်တုန်းက တနင်္ဂနွေနေ့ ရင် အပျော်တမ်းအဖွဲ့တွေနဲ့ချိန်းကန်တယ်။ တစ်နေ့ ညသိုလ် ဘောလုံးကွင်းမှာချိန်းကန်တော့ ဒွေးက လုံးအကန်ကောင်းလို့ ဒွေးကို ဂရုစိုက်တာပေါ့။ကစား နဲ့ ဒွေးကိုချလိုက်တာ ခြေထောက်လည်ပြီး နူးကကွဲ တယ်။ လဲသွားတဲ့အချိန်မှာ ဒွေးကလုံးဝ မထနိုင်ဘူး။ သားဆိုတော့ သရုပ်ဆောင်တယ် လို့ထင်ပြီး အော်ကြ ပေါ့။ အဲဒီအချိန်တုန်းကစပြီး ဒွေးကနောက်ထပ်ဘော

www.burmeseclassic.com

www.burmeseclassic.com

# ဒီဝါကျွတ်အမီ... ဇာတ်ကားကို ဒွေးနဲ့ရိုက်ဖို့ စီစဉ်ခဲ့ဖူးတယ် ဒါရိုက်တာအန်ထော်နီ



**ကိုသားကြီးနဲ့ အမှတ်တရက...**

ကိုသားကြီးကတော့မရှိတော့ပေမယ့် သူ့ရဲ့အနုပညာက ပရိသတ်ရင်ထဲစွဲပြီး ကျန်နေခဲ့တာပဲ။ ကိုသားကြီးလို လူမျိုးက နောက်ထပ် ထပ်မပေါ်ဘူးလေ။ ဘာလို့လဲ ဆိုတော့ ကိုသားကြီးတို့က တကယ့်ကိုအိုက်တင်ပေါ်ရှုး သွင်ခဲ့တဲ့မင်းသားတွေပဲ။ အစ်ကိုနဲ့တော့မဆုံဖြစ်ခဲ့ပေမယ့် ကိုသားကြီးနဲ့ ကိုယ်နဲ့ကားကြီးရိုက်ဖို့ အတွက် ပြင်ဦး လွင်မှာတစ်ည မှတ်မှတ်ရရ ကိုသားကြီးနဲ့ နီးနီးကပ်ကပ် ပြောခဲ့တာတစ်နေ့ပဲရှိပါတယ်။ အဲဒီတစ်နေ့ကနေ ကိုသားကြီးပျောက်ကွယ်သွားတဲ့အထိ တစ်ချိန်ပဲ အမှတ် တရရှိပါတယ်။ သူလည်း သူရှုးသွင်တဲ့ သူ့အနုပညာ အကြောင်းတွေပြောတယ်။ အစ်ကိုတို့ရိုက်ခဲ့တဲ့ဟာကို လည်း သူပြောပါတယ်။ အဲဒီအချိန်မှာ အစ်ကိုက "ရွှေမိုး သည်း"ဆိုတဲ့ အကြည်တော်ရဲ့ ဝတ္ထုဇာတ်ညွှန်းကို စူပါမင်း သားမပါဘဲနဲ့ စိုးမြတ်နန္ဒာ၊ အဓိကဇာတ်ကို ဥက္ကာမင်း မောင်နဲ့ ကိုရန်အောင်တို့နဲ့ရိုက်ခဲ့တော့ အောင်မြင်မှုကို သူအံ့သြသွားတယ်တဲ့။ အဲဒါနဲ့ သူနဲ့ကိုယ်နဲ့ ကားကြီး

ရိုက်ဖို့အတွက် ပြောမိတယ်။ "ဒီဝါကျွတ်အမီ ခယ်မ အမြန် အစွံထုတ်ရန်ရှိသည်" ဆိုတဲ့ဇာတ်က ကိုသားကြီး နဲ့ရိုက်ဖို့ပါ။ ကိုသားကြီးသေသွားတော့မှ ကိုကျော်ရဲ အောင်နဲ့ ရိုက်ဖြစ်သွားတာပါ။

**သူဝင်စားတယ်ဆိုပြီး ပေါ်လာတဲ့အပေါ်ကို ဘယ်လို မြင်လဲ...**

ဝင်စားတယ်ဆိုတာက ကိုသားကြီးဖြစ်ချင်မှဖြစ်မယ်လေ။ ဒီဘဝ အဖေအမေရဲ့ သွေးသားနဲ့ အနုပညာအပေါ် ရှုး သွင်တယ်ဆိုရင်တော့တစ်မျိုးပေါ့။ ခန္ဓာကိုယ်တစ်ခုရဲ့ဖွဲ့စည်း ပြီးရှိတဲ့ဦးနှောက်နဲ့ အသိကိုပြန်ရောက်ဖို့ မပြောနိုင်ဘူး။ လူဝင်စားကတော့ လူဝင်စားပဲ။ သိသင့်သလောက်တော့ သိနေမှာပေါ့။

**နောက်ဆုံးဆုတောင်းစကားက...**

ဘာပဲပြောပြော ကိုသားကြီးတို့လို အနုပညာအပေါ်ရှုး သွင်တဲ့သရုပ်ဆောင်တွေ စောစောစီးစီးဆုံးရှုံးသွားတဲ့အ တွက် အနုပညာလောကအတွက် တကယ်တန်ဖိုးရှိတဲ့ အရာတစ်ခုဆုံးရှုံးသွားတာ နှမြောဖို့ကောင်းပါတယ်။

# လူဝင်စားအဖြစ်နဲ့ ပြန်မလာစေချင်ဘူး နေလင်း

**ကိုသားကြီးနဲ့ ပထမဆုံးတွဲရိုက်ဖူးတဲ့ဇာတ်ကားက ...**

အဲဒါကတော့ "စံတော်ချိန်ညနေခင်း" ပေါ့နော်၊ အဲဒီက လေးကစပြီး တောက်လျှောက်တွဲဖြစ်ပါတယ်။

**ကိုသားကြီးက ဘယ်လိုလူမျိုးလဲ။**

ကိုသားကြီးက အေးအေးဆေးဆေး တည်ငြိမ်ငြိမ်နဲ့ အလုပ်ကို အကောင်းဆုံးဖြစ်အောင် စနစ်တကျ ဖြစ်



www.burmeseclassic.com



-အောင်လုပ်တဲ့သူတစ်ယောက်ပါ။

**-နည်းညာအလုပ်တွဲလုပ်ရင်းနဲ့ ရိုက်ကွင်းပေါ် အမှတ်တရလေးရှိခဲ့ဘူးလား။**

-အမှတ်တရတွေကအများကြီးပါပဲ။ ကျွန်တော်ကရိုက်ကွင်း- သရုပ်ဆောင်ရင် စကားတစ်ခုနဲ့ တစ်ခုမှာ ဟို · -ဟို ဆိုပြီး ခံတတ်တယ်။ အဲ့ဒါတွေကို ကိုသားကြီးက -ပြောတယ်။ အဲ့ဟိုလိုဖျောက်။ သေချာလုပ်ပေါ့။ ရိုက်-ကွင်းအမှတ်တရတစ်ခု ကျွန်တော်ပြောပြမယ်။ ကျွန်တော့်-ခန်းက နည်းနည်းရှည်တယ်။ သူက မှတ်မှတ်ရရ-ခန်းလေးကို သူကိုယ်တိုင် စိတ်ဝင်တစားနဲ့ လုပ်ပေး-တယ်။ ကိုသားကြီးက အားလုံးကို ဘယ်သူ့ကို မဆို-ခင်ပေးလမ်းပြပေးတယ်။ ကျွန်တော်ကိုဆိုရင် သူကိုယ်တိုင် ခံပင်ဖီးပေး။ လုပ်ပေးတယ်။ ကျွန်တော် လေးစားပြီး အားကျခဲ့တဲ့လူတစ်ယောက်က ကိုယ်ကိုယ် ဒီလိုလေးလုပ်ပေးတော့ အရမ်းဖီးလ်ပဲ။ တန်ဖိုးမဖြတ်နိုင်ဘူး။

**သူနဲ့နောက်ဆုံးအမှတ်တရက ...**

ကျွန်တော်တို့ ၂၆ကားတိတိ ပြင်ဦးလွင်မြို့မှာ တောက်လျှောက် အတူတူရိုက်ခဲ့တာ။ အဲဒီတုန်းက ကျွန်တော် မွေးနေ့နဲ့လည်းဆုံတယ်။ အားလုံးကို ပျော်အောင်ထားပေါ့။ တကယ်ကိုမမေ့နိုင်ဘူး။ တကယ်ကို မိသားစုတစ်ခု ခရီးထွက်လာပြီးတော့ အလုပ်တစ်ခုကို အတူတူ လုပ်ကြသလို ခံစားခဲ့ရတယ်။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးသတင်းကြားမိမှာပေါ့ ကိုနေထင်ရဲ့အမြင်က ...**

လူတစ်ယောက်က သူလုပ်ချင်တာလုပ်ပြီးသွားတဲ့အတွက် အကြွေးကျေအောင် ဆပ်သွားတယ်လို့ သဘောရတယ်။ ပြီးတော့ ကျွန်တော်တို့က အကြွေးကို ဆပ်နေရတာလေ။ အခုလို အကြွေးရှိတဲ့နေရာကို သူ့ကို ပြန်မလာစေချင်ဘူး။ လူဝင်စားဆိုတာရှိလား၊ မရှိလား ကျွန်တော်မသိလို့ပါ။ သေချာတော့ သိချင်တယ်။

**နှစ်ပတ်လည်ဆုတောင်း ...**

အစ်ကိုက ရောက်ရာဘဝမှာ ငြိမ်းချမ်းမှာပါ။ သူက ဘယ်သူ့ကိုမှ မကောင်းတဲ့ စိတ်ဓာတ်မကျတဲ့အတွက် လူတိုင်းအပေါ် စေတနာထားတယ်။ သူ့စိတ်စေတနာ အကျိုးအတိုင်း သူက အဲ့အကျိုးကိုခံစားရတယ်။ သီသန့်လေးထပ်ပြောချင်တဲ့ စကားက အစ်ကိုဆိုခဲ့တဲ့သီချင်းလေးလိုပါ။ "ဘယ်တော့မှမမေ့ဘူး"လို့ ...

# ဘာပဲပြောပြော လူ့ဘဝပြန်ရောက်တယ်ဆိုရင်တော့ ဝမ်းသာတယ်၊ ကျေနပ်တယ် တက္ကသိုလ်ဂွမ်းပုံ

**-ကိုသားကြီးနဲ့ ပတ်သက်ခဲ့ဖူးတဲ့ အမှတ်တရ...**

-ား ၁၀-ကားလောက်ပဲ ကိုသားကြီးနဲ့ဆုံဖူးပါတယ်။ -သီအများကြီးတော့ မဆုံဖူးဘူး။ ဆုံခဲ့တဲ့ကားတွေမှာတော့ -ကောင်းဆို ကိုသားကြီးက အနေအေးတယ်။ တွဲဖက်သရုပ်-ဆောင်တဲ့ သရုပ်ဆောင်တွေအပေါ်မှာ သွန်သင်ကြားပေး-တယ်။ အချိန်ကာလရှည်ကြာစွာ အောင်မြင်ကျော်ကြားစွာ ရပ်တည်နေတဲ့အတွက် တကယ့်ကိုအားကျရသူပါ။ သူဆုံးသွားတော့ ဘယ်လိုမှမယုံနိုင်ခဲ့ဘူး။ သူ့ နေရာမှာ အစားထိုးမယ့်သူမရှိဘူးလို့တော့ မပြောလိုပေမယ့် သူက သူ့နေရာမှာ Firstပါပဲ။ အဲဒီအတွက် အရမ်းယူကြုံးမရဖြစ်မိပါတယ်။ အံ့ဩစရာကောင်း တာက ကိုသားကြီးကလေ တကယ့်လူကြီးလူကောင်း သရုပ်



www.burmeseclassic.com

www.burmeseclassic.com




ဆောင်လည်းရတယ်။ တကယ့်ဂျလေဘီ ထောင်ထွက် လူဆိုးလူမိုက်ပုံသရုပ်ဆောင်လည်း အရမ်းပီပြင်တယ်။

ကျရာနေရာမှာသရုပ်ဆောင်နိုင်တဲ့၊ ပိုင်နိုင်တဲ့ သရုပ်ဆောင် ဒွေးကအရမ်းအောင်မြင်နေတဲ့အချိန်မှာ သူ့ကိုဆုံးရှုံးသွားခဲ့ရတာ အရမ်းကြေကွဲဖို့ကောင်းပါတယ်။ နောက်တစ်ချက် သူ့ပန်းချီပါခဲ့နိုင်တယ်ဆိုတာ မဂွမ်းတို့မသိခဲ့ဘူး။ သူဆုံးလို့ သူ့အိမ်ရောက်တော့မှ သူဆွဲထားတဲ့ ဖယောင်းပန်းချီကား တွေတွေ့တာလေ။

**ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးနဲ့ပတ်သက်ပြီး**
မဂွမ်းမဖတ်ရသေးဘူး။ ဟုတ်ခဲ့ရင်တော့ တကယ့် ကိုသာ သနာပြုနိုင်တဲ့နေရာဆိုတာ လူ့ဘဝပဲရှိတာလေ။ လူ့ဘဝ ကိုပြန်ရောက်တယ်ဆိုတော့ ဘာပဲပြောပြော ဝမ်းသာ တယ်၊ ကျေနပ်တယ်။ မဂွမ်းလည်း သေသေချာချာ ဖတ်ကြည့်ဦးမယ်။

**ကိုသားကြီးနဲ့ပတ်သက်ပြီး အမှတ်တရစကားက…**
အကြွေစေသွားတဲ့အတွက် အရမ်းကိုနှမြောမိပါတယ်။ မဂွမ်း ကိုယ်တိုင်က သူ့အနုပညာအတွက် သူ့ပရိသတ် ဖြစ်နေတာလေ။ အားလုံးနဲ့ထပ်တူ တကယ့်ကို ခံစားရ ပါတယ်။

# သီးခြားနေပေမယ့် မာနကြီးတော့မဟုတ်ဘူး အောင်လွင်

**ကားရိုက်ရင်း အမှတ်တရရှိခဲ့လား…**
ကိုသားကြီးနဲ့ ကားတွေသာရိုက်ခဲ့တာ အမှတ်တရသီးသန့် မရှိခဲ့ပါဘူး။ ကိုသားကြီးနဲ့အတူ လက်တွဲဖော်လည်းဖြစ်၊ ကားရိုက်လည်းများတဲ့ ဒါရိုက်တာတစ်ဦးကိုလည်း သတိ ရမိတယ်။ တစ်ဆက်တည်းပဲပြောမယ်။ သူနဲ့ကားရိုက်ရ တာ ဘာဖြစ်လဲဆိုတော့ သူက အိပ်ရာဝင်၊ အိပ်ရာထတာ နောက်ကျတယ်။ နေ့ခင်းပိုင်းကျမှ ကားရိုက်ပါတယ်။ ကားရိုက်တဲ့အခါလည်း မထင်မှတ်တဲ့အမူအရာလုပ်တတ် တယ်။



**ကိုသားကြီးက ဘယ်လိုလူမျိုးလဲ။**
ကိုသားကြီးမြင်ရတာကတော့ သူဟာနှုတ်ဆိတ်ပြီး အေး အေးဆေးဆေးနေတဲ့သူတစ်ယောက်ပါ။ အများအားဖြင့် လူရှင်တော်တွေနဲ့ရော၊ ဘကြီးအောင်တို့နဲ့လည်း လက်ပွန်း တတီးသူနေခဲ့တယ်။ သူက သီးခြားနေတာဖြစ်ပေမယ့် မာနကြီးတာ မဟုတ်ဘူး။ ကိုသားကြီးက မင်းသားထဲမှာ


www.burmeseclassic.com

www.burmeseclassic.com


...တော်ရိုးတဲ့ မင်းသားတစ်ယောက်ဆိုတာ တွေ့...တယ်။ လူတိုင်းကို စိတ်ထဲကခင်မင်တတ်တယ်။ နှုတ်...လည်း ဖွင့်မပြောတတ်ဘူး။ သူနဲ့အတူလာတဲ့အခါ...တော့ ရယ်စရာမောစရာပြောတတ်တယ်။ ရယ်စရာ...ပြောတတ်တဲ့ရုပ်လည်းမပေါ်ဘူး။ သူ စကားမပွင့်တပွင့်...ပြောပေမယ့်လို့ ကြားနိုင်အောင် အသံဖမ်းတဲ့နေရာမှာ...ဆင်ပြေတာတွေရှိရပါတယ်။ သူက စိတ်ရင်းအရမ်း...ကောင်းတယ်။

**...ဝင်စားကလေးသတင်းကို ဘကြီးအောင် ကြားမိမှာ...။ အဲဒီအပေါ် ဘယ်လိုမြင်လဲ။**

...ကို ရုပ်တော့မြင်လိုက်ပါတယ်။ အဲဒီအကြောင်းကို ကိုယ်တိုင်ကိုယ်ကျ မသိတဲ့အတွက် မဝေဖန်ရဲဘူး။ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ ဗုဒ္ဓဘာသာ အယူအဆအရ သံသရာဆိုတာရှိတဲ့အတွက် သံသရာထဲမှာ လည်ပတ်မှုရှိတယ်။ ကြုံဖူးတာလည်းရှိခဲ့တယ်။ ကျွန်တော် ကိုယ်တိုင်ရိုက်ခဲ့ဖူးတဲ့ "မိုးကုပ်စက်ဝိုင်းကို ကျော်၍" ဇာတ်ကားဆိုရင် အရင်ဘဝအသက်ဆုံးသူက ဒီဘဝမှာ တရားခံလိုက်ရှာတဲ့ဟာမျိုးပေါ့။ သူနဲ့ပတ်သက်လို့ မပြောရဲပါဘူး။

**နှစ်ပတ်လည်ဆုတောင်းက...**

သူကောင်းရာအွန်ရာရောက်မှာပါ။ သူက စိတ်သဘောထားမွန်မြတ်တော့လေ။

# ခွေးကြော်ငြာတွေလာတိုင်း ငိုကြွေးပြီးအားပေးနေကြတဲ့ ပရိသတ်ကို ခွေးကိုယ်စားကျေးဇူးတင်တယ် အောင်ခိုင်



**...သားကြီးနဲ့ ဘယ်အချိန်ကစပြီး အနုပညာမှာလက်...ခြစ်လဲ...**

...ကြီးနဲ့ဟိုကလေးဘဝကတည်းက "ကွက်လပ်ကလေး...ည့်ပေးပါ"ဆိုတဲ့ ကားကတည်းကဆုံခဲ့ဖူးတယ်။ ကျွန်...တော် ဦးကျော်ဟိန်းဆီမှာ ပညာသင်နေတဲ့ အချိန်က...ည်းကပေါ့။

**...နိုင်တဲ့ အမှတ်တရ...**

...နိုင်တဲ့အမှတ်တရကတော့ သတ်သတ်မှတ်မှတ်...ပေမယ့် သားကြီးနဲ့ ပတ်သက်သမျှတွေက ကျွန်တော်...အမြဲတမ်း သတိရနေတဲ့အနေအထား အများကြီးရှိ...တယ်။ ဘာဖြစ်လို့လဲဆိုတော့ ခွေးမျိုးသားချင်းမတော်...ပေမယ့် တူတစ်ယောက်လို၊ သားတစ်ယောက်လို၊ ...တစ်ယောက်လို ဆက်ဆံခဲ့တဲ့ သားကြီးနဲ့ပတ်သက်လာ...အစအဆုံး၁၀၀-ရာခိုင်နှုန်းမဟုတ်ရင်တောင်မှ ကျွန်...တော်တို့ရင်ထဲမှာ ၇၅-ရာခိုင်နှုန်းလောက်ကတော့ သား...ကြီးနဲ့ပတ်သက် သမျှတွေ အမြဲတမ်းရှိနေမှာပါ။ သီးခြား...ပြစရာရယ်လို့ပြောရရင်အရှည်ကြီး ဖြစ်သွားပါ...မယ်။

**...သားကြီးက ဘယ်လိုစိတ်ဓာတ်မျိုးရှိတဲ့ လူစားမျိုးလဲ။**


www.burmeseclassic.com

www.burmeseclassic.com

သားကြီးက လူတွေအပေါ်မှာ ကြင်နာသနားတတ်တယ်။ စကားကို ပြတ်ပြတ်ပြောတတ်တယ်။ ဖွဲ့နွဲ့ပြီး စီကာပတ်ကုံးမပြောဘူး။ လိုရင်းတိုရှင်းပြောတယ်။ တည့်တည့်ပြောတော့ တည့်တည့်ထိတယ်။ ထိတဲ့လူတွေအတွက် အထိနာတယ်။ မဟုတ်တဲ့နဲ့မပြောဘူး။ ဟုတ်တဲ့အတိုင်းပြောတယ်။ မှန်တဲ့အတိုင်းပြောတယ်။ အဲဒီလို ပြောတဲ့အတွက် တကယ်မှန်နေတဲ့လူသေား ကကြည့်ရင်တော့ သားကြီးကလူဆိုးပေါ့။ ဒါပေမဲ့ အမှန်တရားကို လက်ခံတဲ့လူတွေအတွက်တော့ လူကောင်းပေါ့။ သားကြီးက စိတ်ကောင်းရှိတယ်။ လူတစ်ဖက်သားအပေါ်မှာ ကြင်နာသနားတတ်တယ်။ အရှိကိုအရှိအတိုင်း။ အမှန်ကိုအမှန်အတိုင်းပြောတယ်။ မာနမရှိဘူး။ သူ ဟာသပြောတဲ့စကားတစ်ခွန်း အမြဲကြားနေတယ်။ အဲဒါ ဘာလဲဆိုတော့ "ဦးအောင်နိုင်၊ ဘယ်လိုပဲဖြစ်ဖြစ် လူရယ်လို့ဖြစ်လာရင် ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်ပြီး အိမ်သာဝင် လုံချည်လှန်ကြတဲ့သူတွေချည်းပဲ"။ အဲဒီစကားလေးကို အမြဲကြား
နေတယ်။


**ကိုသားကြီး ဝင်စားတယ်ဆိုတဲ့အပေါ် ဘယ်လိုခံစားမိထ**

ယုံရခက်၊ မယုံရခက်ပေါ့။ လူဝင်စားတယ်ဆိုတာက မယုံ
လို့လည်းမရသလို လွန်လွန်ကဲကဲ ကဲယုံကြည်သွားလို့ရှိရင်
လည်း အဲဒီလူတစ်ယောက်အတွက်က ကောင်းကျိုးထက်
ဆိုးကျိုးက ပိုများလိမ့်မယ်ထင်တယ်။

**ကိုသားကြီးအတွက် အမှတ်တရစကားက···**

သားကြီးအပေါ်မှာချစ်ခင်ကြတဲ့၊ အခုအချိန်ထိတော
အားပေးနေကြတဲ့၊ တစ်ခါတစ်ရံ TV ကနေ သားကြီး
ပတ်သက်တဲ့ကြော်ငြာလေးတွေ လာတဲ့အချိန် တိုင်းမှ
ငိုကြွေးပြီးတော့ အားပေးနေကြတဲ့ ပရိသတ်တွေရှိနေ
သေးတဲ့အတွက် အဲဒီပရိသတ်တွေကို သားကြီးကိုယ်စာ
ကျေးဇူးတင်တယ်။

# ယောက်ျားလေးအဖြစ်ပြန်ဝင်စားတော့ မွန်မြတ်တာပေါ့ မတူး



**ကိုသားကြီးနဲ့ စတွေ့ခဲ့တာက···**

ကားကြီးတွေရော ကားလေးတွေရော အတူတူ
ရိုက်ခဲ့တာ အများကြီးပဲ။ သူ မင်းသားစဖြစ်ခါစ ဦးကျော်
ဟိန်းလည်းပါတဲ့ ထင်လင်းဘဝတုန်းကလည်း ဆုံဖူး
တယ်။ တင့်တင့်ထွန်းရဲ့ကားအမည်ကတော့ မမှတ်မိ
တော့ဘူး။ ကိုယ်ကလည်း ကားရိုက်တာ နှစ်ကြာပြီလေ
သူလည်း သဘာမင်းသားပဲလေ။ အန်တီတူးသားကလေ
သရုပ်ဆောင် ရဲမင်းထွန်း ငယ်ငယ်တုန်းကဆိုရင် နှစ်
ယောက်တစ်အိမ်မက်ကို ကိုသားကြီး ဘဝကို နှစ်ဘဝ
ရိုက်ဖူးတယ်။ သားက ကိုသားကြီး တပည့်ပါပဲ။

**ကိုသားကြီးနဲ့ ပတ်သက်တဲ့ အမှတ် တရက···**

လေးစားထိုက်တဲ့ အနုပညာသည် တစ်ယောက်ပေါ့နော်
အမူအယာဆိုရင် ဘာမှပြောစရာမလိုဘူး။ သူနဲ့ ကာ
တော်တော်များများ ရိုက်ခဲ့ဖူးတယ်။ မှတ်မှတ်ရရ ပြော
ရင် အန်တီတူးတို့ အရင်တုန်းကဆိုရင် ဘောလုံးအဖွဲ့
လိုက်သွားကန်ကြတယ်ပေါ့။ ကိုသားကြီးဆိုရင် သိန်း
ပေါင်းမြောက်များစွာရတဲ့သူပေါ့။ ဘောလုံးကန်ရင်

www.burmeseclassic.com

www.burmeseclassic.com



ိုခေတ်က သတ်မှတ်ထားတဲ့ ဈေးရှိတယ်။ တစ်ရက် ကို တစ်သောင်းပေးတယ်ပေါ့။ ကို သားကြီးခေတ်ကဆိုရင် အန်တီတူးတို့ စာအိတ်လေးနဲ့ ငွေရှစ်ထောင် ထည့် ပေးတာကို ယူတယ်ရှင့်။ ယူပြီးတော့လည်း မက်မက် မောမော သဘောကျပြီး တန်ဖိုးထားတာနော်။ ဒီလောက် နှိမ်ချကျော်တန် မင်းသားကြီးက ဘောလုံးပွဲကန်တာ ကောင်းမှ သူ့ရဲ့ စိတ်ဓာတ်လေးက အဲဒီလိုလေးတွေ ကောင်းတာ အမှတ်တရပေါ့။ ဘောလုံးကိုလည်း အင်မ တန် နှစ်ခြိုက်တဲ့မင်းသားပဲ။ အများနဲ့စုသွား တယ်ဆိုတာ ကို သူက မာနကြီးတယ်ဆိုတာမရှိပါဘူး။ သူ့အိမ်မှာဆို လည်းဘောလုံးအကျီလေးတွေ သိမ်းထားတယ်။

**ကိုသားကြီးကို ဘယ်လိုမြင်သလဲ။**

သူ့ရဲ့ ကာရိုက်တာကို ကြည့်လိုက်ရင် မာနကြီးသလို စကားမပြောချင်သလို ဖြစ်ပေမယ့် တကယ်သဘော ကောင်းတဲ့ မင်းသားပါ။ မင်းသားတစ်ယောက် အနေနဲ့ ပြောရရင်တော့ ကိုသားကြီးက အန်တီတူးအမြင်မျက်လုံး ထဲမှာ အကောင်းဆုံးလို့ မြင်တယ်။ သူ့ရဲ့မျက်လုံးက အတိုင်းနေရင်ကို တော်တော်မိုက်တာ။ အားထည့် လိုက်ရင်ပိုဆိုးပြီ။

**နောက်ဆုံး အမှတ်တရက**

အန်တီတူးသားလေးရဲ့မင်းထွန်းက ငယ်ဘဝအဖြစ် ပြန် သရုပ်ဆောင်တဲ့ ညိုမင်းလွင်ရိုက်တဲ့ "နှစ်ယောက်တစ် အိမ်မက်"က နောက်ဆုံးကားပဲ။ အဲဒါပြီးတော့ ကိုသားကြီး ဆုံးသွားတာပဲ။

**ကိုသားကြီး လူဝင်စားတဲ့ ကလေး အပေါ်ရော···**

ဗုဒ္ဓဘာသာတရားမှာ လူဝင်စားဆိုတာ ရှိခဲ့တာပဲလေ။ အခုကားတွေလည်း ရိုက်နေတာပဲ။ ဒါက ရှိချင်ရင် လည်းရှိမယ်။ ရှိဖို့လည်းဖြစ်တတ်ပါတယ်။ သံသရာကြီး ကလည်း လည်နေတယ်လေ။ တရားသဘော အရကြည့် မိရင်လူတွေက ပြန်ပြန်ပြီး ဝင်စားနေကြတာပဲ။ အရေး ကြီးတာက ကိုသားကြီး တကယ်ဝင်စားတယ်ဆိုရင် တော့ ဝမ်းသာစရာပေါ့။ သူက လူဘဝကို ပြန်ရောက် လာတော့ အင်မတန်မှ မွန်မြတ်တယ်လို့ မှတ်ရမယ်။ ဘယ်ဘုံရောက်တယ်ဆိုတာ မသိဘူး။ သူတို့ ပြောသလို ဒီဘဝ မှာလည်း စာစောင်ထဲမှာ ယောက်ျားလေးဖြစ် ဖြစ်တော့ ရှင်ပြန်ပြုရမှာပဲ။ မွန်မြတ်တယ်လို့ အန်တီ တူးကထင်ပါတယ်။ အဲဒီကလေးပြောသလိုသာ ဆိုရင် တော်တော်လေး နီးစပ်တယ်။ ဖြစ်နိုင်တယ်လို့ ထင်တယ်။ ဖြစ်ရင် ပိုဝမ်းသာတယ်။




ဆောက်လုပ်ဆဲ ဗုတ်ထန်းတောရွာမှ ကျန်းမာရေးဆေးပေးခန်းနှင့် စာကြည့်တိုက်အဆောက်အဦ



www.burmeseclassic.com

# ကြောက်စရာဒွေး

ပြီးခဲ့တဲ့ ဇူလိုင်လ၁၁-ရက် နေ့က စုပါသရုပ်ဆောင် ဒွေးကွယ်လွန်တာ ငါးနှစ်တင်းတင်းပြည့်ပါပြီ။ ဒွေးကို ကျွန်မတို့ စာနယ်ဇင်းတွေက ချစ်စနိုးနဲ့ အနုပညာမောင်နှမတွေ နည်းတူကိုသားကြီးလို့ပဲခေါ်ကြပါတယ်။ ကိုသားကြီးမဆုံးခင် MRTV-4 မှာ ဇနီးမောင်နှံတွေကိုသာ စီစဉ်ရိုက်ကူးတဲ့ Program တစ်ခုရိုက်ကူးဖို့ အတွက် ကျွန်မက ဖုန်းဆက်ပြီး ခွင့်တောင်းတဲ့အခါ "ဂျူလိုင်ရေ၊ အစ်ကိုက ပြင်ဦးလွင်မှာ ကားရိုက်နေတယ်၊ရှောစ်ပတ်လောက်ဆို ပြန်လာတော့မှာပါ။ နင့်အစ်မ(မမိုးမိုး)ဆီ ဖုန်းအရင်ဆက်ထားချင်ဆက်ထားလိုက်"တဲ့။ ကျွန်မလည်းမမိုးဆီဖုန်းတစ်ခါဆက်ပြီး အလုပ်တွေရှုပ်နေတာနဲ့ကိုသားကြီးချိန်းတဲ့တစ်ပတ်အချိန်ကျော်သွားပါတယ်။ သတိရတော့ ၁၀-ရက်လောက်ရှိနေပါပြီ။ ခုချိန်ရန်ကုန်ပြန်ရောက်လောက်ပြီဆိုပြီး ဖုန်းထပ်ဆက်တော့ ဖုန်းအဆက်အသွယ်မရတာနဲ့ ရက်ကထပ်ကြာသွားပြန်ပါတယ်။ နောက်တစ်ရက်၊ နှစ်ရက်ကြာရင်တော့ထပ်ဆက်မယ်လို့ စိတ်ကူးနေတုန်းမှာပဲ ဇူလိုင်လ ၁၁-ရက် နေ့ညကြီးမှာ ကိုသားကြီးရဲ့ဝမ်းနည်းဖွယ်သတင်းကိုကြားခဲ့ရတာပါပဲ။



ကြာတော့ကြာခဲ့ပါပြီ။ ငါးနှစ်တိတိပြည့်ပြီလေ။ မနေ့တစ်နေ့ကလိုပါပဲ။ အဲဒီတုန်းကလည်း နောက်တစ်နေ့ မနက်မှာထွက်တဲ့ ဂျာနယ်တွေအပြိုင်အဆိုင်ရောင်းအားကောင်းခဲ့ကြသလို မိတ္တူစာရွက်တွေကလည်း တစ်ထွေ တစ်ပိုက်နဲ့ ပက်ပက်စက်စက်ကိုအရောင်းသွက်ခဲ့ကြတာ တွေ့ရပါတယ်။ ဩော် . . . ပြည်သူချစ်တဲ့သူကို။ ကျွန်မလည်း သူတို့ဇနီးမောင်နှံနှစ်ယောက်ရဲ့ အိမ်ထောင်ရေးအမှတ်တရကိုရိုက်ကူးခွင့်မရလိုက်ဘဲ သူ့ရဲ့ နာရေးကိုသာရိုက်ကူးခွင့်ရခဲ့ကြပါတယ်။

ကျွန်မရေးခဲ့သ လိုပါပဲသာမန်လူဝင်စား တွေကိုတောင် စိတ်ဝင်စားတတ်တဲ့ကျွန်မ အခု လိုစုပါသရုပ်ဆောင်ဒွေး ဆိုတော့မပြောပါနဲ့တော့။ ကြားနေရင်းနဲ့တောင်ရင် တွေခုန်နှလုံးတွေတုန်လာ ပါတယ်။ကျွန်မယောက်ျား ဆီကချစ်ခွင့်ပန်စကား ကြားစဉ်ကတောင်ခုလို မဖြစ်မိပါဘူး။ သတင်းကို ခုံမင်တွယ်တာပြီးသတင်း ဆာနေတာလည်း ပါတာ ပေါ့နော်။ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ယူခဲ့ရတဲ့ ဒီသတင်းတွေပါပြီးတဲ့နောက် တစ်နေ့ကစပြီးကျွန်မရဲ့ စာနယ်ဇင်း တစ်သက်တာမှာ အပေါက်ဆုံးသတင်းအဖြစ် စံချိန်တင်ခဲ့ပါတယ်။ (ကျွန်မလိုက်ခဲ့တဲ့သတင်း နဲ့ပတ်သက်ပြီးပြောခြင်းဖြစ်ပါတယ်) ဖောင်ပိတ်နောက်ကျလို့ ဂျာနယ်ထွက်ချိန်နောက်ကျတဲ့အတွက် ဖြန့်ချိရေးအဖွဲ့မျ မျက်နှာဆီးရွက်လောက်လေးတွေငယ်ပြီး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်လိုက်ဖြန့်ကြပါတယ်။ "သတင်းထူးလေးတော့ပါပါတယ်။ ထားခဲ့ပါရစေနော်" ဆိုပြီးဆိုင်တွေကို တောင်းပန်ခဲ့ရကျိုးနပ်သွားပါပြီ။ သေသေချာချာ


www.burmeseclassic.com

ဆောင်ချပေးခဲ့ကြတဲ့ (တချို့ဆို ဘုတ်မှာကြော်ငြာရေးပြီး) ...ရေးကိုယ်စားလှယ်ကြီး တွေကိုလည်း ကျေးဇူးအထူး တင်ပါတယ်။

ဒွေးရဲ့အောင်မြင်မှုက ကြောက်ခမန်းလိလိပါပဲ။ ...ယ့်ကို ကြောက်စရာကောင်းလှပါတယ်။ ဒီနေ့ဖြန့် ...က်နေ့မနက်အစောကြီးမှာပဲကျွန်မတို့ရဲ့ရုံးတစ်ဖြစ်လဲ ...တံခါးကို တစ်ဒေါက်ဒေါက် လာခေါက်နေကြတဲ့ ...ယ်အရောင်းကိုယ်စားလှယ်တွေ၊ သတင်းစာကြော်ငြာ ...ပြီးကတည်းက ဝယ်ရသူတွေကဝယ်ရ၊ ဝယ်လို့မရသူ ...တွေရဲ့ တဂွမ်ဂွမ်သောဖုန်းတွေနဲ့ ဆက်သွယ်မေးမြန်း ...တွေက ပန်းသမှုအမောတွေပြေခဲ့ရပါတယ်။ နောက် ...စ်ကြိမ်ထပ်ရိုက်မှ ဖြစ်မယ်ဆိုတဲ့ ဖြန့်ချိရေးမန်နေဂျာ ...ွန်မ အမေ)ရဲ့ ဆုံးဖြတ်ချက်နဲ့အတူ နောက် တစ်ကြိမ် ...တင်ရိုက်ကူးခဲ့ရပြန်ပါတယ်။ တစ်နေ့ကုန်ထပ်ရိုက် ...က် အစောကြီးထပ်ဖြန့်နဲ့ အိုအေစစ်အဖွဲ့ သားတွေ ...လုံးလည်း ခြေကုန်လက် ပန်းကျကုန်ပါတယ်။ ...နည်းနည်းနဲ့ ကျဲကျဲလုပ်ရတာကို။) နောက်တစ်နေ့ ...ဖြန့်အပြီးမှာတောင် ဖုန်းတဂွမ်ဂွမ်နဲ့ တောင်းဆို ...မြန်းနေကြသေးတဲ့ မြန်မာနိုင်ငံအရပ်ရပ်က အိုအေစစ် ...ရိသတ် (အဲလေ) ဒွေးပရိသတ် တွေအတွက် ဒီတစ်ပတ် မှာ အစအခုံး ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ မြောက်မြားစွာသော ဖုန်း call တွေထဲက ထူးထူးခြားခြားလေး တွေကို ပြန်ဖောက်သည်ချရရင်ဖြင့် "အိုအေစစ်ဂျာနယ် ကလားခင်ဗျ" "ဟုတ်ပါတယ်" "ကျွန်တော် လိုက် ဝယ်တာဝယ်လို့ မရတော့လို့ ကျွန်တော့်ကို အခုပဲ ဖုန်းနဲ့ ပြောပြပေးပါလားဟင်။ ဖုန်းဘီလ် ဘယ်လောက် ကုန် ကုန်တဲ့"။ နောက်တစ်ယောက်ကလည်း "ဒွေးဝင်စား တာတကယ်လား။ ကျွန်တော်လည်း ဒွေးဝင်စားတယ် ဆိုတဲ့ ကလေးတစ်ယောက် တွေ့ထားလို့။ သူတို့ကတော့ အနုပညာလောကနဲ့ ဆက်စပ်မှုရှိတယ်။ အဲ့ဒီကလေးကို TV နဲ့ သေသေချာချာ ရိုက်ထားတဲ့အခွေ ကျွန်တော့်မှာရှိ တယ်။ ဘယ်သူ့ဒွေးအစစ်လဲဟင်။ ဒါကြောင့် ကျွန်တော့် ကို နည်းနည်းလောက်ရှင်းပြပေးပါ" ဆိုတာတစ်မျိုး။ ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ အိုအေစစ်ကို အခုလို ဂရုတစိုက်၊ တခုတ်တရနဲ့ လှမ်းမှာ လှမ်းမေး လှမ်းပြော လှမ်းစိတ်ဝင် စားကြတဲ့ ကြောက်စရာ ကောင်းလောက်အောင် ပရိသတ် အချစ်ကိုရရှိထားတဲ့ ဒွေးရဲ့ချစ် ပရိသတ်နဲ့အတူ ကူညီဖြေကြားပေးခဲ့ကြတဲ့အနုပညာရှင်များအားလုံးကို မှတ်မှတ်ရရ ကျေးဇူးတင်ကြောင်း ပြောပါရစေ။

ဂျူလိုင်မိုး




www.burmeseclassic.com

www.burmeseclassic.com

# ငါးနှစ်ပြည့်လည်းမမေ့ပါ

"တစ်သက်မမေ့ပါဘူး
၁၁ရက်ဇူလိုင်အထူး
ခူးဆွတ်တဲ့အနုပညာ
ဘဝမှာနံပါတ်တစ်လို့
ဖြစ်ဖို့ကြိုးစားခဲ့လည်း
ရှိသားခဲ့ပါသည်
နီးကြားခဲ့ပါသည်
ဘယ်အခါမမေ့
ရင်မှာတစ်ငွေ့ငွေ့
ပြည့်ပါပြီ ငါးနှစ်"

ကျွန်တော် သုံးနှစ်ဆက်တိုက် ကိုသားကြီး(ခ)ခွေးကို ဇူလိုင် ၁၁ရက်တိုင်းအလင်းတန်းမှာ လွမ်းတသသနဲ့ ရေးခဲ့တာပါ။ လေးနှစ်မြောက်တုန်းက ကျွန်တော်မရေးဖြစ်ခဲ့ဘူး။ ဘာလို့လည်းဆိုတော့။

၂၀၁၁ခုနှစ် ဇူလိုင်လဆန်းလောက် ကျွန်တော် ညနေခင်းမှာ ရတ်တရက်ကြီး ဗိုလ်ချုပ်စျေးထဲအရောက် ခွေးရဲ့ငနီးမမိုးနဲ့ဆုံခဲ့တယ်။

သူ ကျွန်တော့်ကိုမမြင်ဘူး။ သူ့ဇောသူကပ်နေတာ၊ ကိုသားကြီးဈာပနပြီးကတည်းကမတွေ့တာလေးနှစ်ပဲပြည့်တော့မှာလေ။

ကျွန်တော်ကပဲစခေါ်လိုက်တာ မမိုးကျွန်တော့်ကိုမြင်ပြီးဝမ်းသာသွားတယ်။ တအံ့တသြပဲ။

တကယ်တော့ ချိုတဲ့တည့် ရာဇဝင်ကို ရှိုးရှိုးသားသားဖြစ်ချင်တာပါ။

"ခွေး(ခ)ကိုသားကြီးရှိစဉ်တုန်းကတော့မမိုး မမိုးနဲ့ နှုတ်ဆက်လိုက်ကြတာ။ အသိအမှတ်ပြုလိုက်ကြတာ အခုလေးနှစ်လောက်ဝေးသွားတော့ အခေါ်အပြောသိပ်မရှိတော့ဘူးလေ"လို့ မမိုးကအသံနိမ့်ပြီးခပ်တိမ်တိမ်လေးပြောခဲ့တာ။ အဲ့ဒီအတွက် ကျွန်တော်က နှုတ်ဆက်လိုက်လို့ သူဝမ်းသာ ကြောင်းပြောပါတယ်။

ဘယ်သူမေ့မေ့ မမေ့မေ့

ကျွန်တော် မမေ့နိုင်ဘူး။

လေးနှစ်ပြည့်ရေးဘို့အတွက် မမိုး စကားပူကာရောက်တုန်းကိုသားကြီးအတွက် ဆွမ်းသွပ်မယ် ဖိတ်လိုက်မယ်ဆိုလို့ ကျွန်တော်မျှော်ခဲ့တယ်။

ကိုသားကြီးလေးနှစ်ပြည့် ဆွမ်းသွပ်ပွဲအတွေ့အကြုံခံစားချက်များရင် ထဲထည့်ပြီးမှပဲရေးမယ်လို့ရည်ရွယ်ထားတာ။

အချိန်အခါနဲ့ကိုက်ညီတဲ့ အသိအမြင်သည်အင်အားကြီးလို့ ကျွန်တော်ခံစားထားတာပါ။

ဒါပေမဲ့ အချိန်ကိုက်မဖြစ်ခဲ့ပါ။

ဘာလို့လည်းဆိုတော့ မမိုးကျွန်တော့်ကို ဖိတ်ဖို့မေ့သွားတာလား မဖိတ်ဖြစ်တာလားတော့မသိဘူး ကျွန်တော်မတက်ရောက်ခဲ့ဘူး။ ဒါကြောင့် ရေးဘို့လည်းအချိန်ကိုက်မဖြစ်တော့ မရေးခဲ့တော့ပါဘူး။

ကိုယ်တစ်ယောက်တည်းပဲလွမ်းနေလိုက်တယ်။ သတိရနေလိုက်တယ် ဘယ်သူ့ကိုမှမျှဝေခံစားမနေတော့ဘူး။

ဒီတစ်ကြိမ်ငါးနှစ်ပြည့်အလွမ်း နိုင်ယာရီကိုတော့ ကျွန်တော်ရေးဖြစ်ပါပြီ။

ဟသံတလမ်း။ စမ်းချောင်းနေအိမ်မှာပါ။ ခွေးဆိုပြီး စာမျက်နှာဖွင့်ကာစ၊ ကျွန်တော်နဲ့ ကိုသားကြီးကိုမိတ်ဆက်ပေးတဲ့ သူကကင်မရာမန်း စပုံထောင်(ကိုပုံကြီး)ပါ။

ကျွန်တော့်ကိုသားကြီးနဲ့စရိုက်ဖြစ် တဲ့ဇာတ်ကားက"လရောင်နမ်းတဲ့ ပင်လယ်"ဇာတ်ကားပါ။ ခွေးနဲ့ နန္ဒာလှိုင် အပြန်အလှန်ပါးရိုက်တဲ့ဇာတ်ကား Panda ဗီဒီယိုထုတ်လုပ်ရေးက ထုတ်တာ။ ဒီဇာတ်ကားရဲ့ ပေါက်ချက်က မြန်မာပြည်တစ်ပြည်လုံး အတိုင်းအတာနဲ့ပါ။ ခွေးကိုပရိသတ်အခိုက် ခုံးဇာတ်ကားလို့ပြောကြတာပေါ့ နန္ဒာလှိုင်ရဲ့ ဒုတိယမြောက်ဇာတ်ကားပါ။

ပြောရရင်တော့ ကျွန်တော်နဲ့ ကိုသားကြီး(ခွေး) အဲ့ဒီကစလက်တွဲ ဖြစ်သွားတာ။ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဗီဒီယိုဇာတ်ကားတွေဆက်တိုက် ရိုက်ဖြစ်ခဲ့တယ်။ ညတိုင်း MODERN လက်ဖက်ရည် ဆိုင်ထိုင်ပြီး ဦးနှောက်စားပွဲတွေကျင်းပခဲ့တာ

www.burmeseclassic.com



နောက်တော့ သူငယ်ချင်းလို တစ်မျိုး ညီအစ်ကိုလိုစိတ်ဓာတ်နဲ့ တစ်မျိုး တိုက်ပွဲမျိုးစုံဝင်ပြီး ဇာတ်ကားတွေဆက်တိုက်ပေါက်ခဲ့တာပါ။

မှတ်မှတ်ရရပြောရရင်တော့။

ဦးကျော်ဟိန်း(ဦးကျော်) ရဲ့ အစ်မ၊ ကိုသားကြီးအမေဆုံးတဲ့ရက် ဆုံးတဲ့အချိန်က သူ့အရမ်းကိုကြိတ် မိတ်ခံစားနေရတယ်။ သားကြီးက သူ့အမေကိုသိပ်ချစ်တာ။

အဲ့ဒီနေ့က မိုးတွေရွာနေတယ်။ အချိန်ကနေ့ခင်း ၂ နာရီကျော် ၃ နာရီလောက်မှာ။

သူ့အမေရဲ့အခေါင်းကို ကိုသားကြီး။ ကျွန်တော် အရှပ်ဆောင်နန္ဒ။အောင်တိုးတို့ လေးယောက်အညီးဗွက်တောတိုးပြီး ထမ်းချသွားတာပါ။ မြေမြှုပ်ပြီးပြီဟ်တော့ အားလုံး ငိုလိုက်ကြတာ။ ဦးကျော်ရဲ့ မျက်ဝန်းထဲက မျက်ရည်စစ်စစ်ကြီး ကိုမြင်ရတာပါ။ ဘာလို့လည်းဆိုတော့ ဦးကျော်က သူ့အစ်မကို အရမ်းချစ်တာ ကျွန်တော်သိနေလို့ပါ။

ကိုသားကြီးက မျက်ရည်တစ် စက်မှမကျခဲ့ဘူး။ ဒေါင်နှမတွေအတွက်ငဲ့လိုက်တာပါ။ ရင်ထဲမှာတော့ သူ့အတော့ကိုငိုနေတယ်။

နောက်ပိုင်းဇာတ်ကားတွေ ဆက်တိုက်ရိုက်ရင်း ရိုက်နေတွေရိုက်တိုင်း မျက်ရည်အစစ်ထုတ်ပုံကိုသိချင်လို့ ကျွန်တော်ကိုသားကြီးကိုမေးခဲ့ပါတယ်။

သူ့အဖြေက

"ကျွန်တော်က အမေ့ကိုအရမ်းချစ်တယ်။ အမေ ဝေဒနာခံစားပြီး ဆုံးတာနဲ့ အမေ့ရုပ်ပုံကိုပြန်မြင်ပြီးခံစားလိုက်ရင် ရင်ထဲမှာအရမ်းငိုချင်လာတယ်"။

ဒွေးဖြစ်နေတဲ့အချိန်မှာ သားကြီးက မှတ်မှတ်ရရဆိုပြီး ကျွန်တော့်ကို ဇာတ်ကားတစ်ကား (မင်းသားကြေးမယူ) လက်ဆောင်ပေးပါတယ်။

"ကမ္ဘာကြီးလုံးတာယုံလိုက်ပြီ" ဆိုတဲ့ဇာတ်ကားပေါ့ နန္ဒာလှိုင်နဲ့ပါပဲ။

အဲ့ဒီတုန်းက ကိုသားကြီး သရုပ်ဆောင်ခကို ၁၄ သိန်းယူနေပြီ ကျွန်တော်ဇာတ်ကားရောင်းပြီးတဲ့အခါ အဲ့ဒီသရုပ်ဆောင်ခငွေကို သွားပေးလိုက်တယ်။

သူမယူဘူး။ လက်ဆောင်ပေးတာတဲ့။ ကျွန်တော်အတင်းပေးခဲ့တယ်။ ကျေးဇူးတင်ကြောင်းလည်း အထပ်ထပ်အခါခါပြောခဲ့တယ်။ မမိုးက ဘာလို့ပေးတာလည်း ၁၄ သိန်းက စူပါစလွန်းကားဝယ်စီးလို့ရတယ်လို့ပြောပါတယ်။

ဟုတ်ပါတယ်၊ ကျွန်တော်က သိတတ်ရုံလေး ကိုပဲလေးစားပြီး ကျေးဇူးတင်နေတာပါ။

လူမှာက အရေးအကြီးဆုံးဘာလဲဆိုတော့ ကျင့်

ဂျာနယ်ပါ ဆောင်းပါးများအမှတ်တရစုစည်းမှု
Oasis
www.burmeseclassic.com

www.burmeseclassic.com



တရားရယ် အမှန်တရားကိုမြတ်နိုးမှုရယ်။ ပြီးတော့ငွဲ့လုံ့လရယ်။ ကတိတည်မှုရယ်၊ အချိန်တိကျမှုတွေပါ။

အဲ့ဒီအချိန်က DRAMA ခေတ် ၊ ကျွန်တော်တို့နှစ်ယောက်ကလည်း DRAMH ဇာတ်တွေပဲရိုက်ကြတာ လွန်းထားထား(ဝတ္ထု)တွေအရိုက်များတယ်။

သူက ပွင့်လင်းရိုးသားမှုကို ကြိုက်တယ် ကြိုးစားမှုကိုခင်တွယ်တယ်။

လွတ်လပ်ရေးကို သတ္တိရှိရှိနဲ့ အစခုံးထိရအောင် လုပ်မှာပဲ ကိုယ့်နောက်လိုက်လာတဲ့လူကို ထမင်းဝအောင် မကျွေးနိုင်ရင် ဒီခေါင်းဆောင်ဟာအလားပဲ။

ဒါဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပါ။

ကိုသားကြီး(ခ)ဒွေးဟာ သူ့တယ်လောက်ပဲ နာမည်ကြီးကြီး ဘာကြီးပဲဖြစ်နေနေ၊ သူ့အောက်လက်သားတပည့်နဲ့ လုပ်ဖော်ကိုင်ဘက်တွေပေါ် မှာ တာဝန်ကျေခဲ့သူပါ။

မဆုံးခင်တစ်ပတ်လောက်က သူ့အနားယူချိန်မှာ အေးအေးဆေးဆေး စကားပြောဖြစ်သေးတယ်။

အဲ့ဒီအချိန်က ကျန်းမာရေးက သူ့ကိုအနိုင်ယူချင်နေပြီ။

"ကိုဗေဒါ ကျွန်တော် ချင်းပြည်နယ်သွားရိုက်ဖို့ ဖိုးကျော်နဲ့အစီစဉ်ဆွဲထားပြီးပြီ ကိုဗေဒါလိုက်ကူရမှာနော် ကျွန်တော်ပြောင်းလဲမှုတွေ လုပ်ချင်ပြီ။

အဲ့ဒီစကားတွေကို အားနဲ့မာန် နဲ့ပြောပါသေးတယ်။ ကျွန်တော်ကလည်း . . .

"အသင့်ပဲသားကြီး ကျန်းမာရေးကိုဂရုစိုက်ပါ။ ကောင်းကောင်းအနားယူပါ" လို့ပြောတော့။

"ကျွန်တော် နားလို့မရသေးဘူး ကိုဗေဒါ ထုတ်လုပ်သူတွေဆီက ပိုက်ဆံတွေယူထားတာ။ အလုပ်အကြွေးတွေကျန်သေးတယ်။

ဘယ်လိုပဲပြောပြော ဇူလိုင်လ ၁၁ ရက်နေ့ နေ့လည်ခင်းမှာတော့ သူဘယ်သူ့ကိုမှနုတ်မဆက်ပဲတိတ်တိတ်လေးထွက်သွားတာပါ။

ကျွန်တော်သတင်းကြားတဲ့ အချိန်မှာမယုံဘူး၊ လုံးဝမယုံဘူး၊ ဖုန်းဆက်ကြည့်တော့မှ ဟုတ်တယ်လို့အတည်ပြုသတင်းရရခြင်း ကျွန်တော်တုန်လှုပ်သွားတယ်။



ကျွန်တော့်သူငယ်ချင်း၊ ကျွန်တော့်ညီခုလိုရုတ်တရက်ကြီးဖြစ်သွားတော့ ကျွန်တော့်ရင်ထဲမှာ စိုနင့်ပြီးခံစားရတယ်။ ပြီးတော့ငိုမိတယ်။

ဒွေး(သားကြီး) ကိုချစ်တဲ့ပရိသတ်က ကျွန်တော့်ထက်ပိုငိုကြတာပေါ့။ သူတို့သားကြီးကိုတကယ်ချစ်ကြတာ။ရေဝေးမှာတိုးမပေါက်ခဲ့တဲ့ ပရိသတ်က သက်သေပြတာပဲ။

ကျွန်တောကင်မရာငါးလုံးနဲ့ မှတ်တမ်းတင်ရိုက်ခဲ့တယ်။

ကျွန်တော်ပြောရဲပါတယ်။ သားကြီးနဲ့ပတ်သက်လို့ ကျွန်တော် ဘာအခွင့်အရေးမှ မယူခဲ့ဘူး။ ဘယ်လိုငွေကြေးနဲ့မှလည်း အကူအညီမယူခဲ့ဘူး။ အလုပ်နဲ့ပဲသက်သေပြခဲ့တာ။ အဲ့ဒါကျွန်တော်သူ့အပေါ်ထားခဲ့တဲ့သစ္စာတရားပဲ။ သူကျွန်တော့်ကိုချစ် ခင်လေးစားခဲ့တာပါပဲ။

ကြေမွသွားတဲ့တိမ်တိုက်ဟာ ငါး နှစ်ရှိပါရောလား။ အကယ်ဒမီဖိုးကျော်ကတော့ နှစ်စဉ်ဘုရားတက်ပြီး အစ်ကိုအတွက်ဆုတောင်းလျှက်ပါတဲ့။ဂစ်တာတစ်လုံး သံစဉ်ပျောက်သွားရင် လက်ခတ်သံလည်းရင့်ရော် ပျက်ပျယ်သွားတာပါပဲ။ ဘယ်သူမေ့မေ့ သားကြီးအစ်ကိုမင်းကိုဘယ်တော့မှ မမေ့ပါဘူး။

**(၂၀၀၇ ခုနှစ်ဇူလိုင်လ ၁၁ ရက် နေ့ခင်းမှာ လွမ်းမောဘွယ်မိုးစက်တို့သည် ဆေးဒွေး[illegible]မြေရှိနေပါသည်။)**

**ဒါရိုက်တာ ဟေင်ဗေဒါ**

www.burmeseclassic.com

# မသေသေးတဲ့ ဒွေး

## ဆက်သွယ်မှု(၁)

တူ တူ တူတူ----တူတူတူတူ

ဟုတ်ကဲ့ပြောပါ။

အိုအေစစ်ဂျာနယ်ကလား။

ဟုတ်ကဲ့ပါ။

မောင်လေးရေအစ်မက---ပါ

ခင်ဗျာ · ·သိပ်မကြားရဘူး။ဘယ်က

အစ်မရွှေကျင်ကပါ ကြားလား။

ဟုတ်ကဲ့ ဟုတ်ကဲ့

သတင်းစာမှာ မောင်လေးတို့ အိုအေစစ်ဂျာနယ် ကြော်ငြာဖတ်ရ လို့လေ။ ဒွေးဝင်စားဆိုတဲ့ကလေးဆို တာ ...ဂျာနယ်ဘယ်လိုများရမလဲလို့ ကျွန်တော် တို့ဂျာနယ် ...ပေးတဲ့ ဖြန့်ချိရေးဆိုင်ကြီးတွေက နယ်တွေပို့ပေးပါ ...။ အစ်မရွှေကျင်က ဆိုတော့ ပဲခူး ညောင်လေးပင် ...ောင်ငူ ဘယ်ကအဆင်ပြေမယ်ရှာကြည့်ပါဦး။

အင်း···အစ်မ ကြိုးစားရှာကြည့်ပါ့မယ် ခမောင်လေး ...ုပ်များနေ လားဟင်···

ရပါတယ် ပြောပါခင်ဗျ။

အားတော့နာတယ်ကွယ် အချိန်ပေးနိုင်ရင် အဲ့ဒီ အကြောင်းလေးနည်းနည်းပြောပြပါလား။ အစ်မကဒွေးရဲ့ အမာခံပရိသတ်ပါ။ အဲ့ဒီအကြောင်းအရမ်းစိတ်ဝင်စား လို့ပါတယ်။

ဩော် ဟုတ်ကဲ့---

## ဆက်သွယ်မှု(၂)

တူ တူ တူ တူ

အိုအေစစ်ဂျာနယ်ကပါ

ဟုတ်အိုအေစစ်မှာပါတဲ့ ကိုသားကြီးဝင်စားတယ်ဆို တဲ့ကလေးလေ အဲ့ဒီအကြောင်းဖတ်ပြီးပါပြီ။

မဂျူလိုင်မိုးများအဲ့ဒီကိုတစ်ခေါက် ထပ်သွား ဦးမလားဟင် နောက်တစ်ခါ ထပ်သွားမယ်ဆိုရင် ကျွန်မ လိုက်ချင်လို့ပါ။ ကျွန်မက ကိုသားကြီးကို အရမ်းကြိုက် တာသွားဖြစ်... ကျွန်မလိုက်လို့အဆင်ပြေမယ်ဆို ကျေးဇူးပြုပြီးဆက်သွယ်ပေးပါရှင် ကျွန်မဖုန်းနံပါတ် ပေးခဲ့ပါရစေ။

## ဆက်သွယ်မှု(၃)

တူ တူ တူ တူ




www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ အိုအေစစ်ဂျာနယ်ကပါ။

ညီလေးရေ အစ်ကိုတို့နားမှာ အိုအေစစ်ဂျာနယ် ဝယ်မရတော့လို့ပါ။ ဘယ်မှလဲသွားရှာမနေချင်တော့ဘူး။ ဂျာနယ်တိုက်မှာရှိသေးရင်လာဝယ်ပါရစေ။ အစ်ကို့အမေက ဒွေးပရိသတ်ပေါ့။ မနက်ကတည်းက လိုက်ဝယ်နိုင်းနေတာခု ဂျာနယ်တိုက်လာဝယ်လို့ရမလား · · ·

**ဆက်သွယ်မှု (၄)**

တူ· · ·တူ· · ·တူ· · ·တူ· · ·

ဟဲလို

အိုအေစစ်ဂျာနယ်ကလား။

ဟုတ်ကဲ့ပါ။

ကျွန်တော်ဗျာ ဒွေးဝင်စားတယ် ဆိုတဲ့အပေါ် အနုပညာရှင်တွေရဲ့ အမြင်တွေပါတဲ့ ဂျာနယ်မှ အိုအေစစ်စာဖတ်ဖြစ်တယ်။ ရှေ့က အဲ့ဒီ ဖြစ်စဉ်အကြောင်းပါတဲ့ ဂျာနယ်တွေ များရရှိနိုင်ဦးမလားဗျာ။ ရှိသေးရင် လာဝယ်ပါရစေ။

တိုက်မှာက စာမျက်နှာအပြည့်မပါတဲ့ဂျာနယ်တွေဘဲ ရှိတယ်ဗျ။

အဲ့ဒီဒွေးဝင်စားအကြောင်းအပြည့် အစုံမပါဘူးလား

အဲ့ဒီစာမျက်နှာတွေတော့အစုံပါ,ပါတယ်။

ရတယ်ဗျာ အဲ့ဒီအကြောင်း အပြည့်အစုံပါရင်ပြီးရော လာယူမယ်။ ကျွန်တော်က ကိုသားကြီးပရိသတ်ဗျ အကြောင်းစုံသိပ်သိချင်လို့ပါ။

ဆက်သွယ်မှု (၅) (၆)(၇)

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မနက် ၄နာရီထ အိုအေစစ်ဂျာနယ် လိုက်ဖြန့်ပြီး ၇နာရီခွဲလောက်အိမ်ပြန်ရောက်ရင်ပြန်အိပ်လေ့ရှိပြီး မနက်၁၀နာရီ ၁၁နာရီမှ ထတတ်တဲ့ ကျွန်တော့်မှာ ဒွေးဝင်စားတယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ အိုအေစစ်ဂျာနယ်မှာ ဖော်ပြပြီးကတည်းက အိမ်ပြန်အိပ်ဖို့အချိန်မရတော့ပါဘူး။

မနက်ဂျာနယ်ဝယ်ဖတ်ပြီးလောက်ချိန်ဝင်လာသမျှ ဖုန်းတွေကနေ မေးသမျှ စုံစမ်းသမျှ သိချင်သမျှ ထိုင်ဖြေပေးရပါတယ်။ အဲ့ဒီမှာဘဲ ကျွန်တော်တို့ မြန်မာစကားမှာ ပြောလေ့ရှိတဲ့စကားတစ်ခွန်းပါးစပ်ကနေထွက်ရှတ်မိခဲ့ပါတယ်။

"ပြောင်လူသေသွားပေမယ့် နာမည်မသေသေးပါလာ
သူ့အနုပညာတွေ သူ့ခွဲ့ငင်မှုတွေကသူ့ပရိ သတ်ရင်ထဲ
ငါးနှစ်ဆိုတဲ့ အချိန်ကာလတစ်ခုရောက်ခဲ့တဲ့ ထိတောင်
ထင်နေကြဲခဲပါလား။ နောင်လည်း သူတို့ရင်ထဲ၊ အသဲထဲ
နှလုံးသားထဲမှာရှိနေဦးမယ့်ဘယ်တော့မှမသေသေးတဲ့
ပါလား"လို့။

တစ်ကယ်တမ်းတော့ ဒွေးဝင်စားတယ်ဆိုတဲ့ ကလေ
ထက် (အနုပညာမှာတော်ခဲ့သူတစ်ဦးဖြစ်) ဒွေးဆိုတဲ့ အမ
နာမကို ပြန်မြင်တွေ့လိုက်ရချိန်မှာ အမာခံပရိသတ်
ရင်ထဲတစ်နေရာ ကိန်းအောင်းနေတဲ့ ဒွေးဟာပြန်လ
သက်ဝင်နိုးထလာတာပါ။

ဒွေးကို ကျွန်တော်လူကိုယ်တိုင်မြင်ဖူးခဲ့ချိန်က ၁၉
ရန်ကုန်တက္ကသိုလ် ၇၅ နှစ်ပြည့် စိတ်ရတုသဘင်ပွဲဆင
တဲ့အချိန်၊ နယ်မြို့လေးကနေရန်ကုန်တက္ကသိုလ် (လှိုင်န
မြေ)မှာ ပထမနှစ်က တက်စဉ်တစ်ရက်အင်းလျားကန်ဘေး
ကို သူငယ်ချင်းတွေနဲ့သွားထိုင်စဉ်ကပါ။

အဲ့ဒီနေ့က ဒွေးနဲ့ထက်ထက်မိုးဦး အင်းလျ
ကန်ဘောင်ပေါ်မှာ ကားနာမည်တော့မမှတ်မိတော့
ဗီဒီယိုဇာတ်လမ်းတစ်ခုရိုက်နေစဉ်ပေါ့။ ကျွန်တော်
အဖွဲ့ထဲက အစ်မတစ်ချို့က ဒွေးကိုမြင်တော့ "ဟယ်
တော့ တို့နဲ့ အမှတ်တရ ဓာတ်ပုံရိုက်ရအောင်ဟယ်
·ဟဲ့ စောကြီးမောင်လေး နင်သွားပြော"ဆိုလို့ ကျွန်တော့်
အစ်ကို ကျွန်တော်တို့ အဖွဲ့တွေအစ်ကိုနဲ့အမှတ်တရဓာတ်
လေးတစ်ပုံရိုက်ချင်လို့ခွင့်ပြုပါဆိုတော့ နောက်တစ်က
ရိုက်ခါနီးစဲစဲမှာ"ရပါတယ်ညီလေးလာလေ ဘယ်နားမှ
ရိုက်မလဲ"နာမည်တက်နေကာစ ပရိသတ်သဲသဲလှုပ်အ
ပေးမှုရနေပြီဖြစ်တဲ့ မင်းသားကဈေးမကိုင်ရဘူး။ အဖွဲ့ထဲ
ကသူတစ်ချို့က ဓာတ်ပုံရိုက်ရမှာရှက်လို့ဆိုပြီး တွန့်ဆုတ်
တွန့်ဆုတ်လုပ်နေလို့ "ဟာဟိုမှာဗျာ ရိုက်ဖို့စောင့်နေတဲ့
ကိုအားနာစရာ"လို့ ကျွန်တော်အော်မိတော့ "ရပါတယ်
ညီလေးရ"ဆိုလေတဲ့ ဒွေးနဲ့အမှတ်တရ ရိုက်ဖြစ်ခဲ့ပါတယ်
ပြုံးသူပြုံး မဲ့သူမဲ့ရုပ်တည်ကြီးနဲ့ ကျွန်တော်အပါအဝင်
အပြုံးမပျက်စိတ်ရှည်သည်း ခံရိုက်ပေးသွားခဲ့ကတော့
ပုံထဲမှာ မြင်တဲ့အတိုင်းအမှတ်တရပါပဲ။

ကျွန်တော်မြန်မာဇာတ်ကားတွေ ကြည့်ခဲ့ပါတယ်

oasis
www.burmeseclassic.com

ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ကားကြီးသုံးကားတော့ ထင်ထင်ကြည့်ခဲ့ဖူးတယ်။ မောင့်မှုပိုင်ရှင်ကတော့ တ် ဟောင်းကားထဲက နာမည်ကြီးခဲ့တဲ့ ကားမို့နဲ့ ဇာတ်ဝင်သီချင်းတွေပါကြိုက်လို့. ပြီးတော့ နှစ် တစ်အိမ်မက်ကလည်း ဇာတ်ဝင်သီချင်းတွေ ကျလို့. နောက်တစ်ကားကတော့ ကျွန်တော့် ကြိုက်စာရေးဆရာ နီကိုရဲရဲ့ ဝတ္ထုကိုပြန်ရိုက်ထားတဲ့ ကားမို့ပါ။ ရန်ကုန်နဲ့နယ်ဇာတ်မြို့ အသွားအပြန် အဝေးပြေးအမြန်ယာဉ်ကားပေါ်မှာ ကြည့်တဲ့ ဒွေးပါ ရုပ်ဆောင်ထားတဲ့ကားတွေကတော့ ဖြတ်သွားဖြတ် တစ်ပိုင်း တစ်စကြည့်ခဲ့မိတာတွေပေါ့။ ဒါပေမယ့်ကြည့် ကားတွေမှာတော့ သူ့သရုပ်ဆောင်ဟန်တွေ၊ စကား လေယူလေသိမ်း၊ အမူအရာတွေ မိန်းကလေးတွေ စေမယ့် ညှို့တတ်ပါတဲ့အကြည့်နဲ့ ကြည့်တတ်ပုံတွေ တော့ အသိအမှတ်မပြုဘဲနေလို့မရခဲ့ပါဘူး။

နောက်ဒွေးကို သီချင်းဆိုခြင်း အတတ်ပညာမှာ အသိအမှတ်ပြုခဲ့မိပါသေးတယ်။ ကျွန်တော်ကိုယ် ဂီတကိုရူးသွပ်ခဲ့ပြီး သီချင်းတွေဆိုဖို့ အခုအချိန်ထိ အမူးပါ။ ဒွေးဆိုခဲ့တဲ့ သီချင်းဘယ်နှစ် ပုဒ်ရှိလဲမသိ မယ့် "မောင့်မှုပိုင်ရှင်" ဇာတ်ကားထဲက "မှုပိုင်ရှင်မကြီး "နဲ့ မြန်မာ့ရုပ်မြင်သံကြားက လွှင့်နေဆဲ" မင်းလေးကို သို့ "သီချင်းလေးတွေကတော့ ကျွန်တော် အသိအမှတ် ပြုခဲ့မိတဲ့သီချင်းတွေပါ။

"မင်းလေးကိုချစ်လို့" ဆို ကျွန်တော်ခရေစီဖြစ်တဲ့ လေးဖြူဆိုပေါက်ကတစ်မျိုး "ဒွေး" ဆိုပြန်တော့လည်း သူ့ စရိုက်နဲ့ သူ့ဆိုဟန် လုလုပပ သေသေသပ်သပ်နဲ့ဆို ပြသွားနိုင်ခဲ့ပါတယ်။ ဒါတွေက ကျွန်တော်မြင်မိသ လောက် ဒွေးရဲ့အနုပညာမှတ်တိုင်တွေပါ။ သူ့အချစ်တော်ပရိသတ် တွေက သူ့နဲ့ လုပ်ဖော်ကိုင်ဖက်အနုပညာကိုမောင်နှမက တော့ ဒွေးဟာ သူ့အနုပညာနဲ့ ပတ်သက်တဲ့ မှတ်တိုင်တွေ ဘယ်လောက်စိုက်ထူသွားနိုင်ခဲ့တယ်။ ဒီနေ့ထိ သာမက နောင်အရှည်တည်သ၍မမေ့နိုင်လောက်အောင် အနုပညာ ပေါ်မြှော်ဝင်စားပြီး အလုပ်တွေနဲ့ သက်သေပြသွားနိုင်ခဲ့တယ် ဆိုတာ ပိုသိကြမှာပါ။

မြန်မာ့အနုပညာလောက သမိုင်းခေတ်တွေဖြတ်သန်း ခဲ့သမျှမှာ လူသာသေသွားသော်လည်း သူတို့ အစည်းနှင့် ပညာရှင်ဝင်စားခဲ့သမျှ ပရိသတ်ရင်ထဲ ဘယ်တော့မှ မမေ့စေရအောင် စကားကြုံမှသာမက အမြဲတမ်း ပြောနေရအောင် စွဲထင်ကျန်ရစ်စေဖို့ပါရမီရှင်အဖြစ်လည်းပြနိုင် ခဲ့တဲ့အနုပညာရှင်တွေကတော့အရေအတွက်နည်းနည်းသာပါ။

အဲ့ဒီအထဲမှာတော့ ဒွေးဆိုတဲ့ အနုပညာရှင်တစ် ယောက်ဟာ အပါအဝင်ဖြစ်ပြီးလူသေသွားပေမယ့်ဘယ် တော့မှ နာမည်မသေသေးတဲ့ ဒွေးပါပဲ။

**စောလင်းအောင်**



ရွှေဘိုအသွား ဆိပ်ခွန်ရွာမှ မောင်သုရကျော်လေးအား ဆီးကြိုနှုတ်ဆက်နေကြသည့် ရွာသူရွာသားများ



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဇင်ယော်နီပြောတဲ့ လူ့ဝင်စားနှင့်တဲရော့ပညာ

တစ်နေ့သ၌ ကျွန်ုပ်သည် အိုအေစစ်ဂျာနယ်တိုက်သို့ ရောက်ရှိသွားလေ၏။ "ဒွေး"ဝင်စားသည်ဆိုသော သူငယ်ကလေးနှင့်ပတ်သက် ၍ ဆရာစောလင်းအောင်၊ ဆရာမဂျူလိုင်မိုးတို့နှင့် စကားဝိုင်းဖွဲ့မိကြလေ၏။

ဆရာမ ဂျူလိုင်မိုးက "ဆရာ ဒီကလေးဟာ ဒွေးဝင်စားတယ်၊ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ဆရာတို့ ပညာနဲ့ပြောနိုင်ပါ့မလား"ဟု မေးလာလေ၏။

ထို့ကြောင့် ကျွန်ုပ်က "ဒီလိုရှိတယ်ဆရာမရေ၊ ဗေဒင်ဟာ ဗေဒင်လောက်ပဲ တွက်ကြည့်လို့ရမယ်၊ ဗေဒင်လောက်ပဲ မှန်နိုင်မယ်ဗျ။ ဗေဒင်အကျော်ဖြစ်တဲ့ ဆရာတော် ခင်ကြီးဖျော်က ထုံးနှင့်နှင်းကို ရောစပ်၍ ဖျော်သော်သွေး ဖြစ်၏ဟုဆိုရာ၌ အမှန် တကယ်သွေးကားဖြစ်မည် မဟုတ်၊သွေးကဲ့သို့နီကျင် ကျင် အဆင်းသာဖြစ် ပေ လိမ့်မည်။



ဗေဒင်ဟူသည်လည်း ထိုသို့ သာလျှင် နှိုင်းယှဉ်ကြောင်းကိုသာပြ နိုင်လေ၏ရယ်လို့ မိန့်ဆိုခဲ့ဖူးတယ်ဗျ။ လေ့ နံ့စားထစ်တော့မှတ်လို့မဖြစ်ပေဘူးလို့ဆိုထားတယ် ပေါ့ဗျ"ဟု ပြန်၍ ပြောလိုက်လျှင်ဆရာစောလင်းအောင် က "ဘယ်လိုများပါလိမ့်"ဟု စကားကိုထောက်ပေးလေ၏။

ထို့ကြောင့် ကျွန်ုပ်က "ဒီလိုဗျာ နှိုင်းချိန်ပြီးတော့ပဲ ပြောနိုင်တယ်ဆို တဲ့ သဘောပါ။ ဥပမာဗျာ "ဒွေး"ဆိုတဲ့ အမည်ကိုနိမိတ်ကောက်ကြည့်ရ အောင် "ဒွေး"ဆိုတာဒွေး ဒွိဆိုတဲ့ နှစ်မျိုးနှစ်ခုဆိုတဲ့ အဓိပ္ပာယ်ရတယ်ဗျ။ တစ်ဘဝ တည်းမှာ လူနှစ်မျိုး သို့မဟုတ် နှစ်ဘဝပေါင်းမှ လူတစ် ယောက်ဆိုတဲ့ အဓိပ္ပာယ်ထွက်နေတယ်လို့ ကောက်ယူ နိုင်တာပေါ့ဗျာ။ လူ့ဘဝကို နှစ်ကြိမ်နှစ်ခါ ပြန်လာနိုင် တယ်လို့လည်း ကောက်ယူနိုင်တာပေါ့ဗျာ။

နောက်တစ်ခုက အခုပြောနေကြတဲ့ ကလေးရဲ့ မွေးခုလရက်ကို ကြည့်မယ်ဆိုရင်လည်း အင်္ဂလိပ် ၂ ရက်နေ့မှာ မွေးထားတယ်လို့သိရတယ်။ ၂၈ ထာန်း သမားပေါ့၊ ဂဏန်းဗေဒင်အရ ၂၈ ထာန်းသမားတွေဟာ လူ့ဝင်စားတွေဖြစ်တတ်တယ်။ လူ့ဘဝကို နှစ်ကြိမ်မြောက် ပြန်ရောက်လာသူတွေဖြစ်တတ်တယ်ဆိုတဲ့အဟော မှိုး ကျမ်းတွေမှာ အရိုင်အမာတွေ့ရပါတယ်။ အဲဒါကိုထောက် ရင်တော့ ဒီကလေးဟာ ဗေဒင်အရ "ဒွေး"ပြန်ပြီးဝင်စား တာ ဟုတ်တယ်၊ မဟုတ်ဘူးလို့ အပိုင်မပြော နိုင်ပေမယ့် လူ ဝင်စားတစ်ဦးဖြစ်တယ် ဆိုတာကိုတော့ ပြောနိုင်တာပေါ့ဗျာ"ဟု ပြန်၍ပြောရလေ၏။

ထိုအခါ ဆရာမ ဂျူလိုင်မိုးက "ဒါဖြင့် ဆရာရယ် "ဒွေး"ပြန်ဝင်စား တာဟုတ် မဟုတ်ဆိုတာကိုရော ဘယ်လိုပညာ မျိုးနဲ့ သိနိုင်ပါ့မတုံး" ဟု ချည်ပြီးတုပ် ပြီးမေးခွန်းကိုမေးပြန်ရာ ကျွန်ုပ်က "ဆရာတော်ခင်ကြီးဖျော်ရဲ့စကား ကိုပဲငှားပြီးသုံးရင်တော့ ဒါ မျိုးကသဗ္ဗညုတဉာဏ် တော်အရတည်းပဲပေါ့ဗျာ။ ဘုရားမှ သာလျှင်ပဲ ကံသေ ကံမပြောနိုင်မယ့် ကိစ္စပဲဗျို့။ တစ်ခုရှိတာကတော့ ဗေဒင်ကိန်းခန်း ထက်စာရင်ပိုပြီး အနီးစပ်ဆုံးပြောနိုင်မှာက တော့တဲရော့ပညာပဲ"ဟုဆိုကာ ပါလာတော့တဲရော့ထုပ် ကိုထုတ်၍ချိုးကြည့်ရလေ၏။

ထိုအခါ စစ်ရထားဟူသော နံပါတ် ၇ တဲ ရော့ ကတ်ပြားကိုတွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က "ဒီ ကတ်ပြားရဲ့ နိမိတ်အရဆိုရင်တော့ ဒီကိစ္စဟာ အကျယ် အကျယ်မငြိမ်းဖွယ်ဖြစ်နိုင်ဦးမယ့် ကိစ္စပဲဗျို့။ သူ့ရဲ့ကောင်း တစ်ယောက်ဟာ မြင်းနှစ်ကောင်ကတဲ့ စစ်ရထားကို မောင်းပြီး စစ်မြေပြင်ကို ထွက်လာတယ်။ တစ်ယောက်က တော့ မြင်းနှစ်ကောင်မဟုတ်ဘူး။ စဖင့်လို့ခေါ်တဲ့ ခြင်္သေ့ ကိုယ်လုံးနဲ့ သတ္တဝါနှစ်ကောင်ဗျ။ လူတစ်ယောက်ဟာ

www.burmeseclassic.com



င့်နှစ်ကောင် ကို ထိန်းကျောင်းမောင်းနှင်လာတဲ့ ပုံပေါ့။ ကြောင့် ကံဇာတ်ဆရာကနေ ဘဝနှစ်မျိုးနှစ်ကိုယ်ခွဲပြီး သောကထဲကို လွှတ်လိုက်တာဖြစ်နိုင်တယ်လို့ပဲ အဖြေထုတ် လိုက်ရပါသဗျာ"ဟု ပြောလိုက်ရပါလေတော့သတည်း။

**သဗ္ဗဓမ္မာ ဝင်ယော်နီ**



တစ်ရွာလုံးအားလုပ်ကြတဲ့ ဖုတ်ထန်းတောရွာက ပန်းပဲဖိုတစ်ခု


www.burmeseclassic.com

www.burmeseclassic.com

# ဒွေး "လူဝင်စားတဲ့" မထူးဆန်းဘူးလား

**ဒွေးဝင်စားသည်ဟု ယူဆခြင်းခံရသည့် ကလေးငယ်အား ဒုတိယအကြိမ်တွေ့ဆုံမေးမြန်းပြီးနောက်···**

သရုပ်ဆောင်အကယ်ဒမီဒွေးဝင်စားသည်ဟု ယူဆခြင်းခံနေရသည့် ဒီပဲယင်းမြို့နယ်မှ မောင်သူရကျော်အား ဆရာမဂျူလိုင်မိုးက ၂၁-၆-၂၀၁၂- ရက်က ဒုတိယအကြိမ်သွားရောက်တွေ့ဆုံပြီးနောက် ထပ်မံသိရှိရသည့် သတင်းအချက်အလက်များကို စုစည်းတင်ပြအပ်ပါသည်။ စာတည်းအဖွဲ့

(အမှတ်(၇၂၅)ပြည်မြန်မာဂျာနယ်မှ)

"လူဝင်စား"တဲ့၊ ဗုဒ္ဓဘာသာဝင်တွေ လက်ခံယုံကြည်ရာကိစ္စတစ်ခုပါ။ ဗုဒ္ဓဘာသာဝင်တင်မကပါဘူး။ ဒီနေ့တစ်ကမ္ဘာလုံးက အခြားသော ဘာသာဝင်တွေကိုယ်တိုင် သက်သေသက္ခာယတွေနဲ့နှိုင်းယှဉ် ချိန်ဆကြပြီး လက်ခံလာကြပါပြီ။ လူဝင်စားဆိုတဲ့အရာကို လက်ခံနိုင်းတာပါ။ ကျွန်မရေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ဖုတ်ထန်းတောရွာလေးက မောင်သူရကျော်လေးကို ဒွေးဝင်စားအစစ်ဖြစ်ပါတယ်လို့ လက်ခံနိုင်းတာမဟုတ်ပါဘူး။ လက်မခံချင်လည်းရပါတယ်။ လက်ခံချင်လည်းရပါတယ်။ ဒါပေမဲ့ ထူးဆန်းတာတွေကိုတော့ပြောပါရစေ။

## ထူးဆန်းမှု (၁)

ကျွန်မက (ကြီးကြီးကျယ်ကျယ်ပြောရရင်)နိုင်ငံရဲ့ စတုတ္ထမဏ္ဍိုင်လို့ခေါ်တဲ့ မီဒီယာလောကရဲ့ မီဒီယာသမားတစ်ယောက်ပါ။ ကျွန်မခင်ပွန်းလည်း ထိုနည်းတူစွာပါပဲ။ ကျွန်မတို့ဟာ ရန်ကုန်မြို့ပေါ်မှာ နေကြတယ်။ ဘွဲ့လည်းတစ်ဘွဲ့စီရထားကြပါတယ်။ ကျွန်မတို့မှာ ရင်သွေးနှစ်ဦးရှိတဲ့အနက် လေးနှစ်ပြည့်ခါနီး သားအကြောင်းပြောရရင် ကျွန်မသားက ပြေတီဦးကို သိတယ်၊ နေတိုးကို သိတယ်၊ မိုးယံဇွန်ကို သိတယ်၊ ဂျက်စတင်ဘီဘာကို သိတယ်၊ အယ်လ်ဗလင်းဗင်းကို သိတယ်၊ ဂျက်ကီချန်းကို သိတယ်၊ကာတွန်းကား အစုံကတော့သူအသိဆုံးပဲ။ ဒါပေမဲ့သူဒွေးကိုမသိဘူး။ ဘာကြောင့်လဲ ဘာလို့ဒီလောက်လျှမ်းလျှမ်းတောက် စူပါမင်းသားကိုမသိရတာလဲ။ ရှင်းပါတယ်။ ကျွန်မသားကဒွေးမရှိတော့မှ လူဖြစ်လာတဲ့သူကိုး။ ကဲ···ဒါပေမဲ့ ရန်ကုန်မြို့နဲ့ မိုင် ၅၀၀ ဝေးကွာတဲ့၊ တကယ့်ကိုချောင်ချတဲ့ ရွာငယ်လေး(နှိမ်ချပြောခြင်းမဟုတ်ပါ။ မြို့ကြီးပြကြီးနဲ့ ဆက်သွယ်မှုနည်းတာကို ရည်ရွယ်လိုရင်းပါ)က လယ်သူရင်းငှား၊ ငါးကန်ပေါင်းနတ်လိုက်၊ အလုပ်လုပ်ကြတဲ့ အခြေခံပညာလေးတန်းအဆင့်ရှိ ဖခင်နဲ့စာလုံးဝမတတ်တဲ့မိခင်တို့ရဲ့ ကျွန်မသားနဲ့ရွယ်တူ ကလေးငယ်တစ်ဦးဟာ ဒွေးအကြောင်းတွေပြောပြောနေတာမထူးဆန်းဘူးလား။

## ထူးဆန်းမှု (၂)

ဘယ်အချိန်က ဘယ်လိုဒွေးအကြောင်းတွေ ပြောနေသလဲဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်အချိန် သူလေးအသက်တစ်နှစ်ရှစ်လအရွယ်ကတည်းက စပြောတာတဲ့။ ငါးကန်နံ့ဘေးက ထလက်(ထန်းလက်) မိုးတဲလေး မိုးယိုတာက စပြောတာလို့ ဆိုပါတယ်။ မိုးလုံရာ တဲထောင့်လေးမှာ ပုဆိုးခေါင်းမြီးခြုံနေရင်း "စိတ်ညစ်လိုက်လာ အမေရာ ကျုပ်အိမ်ဆို ဒီလိုမဟုတ်ဘူးဗျ"တဲ့။ မိဘနှစ်ပါးရဲ့ အံ့ဩမှုနဲ့အတူ "ကျုပ်ဒွေးဗျ အခု ဒီနေရာမှာနေရတာ မပျော်တော့ဘူး။ ရန်ကုန်ပြန်ချင်တယ်"ဆိုတဲ့ အပြောတွေ၊ ဒီမိသားစုထဲ ဘယ်လိုဝင်ရောက်ခဲ့တာနဲ့ ဒွေးကွယ်လွန်ချိန်က စလို့ ဒီနေ့ထိသူပြောပြတဲ့ အရာတွေကတိုက်ဆိုင်မှုတွေရှိနေတာမထူးဆန်းဘူးလား။

## ထူးဆန်းမှု (၃)

တစ်ရွာလုံးပြေးကြည့်မှ ရွာမြောက်ပိုင်း ဗီဒီယိုရုံတစ်ရုံတည်းရှိတဲ့ရွာ အခုလိုအီလက်ထရွန်နစ်ပစ္စည်းတွေ



www.burmeseclassic.com

...ကတ်ပေါ်ပေါ်များလာတဲ့ ခေတ်ကြီးမှာတောင် ရွာထဲမှာ TV ရှိတဲ့အိမ် လက်တစ်ဖက်စာချိုးလို့မပြည့်တဲ့ရွာ၊ TV ကိုတောင် ...ပြင် လို့ ရေးဆန်ဆန်ခေါ်တဲ့ရွာလေးက ကလေးတစ်ယောက်ကဒွေးသရုပ်ဆောင်ခဲ့တဲ့ဇာတ်ကားတချို့ရဲ့ နာမည်တွေကို ...ပြနေတာ ထူးဆန်းမနေဘူးလား။

## ထူးဆန်းမှု (၄)

ကျွန်မတို့လာမယ်လို့ လှမ်းသတင်းပို့တော့ "ရန်ကုန်က လာမှာဆိုတော့ကျုပ်အတွက် ဦးထုပ်ဖြူလေးတော့ ...တန်ကောင်းပါရဲ့"လို့ဆိုတဲ့ ကလေးရဲ့စကားက သာမန်ကြည့်ရင် မထူးဆန်းပေမယ့် ထူးဆန်းတယ်ထင်လို့ ...အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်ကို မေးမြန်းကြည့်တော့ ဒွေးကဦးထုပ်အဖြူကို အရမ်းနှစ်သက်တယ်လို့သိလိုက် ...တော့ ကဲ...မထူးဆန်းဘူးလား။

## ထူးဆန်းမှု (၅)

ကျွန်မလို စာနယ်ဇင်းကတောင် ဒွေးဖခင်နာမည် ဦးတင်ထွန်းမောင်လား၊ ဦးတင်ထွန်းအောင်လား ဝေဝါးနေပေမယ့် ...စ်ည "ကျုပ်အဖေနဲ့တွေ့ချင်တယ်- ကျုပ်အဖေ ဦးတင်ထွန်းမောင်ဆီပို့ပေးပါ"လို့ ဗီဇီသသပြောသံကို သူ့မိဘတွေကြားလို့ ...ရေးပြီးမှတ်ထားတာကို ကျွန်မကိုပြကြတဲ့အခါ ထူးဆန်းမနေဘူးလား။

ထူးဆန်းမှုတွေကတော့ ပြောမကုန်ပါဘူး။ သူ့ငှနီး ဘယ်လိုအဝတ်အစားအရောင်ကို နှစ်သက်တာကစပြီး သူကြိုက်တဲ့ ...သီး စပျစ်သီးနဲ့ အီကြာကွေး၊ လက်ဖက်ရည်တွေအကြောင်း၊ သူ့အိမ်က ခွေးအကြောင်း၊ သူ့အနုပညာမောင်နှမတွေရဲ့ ...ည်ရင်းတွေစသဖြင့် စသဖြင့်ထူးဆန်းမှုတွေ ပြည့်နှက်နေတဲ့ ဒီကလေးရဲ့ ထူးဆန်းမှုနောက်ဆုံးတစ်ခုကို ပြောပြီး ...ဆုံးသတ်ပါရစေ။ ဒီထူးဆန်းမှုက နောက်ဆုံးကြုံခဲ့တဲ့ ထူးဆန်းမှုဖြစ်ပြီး လွှပေါင်း ၂၀/၃၀ ရေးမှာဖြစ်ခဲ့တဲ့ ...ဆန်းမှုပါ။

BURMESE CLASSIC

"ကောင်လေးနော်စကားနားမထောင်ဘူး ငါရိုက်လိုက်ရ"ဆိုတဲ့ မိခင်ရဲ့အပြောကို၊ "အမေ ကျုပ်ကို မငေါက်နဲ့ဗျ ...ပ်က အမေ့ထက်အသက်ကြီးတယ်ကျုပ် အသက် ၄၇ နှစ်ရှိပြီ" တဲ့၊ ကဲ...မထူးဆန်းဘူးလား။

**ဂျူလိုင်မိုး** (ဇွန်လ ၂၈ ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်မှ ပြန်လည်ထုတ်နုတ်တင်ပြခြင်းဖြစ်)





www.burmeseclassic.com

www.burmeseclassic.com




ငွေနှင့်လ(၄)ရက်နေ့ထုတ် အိုအေစစ်ဂျာနယ်၏ မျက်နှာဖုံးပုံ

The Oasis
For your thirsty life
စာပေး အနုပညာရေးရာ

ပိန္နဲခွင်လို့တဲ့ကော်

No(17), 4 June, 2012

ဒေါက်တာထွန်းဝင်းရဲ့ HIV ဆိုင်ရာ အမေး အဖြေ စာ-၆ သို့

ရန်ကုန်မြို့နဲ့ မိုင် (၅၀၀) ကျော် အညာရွာကလေးက ဒွေးဝင်းဆိုတဲ့ ကလေးငယ်အကြောင်း ပြည့်ပြည့်စုံစုံ

"နေ့ဘင်အဝ လူဖြစ်ခွင့်ရရင် ဘာမှမဟုတ်တဲ့ရွာကလေးမှာ ဘယ်သူမှ မသိတဲ့ လူတစ်ယောက်ဖြစ်ချင်တယ်" ဆိုတဲ့ ဆုတောင်း ပြည့်ခဲ့လေသလား

ဒွေး ရှေ့မှီး စာ-၃ သို့

စာရေးဆရာမောင်သွေးချွန်ဖော်ထုတ်တဲ့ အင်္ဂလန်က မြန်မာလူဝင်စားအကြောင်း စာ-ဂ သို့

ဒါရိုက်တာ မောင်မျိုးမင်း၊ ဂန္ဓီ မိုးမိုး၊ သဘဲညီ၊ ရန်အောင်(ဒွေးညီ)၊ ခွန်နိုင်ဝင်းနဲ့ မန်နေဂျာ ဆာမိတို့ ပြောတဲ့ ဒွေးဝင်းစားနဲ့ပတ်သက်လို့ စာ-၃ သို့

ဖူးဖူးသစ်နဲ့ ထူးရဲ့စံပြောတဲ့ ဗိုးကာနဲ့ တီမ်နွယ်အေးအကြောင်း စာ-၅ သို့

Sexy MTV
ထဲက အိန္ဒြာကြိုင်နဲ့နှင်းသီရိမောင် စာ-၃ သို့

ပိုင်းဇုနိုင်ဘဝဲနေပြောတဲ့ Sexy Pose ဆိုတာ စာ-၂၁ သို့

စာရေးဆရာ အောင်သေးသမာ အကိုလေးနဲ့ မောင်သူရကျော်



www.burmeseclassic.com

www.burmeseclassic.com




ဘကြီးတွတ်မဲ၊ မောင်သူရကျော်နှင့် ရွာအုပ်ချုပ်ရေးမှူး ဦးသောင်းဌေး

BURMESE CLASSIC



မောင်သူရကျော်နှင့် မိခင်မနန်းရွှေ



ရွှေဘိုအသွား ဆိတ်ခွန်ရွာပရိသတ်ကြားက မောင်သူရကျော်တို့ သားအဖ


www.burmeseclassic.com

www.burmeseclassic.com




-- ဖုတ်ထန်းတောရွာအဝင် ဆွမ်းခံကြွလာတဲ့ ကိုရင်လေးနှစ်ပါး



ရွာတွင်းက ဓားအိမ်လုပ်ငန်းမြင်ကွင်း


www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်စေတီကြီးဘုရားပေါ် ဦးကြီး၊ အစ်ကိုတို့နဲ့အတူ တွေ့ရတဲ့ မောင်သူရကျော်(လယ်)


www.burmeseclassic.com

www.burmeseclassic.com

# အခါအခွင့်ကြုံရင် ထပ်မံဆုံပါရဦးမယ်

ဒွေးနဲ့ပတ်သက်ပြီးရေးကြဖော်ပြကြမယ်ဆိုရင် ရေးစရာမကုန်နိုင်ပါဘူး။ သို့သော်လည်းပဲမေတ္တာရှေ့ထားပြီး အကြံဉာဏ်ပေးကြတဲ့ သူတွေရှိသလို၊ ခနဲ့သလိုရွဲ့သလိုနဲ့လုပ်စားတယ်လို့ပြောကြတဲ့သူတွေလည်းရှိပါတယ်။

မည်သို့ပင် ဆိုစေကာမူကျွန်မ Limit ကို ကျွန်မ သတ်မှတ်ပြီးသားပါ အခုဆက်ပြီးပါဝင်ဖြစ်တယ်ဆိုတာကလည်း မေးပြီးသားရေးပြီးသားတွေပါနေလို့ပါ။

ကံတရားရဲ့အချိန်ပေးချက်အရဒီကာလ(ကိုသားကြီးနှစ်ပတ်လည်မတိုင်မီ တစ်လကျော်ကျော်လေး)မှာ ဒီသတင်းကိုရခဲ့တဲ့အတွက်ရေးအရှိန်အဝါကြီးမားကြီး ပြောစရာလူတွေ၊ ရေးသားစရာအကြောင်းအရာတွေများပြားလွန်းတဲ့ အတွက်ရေးအခုလိုလေးငါးပတ်ဖြစ်သွားရခြင်းပါ။ သို့သော်လည်းပဲ ကျွန်မကိုလုပ်စားတယ်လို့ပြောကြတဲ့သူတွေကို ပြောချင်တာက . . .

အိုအေစစ်တစ်စောင်လုံး ဒီသတင်းတစ်မျိုးတည်းရေးသားထားခြင်းမဟုတ်ပါဘူး။ ရခိုင်ပြဿနာကိစ္စမှာလည်း ဘယ်စာပေရာသဂျာနယ်မှာမှ(သတင်းဂျာနယ်မဟုတ်) မဖော်ပြသေးခင် ကျွန်မကြိုးစားပြီးရခိုင်အနုပညာရှင်တွေတတ်နိုင်သလောက်စုစည်းဖော်ပြခဲ့ပါတယ်။ ဖခင်များနေ့(ဇွန်လ ၁၀ ရက်)နဲ့ တိုက်ဆိုင်ပြန်တော့လည်း ဖခင်နဲ့သားသမီးတွေရဲ့ အမှတ်တရတွေ ချစ်စရာပုံရိပ်တွေကို အမိအရတင်ဆက်ပေးခဲ့တာ အိုအေစစ်ပရိသတ်များအသိပါ။

ပါဝင်နေကျကဏ္ဍတွေကိုလည်း မလစ်ဟင်းစေခဲ့ပါဘူး။ နောက်တစ်ပတ်မှာလည်း နေပြည်တော်တိုင်းမ်ဂျာနယ်က အယ်ဒီတာ မီမီခိုင်ရဲ့ ရခိုင်ပြည်နယ်က တိုက်ရိုက်ပေးပို့ကူညီမှုနဲ့ ဒါရိုက်တာဝိုင်း၊ အကယ်ဒမီပြေတီဦးတို့နဲ့ ရခိုင်ပြည်နယ်သူပြည်နယ်သားတွေရဲ့ ပုံရိပ်တွေကို ဝေဝေဆာဆာတင်ပြနိုင်ခဲ့ပါတယ်။

ဒါ ကျွန်မကိုသားကြီး (ဒွေး)သတင်းနဲ့ပဲလုပ်စားနေတာလား။ ကဲ . . . ကျွန်မနေရာမှာ အခြားဂျာနယ်တစ်စောင်စောင်က ဒီသတင်းကိုရခဲ့တယ်ဆိုရင်ရော မေးသူတွေမေးထားဖြေသူတွေ ဖြေထားရေးသူတွေရေးထားတာတွေကို လျစ်လျူရှုပြီးတစ်ပတ်ထဲပဲ ဖော်ပြမှာလား(ကိုယ့်မျက်ချေးကို ကိုယ်ပြန်မြင်တတ်ကြပါစေ)ထားလိုက်ပါ။ ဒါမျိုးတွေကိုကျွန်မအရေထူနေပါပြီ။

ဂျာနယ်ကို ဝယ်ယူအားပေးပြီးအမှန် တကယ်သောစိတ်စေတနာနဲ့အားပေးပြောကြားတဲ့ သူတွေနဲ့ စကားသံတွေ ချီးကျူးအားပေးသံတွေက ကျွန်မအတွက်အားဆေးတွေပါ။ အများဆုံးကြားရတာတွေက ကိုသားကြီး ဒွေးရဲ့ ပရိသတ်အသံတွေဖြစ်သလို ထူးထူးခြားခြား ဒွေးပရိသတ်မဟုတ်တဲ့ လူဝင်စားဆိုတဲ့ မောင်သူရကျော်လေးကို သနားစိတ်နဲ့ ဆက်လာတဲ့ ဖုန်းနှစ်ကောကိုလည်းလက်ခံရရှိခဲ့ပါတယ်။ "ကျွန်မမှာ အဲ့ဒီ အရွယ်သားလေးရှိတယ်။ ကျွန်မသားသမီးချင်း ကိုယ်ချင်းစာတယ်။ ဒီကလေးအတွက်စိုးရိမ်တယ်။ သူ့အရွယ်နဲ့မမျှအောင်ခံစားမှုတွေရှိနေလို့ ကျွန်မမြင်တယ်" ဆိုတဲ့သူရှိနေသလို"အဖြေတချို့ကို ကျွန်မသဘောမကျဘူး သူကဘဝခြားသွားပြီလေ။ အလုံးစုံကိုမှတ်မိချင်မှတ်မိမှာပေါ့ ကျွန်မတို့တောင်ဘဝမကူးသေးဘူး။ ဒါပေမဲ့လွန်ခဲ့တဲ့လေးငါးနှစ်ကကိစ္စမှတ်မိချင်မှမှတ်မိတာလေ ဘာမဆိုင် ညာမဆိုင်နဲ့ လူတစ်ယောက်နဲ့ အကြောင်းကို ဒီလောက်သိနေတာကိုကျေနပ်တော့ပေါ့။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်မတော့ ဒီကလေးဘက်ကနေဘဝင်မကျဖြစ်မိတယ်။ ကလေးကိုလည်း သနားမိတယ်။ ကလေးစိတ်ဒဏ်ရာရမှာကို စိုးရိမ်မိတယ်။ ကလေးအတွက်တစ်ခုခုကျွန်မကူညီပါရစေ"ဆိုတာ တစ်မျိုးနဲ့ ကျွန်မဆီဆက်သွယ်ပြောကြားလာကြတာတွေ့ရပါတယ်။ ကလေးကိုကူညီပါ ရစေဆိုတဲ့လူတော်တော်များများကိုတော့ ကျွန်မသတိထားပါတယ်။ ကျွန်မ တကယ့်ကိုဝမ်းသာပါတယ်။ ဂျာနယ်တစ်စောင်မှာ "ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ကလေးနဲ့ပတ်သက်ပြီး ချင့်ချိန်ပြီးစဉ်းစားကြပါလို့" ဇနီးဖြစ်သူ မမိုးမိုးရဲ့ အဖြေတွေကို ကျွန်မဖတ်ရပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်မ မမိုးမိုးကို မိန်းမသားချင်းနားလည်ပါတယ်။ နားမလည်နိုင်တာက နားမလည်ပေးချင်တာက ကိုသားကြီးကို ချစ်တဲ့ပရိသတ်ပါပဲ။ ကိုသားကြီးဝင်စားတယ်ဆိုတဲ့ ဒီကလေးကို သူတို့ချစ်ကြတယ်။ သနားကြတယ်။ သူတို့ချစ်ကြသနားကြသလို အခြားသူတွေကိုလည်း ချစ်နိုင်သနားနိုင်ချင်ကြတယ်။ အထူးသဖြင့်တော့ ကိုသားကြီးမိသားစုကို သူတို့ပိုဖြစ်စေချင်ကြတယ်။ ဒီလိုအချိန်မှာ သူတို့နဲ့ဆန့်ကျင်ပြီးပြောတဲ့၊ လုပ်တဲ့၊ ပြုမူတဲ့သူတိုင်းကိုသူတို့ ဆေဖန်ကြမှာပဲလေ။

အခု ဇူလိုင် ၁၁ ရက်နေ့ နောက်ပိုင်းကစပြီး ကိုသားကြီးနဲ့ပတ်သက်တဲ့ သတင်းတွေကို အိုအေစစ်ဂျာနယ်မှာအတတ်နိုင်ဆုံးမထည့်တော့ဖို့ဆုံးဖြတ်ထားပါတယ်။

မောင်သူရကျော်လေးနဲ့ပတ်သက်လို့လည်းပါတာပေါ့ ဒါပေမဲ့ တစ်ခုတော့ ကြိုတင်ပြီးပြောထားပါရစေ။ မောင်သူရကျော်လေးစကားအတိုင်း ထူးထူးခြားခြားပြောကြားလာပြီဆိုရင်တော့၊ နောက်ဆက်တွဲသတင်းကို အမြဲတမ်းစောင့်နေကြတဲ့ပရိသတ်တွေအတွက် အိုအေစစ်ဂျာနယ်မှာ အခါအခွင့်ကြုံရင် ထပ်မံထုတ်ဖော်ရေးသားသွားပါဦးမယ်ဆိုတာပြောကြားရင်း။

ဂျူလိုင်မိုး

(ဇူလိုင်(၂)ရက်နေ့ထုတ် အိုအေစစ်ဂျာနယ်အမှတ်(၂၁)အယ်ဒီတာ့အာဘော်မှ)



အိုအေစစ်ဝိုင်းတော်သားများ (မွေးနေ့ပွဲအမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | ဂျူလိုင်မိုး (အိုအေစစ်မီဒီယာ) |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၁ရက် |
| ပထမအကြိမ် | - | အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန် (သင်းစာပေ)<br>အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ် |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | - | လွင်အောင် |
| စာစီ | - | ဝင်းဦး၊ ခင်မာဝေ |
| အဖုံးအတွင်းပုံနှိပ် နှင့်စာအုပ်ချုပ် | - | ဖူဂျီယာမ ပုံနှိပ်တိုက် |
| လိုင်စင် | - | မှတ်ပုံတင်အမှတ် (၀၇၃၆၃) |
| စီစဉ်၊ ဖြန့်ချိ | - | Oasis Media |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

ဂျူလိုင်မိုး
၉၂၇
အိုအေစစ်ဂျာနယ်ပါ ဒွေးဝင်စားကလေးဆိုသည့်
သတင်းနှင့် သတင်းဆောင်းပါးများ စုစည်းမှု
စာမျက်နှာအရေအတွက်
၁၄၆ - မျက်နှာ၊ ၅·၈ x ၈·၂ စင်တီ

www.burmeseclassic.com